
ကျွန်းစဉ်မြေ - စောခက်
ပစ္စကျွာဘာလွှမ်း
နှင့်

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၅၃၇၀၅၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၄၄၀၆၀၂
ထုတ်ဝေခြင်း - ပထမအကြိမ်၊ ဖေဖော်ဝါရီ၊ ၂၀၀၆ ခုနှစ်
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၇၀၀-ကျပ်
မျက်နှာဖုံးပန်းချီ - ဖော်ညွန့်ဖေ
အတွင်းသရုပ်ဖော် - ဖော်ညွန့်ဖေ၊ ခင်မောင်၊ သိန်းမြင့်နိုင်
ကွန်ပျူတာစာစီ - Great Services
မျက်နှာဖုံး ဖလင် - Stars
အတွင်း ဖလင် - **[illegible]**
အမှတ်(၁၄၁)၊ ပထမထပ်၊ အခန်း(၁၃)၊ (၃၃)လမ်း၊ (အလယ်)၊ ကျောက်တံတားမြို့နယ်။
မျက်နှာဖုံးပုံနှိပ် - ဦးကျော်ရွှေမင်း (၀၄၉၉၂)
အောင်သိန်းသန်း ပုံနှိပ်တိုက်၊ သိမ်ဖြူလမ်း၊
ပုဇွန်တောင်မြို့နယ်။
ထုတ်ဝေသူ - ဦးကျော်ဟင်း၊
**[illegible]**
အမှတ် (၁၁၁)၊ (၃၃)လမ်း၊
ကျောက်တံတားမြို့နယ်။
ဖြန့်ချိရေး - **[illegible]**
အမှတ်-၁၈၀ (ပ-ထပ်/ယာ)
ဆူးလေဘုရားလမ်း၊
ကျောက်တံတားမြို့နယ်။
ဖုန်း - ၂၄၁၁၂၈


# ကျွန်းစဉ်မြေ-စောခက်
# ပစ္စက္ခအလွမ်း
# နှင့်
# ဘဝရေသ
# ဝတ္ထုတိုများ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | ဆရာဖိုးကျော့၏ အမှာစကား | |
| ၂။ | စာရေးသူ၏ရင်တွင်းစကား (၃) | |
| ၃။ | ပစ္စကူအလွမ်းအနမ်းတစ်ပွင့်ရဲ့စမ်းကျရေစီးသံ | ၅ |
| ၄။ | သူတို့အတွက် မနက်ဖြန် | ၄၂ |
| ၅။ | သတ္တိအားမာန် စုံပြိုင်ယံ | ၆၀ |
| ၆။ | မုန်တိုင်းဖြိုပြိုမည်တဲ့လား မြပြင်းမိုရ် | ၇၆ |
| ၇။ | သင်္ဂါရ ရသ၏အခန်းဆက်ပုံရိပ်များ | ၁၀၂ |
| ၈။ | ကြက်ချစ်လှ | ၁၂၅ |
| ၉။ | လောကသစ်မှ ပုတ်ထုတ်လိုက်သည် | ၁၃၉ |
| ၁၀။ | ဘဝပင်လယ် ရေပင်လယ် | ၁၆၅ |
| ၁၁။ | မနှင်းရီရဲ့ ရင်တွင်းစကား | ၁၈၀ |
| ၁၂။ | မီးလျှံထဲက အသည်းနှလုံး | ၁၉၇ |
| ၁၃။ | ထုဆစ်သည့်အလှ ချိုမြိန်သည့် ရသ | ၂၀၇ |
| ၁၄။ | ဖရဲကာကျွန်းက လွမ်းပုံပြင် | ၂၃၂ |
| ၁၅။ | ဝင့်ကြွေးကြမ္ဘာ | ၂၅၂ |
| ၁၆။ | နှလုံးသည်းပွတ်ကို ဆွဲနုတ်ခံရခြင်း | ၂၇၂ |
| ၁၇။ | မျက်ရည်စက်နဲ့ တက်ခေါက်သံ | ၂၈၆ |
| ၁၈။ | တူသောအကျိုး | ၃၀၇ |
| ၁၉။ | မိုးသက်လေပြင်း | ၃၁၂ |

## ဆရာ ဗိုးကျော့၏ အမှာစကား

ဆရာကျွန်းစဉ်မြေ-စောခက်က အမှာစာ ရေးပေးပါဟု စာမူတစ်ခု လာပေးသည်။ ကျွန်တော် စာရေးသက် (၄၀)၀န်းကျင်တွင် အမှာစာ ရေးပေးပါဟု လာပြောကြသော စာရေးဆရာ၊ ထုတ်ဝေများ၏ တောင်းဆိုချက်ကို ငြင်းခဲ့သည်ချည်းသာ။ "ခင်ဗျားတို့ စာမူကို အမှာစာရေးဖို့ နယ်နယ်သာသာ ကိုယ့်ဝတ္ထုကိုယ်တောင် အမှာစာ မရေးတတ်လို့ ထုတ်ဝေသူများဆီ အပြုံအငြင် ခဏခဏ ခံခဲ့ရပါတယ်ဗျာ. . . သည်းခံကြပါ" ဟု ငြင်းခဲ့သည်

မှတ်မှတ်ရရ ပြောရလျှင် ကျွန်တော်၏ ပွဲဦးထွက် 'မြေဆီမညီးမညီး သွေးရဲရဲ" ကို လုံးချင်းထုတ်ပေမည့် သင့်စာပေက ဦးနီသည် ကျွန်တော်ကို ဦးဆုံးလုံးချင်းစာအုပ်မို့ အမှာစာ ရေးပါဟု ဆိုသည်။ ကျွန်တော်က အမှန်အတိုင်းပင် ကျွန်တော် အမှာစာမ ရေးတတ်ဘူးဦးလေးဟု ငြင်းသည်။

"မင်းက စာတစ်အုပ်လုံး ရေးထားပြီး အမှာစာလေးတောင် မရေးတတ်တော့ဘူးလား" ဟု သူ့လေသံအတိုင်း စာရေးဆရာကို ဟောက်သည်။ နောက် သူက ပြောသေးသည်။ "ငါ့တိုက်က ဝတ္ထုထုတ်တာဆိုလို့ မင်း အပါအဝင် လေးယောက်ပဲ ရှိတယ်။ သိတယ် မဟုတ်လား၊ ငါက ပညာပေးဆေးစာအုပ်တွေနဲ့ လက်တွေ့အသုံးချ ပညာရပ်စာအုပ်တွေပဲ ထုတ်တာ" ဟု ခြိမ်းခြောက်သလို ပြောသည်။ ကျွန်တော်က "ဘာလဲဦးလေး၊ ဦးလေးဆေးပညာပေး စာအုပ်က အပြာနီးနီး ကောင်းတယ်ဆိုတာလား" ဟု ပြန်ကလိလိုက်ရာ "မင်းအဘ ဟိုးတဲ့မှ" ဟု ပြောပြီး ရယ်နေသည်။

ထိုစဉ်က သူပြောသော သူ့တိုက်က ဝတ္ထုထုတ်သည့် စာရေးဆရာဆိုသည်မှာ ဆရာဇန်းမော်တင်အောင်၊ ဆရာမြသန်းတင့်၊ ကိုနိုင်ဝင်းတို့ကို ပြောခြင်း ဖြစ်သည်။ ဦးနီသည် ကျွန်တော့်ကိုသာမဟုတ်၊ ဆရာဇန်းမော်တို့၊ ဆရာမြတို့ကိုလည်း ဟောက်ချင် ဟောက်သည်။ ကိုနိုင်ဝင်းကိုမူ "မင်းကို စာဆက်ရေးပေးပါပြောတာ ခု ပန်းစိုက်နေတယ်ဆို၊ လာကတည်းက ငါကြည့်နေတာ၊ ခု ပန်းပင်ရေလောင်းလို့ ခါးစောင်းနေပြီ။ စာမူမပေးရင် ငါလည်း ပိုက်ဆံ မပေးနိုင်ဘူးကွ" ဟု မထောက်မညှာပြောသည်။ အလွန် ချစ်စရာကောင်းသော လူရိုးလူဖြောင့်ကြီး ထုတ်ဝေသူပင်။

မိမိကို အမှာစာရေးရန် ဘယ်လိုမှ ပြောမရသောအခါ မိမိဝတ္ထုများအကြောင်းကို ချီးကျူးရေးကြသော စာရေးဆရာ

ကြီးများဆီက အမှာစာတောင်းပေးပါဟု ဦးနီက လုပ်လာ ပြန်သည်။ ထိုစာရေးဆရာကြီးများကို မိမိမှာ သိသူမဟုတ်။ မြင်ပင် မမြင်ဖူးသူများပါသည်။ မည်သို့ အမှာစာ သွားရေးနိုင်းရမည်နည်း၊ ကျွန်တော် မသွားဝံ့ဟု ပြောသည်။ ထိုစာရေးဆရာကြီးများမှာ ထိုစဉ်က ညွှန်ကြားရေးမှူးချုပ်၊ အယ်ဒီတာချုပ်၊ လုံးချင်းလောကမှာ စူပါတကာ့ စူပါဖြစ်နေသူတွေ။ ဆင်ကြီးတွေဆီ ပုရွက်ဆိတ်က မသွားရဲပါဟု ပြောသောအခါ ကျွန်တော့်စာအကြောင်း၊ ဝတ္ထုအကြောင်း ချီးကျူးရေးဖူးသော စာရေးဆရာတစ်ယောက်နှင့် ဆရာကြီး တက်တိုး၊ ဆရာကြီး သာကဒိုးတို့ဆီက အမှာစာ တောင်းနိုင်းပြန်သည်။ ဘယ်လူ့ဆီကမှ မရ။ သူတို့က ပြောသည်။ မိမိအတွက် အမှာစာ မလို၊ စာရေးဆရာဖြစ်နေပြီပဲ၊ စာရေးဆရာကြီးတွေက အသိအမှတ်ပြုပြီးသားပါဟု ပြောလွှတ်လိုက်သည်။ ထိုအခါ ထုတ်ဝေသူ ဦးနီမှာ သူ့ဘာသာသူ အမှာစာရေး ရတော့သည်။ ထို့ကြောင့် မြေဆီပထမထုတ်တုန်းက မိမိနှင့်တကွ စာရေးဆရာတစ်ဦးတစ်ယောက်၏ အမှာစာမှ မပါ။ ထုတ်ဝေသူ ဦးနီသာ မရေးတတ် ရေးတတ်နှင့် ရေးသည်။ သူ့အမှာစာကို ဘာမှမပြောသော်လည်း ပြုံးမိရသည်။ "ဦးလေးဟာ မဟုတ်သေးပါဘူး" ဟု မပြောရဲ၊ ပြောမိလျှင် "ဒါဆို မင်းရေး" ဟု မိမိဘက်ကို ပြားဦးလှည့်လာမည်စိုး၍ ပြုံးရုံသာ ပြုံးနေလိုက်ရသည်။

မိမိ စာရေးသက် (၄၀) ဝန်းကျင်တွင် မှတ်မှတ်ရရ အမှာစာ ရေးပေးဖူးသည်မှာ ဤဆရာ ကျွန်းစဉ်မြေ-စောခက်နှင့် ဦးပဉ္စင်းတစ်ပါး၏ စာအုပ်သာ ဖြစ်သည်။ ထို့ကြောင့် အမှာစာဆိုသော စာရေးပေးရန် ဆရာကျွန်းစဉ်မြေ-စောခက်၏ ဝတ္ထုတိုများကို ဖတ်ကြည့်သည်။ မိမိတို့ ဒေသအကြောင်းကို သူက ရေးဖွဲ့ထားသည်။ သူ့စတ္ထုထဲက အကြောင်းအရာအတော်များများမှာ မိမိကြားဖူးထားတာတွေ ဖန်တစ်ရာတေနေပြီ။ သို့သော် သူ့ဝတ္ထုတွေကို ဖတ်ကြည့်မှ မိမိ၏ရင်ကို ထိထိရှရှဖြစ်မိသည်။ ယခင် လူပြောသူပြော ကြားခဲ့ရသောလည်း ရင်ထဲမှာ ထိထိရှရှ မခံစားမိ။ အထူးသဖြင့် ဆားရောင်းသော ကျောင်းဆရာအကြောင်းနှင့် ကုန်သည်ကျောင်းဆရာအကြောင်းတို့မှာ ဖတ်ရင်း မျက်ရည်ပင် ဝဲလာမိသည်။ ဆားဆိုသည်မှာ မိုးညို့လာသည်နှင့် အစိုပြန် မျက်ရည်ကျလာတတ်သည်။ တစ်ဖက်နိုင်ငံက ကုန်သည်များ ဈေးကောင်းပေးဝယ်ကြသော်လည်း အချင်းချင်းကျတော့ ဆားမျက်ရည်ကျအောင် တုတ်တန်းစီးခိုင်း၊ လေ့တန်းစီခိုင်းသော ဈေးနှိမ်ကြသော ဆားဝတ္ထုလုံးချင်း ပိပိပြင်ပြင် တစ်အုပ်လောက် ရေးစမ်းပါဦး ဆရာရယ်ဟုပင် တိုက်တွန်းချင်စိတ် ပေါက်လာမိသည်။ ယခင်က တစ်ဖက်နိုင်ငံတွင် ဈေးကောင်းရသော ဆားကို ရခိုင်ဆားကုန်သည်ကြီးများက အချင်းချင်း ဈေးနှိမ်ကာ အမြတ်ကြီးစားလုပ်ကြသည်ကို ယခင်က သူပြော၊ ငါပြော ကြားဖူးထားသော်လည်း ကုန်သည်မှာ ကုန်သည်တို့၏ ထုံးစံ ဖြစ်သဖြင့် မိမိ၏စိတ်၌ များစွာ ထိခိုက်စူးရှမှု မဖြစ်မိ။ ယခု ဆရာကျွန်းစဉ်မြေ-စောခက်၏ ဆားဝတ္ထုကို ဖတ်မိမှ စိတ်ထဲ နင့်နင့်

နှစ်နှစ် ခံစားရသည်။

ဝတ္ထုတိုအများစုမှာ မဂ္ဂဇင်းများ၌ ပါပြီးသားဖြစ်ကြောင်း သိရသည်။ သူ့ဝတ္ထုများကို ထိုကြောင့်လည်း မဂ္ဂဇင်းများက ဖော်ပြကြသည်။ မဂ္ဂဇင်း အယ်ဒီတာဆိုသည်မှာ ရောက်လာသမျှသော စာမူများထဲမှ သင့်တော်သော၊ ဝတ္ထုကောင်းတစ်ပုဒ်ကို ရှာဖွေရသည်မှာ ကျောက်ခဲသဲလဲတွေကြားထဲက စိန်ရွှေရတနာတွေကို ရှာဖွေရွေးထုတ်ရသလို ရွေးထုတ်ရသည်။ မိမိတို့ ခင်တင် ရွေးထုတ်လိုက်သော ကလောင် တစ်ချောင်းသည် စာပေခရီးမိုင်ပေါင်းမည်မျှထိ ချီတက်သွားနိုင်လိမ့်မည်ဆိုသည်ကိုလည်း အယ်ဒီတာကောင်းများက သိကြသည်။ တင်ပေါ်လို့၍ အကြောင်းတစ်ခုခုကြောင့် ရေးသောကနုန့် ပါသနှာ ငိုဖစ်တ်နှင့် ရေးသောစာက သိသာသည်။

(သခု ဤ)ဆရာကျွန်းစဉ်မြေ-တေခက်၏ ဝတ္ထုများမှာ ငါသနှာ ငိုစိတ်အပြင် သူ့ဘာဝ၊ သူ့အကြောင်းလားဟု ထင်မိ၍ သူပေးထားသော 'ပစ္စတ္တအလွမ်း' အစား 'ဆရာလွမ်း၏ အာဝေဒ ဝတ္ထုတိုများ" ဟုပင် အမည်ပြောင်းဖို့ ကောင်းသည်ဟု မိမိစိတ်၌ ဖြစ်ပေါ်မိသည်။ မဂ္ဂဇင်း၌ ကလောင်သစ်တစ်ယောက်၏ စာမူကို အရည်အချင်းမစီဘဲ ထည့်ပေး လိုက်လျှင် ထိုအယ်ဒီတာ စာဖတ်ပရိသတ်ဆီ၌ အဆဲခံရမည်။ ရာထူးဌာနနှာရကြောင့်မို့၊ သောက်ဖော်သောက်ဖက်မို့၊ တံမိုးလက်ဆောင်ကြောင့်မို့၊ ဆွေမျိုးမို့ စသည်ဖြင့် အယ်ဒီတာကိုပင် လစဉ်ဖတ်နေကျ ပရိသတ်က အထင်သေးသွားတတ်သည်။

ဥပမာပြောရလျှင် အယ်ဒီတာမှာ ပွဲကန်ထရိုက်လိုပင်။ ရွှေမန်းတင်မောင်ကို ကန်ထရိုက်က ပွဲသွင်းပြ၍ ရွှေမန်းကြီး အပြောအဆို မကောင်းဘဲ ချော်သွားလျှင် ပရိသတ်က အလကားကျော်စွာမဟုတ်ဘူးပေ... အလကားကျော်စွာဟု ရွှေမန်းကို ဆဲကြမည်။ ကန်ထရိုက်ကို မည်သူကမျှ ဆဲကြမည် မဟုတ်။ ကန်ထရိုက်က သာမန်ဇာတ်တစ်ဖွဲ့ကို ငှားပြီး ရုံပွဲသွင်းရာ၌ ထိုမင်းသား၊ မင်းသမီးဇာတ်အဖွဲ့က မကောင်းလျှင် ထိုဇာတ်အဖွဲ့ကို မဆဲကြဘဲ ဘယ်ချောင်ကြို ချောင်ကြားက အကောင်တွေကို ခေါ်လာပြီး ပွဲသွင်းလည်း မသိဘူး။ တို့ကို သက်သက်လိမ်သွားတာ၊ အာပလာကန်ထရိုက်ဟု ကန်ထရိုက်ကို ဆဲကြလိမ့်မည်။ ကလောင်သစ်တစ်ချောင်း ခင်တင်ပေးရသော အယ်ဒီတာဆိုသည်မှာလည်း ထိုနည်းလည်းကောင်း ပွဲကန်ထရိုက်ကဲ့သို့ပင်။

ထို့ကြောင့် ကျွန်းစဉ်မြေ-တေခက်အား ခင်တင်ပေးလိုက်ကြသော မဂ္ဂဇင်းအယ်ဒီတာများကို မိမိသည်လည်း သူ့ဝတ္ထုများကို ဖတ်ကြည့်မိသောအခါ ဤကလောင်သည် မိုင်ပေါင်းများစွာ စာပေခရီးကြမ်းကြီးကို မလွဲမသွေ ချီတက်သွားနိုင်ပြီဟု ယုံကြည်လျက်...

ဖိုးကျော့

## စာရေးသူ၏ ရင်တွင်းစကား (၃)

မအားလပ်သည့်ကြားက အမှာစာရေးပေးသော ဆရာဖိုးကျော့ကို အထူးပင် ကျေးဇူးတင်ရှိပါသည်။

တကယ်တော့ ကျွန်တော်သည် စာရေးကောင်းသူတစ်ဦးတော့ မဟုတ်ပါ။ စာရေးချင်သူ၊ စာပေဝါသနာပါသူတစ်ဦးသာ ဖြစ်ပါသည်။ ဝါသနာ၏ တွန်းအားဆန္ဒတရား၏စေ့ဆော်မှုတို့ကြောင့် ဘဝ၏ ကခုန်မှု၊ သီဆိုမှု၊ ရယ်ရွှင်ရမှု၊ ငိုကြွေးရမှုများသည် ဝတ္ထု၊ ကဗျာ၊ ဆောင်းပါးများအဖြစ်မဂ္ဂဇင်း၊ ဂျာနယ် စသည်များ၏ စာမျက်နှာများပေါ်တွင်ထင်ဟတ်လာခဲ့ရပေသည်။

ကျွန်တော်၏ ပထမဦးဆုံး စာပေစုစည်းမှုအဖြစ် "ခွေးနက်ကြီးရဲ့သခင် ကျော်ဇင်ရဲ့ဗိန်းမ မစောလှ" အမည်ရှိစာအုပ်ကို ရုပ်လုံးဖော်ခဲ့ပြီး စာဖတ်ပရိသတ်များ၏ နှလုံးသားထဲသို့ အရောက်ပေးပို့ခဲ့ပါသည်။ ဤသို့ လုပ်ဆောင်ခြင်းမှာကျွန်တော်၏ မိုက်မဲစွာ စွန့်စားမှု တစ်ရပ်ဟု ဆိုပါက မှားအံ့မထင်မိပေ။

(၁)နှစ်ခန့် ကြာသောအခါ ဖြစ်တည်နေသော သတ္တိအနည်းငယ်ကို ထပ်မံ အာဟာရကျွေးပြီး ဒုတိယမြောက် ခြေလှမ်းအဖြစ် "မမိုးမြူ ငိုနေသည်" အမည်ရှိ စာအုပ်ကို ထုတ်ဝေဖြစ်ခဲ့ပြန်ပါသည်။ ကျွန်တော်၏ စွန့်စားမှုများမှာ ကြိုးတန်းပေါ် လမ်းလျှောက်သလိုမျိုးပင် ဖြစ်သည်။ အတုံးလိုက် ကြွေမဆင်းရေးအတွက် သတိမြဲမြဲ ထားပြီး ကြိုးစားနေရသည်။ အရိုးသားဆုံးနှင့် အပွင့်လင်းဆုံး ပြောရလျှင်တော့ အရမ်းကိုယ် ရင်တုန်ပန်းတုန် ရှိလှပါသည်။

ပရိသတ်များ၏ ကျွန်တော့်အပေါ် ကြင်နာစွာ တုန့်ပြန်မှုကြောင့် ယခု တတိယမြောက် စွန့်စားခန်းအဖြစ် "ပစ္စက္ခအလွမ်း"အမည်ရှိ ဝတ္ထုတိုအင်အားစုတစ်ရပ်ကို ထပ်မံမွေးဖွားလိုက်ပြန်ပြီ။ ဘဝအတွေ့အကြုံနှင့် နှလုံးသား ခံစားချက်များကို ဦးနှောက်အသိဖြင့် ဖန်တီးပြီး စာပေရင်ပြင်တွင် အနုပညာအသွင်ဖြင့် ရင်ဖွင့်လိုက်ခြင်းပင် ဖြစ်ပါသည်။

"ပစ္စက္ခအလွမ်းပါ ဝတ္ထုအတော်များများသည် ကျွန်တော်၏ ဘဝအိမ်ထဲမှ အပိုင်းအစအချို့ လွင့်စဉ်ထွက်လာကြခြင်းပင် ဖြစ်ပါသည်။ ဤဝတ္ထုတိုများကို ရေးဖွဲ့ခဲ့ရာ၌ သဘာဝနှင့်ဆီလျော်စေရန် အနုပညာဖန်တီးချက် အနည်းငယ် စိုက်ထည့်ထားသည်မှအပ စိတ်ကူးယဉ် တည်ဆောက်ထားခြင်းမျိုး လုံးဝမပါရှိခဲ့ပါ။

စာဖတ်သူများအနေဖြင့် ဝတ္ထုများ၏ ဇာတ်လမ်းအချိတ်အဆက်အချို့ကို သတိထားမိပါက လုံးဝမဖြစ်နိုင်ဟု ထင်မြင်ယူဆနိုင်သော ပြောင်းလဲမှု ဖြစ်စဉ်တရားတစ်ခုကို ရှာဖွေ

တွေ့ရှိကြလိမ့်မည် ဖြစ်ပါသည်။ သို့သော် အမှန်တကယ်က ဤပြောင်းလဲမှု ဖြစ်စဉ်တရားသည် ကျွန်တော့်ဘဝထဲတွင် တကယ် ရှိနေပါသည်။ အမှန်ပင် ရှိနေပါသည်။

ကျွန်တော် ကျင်လည်ရာ ဘဝဝန်းကျင်များသည် ပင်လယ်ပြင်နှင့် ကျွန်းစုရွာများသာ ဖြစ်ကြသည်။ ထို့ကြောင့် ကျွန်တော့်ဝတ္ထုများတွင် ပင်လယ်ပြင်ဖြစ်ချောင်း ရနံ့နှင့် ကျေးလက်ရနံ့တို့ သင်းပျံ့နေမည်သာ ဖြစ်ပါသည်။

ကျွန်တော့်ပြေးလမ်းကြောင်း တစ်လျှောက်တွင် ရပ်တည်မှုတစ်ခုကို ပိုင်ဆိုင်နိုင်ဖို့အတွက် ပေးဆပ်ခဲ့ရပေါင်း များစွာဖြင့် နှစ်ပေါင်းသုံးဆယ်ဝန်းကျင် ကျွန်တော် ကြိုးစားခဲ့ရပါသည်။ ဤသည်တို့ကို ရေးဖွဲ့ရာ၌ ကျွန်တော့်အရည်အချင်းဖြင့် အားမရနိုင်သည်ကတော့ အမှန်ပင်။

မည်သို့ပင်ဆိုစေ ကျွန်တော့်ဘဝ ကျွန်တော့်စာများတွင် လူငယ်တစ်ဦး၏ ဘဝအားမာန်အပြည့် ရှိ၏။ သည့်ပြင် မေတ္တာ၊ စေတနာ၊ ကရုဏာ၊ မုဒိတာတို့ဖြင့် ထုံမွှမ်းနေသော ကျေးလက်ပြည်သူတို့၏ လူ့ဘဝကို လှစ်ပြ၏။

ကျွန်တော်၏ ရင်တွင်းဖြစ် ဘဝရသလေးများသည် စာဖတ်သူများနှင့် ရသခံစားမှု အမျှတ္တာအရောင်ချင်း တူညီမှု ရှိ မရှိကို နားစွင့်ထောင်းရင်း. . .

ဆက်လက်ကြိုးစားပါဦးမည်။

လူလူချင်း မေတ္တာစိတ်ထားနိုင်ကြပါစေ။

ကျွန်းစဉ်မြေ-ဇော်ခက်

၁၈-၈-၂၀၀၅



# ပစ္စကူအလွမ်း အနမ်းတစ်ပွင့်ရဲ့ ဇမ်းကျရေစီးသံ

(၁)

နွေရင်ခွင်ကို နိုဝင်နှားပြီးမှ ဆိုင်းဆို့တဲ့မြူ ကလူတဲ့ လေရှူး၊ လွမ်းသံကျူးတဲ့ နွေဥသြ၊ တသောသောကြွေတဲ့ ဝါရွှေရွက်တို့ဖြင့် သဘာဝရင်ပြင်ကို တန်ဆာဆင်ချယ်သလျက် ရှိချေ၏။ သဘာဝခြင်းရာတို့ လွင့်မျောမှုသိဝရီအရဆိုရင်တော့ လှပသည်ဟု ဆိုခြင်းထက် လွမ်းမောဖွယ်ရာဟု သီကျူးလိုက်ပါကပိုပြီး နှရှိစည်းဝါး ကိုက်ပေလိမ့်မည်။ သဘာဝကို ထိထိရှရှ ရှူးနစ်နေသူများအဖို့တော့ အပူစီးကြောင်းဟာ ပိုရှိန်နှန်းထားမြန်စေတဲ့ ရာသီပေပဲ။

"လေ့ကြီးတော့ ပြီးသွားပြီကွာ။ ဒီလေ့နဲ့ ကုန်ရောင်းကုန်

ဝယ်လုပ်ရင် တို့မှာကုန်သွားတဲ့ငွေတွေ ရလာမှာပေါ့"

"ရလာတာတော့ ဟုတ်ပါပြီ၊ ကိုယ့်မှာရှိတာတွေလ ထုခွဲလို့ ကုန်ပြီ။ အချောသတ်မှာမလောက်လို့ အစ်မဝ် ရွှေမငွေစလေးတွေတောင် ပါသွားပြီမဟုတ်လား၊ အဲဒါ ... လိုလုပ်မလဲ"

"သိပ်ပြီးတော့ စိတ်မပူပါနဲ့ဟာ၊ ကုန်သင့်သလောက် ကုန်ပြီပဲ၊ နောက် ရဖို့ပဲကျန်တော့တယ်။ ခုသကြန်လွန်လာတော့ မိုးဘက်နီးလာပြီလေ၊ မိုးလည်းတစ်ကြိမ်၊ နှစ်ကြိမ်ရွာထားပြီးပြီ၊ ဒါကို ရခိုင်သူမနားမှောင်းကျွတ်မိုးလို့ ခေါ်တာ ပေါ့ကွာ။ စစ်တွေမြို့မှာ ငနီဈေးတွေ အရမ်းကောင်းမှာ"

"ဈေးကောင်းမယ်ချည်း လုပ်မနေပါနဲ့ဦး။ လှေကြီးက ငနီချပ်ရေတစ်သိန်းထိ ဆံ့မှာဆိုတော့ အရင်းအနှီးလည်းထည့်တွက်ပါဦး။ ကျောက်ဖြူမှာ သားကျောင်းနေစရိတ်တွေလည်း ရှင်းရဦးမယ်။ ဒီလမှာ စားစရိတ်ရော တခြားစရိတ်တွေပါ စုပြီးပေးရဦးမှာနဲ့ စိတ်ညစ်ပါတယ်"

"ဟာ..၊ မင်းကလည်း တဆိတ်ရှိစိတ်ညစ်ဖို့ပဲ။ မင်း ဘာမှမပူနဲ့ တို့အိမ်နဲ့မြေကို လောလောဆယ် အပေါင်ထားလိုက်မယ်ကွာ။ ဒါဆို သားအတွက်ရော အရင်းအနှီးအတွက်ပါ အတုန်အဆင်ပြေသွားမယ်"

"ပေါင်တာတော့ ဟုတ်ပါပြီ၊ အတိုးရောအရင်းပါဆိုတော့ ပြန်ဆပ်မှာလွယ်ပါ့မလား...ဟင်"



- စောမေမှာ မိန်းမသားပီပီ စိုးရိမ်စိတ်ကတာစူလျက် ရှိသည်။

"ဒီလောက်လည်း သောကမများပါနဲ့ စောမေရာ။ အတိုးကတော့ ထုံးစံအတိုင်း တစ်ဆယ်တိုးပေါ့။ ဒါလည်း အရေးမကြီးပါဘူး။ ခရီးတစ်ခေါက်ပေါက်လိုက်တာနဲ့ အားလုံးအဆင်ပြေသွားမှာပါ။ ကဲ... လာ၊ ထ...ထ လှေဆိပ်ဘက်သွားရအောင်"

ကိုအောင်နိုင်သည် ဇနီးသည်စောမေကို အားဖြည့်စကားပြောလိုက်သည်။

ကိုအောင်နိုင် မိဘွေ၊ ဖမွေဟူ၍ ဟုတ်တိပတ်တိ မရှိသော်လည်း လူစွမ်းလူစရှိသူပီပီ ကိုယ့်အားကိုယ်ကိုး လုပ်ကိုင်ခဲ့ရာ ကုန်သည်အငယ်စားအဆင့်သို့ ရောက်လာပေသည်။ အလုပ်ကို အလုပ်က သင်ဆိုသလို ရေလမ်းကိုသာ အမှီကထားရသော ရခိုင်ဒေသအဖို့ ကုန်တင်လှေကြီးတစ်စီးရှိက နေ့ချင်းညချင်း ကြီးပွားလာနိုင်စရာရှိသည်ဟု ခံယူမိပေသည်။ ဘဝတူရုန်းကန်ဖက် စောမေနှင့် နားလေးဖက် အနီးကပ် ညှိနှိုင်းလုပ်ကိုင်ခဲ့သည်။ နှစ်ကိုယ့်တစ်စိတ်ရှိသူတွေမို့ စိတ်ရှိတိုင်းကိုယ်ပါ ဖြစ်ခဲ့ကြ၏။ အခုတော့ အလျားကိုးလံ၊ အနံနှစ်လံခွဲ ပန်းကောလှေကြီးက မားမားမတ်မတ် ထွက်ပေါ်လာခဲ့ပေပြီ။ ရခိုင်ကမ်းရိုးတန်းဒေသတစ်လျှောက်တွင် ကိုအောင်နိုင်တို့ ပြေပုံမြို့နယ်၊ သရက်တောင်၊ ကမ်းထောင်ကြီးပတ်ဝန်းကျင်သည် ငနီအများ

ဆုံးထွက်ရှိရာ နယ်မြေဖြစ်နေ၍လည်း ကိုအောင်နိုင်အနေနှ
ပိုမိုအားရှိနေသည်။ လူဆိုသည်မှာ မျှော်လင့်ချက်ဖြင့် အသက
ရှင်နေကြခြင်း မဟုတ်ပါလော။

× × × × ×

(၂)

ကိုအောင်နိုင်တို့သည် ပေါက်တောမြို့နယ်၊ 'တောင်ဖ
ဘုရားဖက်မြစ်လယ်တွင် လှေကိုအခြေအနေအရ တျောက်ဆ
ချရပ်လိုက်သည်။ တောင်၊ မြောက်၊ ဝဲယာကို ကြည့်ကာ ရာသီ
ဥတုကို အကဲခတ်လိုက်၏။ ကောင်းကင်ပြင်တစ်ခုလုံးတွင်
မိုးသားများ ဖုံးလွှမ်းလျက်ရှိသည်။ မျက်နှာမည်းကြီး ငိုတော့
မလိုဖြစ်နေ၏။ လှေပေါ်တွင် ဓနိချပ်ရေ တစ်သိန်းတိတိ တင်
လာခဲ့သည်။ ဓနိချပ်များမှာ ကုန်ပွဖြစ်၍လှေပေါ်တွင် တောင်
ကလေးတစ်လုံးသဖွယ် ဖြစ်နေ၏။ မိမိပိုင်ပစ္စည်းများသာမက
တခြားသူများ၏ ပစ္စည်းများကိုပါ လှေပေါ်တွင်တင်ခဲ့ခြင်း ဖြစ်
ပေရာ ကိုအောင်နိုင်သည် တွေးရင် ကြက်သီးမွေးညင်းထသွား
မိသည်။ လှေကိုလည်း ဦး၊ ပဲ့ ဟိုမှသည်မှ လျှောက်ကြည့်နေမိ
သည်။

"ဟေ့. . . မောင်လုံး၊ ရာသီဥတုကတစ်မျိုးပဲကွ။ အရှေ့
လေ စ,ပေါ်နေတယ်။ အေးလည်း သိပ်အေးတယ်။ ဒါ မုန်
တိုင်း လေသွယ်တဲ့သဘောပဲ။ အလွတ်ပါတဲ့ ကြိုးတွေယူခဲ့ကွာ၊



စရံတိုင် (ဓနိချပ်များ လျှောမကျစေရန် ထားထားသော
တိုင်များ)တွေကို ထပ်ပြီးကြိုးတုပ်ရအောင်"

ကိုအောင်နိုင်သည် မူလချည်နှောင်ထားသည်ထက် ပို၍
သေချာစေရန် စရံတိုင်များကို နှစ်ဖက်ညှပ်ပြီး ထပ်မံချည်
နှောင်ထားလိုက်ပြန်သည်။

"ဟေ့. . . ကိုကျော်သာ၊ ငစိ၊ သာညွန့် ခင်ဗျားတို့လည်း
သတိဝိရိယနဲ့နေကြနော်။ မောင်ဘတင်၊ ဒီနားလာ ,ရေပက်
ခွန်း ကြည့်နေ"

ကိုအောင်နိုင်သည် လှေသမားများအား သတိပေးလိုက်
သည်။

"တို့ရွာကထွက်လာတာ ငါးရက်ရှိပြီနော် လာတုန်းက
ဒီအခြေမျိုး မဟုတ်ပါဘူး။ အခု အရဲစွန့်ပြီးတိုးသွားရင်လည်း
နေ့က ကုလားတန်မြစ်ဝ၊ ဒီလိုရာသီမျိုးနဲ့ဆို မလွယ်ဘူး။ ဒုက္ခ
ရောက်သွားနိုင်တယ်။ နောက်ပြန်ဆုတ်ဖို့ကလည်း ရေကျချိန်၊
လကလည်း မြစ်ညာပိုင်းက စီးနေတယ်၊ တော်တော်
ပြဿနာပဲ"

အသက်တော်တော်ရနေပြီဖြစ်သော လှေသမားဦးကျော်
သာမှာ မိမိတစ်ဦးတည်း ဟိုဟိုသည်သည်စဉ်းစားရင်း ပြော
နေခြင်း ဖြစ်သည်။ ဦးကျော်သာသည် အချိုသောက်လက်ဖက်
ခြောက်ကို ကျနေအောင်ခတ်ထားသော ရခိုင်သားကြိုက်
ကြမ်းရည်ကို တဖူးဖူး မှုတ်သောက်ချလိုက်သည်။

"ကျွန်တော်တို့ကျောက်ဆူးနှုတ်ပြီး ကမ်းပြန်ကပ်ကြ

"အောင်ဗျာ"

အသက်အငယ်ဆုံး မောင်ဘတင်က အားငယ်သံဖြင့် ပြောလိုက်ခြင်း ဖြစ်သည်။

"ကျောက်ဆူးနှုတ်လိုက်တာနဲ့ ကမ်းကိုကပ်လို့မရဘူး။ ပင်လယ်ဘက်ပါသွားလိမ့်မယ်။ ဒါကို ကမ်းခွာလေလို့ခေါ်တယ်"

ဦးကျော်သာက ရှင်းပြလိုက်သည်။ မောင်ဘတင်မှာ ခုမှ ပထမအကြိမ် ခရီးလိုက်လာခြင်း ဖြစ်သည်။ အတွေ့အကြုံမရှိ ၍လည်း ပို၍အားငယ်နေမိသည်။ "မိုးဦး လေဦးခရီးမလိုက်ပါနဲ့ သားရယ်။ ဝမ်းစာမလုံလည်း အရေးမကြီးပါဘူး။ နည်းနည်း ပါးပါးလိုတာကို အမေမုန့်ရောင်းရင်လည်း ရတာပဲကွယ်" ဟု သော ခရီးထွက်ခါနီးပြောလိုက်သော မိခင်အို၏စကားသည် နားထဲတွင် ပဲ့တင်လျက် ရှိချေ၏။

လေမှာ ပြင်းသည်ထက်ပြင်းလာသည်။ ကောင်းကင် တစ်ခုလုံးလည်း ညှို့မှိုင်းမည်းပုပ်လျက် ရှိချေ၏။ မကြာပါချေ မိုးရေစက်တို့မှာ ငွေမြှားတံများသဖွယ် ဖူးဖူးရှရှ လာထိကြပါ တော့သည်။ လေပြင်းလာသည်နှင့်အမျှ ဒီလှိုင်းများကပါ ဗိန်း တောင်းဆိုင်း တီးလာချေပြီ။ ဆက်တိုက်ဆိုသလိုပင် ရွက်တိုင်ကို လုံ့ ပြီး ခေါက်လိပ်ထားသောရွက်ကြီးမှာ မိုးသက်လေပြင်း၏ ဆောင့်ကန်မှုကြောင့် ဖြုန်းကနဲ ပွင့်ထွက်သွားလေတော့သည်။ ရွက်ကြီးသည် တဖြုန်းဖြုန်းရှန်းကန်လှုပ်ရှားမှုကြောင့် လှေ ကြီးမှာ ရုပ်ပျက်ဆင်းပျက်ဖြစ်ကာ အလူးအလိမ့် ခံနေရ



ပေသည်။ ကျောက်ဆူးကွင်းမိနေသော သားကောင်တစ်ကောင်၏ ရုန်းမလွယ်ကန်မလွတ်ဖြစ်နေခြင်းနှင့် တူနေတော့သည်။

"ကိုကျော်သာ၊ ဓားမြန်မြန်ယူလာ ရွက်ကြိုးတွေကိုဖြတ်စမ်းပါ။ ဟေ့ကျန်တဲ့လူတွေ ခနိတွေကို ပစ်ချကြ။ မြန်မြန်လုပ်ကြဟေ့"

ကိုအောင်နိုင်သည် ဆောက်တည်ရာမရဖြစ်ကာ မောဟိုက်ပင်ပန်းစွာဖြင့် ပြောလိုက်ခြင်းဖြစ်သည်။ မိမိကိုယ်တိုင်လည်း ဦးပြေးလိုက်၊ ပဲ့ပြေးလိုက်ဖြင့် အမှူးမိုင်းဖြစ်နေတော့သည်။ လှေသမားများ ခနိတစ်ဝက်ခန့် ပစ်ချပြီးချိန်မှာတော့ ကိုအောင်နိုင်၏ ပိန်းကောလှေကြီးမှာ ဒီရေထက်ဝက်ခန့် ပြည့်နေလေပြီ။ လှိုင်းလုံးကြီးများမှာကား တစ်လုံးထက်တစ်လုံး သေးလာသည်ဟူ၍ မရှိ ကြီးပြီးရင်း ကြီးလာသည်ချည့်။ လေနှင့် မိုးမှာလည်း တဝေါဝေါမြည်ဟီးကာ သူနိုင်ကိုယ်နိုင် အပြိုင်ကြလျက် ရှိကြချေပြီ။ ကိုအောင်နိုင်တို့လှေသမားများကား အစီအစဉ်ဟူ၍ မရှိတော့ချေ။ လက်လှမ်းမီရာ လှမ်းဆွဲနေကြရတော့သည်။ ရွက်ကန်ဝါးကို ဆွဲသူဆွဲ၊ ခနိစရုံတိုင်များကို စည်းသူစည်း။ ကိုအောင်နိုင်တို့လှေသမားအဖို့ ကမ္ဘာပျက်ခဲ့ချေပြီ။ ကိုအောင်နိုင်၏ ဦးနှောက်တစ်ခုလုံး ချာချာလည်နေပေတော့သည်။ ကိုအောင်နိုင် သတိထားလိုက်မိသည့်အချိန်တွင်ကား အသစ်စက်စက် ပိန်းကောလှေကြီးမှာ ပင်လယ်ပြင်အောက် စုံးစုံးမြုပ်ခဲ့လေပြီ။ ကိုအောင်နိုင်တို့လှေသမားများသည် မိုးဦး မုန်တိုင်း၏ စစ်သည်တော်လှိုင်းလုံးကြီးများနှင့် ဘတစ်ပြန်

ကျားတစ်ပြန် လုံးထွေးသတ်ပုတ်နေရချေပြီ။ ကြောက်စိတ်၊ အားငယ်စိတ် တပွေ့တပိုက်ဖြင့် ရရာကိုလှမ်းဆွဲ၊ ဝါးကလေးများကိုတွဲကာ လွတ်လမ်းကိုရှာကြရ၏။ ကြိုးစားကူးခတ်ကြ၏။ သို့သော် ဤမျှအင်အားကြီးမားလှသော မုန်တိုင်းဒဏ်ကို မပြောပလောက်သော ရှန်းကန်မှုအင်အားကလေးဖြင့် တွန်လှန်၍ အသို့ရကဲ့နည်း။

× × × × ×

(၃)

အနှစ်နှစ်၊ အလလ မျှော်လင့်ထားခဲ့သော လွမ်းဝေ၏ ရည်မှန်းချက်တာရိုးကား ကျိုးပေါက်ခဲ့ပါပြီ။ အဖေ၊ အမေတို့ ထားခဲ့သော သားတော်မောင်လွမ်းဝေ၏ ပညာရေးရည်မှန်းချက်ပန်းတိုင်ကြီး ပြိုလဲခဲ့ပါပြီ။ လွမ်းဝေ အသို့တတ်နိုင်ပါအံ့နည်း။ တန်းမြင့်ကျောင်းထွက်စာမေးပွဲအောင်လျှင် ကျေးလက်



ရင်ခွင်ကြားမှ ရင်သွေးငယ်များ၏ ပညာရေးမိုးနည်းရပ်ဝန်းအတွက် စေတနာမိုး၊ အကြင်နာမိုး၊ မေတ္တာမိုးများ ရွာသွန်းဖြိုးရန် အားသွန်ခွန်စိုက်ကြိုးစားလေသမျှ သဲရေကျဖြစ်ခဲ့ရချေပြီ။ (ယင်းအချိန်က တန်းမြင့်ကျောင်းထွက်စာမေးပွဲအောင်လျှင် မူလတန်းပြဆရာ အလွယ်တကူရသည်။) ယခုတော့ တန်းမြင့်ကျောင်းထွက် စာမေးပွဲရှုံးခဲ့ရလေပြီ။ အဖေဆုံး၍ မကြာသေးခင် လွမ်းဝေအဖို့ တစ်ပူပေါ် နှစ်ပူဆင့်ဆိုသလို ဖြစ်ခဲ့ရပါပြီကော။

"သိပ်လည်း စိတ်မညစ်ပါနဲ့သားရယ်။ ဖြစ်လာတဲ့ဘဝမှာ စိတ်ညစ်နေလို့ကော ဘာများတတ်နိုင်ဦးမှာလဲ"

မိခင်ဖြစ်သူစောမေက သားအတွက်စိုးရိမ်ပြီး နှစ်သိမ့်စကားဆိုခဲ့ရပြန်သည်။ သို့သော် စောမေမှာ မိမိအနေဖြင့်လည်း သားလွမ်းဝေ၏ စာမေးပွဲကျရှုံးခြင်းအတွက် နှလုံးသည်းပွတ်ကျိုလုမတတ် ခံစားရသည်ဆိုက မှားအံ့မထင်။ ရေနစ်သူအတွက် ကောက်ရိုးတစ်မျှင်မျှ ကိုင်တွယ်စရာ မရှိတော့သော ဘဝပေတကား။ အကုသိုလ်ကံကြမ္မာကလည်း ဆုံးပဲမဆုံးနိုင်၊ အပြိုးကြီးစွာ ဆက်ကာဆက်ကာ မင်းမူလာပြန်ပြီပေါ့။

"သားက ဒီလောက် စိတ်မညစ်ပါဘူး အမေရာ။ သားတို့ ဒီရွာပြောင်းလာခဲ့တာ သားတို့အတွက် ထွက်ပေါက်ပဲအမေ။ ဒီရွာက အဖေ့ဇာတိဆိုတော့ အဖေ့အမွေ မြေတွေလည်းရှိတယ်။ ဒီရွာမှာရပ်တည်ပြီး ဘဝကိုရှန်းကန်မှာပေါ့ အမေ"

အမေနှင့်သားတို့၏ တစ်ဦးကိုတစ်ဦး ကြင်နာမှုသံယောဇဉ်တရားကြောင့် စိတ်ပိုင်းဆိုင်ရာ ဖေးမမှုကလေးများဟာဖြင့် ဘဝ၏ လွင့်မျောမှု စီးကြောင်းကလေးထဲက သိဂီရိရသ များကို တည်ဆောက်နေကြသယောင်. . .။

ကျောင်းဆက်နေရန်အတွက်လည်း လွမ်းဝေ၏ ဘဝစီးမျောမှုက လုံးဝခွင့်မပြုတော့။ အဖေဆုံးပါးသွားရခြင်းမှာ လွမ်းဝေအဖို့ ရွှေတောင်ကြီးပြိုကွဲသွားရခြင်းပင်။ မိခင်မှာက လင်ဆုံး၊ စီးပွားဆုံးသည့်အပြင် နေစရာအိမ်တောင်မရှိတော့သောဘဝသို့ တမဟုတ်ချင်းသက်ဆင်းခဲ့ရကား စိတ်ထောင်းကိုယ်ကြေ ဖြစ်ခဲ့ရသည်။ တရှောင်ရှောင်နှင့် နေမကောင်းရက်သာ များခဲ့သည်။

၁၉၆၇-ခုနှစ်သည် တန်းမြင့်ကျောင်းထွက်စာမေးပွဲ နောက်ဆုံးနှစ် ဖြစ်သည်။ ၁၉၆၈-ခုနှစ်တွင် စနစ်သစ်ဖြင့်သာ စခန်းသွားရပေတော့မည်။ ဘာသာရပ်အသစ်များပါလာ၍ ကျေးလက်ဒေသတွင်နေရသော လွမ်းဝေအဖို့ ပြင်ပမှဖြေရန် မလွယ်ကူ။ ယခု လွမ်းဝေတို့ပြောင်းရွှေ့လာသော ပေသုန်ရွာတွင် အထက်တန်းပညာကို မဆိုထားဘိ၊ စတုတ္ထတန်းအောင်သူပင် မခင်နွယ်ဆိုသော မိန်းကလေးတစ်ဦးသာ ရှိသည်။ တစ်ဦးတည်းသော မူလတန်းပြဆရာမှာလည်း ဇကပတို့၏ အာဏာနီတည်ဆောက်ရေး ဆိုင်းဘုတ်အောက်တွင် မြားမြားမှောက်ပြီး ကျီးလန့်စာစားနေရသော အခြေအနေမျိုး။ ကိုအောင်ခိုင်နှင့် မစောမေတို့၏ သားလွမ်းစောအဖို့ ကျောင်း



ဆရာဖြစ်ရေးလမ်းစဉ် ပညာရေး ဇာတ်လမ်းမှာလည်း ဤတွင် ပြည်ဖုံးကားချခဲ့လေပြီတကား။

× × × × ×

(၄)

"သားရယ်၊ အမေနေမကောင်းဘူးကွယ်။ ဆေးဆရာ သွားခေါ် ပေးစမ်းပါဦး"

"အမေ့မှာ စိတ်ညစ်စရာတွေချည်း တွေးမနေနဲ့ဦးလေ။ ကိုယ့်အိမ်ကိုယ့်ရွာကို ခွဲလာရပေမယ့် ဘာဖြစ်လဲ။ ဒီမှာလည်း အဆင်ပြေသားပဲ အမေရယ်။ သားရှိပါတယ်။ သားလည်း သူများတွေလို လုပ်နိုင်ကိုင်နိုင်သားပဲ အမေရာ။ အမေ ဘာမှ အားမငယ်နဲ့ နေကောင်းအောင်သာနေစမ်းပါ"

"မင်းအဖေရှိတုန်းကဆို သားကို ကျောင်းမှာနေတယ် ဆိုပြီး ဘာမှလုပ်ရတာမဟုတ်ဘူး။ အခုသားက မတတ်တတတ်နဲ့ လုပ်နေရတာကို အမေ မကြည့်ရက်ဘူးကွယ်"

"ဘဝဆိုတာ ဒီလိုပဲပေါ့အမေရာ။ မွေးလင့်တိုင်းလည်း ဖြစ်လာတာ မဟုတ်ဘူး။ အခြေအနေပေးကာ လုပ်ရတာပေါ့။ အခုလည်း သားစာမေးပွဲကျပေမယ့် သိပ်စိတ်ညစ်ခံပြီးမနေ တော့ဘူး အမေ။ ဒီကုန်းမှာ တနိုင်မွေးမြူရေးလုပ်ရမယ်။ မိုးတွင်းဆို အ. မ. က မှာဆရာဦးဘခင်နဲ့တွဲပြီး စာဝင်ပြမယ်။ ဦးဘခင်ကလည်း သားကိုအတန်းလိုက် ဝိုက်ဆံကောက်ပြီး

ပေးမယ်တဲ့။ နောက်ပြီး ပွင့်လင်းရာသီရောက်တာနဲ့ ပင်လယ်ထွက်ပြီး ငါးဖမ်းလိုက်မယ်အမေ။ အမေဘာမှမပူနဲ့။ ကဲ. . . သား ဆေးဆရာသွားခေါ်လိုက်ဦးမယ်"

"အို. . . ဘုရား. . . . ဘုရား"

စောမေမှာ သားဖြစ်သူလွမ်းဝေစကားကို ကြားရသဖြင့် ရင်ဘတ်ပေါ်လက်တင်ပြီး ဘုရားတ,လိုက်မိသည်။ စောမေမှာ ခေါင်းကို ဖြည်းညင်းစွာ ခါလိုက်မိသည်။ မျက်လုံးအစုံကို မှိတ်လိုက်သောအခါ မျက်ရည်ပူများ ပါးပြင်ပေါ်သို့ စီးသွယ်ကျလာခဲ့လေသည်။ "ပွင့်လင်းရာသီရောက်တာနဲ့ သားပင်လယ်ထွက်ပြီး ငါးဖမ်းလိုက်မယ်အမေ" ဟူသော လွမ်းဝေ၏စကားတစ်ခွန်းသည် စောမေ၏နားထဲတွင် တရံမလပ် ပဲ့တင်ထပ်နေသည်။ စောမေအတွက် သောကဒိမ်ဲ တစ်နွယ်ယှက်ခဲ့ရပြန်ပြီတကား. . .။

လွမ်းဝေမှာကား ဘဝတိုက်ပွဲဝင်ရန် ရွှေကန်းတိုက်စစ်မှူးကြီးအဆင့်သို့ ဆိုင်းမဆင့်ဗုံမဆင့် ဝုန်းဝုန်းဒိုင်းဒိုင်းနှင့် ရောက်သွားခဲ့ရသည်။ လူငယ်ပီပီ အားသန်ခလောင်းထားသည်။ လူသားအားလုံးသည် သမိုင်း၏ဇာတ်ကောင်များ မဟုတ်ပါလော။ လူတိုင်းလူတိုင်းသည် ကိုယ့်သမိုင်းကိုယ်ရေးနေကြသူများပင် ဖြစ်သည်။

စောမေမှာ လင်သောက၊ စီးပွားရေးသောကတို့နှင့် နပန်းလုံးပြီး မောပန်းနွမ်းနယ်ရသည်။ သားလွမ်းဝေကလည်း စာမေးပွဲ ကျပြန်သည်။ ဤစာမေးပွဲသည် သားလွမ်းဝေအဖို့



ဘဝကို အဆုံးအဖြတ်ပေးမယ့်ပွဲ။ ပစ်မှတ်တစ်ခုကိုချိန်ရွယ်ပြီး သားအတွက် မျှော်လင့်ချက်တွေရင်ဝယ်ပိုက်ကာ ရှိစုမဲ့စု ထုခွဲ ပညာသင်စေခဲ့သည်ပဲလေ။ အခုတော့ ဝေဒနာခြေရာကို ဘဝအမောကြားမှ တွေးမိတိုင်း အပူလှိုင်းများက ရင်ကို ဆို့နင့်စေခဲ့ပြန်သည်။ စောမေမှာ နွေးနွေးညည သောကမီး တောက်လောင်ခံစားနေရရှာသည်။ လက်ငင်းအခြေအနေက အတော်ကို မွန်းကျပ်စေသည်။ သွားများ နာကျင်ကိုက်ခဲရာမှတစ်ဆင့် သွားဖုံးတစ်လျှောက် ပြည်ရောင်လာသည်။ တစ်စတစ်စ သွားဖုံးပြည်တည်ရုံတင်မက နားဝထဲမှပင် ပြည်များယိုစီးလာခဲ့သည်အထိ ဖြစ်ခဲ့ရသည်။ ရေစီးကမ်းပြိုဖြစ်သည်ဟု ပြောကြသည်။

"ဒီအတိုင်းဆိုရင် ခွဲစိပ်ကုမှ ကောင်းမယ်"

ဗိန္ဓောရော၊ ထိုးဆေးပါ နှစ်ဖက်ကိုင်သော ရွာဆေးဆရာဦးထွန်းသာသည် လူနာကိုစမ်းသပ်ရင်း ပြောလိုက်သည်။

"ဟုတ်ကဲ့ခင်ဗျ၊ ဆရာကောင်းသလိုစီမံပါ။ အမေ့ရောဂါကောင်းသွားဖို့ပဲ အရေးကြီးပါတယ်"

လွမ်းဝေသည် အမေ့အတွက်စိုးရိမ်သောက ထိပ်တက်နေပါသည်။ စောမေမှာကား တအင်း. . . အင်း ညည်းရင်း ဝေဒနာကိုကြိတ်ခံစားနေလေ၏။ ဆေးဆရာဦးထွန်းသာသည် ချက်ချင်းဆိုသလို ဆေးအိတ်ထဲမှပစ္စည်းများကို ဆွဲထုတ်လိုက်ပြီး တစ်စုံတစ်ခုကို ရှာဖွေလိုက်သည်။ ပိတ်စအနွမ်းကလေးဖြင့် ထုပ်ထားသော အရာတစ်ခုကို ကောက်ယူလိုက်၏။ လုပ်ကိုင်

ဆောင်ရွက်ရမည့် အနေအထားကို ချိန်ဆဟန်ဖြင့် လူနာအား လည်း ခဏခဏကြည့်နေပြန်သည်။ လွမ်းဝေမှာ ဆေးဆရာ၏ လှုပ်ရှားမှုကို အာရုံစိုက်ကြည့်နေသည်။ ဆေးဆရာသည် ပိတ်စကို တစ်ပတ်ချင်းခွာနေသည်။ ပိတ်စအဆုံးတွင်ကား ထုပ်ထားခံရသောပစ္စည်းလေးက မဝံ့မရဲထွက်ကျ လာပါတော့သည်။ ဘလိတ်ဓား ခပ်ညစ်ညစ်လေး။ ဒီဓားနှင့်ပဲ အမေ့ကို ခွဲမှာထင်ပါရဲ့ဟု လွမ်းဝေစိတ်မသက်မသာဖြင့် ဝေဒနာတစ်ခုကို ဆင့်ပွားခံစားသွားရပြန်သည်။ ဆေးဆရာကတော့ သူ၏ လက်သုံးတော် ဘလိတ်ဓားအဟောင်းလေးကို အသာအယာ ကောက်ယူပြီး ရေနွေးခွက်ထဲ ထည့်လိုက်သည်။

"ဆရာ ဒီဓားကအဟောင်းကြီးပဲ၊ ဖြစ်ပါ့မလားဟင်"

လွမ်းဝေတစ်စုံတစ်ခုကို စိုးရိမ်စွာဖြင့် ဆေးဆရာအား အရဲစွန့်ပြီး မေးလိုက်သည်။

"ဟကောင်ရ ဘာဖြစ်လို့မဖြစ်ရမှာလဲ၊ အရင်လူတွေလည်း ဒီဓားလေးနဲ့ချည်းခွဲခဲ့တာပဲကွ"

ဦးထွန်းသာက ဤမျှသာပြန်ပြောပြီး လူနာအနီးသို့ ရွေ့လိုက်သည်။ မစောမေသည် မျက်စိကို မှိတ်ထားရာမှ ဖွင့်ကြည့်လိုက်သည်။ ဦးထွန်းသာလက်ထဲမှ ဘလိတ်ဓားကို မျက်လုံးအပြူးသားနှင့် စိုက်ကြည့်နေမိသည်။ ကြောက်ရွံ့မှုသင်္ကေတများသည် သူမ၏ရုပ်ပိုင်းဆိုင်ရာကို စိုးမိုးထားသည်။ ဦးထွန်းသာသည် ဓားကိုကိုင်ကာ ခွဲရမည့်နေရာကို ချိန်ဆနေသည်။ စောမေမှာက ဦးထွန်းသာ၏လက်ထဲမှ ဘလိတ်ဓားအဟောင်း



ကိုသာ အာရုံစိုက်ကြည့်မိနေ၏။ ကြောက်ရွံ့အားငယ်စိတ်နှင့်အတူ အသက်ရှူသံမှာလည်း ပြင်းထန်နေပေသည်။ အနီးရှိ သားငယ်၏လက်ကို ဆွဲကာ အားကိုးတကြီးဆုပ်ကိုင်ထားလိုက်ပြန်သည်။ ဦးထွန်းသာက ချက်ကောင်းကိုချိန်ပြီး နားဝအောက်တည့်တည့်ကို ဆတ်ကနဲ ခွဲစိပ်ချလိုက်သည်။ စောမေသည် တဆတ်ဆတ်တုန်နေသည်။ ချွေးများလည်း ထွက်နေသည်။

"နာလား . . . အမေ"

လွမ်းဝေက အမေ၏အခြေအနေကိုကြည့်ပြီး ဆို့ဆို့နင့်နင့်နှင့် မေးလိုက်သည်။

"သိပ်မနာပါဘူးကွက်"

သားတော်မောင် ကြောင့်ကြစိုးရိမ်မိမှာစိုး၍ အားဖြည့်စကားပြောလိုက်ခြင်းသာ ဖြစ်သည်။ သို့သော် မိခင်၏အသက်ရှူသံမှာ ပိုမိုပြင်းထန်လာသည်ကိုတော့ လွမ်းဝေသတိထားမိလေသည်။ ဦးထွန်းသာ၏ ခွဲစိပ်ကုသမှုသည် တစ်ချိတည်းဖြင့် ပြီးမြောက်သို့ မရောက်သဖြင့် သုံးချက်တိတိခွဲစိပ်ရသည်။ နောက်ဆုံးအချီတွင်တော့ စောမေမှာ အံကိုကြိတ်ပြီး ခံစားနေရာမှ 'အမေ့'ဟု တစ်ချက်အော်ပြီး တွန့်လိမ်သွားသည်။ ဦးထွန်းသာ ထင်သလို ပြည်ကထွက်မလာ၊ သွေးများဒလဟောစီးဆင်းလာလေသည်။ ခံစားရသော ရောဂါဖိစီးမှု၊ အာဟာရချို့တဲ့မှု၊ နာကျင်ဒဏ်ရာဒဏ်ချက်များကြောင့် စောမေမှာ သတိမေ့မျောသွားလေတော့သည်။

**"အမေ. . . အမေ. . အမေ"**

လွမ်းဝေသည်မိခင်အား ပွေ့ဖက်ကာ ငိုသံကြီးဖြင့် အော်ခေါ်နေမိသည်။

"လူလေး၊ သိပ်လည်းမစိုးရိမ်ပါနဲ့။ အားမရှိလို့ ခဏသတိမေ့သွားတာပါ။ ပြန်ကောင်းလာမှာပါ ဆရာမှာ ဆေးတွေပါလာပါတယ်"

ဦးထွန်းသာသည် ပုလင်းကလေးတစ်လုံးကို ထုတ်ပြီး လူနာ၏ နှာခေါင်းဝတွင် တေ့ပေးလိုက်သည်။ ကိုယ်တိုင်လည်း စောမေ၏ထိပ်မှ ဆံပင်များကိုဖယ်ပြီး ဆေးမှုတ်ပေးနေ၏။ မကြာခင်မှာပင် စောမေသတိပြန်ရလာပေသည်။

"လူလေး. . .၊ မင်းအမေကို ဒီအတိုင်းထားလို့ မဖြစ်ဘူး။ မြို့နယ်ဆေးရုံပို့မှ ဖြစ်မယ်"

ဦးထွန်းသာက လူနာကို စူးစူးစိုက်စိုက်ကြည့်ရင်း အလေးအနက်ပြောလိုက်ခြင်း ဖြစ်သည်။ လွမ်းဝေမှ ဦးထွန်းသာ၏ စကားကြောင့် တစ်ချက်တွေဝေသွားသည်။ နောက်မှ တစ်စုံ တစ်ခုကို သတိရဟန်ဖြင့်-

"ဪ. .၊ ဟုတ်ကဲ့ခင်ဗျ။ မနက်ဖြန် ထုံးကျိုဆိပ်က ကျောက်ဖြူကို သင်္ဘောရှိတယ်။ ဒီကနေစီးရင် အဆင်ပြေပါ တယ်"

လွမ်းဝေသည် သူ့အမေကို ကျောက်ဖြူဆေးရုံပို့ရန် စီစဉ် လိုက်သည်။ ပသျှူးလှေ (ငါးလံသုံးတောင်၊ ခြောက်လံအရှည် ရှိသော ကပ်ကူရုံပိုက်ချသည့်လှေ) တစ်စင်းငှားပြီး ရင်းနှီးရာ



ယောကျ်ားကြီးသုံးဦးကို အကူအညီ တောင်းလိုက်သည်။ တစ်ဦးက ပဲ့ကိုင်၊ ကျန်နှစ်ဦးက တက်ခတ်ရန် ဖြစ်သည်။ (၁၉၆၇-၆၈ ဝန်းကျင်လောက်က ဤဒေသတွင် စက်ဘုတ်၊ စက်လှေဟူ၍ မရှိသေး) ပေသုံ့ရွာမှ ထုံးကျိုဆိပ်သို့ လှေဖြင့် သုံးနာရီကြာ ခပ်ပြင်းပြင်းလှော်ခတ်ရသည်။ ထုံးကျိုသည် ယခင်က ကျေးရွာရပ်ကွက်ဖြစ်ခဲ့သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး ပြည်တွင်းစစ်မီး ဟုန်းဟုန်းတောက်ချိန်တွင် ခိုးဆိုးတိုက်ခိုက်မှုအန္တရာယ်များကြောင့် ပြိုပျက်ပြီး အနီးရှိ ကုက္ကိုကျေးရွာသို့ ပြောင်းရွှေ့သွားခဲ့ကြရသည်။

ထို့နည်းအတူ ပင်လယ်ထဲရှိ နောင်တော်ရွာသည်လည်း ပြိုပျက်ပြီး ပေသုံ့ရွာသို့ပြောင်းရွှေ့သွားခဲ့ရသည်ဟု သိရသည်။ (ယခု ကုက္ကိုကျောင်းတိုက်ဆရာတော် မဟာဂန္ဓဝါစကပဏ္ဍိတဘဒ္ဒန္တသုမန(ဓမ္မစရိယ)မှာ နောင်တော်ရွာဇာတိဖြစ်ကြောင်း သိရသည်။) ၁၉၆၇-၆၈ ဝန်းကျင်တွင်ကား ထုံးကျိုသည် ကျေးရွာဟူ၍ မရှိတော့သော်လည်း ကူးတို့သည်၏ တဲငယ်တစ်လုံးတော့ ရှိပါသေးသည်။ ဤဆိပ်ကမ်းသည် မြေပုံမြို့နယ်၊ တောင်ဘက်စွန်းကျေးရွာမှ ပြည်သူများ သွားလာရေးအတွက် သတ်မှတ်ခဲ့သောနေရာဟု သိရသည်။ မြေပုံမြို့နယ်နှင့် ကျောက်ဖြူမြို့နယ်၏ ကြားစခန်းတစ်ခု ဖြစ်သည်။ ကောင်ဘာမီယာပင်လယ်၏ ထွက်ပေါက်ဝတွင် တည်ရှိပြီး တစ်ခါတစ်လေ ရာသီဥတုဆိုးဝါးမှုနှင့်ကြုံတွေ့ရပါက ယင်းဆိပ်ကမ်းမှာပင် သင်္ဘောများ ညအိပ်တတ်သည်။ ခရီးသည်

များမှာလည်း ကူးတို့သည်၏တဲကလေးမှာပင် ဖြစ်သလိုမွတ်သိပ်ပြီးအိပ်ရသည်။ (ယခုသဘော်ကမကပ်တော့ပေ)

× × × × ×

(၅)

မိုးဦးကာလဖြစ်သည်နှင့်အညီ ကမ်းရိုးတန်းဒေသ၏ လှိုင်းလုံးကြီးများမှာ ကြီးမားလှပါဘိခြင်း။ လွှမ်းဝေတို့သည် ချောင်းရိုးအတိုင်း သွားရသည်ကားမဟုတ်၊ မြစ်ပြင်ကျယ်ကို ဖြတ်ပြီးသွားနေရခြင်းဖြစ်ပေရာ လှိုင်းသရမ်း၏ရမ်းကားခြင်းဒဏ်ကို အလူးအလိမ့်ခံနေရပါသည်။ လှိုင်းက လှေအောက်မှ ပြေးထွက်သွားသည်ဆိုလျှင်ပင် လှေမှာ မိုးပေါ်ကပစ်ချလိုက်သလို တအုန်းအုန်း ကြွေဆင်းလို့လာတော့သည်။ ပေသုံးရွာသား သုံးဦးမှာကား လှိုင်းနှင့်နပန်းလုံးရင်း ကြီးပြင်းလာခဲ့သူတွေမို့ တုန်လှုပ်မှုလုံးဝမရှိကြ။ လွှမ်းဝေမှာကား လှေကို လှိုင်းက မ,တင်သွားတိုင်း နှလုံးသည်းပွတ်ပြုတ်ကျလုမတတ် ခံစားရသည်။ လှိုင်းထိပ်များမှ ကြွေအဆင်းတွင်လည်း အသက်ရှုရမှာကို မေ့သွားတတ်သည်။ စောမေမှာကား တအင်းအင်း ညည်းကာ ဝေဒနာကို အံကြိတ် ခံစားနေပုံရသည်။ နဂိုကပင် အားအင်ယုတ်လျော့နေရသည့်အထဲ လှိုင်းမူးခြင်းဝေဒနာကိုပါ ဆင့်ပွားခံစားနေရပြန်ကာ တဝေါဝေါ အန်နေပေတော့သည်။ သို့သော် ဝမ်းထဲတွင် အစာမရှိ၍ မည်သည့်အစာမျှ



မပါ။ အဝါရည်များသာ ယိုစီးကျလာသည်။

လမ်းတစ်ဝက်အရောက်မှာဖြင့် ကံဆိုးမသွားရာ မိုးလိုက်လို့ရွာခဲ့ပြန်ချေပြီ။ လေရောမိုးပါ ကြမ်းလာသည်နှင့်အမျှ လှိုင်းလုံးကြီးများကလည်း မာန်ဖီနေသောသားရဲကဲ့သို့ တစ်လုံးပြီးတစ်လုံး အဆက်မပြတ်။ လွှမ်းဝေတို့မှာလည်း ဆီးဖြူသီးကို ဒန်ကောထဲ ထည့်လှိမ့်ထားသလို ဘယ်လူးညာလိမ့်ဖြင့် လောကဓံတရား၏ နှိပ်စက်မှုဒဏ်ကို လူလူကြီးခံနေကြရပေတော့၏။

"သား. . ."

စောမေထံမှ အသံ မပွင့်တပွင့်ပေါ်လာသည်။

"သားရှိပါတယ် အမေ"

လွှမ်းဝေသည်အမေ၏ လက်ကိုညင်ညင်သာသာ လှမ်းကိုင်လိုက်သည်။ စောမေကလည်း သား၏လက်ကို တုန်တုန်ယင်ယင် လှမ်းကိုင်လိုက်၏၊ စောမေ၏မျက်လုံးအိမ်တွင် မျက်ရည်များ အိုင်ထွန်းနေသည်။ တဖြည်းဖြည်း မျက်လုံးအိမ်ထောင့်စွန်းများမှ မျက်ရည်ဥများ စီးဆင်းလာကြသည်။ လွှမ်းဝေသည် အမေ၏မျက်ရည်များကို အသာအယာပွတ်သုတ်လိုက်လေ၏။

"အမေ စိတ်နိုင်နိုင်ထားစမ်းပါ အမေ၊ ဆေးရုံရောက်တော့ အမေ့ရောဂါပျောက်သွားမှာပါ"

လွှမ်းဝေမှာ မိခင်အား စိတ်တင်းပြီး ပြောနေရသော်လည်း ကိုယ့်ကိုယ်တိုင်က မိခင်၏အဖြစ်ကိုကြည့်ပြီး ရင်ထဲ

တွင် နှိုက်ချပ်နေသည်။

အမေ့အတွက် ဖြစ်သလို လုပ်လာခဲ့သော ပေါင်းမိုး ကလေးမှာ ရာသီဥတုဒဏ်၊ လှိုင်းသရမ်း၏ဒဏ်များကို မည်သို့မျှ အကာအကွယ်မပေးနိုင်၊ စောမေတစ်ကိုယ်လုံး ရွှဲရွှဲစိုနေခဲ့ပေပြီ။ စောမေ၏တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေ၏။ လွမ်းဝေသည် မိခင်ကို ပွေ့ဖက်ထားလိုက်သည်။

"သား"

စောမေထံမှ မပွင့်တပွင့်ခေါ်သံ ထွက်လာပြန်၏။ လက်အစုံဖြင့် သားကို အသာအယာဖက်လိုက်သည်။

"သားရှိပါတယ် အမေ"

"သား. . . အမေ မတတ်နိုင်တော့ဘူးကွယ်။ အမေ မနေရတော့ဘူး အမေလေ. . ."

စောမေက သူချစ်သောသားနှင့် လောကကြီးတစ်ခုလုံးအား အပြီးအပိုင်ခွဲသွားခဲ့လေပြီ။ သူမချစ်သော ယော်ချစ်လင် ကိုအောင်နိုင်ကဲ့သို့ပင် အပြောကျယ်လှသော မြစ်ပင်လယ်ထဲတွင် ဘဝကို လက်မြှောက်အရှုံးပေးခဲ့ရပြန်ပြီကော. .။

"အမေ. . အမေ. . . အံမေ. .။ ကံဆိုးလိုက်တာ အမေရယ်"

လွမ်းဝေသည် မိခင်ကိုဖက်ကာ အားပါးတရ ငိုချလိုက်တော့သည်။ လွမ်းဝေ၏ငိုကြွေးသံတို့သည်ကား မြစ်ပင်လယ်တစ်ခုလုံးကို ပဲ့တင်လှုပ်ခတ်ကာ လှိုင်းအူသံများကိုပင် လွှမ်းမိုးသွားခဲ့ရလေပြီ။



ဘဝတစ်ခုလုံး၏ အနာတရကြွေကွဲမှုသည် စက္ကန့်ပိုင်းအတွင်း လွမ်းဝေ၏နလုံးအိမ်အားပြင်းထန်စွာ မွှေနှောက်ခဲ့လေပြီ။

× × × × ×

(၆)

သို့

ကိုဝေ

နှင်းရီတို့လက်တွဲရအောင်၊ ရည်းစားထားတယ်ဆိုတာ ငိတ်ကူးယဉ်ဖို့သက်သက်မဟုတ်ဘူး။ အိမ်ထောင်ရေးဘဝ တစ်ခုကို တည်ဆောက်ကြဖို့အတွက် အဖော်ရှာကြတာပါ။ ကမ်းထောင်းကြီး၊ ပြည်သူ့ဆိုင်မှာလုပ်နေတဲ့ တာဝန်ခံဆိုသူ ကလည်း နှင်းရီကို အမေ့ဆီမှာလာတောင်းမှာတဲ့။ အဲဒါ ကိုဝေ သိအောင် ပြောပြတာပါ။ နှင်းရီကတော့ ကိုဝေကလွဲရင် ဖွဲနှင့်ဆန်ကွဲပဲ။

ကိုဝေနဲ့ လက်တွဲဖို့အတွက် နှင်းရီ သတ္တိမွေးထားပါပြီ။ ကိုဝေဘက်ကသာ ယောက်ျားပီသတဲ့ ဆုံးဖြတ်ချက်ချနိုင်ပါစေ။

ကိုဝေရဲ့. . . .

ထာဝရ-နှင်းရီ

သရက်တောင်ရွာ

ဘဝ၏ကျဆုံးခန်းပုံရိပ်လွှာများသည် လွမ်းဝေ၏ ပစ္စကူ င်ခွင်ဆီသို့ စုပြုံဝင်ရောက်လာခဲ့ကြသည်။ အမေ့အတွက်

ရင်ထုမနာ ဖြစ်ခဲ့ရသည်။ အမေ့အတွယ် သောကမျက်ရည် ဝေခဲ့ရသည်။ ဘဝရည်မှန်းချက် ပျက်ခဲ့ရ၍ ရှူမဝတ်ခံစားခဲ့ရသည်။ အခုတစ်ခါ ချစ်သူ၏နှလုံးသားတောင်းဆိုမှု ချစ်ခွန်းလွှာကြောင့် အတွေးပင်လယ် ဝေခဲ့ရပြန်ပေါ့။ အရွယ်နှင့်မမျှအောင် မတရားသောကကြမ္မာ၏ ထုထောင်းမှုဝေဒနာကို ရင်ဆိုင်ခဲ့ရသည်။ အရှုံးပေးခဲ့ရသည်။ ပွဲတိုင်းလိုလို တပ်လန်ခဲ့ရသည်ချည်းပဲ။

သည်တစ်ချို့ အသို့စီရင်ချက်ချဦးမည်နည်း။ လွမ်းဝေသည် မိုးသဲ၊ ညမည်းထဲတွင် အဖြေရှာနေမိသည်။ သည်တစ်ခါစီးမျှောရမည့်ဇာတ်လမ်းက အနူးညံ့ဆုံးသော ပန်းပွင့်လွှာ၏ဝတ်ဆံဆိုရင်လည်း ရသည်။ မာကျောခက်ထန်သော ကျောက်နံရံကြီးဆိုလျှင်လည်း ဖြစ်နိုင်သည်။ အခြေအနေက အမေ့ပြဿနာနှင့်လည်း မတူ၊ အမေအဖြစ်အပျက်နှင့်လည်း တခြားစီ။ စာမေးပွဲကျသောလွင့်မျောမှုနှင့်ကား ပို၍ပင် ဝေးချေသေးရဲ့။

အခုကိစ္စက နှလုံးသားကိစ္စ၊ နှလုံးသားမှာ တချိုက်မက်မက် ဖြစ်တည်ခဲ့ရသော အချစ်။ ဇွဲလမ်းမှု သံယောဇဉ်တရားယှက်နွယ်ခဲ့ရသော နှလုံးသား၏ပုံရိပ်။ သံယောဇဉ်ပေါင်းစည်းမှုအား ထုထည်ကြီးထွားမှုကြောင့် ဖြစ်တည်ခဲ့ရသော အိမ်ထောင်ရေးဘဝ သို့မဟုတ် အချစ်အိမ်ကလေးတည်ဆောက်ခြင်း။ ဘဝ၏စာမျက်နှာတိုင်းတွင် လွမ်းဝေအဖို့ အရှုံးပေးခဲ့ရပေါင်းများပြီ။ "သည်တစ်ခါတော့ လွမ်းဝေ၏အောင်ပွဲသာ



...ဖြစ်ရစေမယ်" စိတ်အစဉ်၏ လှုပ်ရှားမှုသင်္ကေတအဖြစ် တစ်...ယောက်တည်း လက်သီးဆုပ်ကာ တအားမြှောက်ပစ်လိုက်...သည်။

ဇွဲလန်းတမ်းတခြင်းကြီးစွာဖြင့် မြတ်နိုးတွယ်တာရသော ...ဦးသူသည် အကြင်ပုရိသတစ်ဦး၏ ရင်ခွင်ထဲသို့ ရောက်...သွားရမည့်အရေးကိုကား လွမ်းဝေအဖို့ တစ်စက္ကန့်၏ ဆယ်ပုံ...တစ်ပုံတောင်မှ အဖြစ်မခံလို။ တကယ်လို့များဆိုတဲ့ အတွေး...တ်ကလေး ဝင်လိုက်ရင်ပဲ လွမ်းဝေ၏အသည်းနှိုင်တစ်ခုလုံး ...ပေါက်ကွဲလွင့်စင်သွားလိမ့်လေမလားပဲ။ တခါတော့ မိုးပြို...သည်များလားလို့ ထင်မိဟု ဧကန်။ ဘဝ၏ဆိတ်သုဉ်းခြင်းနှင့်...အချုပ်ဆိုး အကျည်းတန်လှသော အတ်ကြောင်းတစ်ခုကိုတော့ ...ုးဝ ခြေရာထင်မခံလိုတော့။

ချစ်ခြင်းမေတ္တာဟူသည် ခွင့်လွှတ်ခြင်း၊ စွန့်လွှတ်ခြင်း၊ ...အနစ်နာခံခြင်း စသည် စသည်ဖြင့် လွမ်းဝေကြားဖူးသည်။ ...သည်လူတွေ အရှူးတွေပဲ၊ ဘာကို စွန့်လွှတ်ရမှာလဲ။ လိုချင်လို့ ...ရှာဖွေထားတဲ့ဥစ္စာကို နှင်ရီပေါင်းများစွာ၊ ရက်ပေါင်းများစွာ ...မက်မောမော စုဆောင်းထားခဲ့တာတွေ စွန့်လွှတ်လိုက်ရင် ...သွားပြီပေါ့။ ဘာအဓိပ္ပာယ်ရှိတော့မှာလဲ။ စွန့်လွှတ်ရဲတဲ့သူဟာ ...တကယ်မချစ်လို့ပဲ နေမှာ။ လွမ်းဝေသည် မဆုံးသေးသော ...တေးတစ်ပုဒ်ကို ဆက်သီနေမိသည်။ သည်းဦးပန်းလေးနှင့်ရှိ...၏ ဝံပယ်ဖူးသွားတက်ကလေးဖြင့် ပြုံးနေတတ်သောဟန်ပန်။ ...ိုင်ချောသော ညိုချောလေး၏မူယာ။ မိန်းမချောတော့ အသား

ညှိဆိုသည်ပဲ။ ဖွဲ့ထားသောဆံကေသာကို တစ်ပတ်လျှိုထုံးပြီး ဆံမြိတ်လေး ချထားတတ်ပုံလေးက လွမ်းဝေ၏နှလုံးသည်း ပွတ်ကို ဖမ်းယူထားသောပုံရိပ်လွှာများပင်။ ဟုတ်တယ်. . .၊ ကြမ်းတမ်းတဲ့ ကိုယ့်ကမ္ဘာထဲကို သူတောင် လာဝံ့မှတော့ ကိုယ်က လက်ခံရဲတဲ့ သတ္တိမရှိဘူးဆိုရင် ကိုယ်က ခပ်ညံ့ညံ့အစား ထဲကလူ ဖြစ်သွားမှာပဲလေ။

ပေသုံရွာ၏ ရွှေတူချိုင်ကုန်းတန်းလေးပေါ်မှာ တဲကလေးထိုးပြီး လောကဓံစစ်ပွဲကို ရင်ဆိုက်ဆင်နွဲနေသော မွေးမြူရေးသမားလေး လွမ်းဝေ၊ ပင်လယ်ပြာပြာ၊ မိုးပြာပြာ ကမ်းနံဘေးမှာ ဘဝအားမာန်ရှင်ရေလုပ်သားလေး လွမ်းဝေ။ သံသရာခရီးသည်တို့ မလွန်ဆန်နိုင်သော သေခြင်းတရား၏ ကံနှင့်ကတ္တား လမ်းခွဲခြားမှုကြောင့် မိဘနှစ်ပါးနှင့် သေကွဲကွဲခဲ့ရသော အထီးကျန်သမားလေး လွမ်းဝေ။ ဘဝအတွက် ကျစ်လစ်နိုင်မာသော စုစည်းအား ဖြိုးစည်နိုင်ရန်အတွက် ငယ်ချစ်ဦးသို့ လက်ကမ်းရန် ဆုံးဖြတ်လိုက်တော့သည်။ မိုးနှင့် လေတို့ စင်ခင်းကျင်းမှုလည်း တဖြည်းဖြည်းတိတ်ဆိတ်ခဲ့လေပြီ။

× × × × ×

(၇)

ကောင်ဘာမီယာပင်လယ် (အရပ်ခေါ်- နောင်တော်ပင်လယ်) ၏ ရေစီးကြောင်ပေါ်တွင် ပိုက်လှေများပြန့်ကြဲလျက် ရှိချေ၏။



ဒီရေကြီးချိန်ဖြစ်၍

သျှူးပိုက် (ကတ်ကူရုံပိုက်) ချနေခြင်း ဖြစ်သည်။ ရခိုင်ဒေသ မြေပုံမြို့နယ်နှင့် ကျောက်ဖြူမြို့နယ်အစပ် နောင်တော်မြစ်ပင်လယ်၌ ဘယ်သော့အခါကပင် ကျက်စားနေလာခဲ့ကြပေမသိ။ ယနေ့ထိတိုင် တပေါင်း၊ တန်ခူး၊ ကဆုန်လများတွင် ရေကြီး၊ ရေထ ရက်များ၌ ငါးလက်ခွာ (ကတ်ကူရုံ) များသည် အုပ်နှင့်အုံ၍ တက်ကြသည်။ ဤသည်ပင်လျှင် နောင်တော်ကမ်းခြေနေ ကျေးရွာသားများအတွက် စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်ခဲ့ရသည်။ (ဖြည်၊ ရန်ကုန်ပွဲရုံများ၌ ရခိုင်ဘက်ကလာသော ငပိပြားများမှာ ဤပိုက်ခွင်မှ ကတ်ကူရုံများ ဖြစ်ကြသည်။)

ပိုက်လှေတစ်စီးတွင် ပိုက်သမားသုံးဦးစီရှိသည်။ ပိုက်သမားများသည် နံနက်စာကို ဝေလီဝေလင်းကပင် စားသောက်ကြရပါသည်။ တစ်ချို့မှာ ထည့်၍ယူသွားကြသည်။ နံနက်လင်းစတွင် ကမ်းခြေမှခွာပြီး ပင်လယ်သို့ ခရီးနှင်ကြရသည်။ ပုံမှန်အနေအထားဆိုလျှင် ရေတက်တစ်ကြိမ်၊ ရေကျနှစ်ကြိမ် ပိုက်မျှောကြ၏။ ညနေရေဝင်ချိန် ရမ်းပေါက်လေ (နွေရာသီ၊ မွန်းလွဲပိုင်းများတွင် ပင်လယ်ဖက်မှ တိုက်သောလေ) တက်လာလျှင် တစ်နေ့တာ ပိုက်ချခြင်းလုပ်ငန်းကို ရုတ်သိမ်းပြီး ရွက်နှစ်ဖုံကို အကုန်ဖွင့်ကာ ရွာပြန်လေ့ရှိသည်။ ပိုက်သမားများ အိမ်ပြန်ချိန်ဆိုလျှင် ပင်လယ်ပြင်တစ်ခုလုံး၌ ပိုက်ရွက်လှေများသည် ပေါက်ပေါက်များဖြန့်ကြဲထားသကဲ့သို့ ကြည့်၍ အလွန်ကောင်းသည်။ သဘာဝ၏ရင်ခွင်ထဲ၌ ဖွေးဖွေး

လှုပ်ကာ ရှမကြီးစရာ။

ရေတိုင်ချိန်နှင့် ရေစစ်ချိန်များတွင် ပိုက်သမားများ ပိုက်ဖော်ကြသည်။ ပိုက်ဖော်ရာတွင် ဦးစီးနှင့်အလယ်လူက ပိုက်ကိုဆွဲတင်ကြရသည်။ အလယ်လူမှာ ခွန်အားဗလကောင်းပြီး ပိုက်ချ ပိုက်ဖော် ကျွမ်းကျင်သူ ဖြစ်ရသည်။ ဦးစီးမှာ ပိုက်ရေချစဉ် ခတ်တက်ခတ်ပြီး လှေကို ရွေ့ရှားစေခြင်းဖြင့် ပိုက်ကိုစနစ်အောင် ဆောင်ရွက်ပေးရသည်။ နာယာ (ရေအနေအထား၊ ငါးအနေအထားကို ခန့်မှန်းတတ်သော ပဲ့ကိုင်ခေါင်းဆောင်) က ပိုက်လမ်းကြောင်းကိုဖြောင့်အောင် ပဲ့ကိုင်ပေးရသည်။

လှေဦးစီးလှမ်းဝေနှင့် အလယ်လူမောင်ညွန့်တို့သည် မျှော်လင့်ချက်အပြည့်နှင့် ပိုက်ကိုဆွဲတင်နေကြ၏။ ပိုက်သမားများသည် ဆွဲရင်းဆွဲရင်း ရေထဲမှငါးပေါ်လာရေးကိုသာ အာရုံစူးနစ်နေကြသည်။ ပိုက်ဆွဲရင်း ရေအောက်မှငါးကို မျှော်လင့်ရသောအရသာမှာ ဘယ်အရာနှင့်မှ နှိုင်းစာ၍ မရနိုင်ပေ။ အသက်ရှူရန်ကိုပင် မေ့သွားတတ်သော မျှော်လင့်ချက် ရင်ခုန်ရပ်ဝန်းတစ်ခုဟု ဆိုရပေမည်။

"ဟိုမှာ. . . ဟိုမှာ. . ငါးပါလာပြီ၊ ငါးပါလာပြီ"

ရေပေါ်သို့မရောက်မီကပင် ငါးကို လှမ်းမြင်နေကြရာ လှမ်းဝေက အားရပါးရအော်လိုက်ခြင်း ဖြစ်သည်။ ငါးများပိုက်တွင် ငြိလာပါက ရေအောက် ခြောက်ပေလောက်ကပင် လှမ်းမြင်ရသည်။ ရေအရောင်နှင့်ငါးအရောင်တို့ ပေါင်းစည်းလိုက်သောအခါ ရွှေရောင်အဆင်းကဲ့သို့ ဖြစ်တည်သွားပြီး ရေထဲတွင်



ကြည့်၍ အလွန်ကောင်းသည်။

"ငါးအသေလား၊ အရှင်လားဟေ့"

နာယာဦးအေးတင်က လှမ်းမေးလိုက်ခြင်းဖြစ်သည်။

"ငါးကတော့ အရှင်ပဲ"

"အရှင်ဆိုရင် ရေနောက်တော့ပါမှာမဟုတ်ဘူး၊ ရေဦးပါလိမ့်မယ်။ အထက်ဘက်ဆက်လို့မဖြစ်ဘူး၊ ဒီနေရာကပဲ ရေဦးပြန်လိုက်ရမယ်"

နာယာဦးအေးတင်က အနေအထားကိုတွက်ဆပြီး ပြောလိုက်ခြင်းဖြစ်သည်။ အကယ်၍ အတိုင်ရေတွင် ငါးအသေငြိပါလာသည်ဆိုလျှင် ရေတက်စကပင် ကျနေသောငါးဖြစ်၍ ရှန်းရင်းကန်ရင်း သေသွားခြင်းဖြစ်သည်။ ရေတက်စကပင် တက်လာသော ငါးအုပ်ဖြစ်၍ ဖြစ်ညာပိုင်းသို့ ရောက်သွားနိုင်သည်။ ရေကျဖြင့်ပြန်အဆင်းတွင်လည်း ခရီးဝေးမှဆင်းလာကြရမည်ဖြစ်၍ ရေစစ်ချိန်နီးမှ ပိုက်ခွင်သို့ ကျရောက်လာနိုင်စရာ အခြေအနေရှိသည်။ ဤသို့ဆိုလျှင် ရေနောက် (ရေစစ်ခိုင်နီးအချိန်) ပိုက်ချလှေရှိသည်။ အတိုင်ရေအချိုတွင် ငါးအရှင်ပါလာပါက ရေမတိုင်မီကလေးတွင်ငြိခြင်းဖြစ်၍ ငါးအုပ်သည် ခပ်ဝေးဝေးမသွားနိုင်။ ချက်ချင်းပင် ရေကျသဖြင့် ပြန်ဆင်းရမည်ဖြစ်ပေရာ ပိုက်သမားများအနေဖြင့်လည်း ရေဦး၊ ရေပြန်ကျစအချိန်တွင်လိုက်၍ ပိုက်ပြန်ချရသည်။

"ရေဦးမီဖို့လိုတယ်၊ မြန်မြန်လုပ်ကြဟေ့။ ဒီနေရာသိဉတုလည်း တစ်မျိုးပဲ။ ရမ်းပေါက်တောင် တက်ပါ့မလား။ ရာဟု

လေစ ရှိတယ်"

နာယာဦးအေးတင်က အားမရဟန်ဖြင့် ပြောလိုက်ခြင်းဖြစ်သည်။ လွှမ်းဝေတို့တစ်တွေသည် အကောင်းဆုံးအနေအထားဖြစ်အောင် တာဝန်ကိုယ်စီယူကာ ရှန်းကန်လိုက်ကြ၏။ သိပ်မကြာခင်ပင် ပိုက်ချိန်ကောင်းကောင်းရွေးပြီး၊ ရေဦးဖြင့်ပိုက်မျောလိုက်ကြသည်။ ရေအနေအထား၊ ပိုက်အနေအထားစိတ်ကြိုက်တွေ့သဖြင့် လွှမ်းဝေတို့ ကျေနပ်နေကြ၏။ မကြာပါချေ။

"ဝိုး. . ဝိုး. . ဝိုး. . ဝိုး. . ဝိုး"

လွှမ်းဝေတို့မှာ အသံလာရာဘက်သို့ ဖြိုင်တူလှည့်ကြည့်လိုက်သည်။

"ဝိုး. . ဖုန်း"

"ဟာ. . . ဒုက္ခပဲ ရာဟုလေကြမ်းပဲဟေ့"

နာယာဦးအေးတင် စကားမဆုံးခင်ပင် ပင်လယ်ပြင်တစ်ခုလုံး ပွက်လောညံခဲ့လေသည်၊ ပိုက်သမားများအားလုံးတခဏအတွင်း အန္တရာယ်စက်ကွင်းအတွင်းသို့ သက်ဆင်းကြခဲ့ကြရလေပြီကော၊ ပိုက်သမားများသည် လှိုင်းလေများကြားမှ ပိုက်ကို ဖြစ်သလိုဆွဲတင်နေကြရတော့သည်၊ လှိုင်းလုံးကြီးများကား ကြိုတင်စည်းဝါးကိုက်ထားသည့်အလား ပိုက်လှေများကို မြှောက်တင်လိုက်၊ ပစ်ချလိုက်ဖြင့် မင်းမူလျက်ရှိနေကြချေ၏။

"ဟေ့. . . မောင်ညွန့်၊ ပိုက်ကို အကုန်ဆွဲတင်လို့ မရဘော့ဘူးဟေ့။ ရသလောက် ဆွဲပြီး ဖြတ်ချလိုက်။ လွှမ်းဝေ၊ ရှက်ကို တစ်ဝက်ဖွင့်ပြီး ဖောကြိုးနဲ့ဖောက်ချည်လိုက်။ ပြီးတာနဲ့ ဒူးတစ်ဖုံတည်းဖွင့်"

အခြေအနေကား လုံးဝမဟန်။ ပိုက်သမားတို့၏ရင်၌ ဒိုးဒိုန်စိတ်တို့ ပြည့်ကျပ်နေကြသည်၊ အတွေ့အကြုံနည်းသော လွှမ်းဝေမှာ ပိုဆိုးသည်။ အိမ်ထောင်ရေးခရီးသည်အဖြစ် ပျော်လှမ်းရသည်ဆိုကတည်းက ခပ်ကြမ်းကြမ်းသာ စခန်းသွားနေရသောလွှမ်းဝေအဖို့ အရာရာသည် မချောမွေ့ခဲ့။ သို့သော် လူငယ်အားမာန်ကတော့ အပြည့်။ လွှမ်းဝေသည် ရင်ခုန်မောဟိုက်စွာဖြင့် နောက်သို့ခဏခဏ လှည့်ကြည့်နေမိသည်၊ လှိုင်းလုံးကြီးများမှာ ရုပ်ပုံထဲမှနဂါးကြီးများ အမောက်ထောင်ထားသလို ဖိဖိတို့လှေပေါ်သို့ အပေါ်စီးမှ ဖြန့်မိုးကာ ဟန်ပြနေသည့်အလား မြင်နေရ၏။ တစ်ချီမြှောက်ပြီး ပစ်ချလိုက်တိုင်း ရင်တစ်ခုလုံး ဟာသွားခဲ့ရသည်။

"ဟေ့ကောင် လွှမ်းဝေ၊ နောက်လှည့်မကြည့်နဲ့လေကွာ။ ရှေ့ကိုကြည့် ရှက်တိုင်ကို မြဲမြဲဆွဲထား။ ရှက်တိုင် ကျိုးသွားရင် လွယ်ဘူး။ မောင်ညွန့် ထမင်းထည့်လာတဲ့တောင်းကလေးနဲ့ ရေပက်ထား။ ဘာမှမကြောက်ကြနဲ့။ လှိုင်းကြီးလှေအောက်ပဲ။ ရောက်ချင်ရာရောက် လေသင့်ရာလွှင့်ရမှာပဲ"

နာယာဦးအေးတင်သည် လက်အောက်ငယ်သားများအား အားပေးလိုက်ခြင်း ဖြစ်သည်။ သို့သော် ဦးအေးတင်၏ ရင်ခုန်နှုန်းသည် အဆင့်မြင့်ဆုံးကို ရောက်ရှိနေပေ၏။

"ဟုတ်ကဲ့ ဦးလေး၊ ကမ်းကိုရောက်အောင်သာလုပ်ပေးပါ"

လွမ်းဝေသည် မျက်စိကိုစုံမှိတ်ကာ ရွက်တိုင်ကို မိမိရရဆွဲထားရ၏။ တံတွေးကိုမျိုချ၍ပင် မရတော့ချေ။ နေကလည်း အမှောင်ဘက် သန်းလာချေပြီ။ မိုးရိပ်များလွှမ်းခြုံထားမှုကြောင့် ပိုမိုဆိုးဝါးသည်။ လွမ်းဝေ၏ စိတ်ချောက်ချားမှုမှာကား အထွတ်အထိပ်သို့ရောက်ရှိနေပေပြီ။ အမေ၏အဖြစ်အပျက်၊ အမေ၏ ပုံရိပ်လွှာ၊ ချစ်ဇနီးနှင်းရီ၏ သံယောဇဉ်နှယ်သောလှုပ်ရှားမှုများသည်လည်း အာရုံဝန်းကျင်သို့ ဖျတ်ကနဲ ဖျတ်ကနဲ ဝင်ရောက်လာသည်။ ရေပက်နေရသူ မောင်ညွှန့်မှာလည်း ရပ်တန့်ရသည်ဟူ၍မရှိ။ နာယ ဦးအေးတင်မှာလည်း နံလိမ်ပါအောင် ကန့်ကျိတ်ပေးထားရပေရာ လက်ဖျံကြောကြီးများ အပြိုင်းပြိုင်းထနေပေတော့သည်။

"ဦးလေး ဟိုမှာကမ်းခြေထင်တယ်။ မြန်မြန်ထိုးကပ်ပေးလိုက်ပါ"

လွမ်းဝေမှာ တုန်တုန်ရင်ရင်ဖြင့် လှမ်းအော်လိုက်သည်။

"ဒီမှာကပ်လို့မရဘူးဟေ့ ကျောက်ဆောင်၊ ကျောက်ချွန်တွေချည်းပဲ။ ကပ်လိုက်တာနဲ့ လှိုင်းထုရိုက်ပြီး ခွဲလုကွဲသွားလိမ့်မယ်။ တို့လည်း အကုန်သေကုန်လိမ့်မယ်"

နာယာဦးအေးတင်၏ ပြန်ပြောလိုက်သော စကားကြောင့် လွမ်းဝေမှာ ပို၍ အားငယ်သွားရပြန်လေ၏။

× × × × ×



(၈)

နောက်တစ်နေ့နံနက်ခင်းသည်ကား သာယာလှပလျက်ရှိချေ၏။ မှန်တိုင်းငြိမ်စ ပင်လယ်ပြင်ဆိုတာ ဒါမျိုးထင်ပါရဲ့။ သည်ရွာ၏ သဲသောင်ပြင်ထက်တွင် လူအုပ်မှာ ဖွေးဖွေးလှုပ်လှုပ်ရှိနေကြ၏။ ငါ့လင်၊ ငါ့မောင်၊ ငါ့သား၊ ငါ့တူ စသည်ဖြင့် လေပြင်းဒဏ်မှ လွတ်ကင်းကြပါ့မလားဟု စိုးရိမ်စိတ်အပြည့်ဖြင့် မျှော်လင့်နေကြရပေသည်။ မျက်နှာပြင်အသီးသီးတွင်ကား ရှင်သန်းမှုပြယုဂ်များ အရိပ်အယောင်မျှပင် မတွေ့ရ။ ပသျှူးငါးလှေများက မလှမ်းချင်လှမ်းချင်ဖြင့် တဖြည်းဖြည်း ရွေ့ရှားသွားလာနေကြသည်ကို မှန်ဖျဖျမြင်နေကြသည်။ သောင်ပြင်မှ မိသားစုများကာ ပုယုဇဉ်တို့ပီပီ သံယောဇဉ်တရားတွန်းအားကြောင့် သူ့လှေများ၊ ငါ့လှေများလားဟု နှလုံးတုန်တုန်ရင်ခုန်ခုန်ဖြင့် အားစိုက်စောင့်မျှော်နေကြရပေသည်။ ဆိပ်ကမ်းသို့ လှေတစ်စီးစီ ဝင်လာတိုင်း ပုရွက်ဖုံကို တုတ်ဖြင့်ထိုးလိုက်သည့်နှယ် ရေစပ်သို့ အပြုံလိုက် ပြေးဆင်းသွားကြသည်။ ဘယ်သူတို့ပဲ၊ ဘယ်ဝါတို့ပဲ စသည်ဖြင့် ဆူညံသွား၏။ ရှေ့တန်းမြန်ထံသည်များ၏ ဇနီးမယားသားသမီးများနှယ် သေကံမရောက်သက်မပျောက်ဘဲ ပြန်တွေ့ကြရကား ဝမ်းသာကြရသည်ကား ပြောဖွယ်ရာမရှိ။ လက်ကို ဆွဲသူဆွဲ၊ ဖက်သူဖက် စသည်ဖြင့် ဝမ်းသာဆုံဆည်းမှု သွင်ပြင်များဖြင့် မှတ်တိုင်ထူကြသည်။ သေရေးရှင်ရေးပေတိုး၊ ရောက်လာသောပိုက်သမားများကို

မရောက်သေးသော ပိုက်သမားမိသားစုများက မေးမြန်းစုံစမ်းကြသည်မှာ ယောင်သားများနှင့် ယောင်ဝင်စာတွေ့သူများပမာ ဆူညံလျက် ရှိချေ၏။

သတင်းလုံးဝမရဘဲပျောက်နေသော လှေသုံးစီးထဲတွင် လွမ်းဝေတို့လှေလည်း ပါ၏။ နှင်းရီအဖို့ ရွှေရင်မီးတောက်ရပါပြီ။ ပင်လယ်ပြင်ကို မျှော်ကြည့်ရလွန်းလို့ မျက်လုံးများပင် ပြာဝေနေပါပြီ။ နှင်းရီမှာ တစ်ရွာသူဖြစ်၍လည်း ရွာသူရွာသားများက ပို၍သနားကြသည်။ နှစ်သိမ့်အားပေးကြသည်။ လူတွေအားပေးမှုပင် နှင်းရီ ပို၍ဝမ်းနည်းခဲ့သည်။ နှင်းရီမှာကား အစာရေစာပင် မစား၊ တစ်မိုးသောက်၍ တစ်နေ့ဝင်ခဲ့ပြန်ပြီ။ ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ထုက စိုးမိုးလာခဲ့သည်။ နှင်းရီသည် အိမ်ပြန်ပြီး အိပ်ရာထဲလှဲချလိုက်သည်။

မိမိအပေါ် ကောင်းလွန်းသော ကိုလွမ်းဝေ၊ ဘဝကို အရှုံးပေးလိုစိတ်မရှိဘဲ ရုန်းကန်ခဲ့သော ကိုလွမ်းဝေ၊ ရုန်းကန်လှုပ်ရှားမှု လောကရင်ခွင်ထဲမှ ကိုလွမ်းဝေတစ်ယောက် ဘယ်လိုများစီးမျောမှုများနှင့် ထင်ဟပ်နေပါလိမ့်။ စိတ်စေရာဝေဒနာအကျိုးကြောင်း၏ထိရှမှုကြောင့် အပူအကျိုးကြောင်းက ပါးပြင်ဗိုမို့ပေါ်တွင် နေရာယူလာကြသည်။

"နှင်းရီ. . .၊ ဟော့. . နှင်းရီ. .၊ လွမ်းဝေတို့ရောက်နေကြပြီဟော့"

အတွေးရေယာဉ်ကြောတွင် မည်မျှကြာအောင် နစ်မျောနေသည် မသိ။ ဦးကျော်သာနု၏ အမောတကောခေါ်သံ



...ကြောင့် အိပ်ရာထဲမှ ဖြုန်းကနဲထပြီး လှေဆိပ်သို့အပြေးလှမ်း...ခဲ့သည်။ ဘဝတူ ပိုက်သမားမိသားစုများလည်း ရောက်ရှိ...နေကြသည်။ နှင်းရီသည် ပိုက်လှေဆိပ်သို့ ပြေးဆင်းလိုက်၏။ ...မ်းခြေသို့ ပြေးဝင်လာသည့် လှိုင်းဂယက်ကလေးများက ...င်းရီကို တစ်လုံးပြီးတစ်လုံး ဆီးရိုက်လိုက်ကြသည်။ နှင်းရီ၏ ...ယ်တစ်ပိုင်းမှာ ရွှဲရွှဲစိုသွားတော့၏။ အသားရေစိုတာလောက် ...င်းရီ ဘယ်မှုလိမ့်မတုံး၊ လှေဆီသို့သာ အာရုံ ရောက်နေသည်။

"ဟင်. . .၊ ဘယ်မှာလဲဟင် ကိုဝေ ဘယ်မှာလဲ"

ပိုက်လှေဆီသို့ ကြည့်လိုက်ရာ ဦးအေးတင်နှင့် မောင်ညွှန့်...သာ တွေ့ရပြီး ကိုလွမ်းဝေကိုကား မတွေ့မိ။ မှောင်ရီပျိုးချိန်မို့ ...င်တာလားဟု တွေးပြီး လှေတစ်စီးလုံးကို ဟိုဟိုသည်သည် ...ျှာက်ကြည့်သည်။ မတွေ့။ နှင်းရီအဖို့ တစ်ပူပေါ်နှစ်ပူဆင့် ...နေပြီထင့်။

"ဦးလေးတင်၊ ကိုဝေ ဘယ်မှာလဲ. . ဟင်"

ဦးအေးတင်သည် ပိုက်ပုံနောက်နားသို့ လက်ညှိုးထိုးပြ...လိုက်သည်။ ပိုက်တင်စင်ကလေးထက်တွင် ခွေခွေလေးမှေးမှော...နေသောကိုလွမ်းဝေကို နှင်းရီ တွေ့လိုက်ရပြီ။

"ကိုဝေ ဘယ်လိုဖြစ်တာလဲ၊ လုပ်ကြပါဦး ဦးလေးတင်၊ ကိုဝေ ဘယ်လိုဖြစ်တာလဲဟင်၊ ဖြစ်မှဖြစ်ရလေ ကိုဝေရဲ့ အမယ်လေး. . ဟီး. . . ဟီး"

နှင်းရီသည် တုန်တုန်ရီရီဖြင့် အော်ခေါ်ရင်း အားရပါးရ ...ငိုချလိုက်တော့သည်။

"လာတုန်းကတော့ ဘာမှမဖြစ်ပါဘူးကွာ။ ဒီဆိပ်ကမ်း ရောက်မှပဲ အရှပ်ကြိုးပြတ် ဖြစ်သွားတာပါ။ အစာမစား တယ်ရယ်၊ ပင်ပန်းလွန်းတာရယ်နဲ့ အားလျော့ပြီး သတိလစ် သွားတာပါ"

နှင်းရီ၏ငိုသံကြောင့် ပိုက်သမားများ လှေဆီသို့ စုပြ ဆင်းလာသည်။ လွမ်းဝေအား အသာအယာမွေ့ပြီး တင်ဆော သွားကြသည်။ တစ်စိတ်လက်၊ တစ်ဝမ်းညီ၊ ဘဝတူတွေဆိုတော့ လည်း ခုလို တစ်ဦးအရေးတစ်ဦးက ဖေးဖေးမမ အကူ အညီပေးတတ်ကြသည်က ကျေးလက်စရိုက်၏ နှစ်သက်စရာ မြင်ကွင်းကလေးများပင်။

× × × × ×

(၉)

"နှင်းရီ. . . အစ်ကို သတိလစ်သွားတုန်းက အတော်စိုး ရိမ်သွားလားဟင်"

"စိုးရိမ်တဲ့အဆ ငိုလောက်ဆို ဘာအရေးလဲ၊ ဒီက ရင် တွေ အသည်းတွေပြုတ်ထွက်ကုန်ပြီလား အစ်ကိုရယ်"

နှင်းရီသည် လွမ်းဝေ၏ရင်ခွင်ထဲသို့ ခေါင်းတိုးဝင်လိုက် ၏။

"အစ်ကိုတော့ ဒီလောက်ထိ အသက်နဲ့ရင်းပြီးလုပ်ရတဲ့ အလုပ်ကို မလုပ်တော့ဘူးကွာ။ ဆင်းရဲရင်လည်း တခြားအလုပ် ပဲ လုပ်စားတော့မယ်။ အဖေနဲ့အမေလည်း ဒီပင်လယ်ပြင်ကြီး



ထဲမှာပဲ ဘဝနိဂုံးချုပ်ခဲ့ကြတယ်"

လွမ်းဝေသည် နှင်းရီ၏နဖူးဆံစများကိုပွတ်သပ်ရင်း လွမ်းလွမ်းဆွေးဆွေး ပြောလိုက်မိသည်။

"ဒါတွေထားပါတော့ အစ်ကိုရယ်။ လျှောက်တွေးရင် စိတ်နွမ်းတယ်။ ရှေ့ဆက်ရမဲ့ခရီးအတွက်ကိုပဲ စဉ်းစားရ အောင်လား အစ်ကို"

လွမ်းဝေသည် လန်းဆန်းသောအပြုံးတစ်ပွင့်ကို လှစ်ပြ ရင်း ခေါင်းညိတ်လိုက်သည်။ နှင်းရီသည် လွမ်းဝေ၏ရင်ခွင် ကိုမှီရင်း အနားသို့ကပ်ကာ အပြောချင်ဆုံးစကားတစ်ခုကို တိုးတိုးလေး ဖွဲ့သီလိုက်ပြန်၏။

"ဟေ. . . ဟုတ်လား။ ဒီလိုဆို နှင်းရီ မင်းတော်တယ်ကွာ။ ကိုယ် အလုပ်ကောင်းကောင်း လုပ်ရတော့မှာပေါ့။ နှင်းရီကို အစ်ကိုဆုပေးလိုက်မယ်၊ ရော့. . ."

လွမ်းဝေသည် ပစ္စက္ခအလွမ်းကြားမှ ချိုအေးတဲ့အနမ်း နမ်းလေးတစ်ပွင့်ကို ယုယုယယ ပန်ဆင်ပေးမိပြီပေါ့။

"အစ်ကိုနော်. . .၊ တော်တော်ကဲ၊ နှင်းရီ ရှက်တယ်"

နှင်းရီက ချစ်မျက်စောင်းလေးထိုးလိုက်သည်။

"ကဲ. . . တဲ. . .၊ လာ ဦးလေးတင်ဆီ သွားကြရအောင်"

"ဘာလို့သွားမှာလဲအစ်ကို၊ ပိုက်မလိုက်တော့ဘူးဆို"

"မလိုက်လို့ မရတော့ဘူးလေ၊ တို့ရဲ့အချစ်အိမ်ကလေး ထဲကို ချိုမိုင်မိုင်ကဖို့ အသစ်ကလေးတစ်ယောက် ရောက်လာ တော့မယ် မဟုတ်လား။ နောက်ပြီး အစ်ကိုတစ်ခုပြောမယ်။

နှင်းရီနဲ့အစ်ကိုက စနေနံ့ဗုဒ္ဓဟူးဆိုတော့ အိမ်ထောင်ဘက်
နေ့နံသင့်တယ်။ ကြီးပွားမယ်တဲ့ကွ။ ဒါကြောင့် ကိုယ်ကလေ
ဇီစနေသမီးလေးကို ဟောသလို...ဟောသလို.."

"ဟွန်း...၊ ဒါမျိုးဆို သူသိပ်တတ်တယ်"

နှင်းရီသည် လွမ်းဝေ၏ရင်ခွင်ထဲသို့ အလိုက်သင့်နိုဝ
ရင်း စပယ်ဖူးအပြုံးလေးဖြင့် ကမ်းလင့်လို့ကြိုနေလေရဲ့။ သူတ
နှစ်ဦးအတွက်တော့ အရာရာသည် အင်အားပဲပေါ့။ သည်တော
အနမ်းပွင့်ကလေးများ ဆက်ကာဆက်ကာ ကြမ်ိမြန်ရော။

လွမ်းဝေနှင့် နှင်းရီတို့၏ ရယ်မောသံလွင်လွင်ကလေးမျာ
မှာ စမ်းကျရေစီးသံနှယ်၊ သာယာငြိမ့်ညောင်းလွန်းလှတော
သည်။

၁၉၉၉-ခုနှစ်၊ အောက်တိုဘာလ
အမှတ် (၁) ရတနာမြေပုံမဂ္ဂဇင်



# တို့အတွက် မနက်ဖြန်

# သူတို့အတွက် မနက်ဖြန်

(၁)

"အောက် အီး အီး အွတ်"

မနှင်းရီ လူးလှိမ့်ထလိုက်၏။ ခေါင်းအုံးရောက်သို့ လ[illegible]
ကိုထိုးနှိုက်လိုက်သည်။

သွပ်ခာတ်မီးခြစ်ကလေး အသင့်ပါလာ၏။ မီးခြ[illegible]
ကလေးကိုခြစ်ပြီး နံ့ခေါက်ဖာကလေးပေါ်ရှိ ရေနံဆီမီးခွက်[illegible]
မီးကူးပေးလိုက်သည်။

မီးခွက်ကလေးကို ကိုင်မြှောက်ကြည့်လိုက်၏။

"ဘယ်လောက်ထိ မောပန်းလာလိမ့်မလဲ၊ အိပ်နေလို[illegible]
တာ ခြေပစ်လက်ပစ်ပါပဲ၊ နိုးလို့မဖြစ်သေးပါဘူး အားရှိသွ[illegible]
အောင် နည်းနည်းအိပ်လိုက်ပါစေဦး"



သမုဒယစေသသိက်သည် နှင်းရီ၏ နှလုံးသားသို့မွှဲ့နှောင်
ချည်ပတ်နေ၏။ မီးခွက်ကလေးကိုချပြီး ချင်းတွင်းနေကြာစောင်
ကလေးကို ပခုံးနှစ်ဖက်လုံအောင်သာ အသာအယာဆွဲတင်
ပေးလိုက်၏။ အကြွင်နာမျက်ဝန်းကလေးများဖြင့် စိုက်ကြည့်
လိုက်ပြန်သည်။ ကျေနပ်သွားဟန်ရှိမှ တဲကလေး၏ဘေးတွဲ
မီးဖိုခန်းသို့ ခြေကိုဖော့နင်းပြီး ဆင်းလိုက်၏။ မီးဖိုတွင်မီးမွှေး
လိုက်၏။ တော်တော်နှဲ့မစွဲ။ ရိုးတောင်ဦးမှ အရှူအမှုတိုက်
ခတ်လာသော မြောက်ပြန်လေရူးက ကြမ်းကြားမှတိုးဝင်ပြီး
မနှင်းရီအား နှောင့်ယှက်နေခဲ့သည်။ မီးစွဲစပြုသည်နှင့် ညဉ့်
ဦးပိုင်းကပင် စပါးလုံးရွေးထားသော ဆန်ဖွတ်ကို ထမင်းအိုးထဲ
ထည့်ချလိုက်၏။ စဉ့်အိုးထဲမှရေကို မဝံ့မရဲ အသာနှိုက်ခပ်
လိုက်သည်။

"အား. . . ပါး. . . ပါး၊ အေးလိုက်တာ"

မနှင်းရီနှုတ်မှ ရေရွတ်မိသွားသည်။

"ဘယ်တတ်နိုင်မလဲ၊ မလုပ်ရင် ပြီးတော့လား"

ဘဝအသိလေး၏ စေ့ဆော်မှုကြောင့် ရေအိုးထဲမှရေကို
အားရပါးရ နှိုက်ယူခပ်လိုက်သည်။ လက်တုံ့ကျင်သွား၏။
မြာသိုလ၏ ညကြီးသန်းခေါင်သည် မနှင်းရီအား သတ္တိကောင်း
ကောင်းပြနေလေပြီ။ မနှင်းရီကမမှု၊ ဆန်ရေဆေးပြီး ထမင်း
အိုးကို ဖိုခုံလောက်ပေါ် တင်ထားလိုက်သည်။

"အောက် အီး အီး အွတ်"

"မဖြစ်ဘူး. . . မဖြစ်ဘူး၊ မှားတာန်းဆွဲ ဦးဖိုးငှက်လာလို့

မှ ကိုဝေ ငါးစားရွာမသွားသေးဘူးဆိုရင် ခက်နေဦးမယ်၊ ကိုယ်က အခုမှ စလုပ်ဖူးတာဆိုတော့ သူ့ကိုပဲ အစစအရာရာ ဆရာတင်ထားရတာ၊ ကိုယ်က လှေကို ဘယ်ညာလှည့်ဖေးရုံ သက်သက်လောက်သာ"

အတွေးကလေးက မနှင်းရီ၏အသိရင်မှာ ခိုတွဲလာသည်။

"ကိုဝေ. . . ကိုဝေ ထတော့လေ"

မနှင်းရီက လွှမ်းဝေ၏တင်ပါးကလေးကို အသာပုတ်ပြီး နှိုးလိုက်၏။

"ဟင်. . . နှင်းရီ မင်းနိုးနေပြီလား၊ ဘယ်အချိန်ရှိပြီလဲ"

"သန်းခေါင်ကြက် တွန်နေပြီ၊ ငါးစာရှာသွားဖို့ ကောင်းနေပြီလေ၊ နှင်းရီလည်း ထမင်းအိုးတောင်တည်နေပြီ"

"ဪ. . . အေး. . . အေး"

လွှမ်းဝေအလျင်စလို ထပြီး မနှင်းရီအနီးတွင် ပူးကပ်ထိုင်လိုက်သည်။ မနှင်းရီ၏မျက်နှာနုနုလေးကို ရွှန်းရွှန်းစားစား ကြည့်နေလိုက်၏။

"ကိုဝေကလည်း ဟုတ်ပါပြီ၊ မမြင်ဖူးတာကျနေတာပဲ ရော့. . . ဆန်ရေပူလေးနဲ့ မျက်နှာသစ်လိုက်၊ နွေးနွေးလေး အတော်ပဲ"

မနှင်းရီမှာ သွားတက်ကလေးပေါ်အောင် ပြုံးရင်း ထမင်းအိုးလေးထဲမှ ဆန်ရည်နွေးနွေးလေးကို ခပ်ယူပြီး လှမ်းပေးလိုက်သည်။ လွှမ်းဝေမှာမျက်နှာသစ်ပြီး တဲရှေ့ခန်းကလေးသို့ ထွက်လိုက်၏။ တဲခေါင်မိုးပေါ်သို့ ပိန္နဲပင်ကြီးမှ ဆီးနှင်း



ပေါက်များ တဖြောက်ဖြောက် ကြွေဆင်းနေကြသည်။ မိုးကောင်းကင်သို့ မော့ကြည့်လိုက်ရာ နှင်းပဝါမြူလွှာကြားမှ မှုံ့မှုံ့မရဲ ထိုးထွက်နေသော လရောင်မှုန်ဝါးဝါးကို မြင်နေရ၏။

"ကိုဝေရေ ကွန်ပစ်တဲ့အဝတ်တွေ ဒီမှာ ဒီမှာ၊ နှင်းရီ အင်းစင်ပေါ်တင်ပြီး နွေးထားတယ် ရော့. . ရော့"

မနှင်းရီ ခပ်နွမ်းနွမ်းအဝတ်တစ်စုံကို လှမ်းပေးလိုက်သည်။ လွှမ်းဝေက အလျင်စလိုလဲဝတ်လိုက်၏။

"ကိုယ့်မိန်းမ ဘယ်ဆိုးလို့တုံး"

ယေသူတို့ အပြုံးမွှင့်ချင်း ရောထွေးသွားကြသည်။ နောင်တော်ပင်လယ်ကမ်းခြေ ပေသုန်ရွာကလေး၏ တံငါတဲကလေးမှာတော့ ကြင်စဦးမောင်နှံတို့၏ ချစ်မေတ္တာက မတ်နိုင်နိုင်။

"ကဲ. . ကိုယ်သွားမယ်ကွာ"

မနှင်းရီ ခေါင်းညိတ်ပြလိုက်သည်။ ကွန်နှင့်ပလိုင်းကို ဆွဲပြီး လွှမ်းဝေတဲတွင်းမှ ထွက်လိုက်၏။ လခြမ်းပုံ ကွေ့ဝိုက်နေသော ပင်လယ်ကမ်းစပ်အတိုင်းလျှောက်ရင်း ဆောင်းလေကြမ်းကို ရင်ဆိုင်တိုးလိုက်သည်။ 'ကုလားမကျောက်တန်း' အရောက်တွင်တော့ ပင်လယ်တွင်းသို့ တိုးထွက်နေသည်မို့ လေတိုးအားက ပိုပြင်းသလိုခံစားရသည်၊ 'လောင်းထားချိုင်' ကို ကွေ့ပြီး ရွာမြင်ကိုကျော်လိုက်သည်နှင့် တောင်ပေါက်လမ်းက ကြိုနေတော့သည်။ အဖော်မဲ့နေသော လွှမ်းဝေမှာ မှောင်မည်းနေသော တောင်ကြားကိုကြည့်ပြီး ကြောက်သလိုလို

ဖြစ်သွား၏။ သို့သော် သွားနေကျလမ်းမှ အရဲစွန့်ပြီး တိုးဝင်လိုက်သည်။

ညမှောင်မှောင် လမှောင်မှောင် ကြယ်ရောင်သော် မလင်းတဲ့ချိန်းခဲ့တဲ့ ညတုန်းကပေါ့ကွယ်××× ကိုယ်တစ်ယောက်တည်း မြကန်သာမြက်ခင်းလေးကို×××

လွမ်းဝေ ရဲဆေးကလေးတင်ပြီး သီချင်းလေးတစ်ပုဒ်ကို မတိုးမကျယ် ညည်းလိုက်သည်။

"လွမ်းဝေလားဟေ့"

မြုန်းကနဲ ထွက်ပေါ်လာသောအသံကြောင့် လန့်လိုက်သည့်ဖြစ်ခြင်း။ လွမ်းဝေ ရင်တစ်ခုလုံး မြင်းထန်စွာ မြည်ဟီးသွားသည်။

"ဟုတ်တယ်ဟေ့၊ စံထွန်းလား"

လွမ်းဝေ အသံကိုထိန်းပြီး ပြန်မေးလိုက်သည်။

"ဟုတ်တယ်လေ လာကွာ၊ ငါလည်း အဖော်စောင့်နေတာ"

"သူများတွေကော ဆင်းသွားပြီလားဟေ့"

"ဆင်းသူလည်း ဆင်းသွားကြပြီပေါ့ကွာ"

"ကဲ တို့လည်းဆင်းကြစို့၊ ဒီနေ့ လဆန်း ၁၂ ရက်နေ့ဆိုတော့ ရေတက်ဦးနဲ့ ဆောင်းငါးတွေပါလာနိုင်တယ်"

တောင်ပေါက်ကြားမှ ထွက်လိုက်သည်နှင့် မလင်းတလင်း လရောင်အောက်မှာ ညိုညစ်ညစ်လတာပြင်ကြီးက အသင့်ကြိုနေပေတော့သည်။ လွမ်းဝေနှင့်စံထွန်းတို့မှာ တွေဝေ



မနေကြ။ ချက်ချင်းဆင်းလိုက်ကြသည်။

"ကျွိ. . . အိ"

"ဝင်သွားပြီဟ"

"ရွှံ့ကျွံတာလောက် မှုစရာလားကွာ၊ ကိုယ့် လုပ်စားရေးပဲ၊ ကဲ. . . မှေသားကြီးရှန်းလိုက်စမ်းဟ"

"ကျွိ. . . ပျောင်း"

"ကျွိ. . . ပျောင်း"

"ကျွိ. . . ပျောင်း"

ခြေထောက်ကို နင်းချလိုက်တိုင်း ကျွိခနဲမြည်ပြီး ဒူးခေါင်းလွန်အောင်ထိ နစ်ဝင်သွားသည်။ ပြန်နုတ်လိုက်ချိန်တွင်တော့ ဖျောင်းခနဲ ကျယ်လောင်စွာ မြည်သွားတတ်သည်။ လွမ်းဝေတို့ လျှောက်နေသော လတာပြင်တစ်ဝိုက်တွင်တော့ ခြေနင်းသံ၊ ခြေနုတ်သံများဖြင့် ဆူညံနေပေတော့သည်။

လွမ်းဝေမှာ ဘဝပေးအခြေအနေအရ ကျောင်းလွယ်အိတ်ကို ဝါးနှီးထရံလေးမှာချိတ်ပြီး မြစ်ပင်လယ်ထဲဆင်းခဲ့ရသည်။ လွမ်းဝေမှာမောသည်ကို မတနမထားသလို အေးသည်ပူသည်ကိုလည်း ဥပက္ခာပြုတတ်နေပေပြီ။

"မျှားမှာတစ်ဗာ၊ ကွန်မှာတစ်ချက်၊ ကဲ. . ."

"ဝိုး. . . ဖြန်း"

ကွန်ကိုရေပြင်သို့ ပြန့်ကားစွာကျရေးအတွက် အတတ်နိုင်ဆုံးကြိုးစားပြီး ပစ်ချလိုက်သည်။ ခဏကြာလျှင် ကွန်လက်ကိုင်ကြိုးကို တင်းကြည့်လိုက်၏။ လွမ်းဝေပျော်သွားသည်။

ကွန်ကွက်စိပ်စိပ်ကလေးများတွင် ဆောင်းငါးကလေးများ (ဆောင်းရာသီတွင် ရေတက်ဦး၌ အုပ်လိုက်၊ သင်းလိုက်တက်တတ်သော ကဘီလူးငါးလေးများ) ကုပ်စီးပြီး ဖီးဆိုင်းကျနေကြပေပြီ။ ငါးကလေးများ၏ တဆက်ဆက်ရုန်းကန်နေကြသည့် အဖြစ်သည် ကွန်ဖူးချာကြိုးကို ကိုင်ထားသဖြင့် လွှမ်းဝေ အတွက် လက်အရသာရှိလိုက်ပါဘိ။

လွှမ်းဝေ ကွန်ကို အသာအယာဆွဲယူပြီး အဝကိုစေ့ကာ ရေတွင် တဖြန်းဖြန်းဆေးလိုက်၏။ လရောင်ကလေးဖြင့် တလဲ့လဲ့အရောင်ထနေသော ဆောင်းငါးလေးများကို လက်ကလေး သုံးချောင်းဖြင့် တစ်ကောင်ချင်းဆွဲနှုတ်ပြီး မိမိခေါင်းမှကျော်ကာ ပလိုင်းထဲသို့ပစ်ထည့်ချလိုက်၏။ ဆောင်းငါးကလေးများမှာ ကျောပေါ်တွင်လွယ်ထားသော ကြောင်ငိုပလိုင်းဝအတွင်းသို့ စိုက်စိုက်မတ်မတ် ဖောက်ထိုးကျသွားကြသည်။

ဤသို့ စနစ်တကျလုပ်တတ်ဖို့အတွက် ကျောင်းသားလူထွက်မောင်လွှမ်းဝေသည် ရေတံငါဆရာကြီးဦးဖိုးငှက်ထံတွင် တစ်ပတ်တီတီ လက်ဖူးလက်ကြပ် သင်ယူခဲ့ရသည်။

ရယူလိုမှု လောဘတရားကြောင့်ပဲ ဆိုရပေမလားမသိ။ လွှမ်းဝေအဖို့ အချိန်ကုန်မှန်းပင်မသိလိုက်။ ကျောပိုးထားသော ကြောင်ငိုပလိုင်းကလေးက သတိပေးလိုက်မှပင် လက်ကို ခေါင်းကျော်ပြီး စမ်းကြည့်လိုက်မိသည်။ မျှားစာငါးကလေးများ ပလိုင်းလည်းပင်ခိုက်အောင် ပြည့်နေမှကိုး။ ကောင်းကင်သို့ မော့ကြည့်လိုက်သည်။ မိုးသောက်ကြယ်ကြီး လောကကြီးကို



နှုတ်ဆက်နေပေပြီ။

× × × × ×

(၂)

လွှမ်းဝေ၏ အပြန်ခရီးသည် နောက်ဆွဲကလေးကြောင့် ...ထင်သည်။ အလာထက်တောင် မြေလှမ်းသွက်နေ၏။ ...ဘာင်ပေါက်ကမူလေးကို ကျော်လိုက်သည်နှင့် မြစ်ကမ်းနံ ...ဘးက တံငါတဲလေးကို မီးရောင်မှိတ်တုတ်မှိတ်တုတ်ဖြင့် ...မ်းမြင်လိုက်ရသည်။

"နှင်းရီ ပြန်များအိပ်နေလေရော့သလား၊ အိပ်ရင်လည်း အိပ်ပလေ့စေ၊ သူ့ခမျာကည်း ကိုယ့်ကမ္ဘာထဲရောက်လာမှ ...ပ်ကောင်းခြင်း မအိပ်ရ၊ စားကောင်းခြင်း မစားရ၊ ကိုယ့်ရဲ့ ...ညကမ္ဘာလေးကို ဆယ့်ပြည့်ကိန်းလေးဖြည့်ပေးဖို့ ရောက်လာ ...တဲ့ မနှင်းရီ အိမ်ထောင်ရေးသက်တမ်း ဘယ်လောက်ကြာသေး ...လို့လဲ၊ သုံးလဆိုတဲ့ကာလထဲ ဝင်ရုံပဲရှိသေးတာ"

လွှမ်းဝေ၏ ဘဝပုံရိပ်လွှာများသည် ပစ္စက္ခစိတ်ဝန်း ...ကျင်၌ လှုပ်လှုပ်ရှားရှားဖြစ်နေကြသည်။ တဲကလေးရှေ့သို့ ...ရောက်တွင် တဲတွင်းသို့ ငုံ့ကြည့်လိုက်၏။ မီးခွက်ကလေး ...သင်းထိန်နေသည်။

"နှင်းရီ ပြန်မအိပ်ဘူးလား"

"ဟို..ကိုဝေလား၊ ဘယ်ကနေပြန်အိပ်ရမှာလဲ ကိုဝေ ...ရယ်၊ ကိုဝေလာရင် အဆင်သင့်ဖြစ်အောင်လို့ ထမင်းအိုး၊

ဟင်းအိုးလေးတွေ အဆင်သင့်ထည့်ထားပြီးလေ၊ သောက်ရေအိုးလည်း ဖြည့်ထားပြီ၊ အချိန်ကလေးရတာနဲ့ မနေ့က ချုပ်ရှိုးပြုတ်လာတဲ့ ရွက်ထည်ကိုတောင် ပြန်ချုပ်ထားလိုက်သေးတယ်၊ အကုန်လုံးအဆင်သင့်ပဲ"

"ဟာ. . . မင်းတော်တယ်ကွာ၊ ဒါကြောင့်လေ ဟောဒီက. . ."

"ဟိုး. . . ဆရာ၊ မြေထောက်လေး ဘာလေးဆေးအဝတ်လဲဦး။ ရောင်နီ လာနေပြီလေ"

လွှမ်းဝေမှာ ကျောပိုးငါးပလိုင်းလေးကိုပင် မချသေးဘဲ ချစ်ခြင်းရမ္မက် ရှန်းထွက်ပြီး မနှင်းရီ၏လက်ကလေးကို ဆတ်ခနဲဆွဲလိုက်ရာ ချစ်ဇနီး မနှင်းရီစကားကြောင့် ရှက်သလိုလိုဖြစ်သွားသည်။

"လွှမ်းဝေ အဆင်သင့်ဖြစ်ပြီလားဟေ့"

ဦးဖိုးငှက်၏ အသံကြီးက နှင်းမြူထုကို ထိုးဖောက်ကာ တဲရှေ့မှထွက်ပေါ်လာသည်။

"ဟုတ်ကဲ့ ဦးလေး၊ အခုပဲ ငါးမျှားစာနဲ့ ပြန်ရောက်သေးတယ်"

"တဲ. . . ထွက်ကြမယ်ကွာ၊ တချို့ ထွက်တောင်သွားကြပြီ"

ဦးဖိုးငှက်သည် တဲရှေ့တွင် မှီထောင်ထားသော ရွက်နှစ်ဖုံကို ပခုံးပေါ်ထမ်းတင်ရင်း လှေဆိပ်သို့ ဆင်းသွားသည်။

လွှမ်းဝေကလည်း တက်များကို ကောက်ထမ်းလိုက်သည်။



ငါးမျှားစာလည်း တစ်ပလိုင်းမို့ အနိုင်နိုင်။

"ကိုဝေသွားနှင့်တော့၊ ထမင်းတောင်းနဲ့ရေဘူးကို နှင်းရီယူလာပေးခဲ့မယ်လေ"

လွှမ်းဝေသည် ဦးဖိုးငှက်နောက်သို့ အပြေးကလေးလိုက်သွားသည်။ မနှင်းရီလည်း ထမင်းတောင်းကလေး တချိုချိုဖြင့် သတ်ကြွပ်မကွာ။

× × × × ×

(၃)

"ဟေ့ကောင်. . . လွှမ်းဝေ၊ လှေဦး နိုင်နိုင်ထိန်းစမ်းပါဘ၊ ဘာတွေစိတ်ကူးနေတာလဲ၊ မင်းဟာက လှေဦး ဟိုယမ်းဒီယမ်းနဲ့"

"ဩော်. . . ဟုတ် ဟုတ်ကဲ့ ရပါတယ်ဦး"

"မင်းဟာက ရပါတယ်သာဆို ဘယ်လိုဖြစ်နေရတာတုံး၊ ရောက်တော့မယ်ကွ၊ ရွက်စောင်းနေတဲ့ဘက်က တက်မကိုရေချပြီး ကန့်ချိတ်ထားရမယ်ဟ၊ နင့်မေကလွှားမှပဲ"

ဦးဖိုးငှက်ပြောမှပင် သတိရပြီး ရွက်လေစားနေသည့်ဘက်သို့ တက်မကိုချကိုင်လိုက်သည်။ လှေမှာ ချက်ချင်းဦးငြိမ်သွားသည်။ စုန်လေ (အရှေ့မြောက်အရပ်မှ မြစ်ကြောင်းအတိုင်း စုန်ဆင်းလာသောလေ) က တိုင်ကပ်ရွက်နှစ်ဖုံကို ခပ်ကြွမ်းကြွမ်းဝင်တိုးထားရာ တံငါလှေကလေးမှာ လှိုင်းခေါင်းမြူများကို နင်းကာတဝေါဝေါ တရှဲရှဲမြည်သံပေးလျက်ပြေးနေ

သည်။ ပဲ့ကိုင်တာဝန်ကို လုံးဝဉသုံ့ယူထားရသော လွှမ်းဝေမှာ လက်ဖျံကြောကြီးများ ကြွားထပြီး ကဆတ်ဆတ်တုန်ခါနေအောင်ထိ အားစိုက်ထားရသည်။

ဦးဖိုးငှက်ကတော့ မျှားစာငါးကလေးများကို ခုံးတီတုံးပေါ်တွင် တင်ပြီး အတုံးကလေးများဖြစ်သွားအောင် ထိပိုင်းလိုက်သည်။ တဆက်တည်းပင် ငါးစာတုံးများကို ငါးမျှားချိတ်များ၌ အစီအရီတပ်ပြီး လှေနံတွင် တန်းစီ၍ချိတ်ထားလိုက်သည်။ မျှားလှေတစ်စီးတွင် ငါးမျှားချိတ်-၁၀၀ မှ -၃၀၀-ထိကိုင်ကြသည်။

ဦးဖိုးငှက်မှာ ငါးစာတစ်ရင်းပင် ဆေးတံကို လက်ဖြင့်မကိုင်ဘဲ ပါးစပ်တွင်ခဲထားသည်။ ဆေးတံလည်းသောက်၊ ငါးစာလည်းတပ်မို့ တစ်ချက်ခုတ်၊ နှစ်ချက်ပြတ်သည်။ အလုပ်တွင်အာရုံက စူးစိုက်နေရကား ဆေးအိုးတွင် မီးငြိမ်းသွားသည်ကိုပင် မသိလိုက်။ သို့သော် ပါးစပ်တွင်ကား ဆေးတံကို ခဲမြဲထားလျက်။ တစ်ချီတစ်ချီအရှိများ ဆေးတံရိုးအတိုင်း ပြေးဆင်းလာကြသည်။ ဦးဖိုးငှက်ကို ဒီလိုပုပ်လို့ရနိုင်ရိုးလား။ ချက်ချင်းပင် ပါးစပ်ကို မပွင့်တပွင့်လုပ်ပြီး လေကို စုပ်သွင်းလိုက်ရာ အရှိတန်းကလေးများ ဆေးရိုးအတိုင်းပြေးတက်လာကြပြီးမိမိဝပ်ကျင်းအတွင်းသို့ ပြန်ဝင်သွားရသည်။ တဲ. . မှတ်ပြီကရော။

ငါးစာများလည်း မျှားချောင်းစေ့အောင် တပ်ပြီးသွားပြီသည်တစ်ချိတွင် ဦးဖိုးငှက် တော်တော်အရေးကြီးသွားပုံရသည်။ ဆေးတံကိုပါးစပ်မှချွပ်ခနဲဆွဲနုတ်ကာ တစ်ချက်နှစ်ချက်



ခါပစ်လိုက်ပြီး ပုဆိုးခါးပုံစတွင် အနီးဘက်ကို ထိုးသွင်းထားလိုက်သည်။

"ဆင်ကျိမ်ခွင် ရောက်ပြီဟ၊ ရွက်ကြီးလျှော့တော့"

လွှမ်းဝေက လှေပဲ့ပိုင်းထုပ်တွင် ချည်ထားသော နပ့်ကြိုးကို ဆွဲဖြုတ်ချလိုက်ရာ မြေးအားကောင်းနေသောလှေမှာ ဝေါကနဲ ထိုးရပ်သွား၏။ ကြိုးလျော့ပြီး တဖြန်းဖြန်းရှန်းခါနေသောရွက်နှစ်ဖုံကို တစ်ယောက်တစ်ဖုံစီ ဆွဲလိပ်ပြီး ရွက်တိုင်ပေါက်မှ ဆွဲနုတ်ကာ ရွက်များကိုချလိုက်ကြ၏။

"ကဲ ဦးကျောက်ချမယ်ဟေ့၊ လှေဦးထိန်းထား"

ဦးဖိုးငှက်သည် ကြမ်းခင်းကပ်စင်မှ မတ်တတ်ရပ်လျက်တောင်မြောက်ဝဲယာကို တစ်ချက်လှမ်းကြည့်လိုက်သည်။

"ဟုတ်ပြီ နောင်တော်ကြီး၊ နောင်တော်ချောကျွန်းတွေနဲ့ဟိုး အရှေ့ဘက်က ကညင်ချိုင်ကျွန်းထပ်သွားပြီ၊ ရပြီ ရပြီ"

ဦးဖိုးငှက်ခမျာ မိမိသတ်မှတ်ချက်ခွင်ထဲ ဝင်လာပြီမို့ခေမသားခွတွင် ကျောက်ခဲတွဲချည်ပြီးလုပ်ထားသော ကျောက်ဆူးကိုပစ်ချလိုက်သည်။ လက်ဖျားဖော့အဖြစ် ဝါးပိုးဖော့တစ်လုံးကို ကျောက်ဆူးကြိုးနှင့် ပူးတွဲချထားလိုက်သည်။ အစာတပ်ပြီးသား ငါးမျှားချိတ်များကိုလည်း မြစ်ရေပြင်ထဲသို့ တစ်ခုပြီးတစ်ခုပစ်ချနေ၏။ လွှမ်းဝေက အရှိန်ယူလှော်ပေးရင်း မျှားကြိုးများကို ဆွဲဆန့်ပေးနေရသည်။ ငါးမျှားချိတ်အားလုံးချပြီးချိန်တွင်တော့ ပဲ့ကျောက်ကိုပစ်ချလိုက်ပြီး လက်ကိုင်ကြိုးကို လှေဦးတွင် ချည်ထားလိုက်တော့သည်။

ဦးဖိုးငှက်သည် လှေကပ်စင်မှ မတ်တတ်ရပ်ပြီး ငါးမျှားတန်းအနေအထားကို အကဲခတ်လိုက်သည်။ မြစ်ပြင်တစ်ခုလုံးတွင်ကား မျှားတန်းလှေကလေးများမှ လှိုင်းလုံးများကြားတွင် မြုပ်ချည်ပေါ်ချည် ဒွေးဒွေးလှုပ်လှုပ်။

"ဟဲ..စားချိန်ပဲ၊ စားမယ်ကွာ"

လွှမ်းဝေသည် ထမင်းတောင်းကလေးမှ ထမင်းအိုး၊ ဟင်းအိုးများကို အစီအရီဆွဲထုတ်လိုက်၏။ ဇွန်းနှစ်ချောင်းကိုလည်း ဟင်းအိုးများထဲတွင် အသင့်တပ်ထားလိုက်သည်။ ဦးဖိုးငှက်မှာ ထမင်းတစ်ဆုပ်ကို မာကျစ်အောင် ဆုပ်နယ်ပြီး လှေဦးများတွင် ဆွမ်းတော်တင်ထားလိုက်သည်။ ပါးစပ်မှလည်း ပွစိပွစိလှုပ်ရင်း ဆုတောင်းပဏ္ဏနာပြုလိုက်၏။

လှိုင်းသရမ်းလေးများကတော့ ဟင်းရည်ကို ဇွန်းဖြင့်ခပ်သောက်ခွင့်ပင် မပေးကြ။ ဦးဖိုးငှက်သည် ခရမ်းသီးချဉ်ဟင်းရေအိုးလေးကို အသာမ,ပြီး မော့သောက်ချလိုက်သည်။ ချမ်းအေးပြီး မာကျစ်နေသော ထမင်းများကို မျိုမကျသဖြင့် ချဉ်ဟင်းလေးဖြင့် မျှောချလိုက်ခြင်းဖြစ်သည်။ အညှာမချိုး အလုံးမခွဲဘဲ မနှင်းရိ ချက်လွှတ်လိုက်သော ခရမ်းသီးလုံးများက ဦးဖိုးငှက်၏ နှာခေါင်းကြီးကို ဒုဒုဒက်ဒက် နှုတ်ဆက်လိုက်ကြသည်။

"ဟာ... ဒုက္ခပဲ"

"ရတယ် ဦး၊ ကိုယ့် အားသလိုလုပ်ပါ၊ ကျွန်တော့်ကို အားမနာပါနဲ့"



လွှမ်းဝေမှာ ဦးဖိုးငှက်ကို အရှက်ပြေစေရန် ပြောလိုက်သည်။

× × × × ×

(၄)

"လှေဦး မယိမ်းစေနဲ့ကွာ၊ ငါးတွေ့နေတယ်"

ဦးဖိုးငှက်သည် သာလကာ (ငါးပုတ်သင်) များကို မျှားနှစ်ချောင်းကျော် တစ်ကောင်၊ သုံးချောင်းကျော် တစ်ကောင် ဖြုတ်နေရသည်။ မျှားဖြုတ်ပြီး ငါးများကို ရေပက်ခန်းထဲသို့ ပစ်ချလိုက်ပြီးသည်နှင့် ဖြတ်ပြီး မျှားနေရာတွင် အစာသစ်ပြန်တပ်ပြီးသား ဖြစ်နေပေတော့သည်။ မျှားတန်းဖော်ရာတွင် ဤသို့ ခွင်တွေ့နေသည်ကို တခြားလှေများ မရိပ်မိစေရန် ဆောင်ရွက်တတ်ရသည်။ ငါးဖြုတ်များသည်ကို မမြင်စေရန်အတွက် ဆောင့်ကြောင့်ထိုင်ပြီး ရေမှပေါ်လာသောငါးကို ရင်ခွင်အောက်သွင်းပြီး ခပ်မြန်မြန်ဖြုတ်ယူတတ်ရသည်။ ဤသည်မှာ မျှားသမားတို့၏ နည်းဗျူဟာတစ်ရပ်ပင် ဖြစ်သည်။

ဦးဖိုးငှက်မှာ ငါးဖြုတ်နေရာမှ ခပ်ပြုံးပြုံးလုပ်ပြီး လွှမ်းဝေကို ခဏခဏ လှမ်းကြည့်သည်။ လွှမ်းဝေကလည်း ပြန်လည်ပြုံးပြ၏။

လွှမ်းဝေတို့အဖို့ ဤနေ့သည် အကုသိုလ်ကံလိုက်သည်ဟု ဆိုပါပေမည်။

မျှားတန်းချက်တိုင်းတွင် ငါးက ခပ်စိပ်စိပ်ပါလာကြသည်။

"ဟာ. . . နေလုံးကြီးတောင် ဘဝ်လားပင်လယ်ကြီး
ငုပ်တော့မယ်ကွာ၊ ကဲ. . မြန်ကြမှ၊ သူများတွေရွှက်တိုက်
ကြပြီ"

လွှမ်းဝေတို့မှာ အလုပ်တွင်စူးနစ်နေပေရာ အချိန်ကု
မှန်းပင် မသိလိုက်။

"ငါရွက်ထောင်မယ်၊ လှေနိုင်နိုင်ထိန်းနော်၊ ရမ်းပေါ
လှေက စုန်လေထက်မြန်ပြင်းတယ်"

ရမ်းပေါက်လေ (မွန်းလွှဲချိန်များတွင် အနောက်ဘက်ပ
လယ်ပြင်မှ တိုက်ခတ်လာသောလေကြမ်း)

"ဟုတ်ကဲ့ ဦး၊ ကျွန်တော် သဘောပေါက်နေပါပြီ၊ ဒီလု
ငန်းမှာ ဦးဟာ ကျွန်တော့်ရဲ့ဆရာပါပဲ၊ ဦးကျေးဇူးကို မမေ့
ဘူး၊ နောင်နှစ်ဆို ကိုယ်တိုင်တောင် ဦးဆောင်နိုင်တော့မယ်

လွှမ်းဝေသည် ရွှက်နှစ်ဖုံထောင်ထားသော မျှားလှေ
ဟိုးဝေးဝေးက မှုန်ပြမြင်နေရသည့် ပေသုန်ကျွန်းသို့ ဦးလှည
ပေးလိုက်သည်။

"ဟာ. . လွှမ်းဝေ၊ မင်းမဆိုးဘူးကွ၊ လှေဦးထိန်းနိုင်ပြ
ဒီလိုပေါ့ကွာ၊ အလုပ်ကို အလုပ်ကသင်တာပဲ၊ စိတ်ဝင်စားရ
တော့ ဘယ်အရာမဆို အောင်မြင်တာပါပဲ"

ဦးဖိုးငှက် ပြောရင်းပင် လွှမ်းဝေကို တစ်ချက်စောင်း
ကြည့်လိုက်၏။

"အေး. . တစ်ခုတော့ရှိတယ်၊ ဒီရေအလုပ်ဆိုတာက သိ
လွယ်ကူတဲ့အလုပ်တော့ မဟုတ်ဘူး၊ မင်းတို့၊ ငါတို့အနီးမှ



ဘာဝအန္တရာယ်က အမြဲရှိနေတယ်၊ အချိန်အခါမရွေး ဒုက္ခ
တွေ့စေနိုင်တယ်၊ ဒါကြောင့် တို့အလုပ်က အသက်နဲ့ရင်းပြီး
ဘော့မှ စားဝတ်နေရေး ပြေမှုင်းနေရတဲ့အလုပ်ဆိုတာကိုတော့
မေ့ထားလို့ မရဘူးပေါ့ကွာ"

ဦးဖိုးငှက်မှာ စကားလည်းပြောနေသည်၊ အလုပ်လည်း
လုပ်နေသည်။ ငါးများကို နှစ်ခြမ်းခွဲပြီး အူသည်းနုတ်ကာ
မြစ်ရေပြင်တွင်ဆေးကြောရင်း ပါလာသည်၊ လွှမ်းဝေမှာကား
သဘောအား အကုန်သွင်းပြီး ရွှက်ကုန်ဖွင့်လျက်ရှိချေ၏။

"တစ်ခုတော့ သတိထားရတယ်ကွ၊ တို့ရေလုပ်သားတွေ
နေနဲ့ အန္တရာယ်တစ်ခုခုကျရောက်လာပြီဆို သတ္တိရှိရတယ်၊
အားသုံးရတယ်၊ နည်းပရိယာယ် ကြွယ်ရတယ်၊ ဒါသိပ်
အရေးကြီးတယ်နော် မောင်လွှမ်းဝေ"

ဦးဖိုးငှက်သည် လွှမ်းဝေဘက်လှည့်ကာ တည်ငြိမ်စွာ
ပြောလိုက်သည်။

"ဟုတ်ကဲ့ ဦး၊ ကျွန်တော် နားထောင်နေပါတယ်"

နီရဲဝိုင်းစက်သော နေဝန်းကြီးကား ပင်လယ်ပြင်မိုး
စက်ဝိုင်းအောက်သို့ ခုန်ဆင်းသွားခဲ့လေပြီ။

လွှမ်းဝေသည် လှေဆိပ်မှထိုးထွက်နေသော 'ငွေသာ
ကောင်တန်း' လေးကို လက်ဝဲထားပြီး 'ရွှေတုချိုင်' ဆိပ်သို့
လှေကိုထိုးကပ်လိုက်သည်။

တံငါတဲ အသီးသီးမှတော့ မီးလင်းဖိုများ နေရာယူထား
ကြလေပြီ။

သဲသောင်ပြင်မှ ခပ်သွက်သွက်မြေးဆင်းလာသော မိန်
ကလေးတစ်ဦးကို လွမ်းဝေ ရှုးစိုက်ကြည့်လိုက်၏။

မိန်းကလေးမှာ ထမီကို တိုတိုပြင်ဝတ်လိုက်ပြီး ယက်
လှိုင်းကလေးများကိုခွနင်းကာ လှေဆီသို့ ဆင်းလာ၏။ လွမ်းဝေ
နှင့် မနှင်းရိုတို့အပြုံးများ ထိတွေ့သွားကြသည်။

"ဒီနေ့ ဘယ်လောက်လဲကိုဝေ"

"ကောင်ရေ ၃၀၀ အောက်မနည်းဘူးထင်တာပဲ"

"ဟာ. . . တယ်ဟုတ်ပါလား။ ဒီနေ့ရောက်တဲ့လှေထဲမှ
ကိုဝေတို့ ပထမပဲ"

ဦးဖိုးငှက်ကပါ ခပ်မော့မော့ဝိုင်းကူရယ်မောပေးလိုက်
သည်။

သူတို့ သုံးဦး၏ရယ်မောသံများ 'ငွေသာတောင်တန်
တွင် ပဲ့တင်ထပ်သွားသံများမှာ မနက်ဖြန်များအတွက် မေ
သစ်ကို ကြိုဆိုရယ်မောသံများပင် ဖြစ်ပေလိမ့်မည်။

အတွဲ (၅၂)၊ အမှတ် (၁၁)၊ မြဝတီမဂ္ဂဇ
၂၀၀၄-ခုနှစ်၊ စက်တင်ဘာလ



# သတ္တိအာဇာနည် ဇုံမြင့်ဝေ

နွေနှောင်းရာသီမို့ထင်သည်။ နံနက်ခင်းပေမယ့် အနည်းငယ် မှိုင်းညို့နေသယောင်ရှိနေ၏။ ပင်လယ်ထဲမှာ ပေါ်လောပေါ်နေတဲ့ ကျွန်းချောင်းတောင်ကြီးကတော့ မှိုင်းပျပျ မှုန်ဝေဝေ။

ဤကျွန်းချောင်းတောင်ကြီးကား နယ်နယ်ရရမဟုတ်။ ရခိုင်ဒေသတွင် ပင်လယ်တွင်းမှ ပေါ်ထွက်နေကြသော သီးခြားကျွန်းတောင်များအနက် အကြီးဆုံး။

မြေပုံမြို့နယ်နှင့် ကျောက်ဖြူမြို့နယ်ကို ခွပြီးတည်နေသောတောင်၊ သစ်မြူ၊ သစ်မာများပေါက်ပွားရာ၊ ရှင်သန်ရာဘူမိနက်သန်မြေ။ ရွာပေါင်း ၁၀-ရွာသည် ဤကျွန်းချောင်းတောင်ကြီးကို မှီ၍ ရပ်တည်ရှင်သန်နေကြသည်။



အချိန်ကား နံနက် ၆-နာရီခန့်ပဲရှိလိမ့်မည် ထင်သည်။ ဖိုးအောင်ဇံ နံနက်စာ အဟာရဖြည့်တင်းခြင်းလုပ်ငန်း ပြီးမြောက်ခဲ့လေပြီ။ ပန်းကန်ခွက်ယောက် ဆေးကြောပြီးသည်နှင့် ထပင်းကျန် ငါးကျန်များဖြင့် ရောထည့်ထားသော ထမင်းရည်အိုးကို အောက်သို့ ချယူလိုက်သည်။

"အို့ . . . အို့ . . . . အို့ . . . . အို့ . . . နီမချေလာ-လာ"

နီမချေ (နီမငလေး) မှာ အမြီးလေး တနန့်နန့်ဖြင့် သွားသခင်ကျွေးမွေးသော အစာအိုးကို မြိန်ရေရှက်ရေ စားသောက်ပစ်လိုက်၏။ နီမချေမှာ ဖိုးအောင်ဇံ၏ အလုပ်ဖော်ဆိုလျှင်လည်း မမှားပေ။ ဖိုးအောင်ဇံ သစ်ခုတ်သွားတိုင်း နီမချေပါစမြဲ။ နီမချေမပါလျှင်လည်း ဖိုးအောင်ဇံ တောင်တက်သည်ဟူ၍ မရှိ။

နီမချေ ခရိုလွှန်နေလျှင် ရှာရှိုးလျှောက်ပြီး ဖိုးအောင်ဇံ ရှာခေါ်သည်။ သည်တော့ သခင်နှင့် ခွေးမလေးနီမချေတို့ အပြန်အလှန် သံယောဇဉ်ဖြစ်နေကြချေပြီပေါ့။ ယခုလည်း တွင်း၍ မပြီးသေးသောလေ့အတွက် ဖိုးအောင်ဇံနှင့် နီမချေတို့ တောင်သို့တက်ကြတော့မည်လေ။

ဖိုးအောင်ဇံမှာ တစ်ခြမ်းပွဲနေသော ဆေးတံကို ဇိမ်ခါးပန်း၌ တခေါက်ခေါက်ခေါက်ပြီး ဆေးချေးများကို တုတ်ကလေးဖြင့် ကော်ထုတ်လိုက်၏။

ဆေးချေးတွေ ပိတ်ဆို့လျက် ကျန်မကျန် စစ်ဆေးသည့်အနေဖြင့် ဆေးအိုး၌ဆေးလုံးဝမထည့်သေးဘဲ ဆေးတံရှိုးကို တရှုံ့ရှုံ့မြည်အောင် စုပ်ငင်ကြည့်လိုက်ပြန်သည်။

ကျော့နပ်လောက်မှ ဆေးရွက်အသစ်တစ်ရွက်ကို လုံးချေပြီး ဆေးအိုးဝ၌တင်ကာ လက်မဖြင့် ဖိသွင်းလိုက်၏။ ဖိုးအောင်ဇံ၏ဇနီး နှင်းဇာဖြူမှာ မီးဖိုမှမီးတစ်စကို အလိုက်သိစွာကမ်းပေးလိုက်သည်။ ဖိုးအောင်ဇံသည် မီးစများကို ဆေးတံဝ၌ ဖွဲတင်လိုက်၏။

အိမ်ရှေ့ခန်း ခေါင်းအုံးတုံးအောက်က ချထားသော သစ်ခုတ်ဓားမကြီးကို လှမ်းဆွဲလိုက်၏။ ဇနီးသည် နှင်းဇာဖြူက သောက်ရေထည့်ထားသော ကြိုးကွင်းတပ် မြေအိုးကလေးကို ကမ်းပေးလိုက်ပြန်သည်။

ဖိုးအောင်ဇံ၏ လက်ဝဲပခုံးပေါ်မှာတော့ သစ်ခုတ်ဓားမကြီးကို လက်ဝဲလက်ဖြင့် ထိန်းကိုင်လို့။ လက်ယာဘက်လက်မှာတော့ မြေသောက်ရေအိုးကလေးက တွဲလောင်းဆွဲကာ သခင်ခေါ်ရာ ပါနေပေတော့သည်။

ဖိုးအောင်ဇံမှာ သည်လမ်းနှင့် သည်စခန်းကို သွားနေကျမို့ထင်သည်။ ခြေလှမ်းတွေက စည်းချက်သွက်လှသည်။ ဒူးခေါင်းနားထိ ပင့်တင်ဝတ်ထားသော ပုဆိုးမှာလည်း ခြေလှမ်းလိုက်တိုင်း တဖြန်းဖြန်းခါယမ်းကာ ခပ်ကြွမ်းကြွမ်း ပါနေပေတော့သည်။

ခနီးဖော်နီမချော့မှာ သူ့သခင်ထက်ပင် သွက်နေသလားမသိ။ ချက်ချင်း ဖိုးအောင်ဇံကို မီလာသည်။ မကြာပါချေကွင်းစပ်ဆုံးသွားပြီး တောင်ခြေတောစပ်သို့ ချဉ်းနင်းလာခဲ့ပေပြီပေါ့။



အရှေ့ဆီမှ နေဝန်းနီမှာ လောကကြီးတစ်ခုလုံးအား ဖြန့်အုပ်ထားပြီဖြစ်သော်လည်း ဖိုးအောင်ဇံတို့ လျှောက်လှမ်းနေသော တောအုပ်အတွင်း မြေပြင်သို့ရောက်အောင်ထိ နေရောင်ထိုးဖောက်နိုင်စွမ်းမရှိ။

ဖိုးအောင်ဇံနှင့် နီမချော့တို့ ခရီးလမ်းမှာ ချမ်းမြေ့ရိပ်မြုံတစ်ခုလို ဖြစ်နေ၏။ ကျေးငှက်ကလေးတွေက ဟိုပင်သည်ပင် ခုန်ပျံမြူးကာ တီတီတာတာ ကျည်ကျည်ကျာကျာဖြင့် အော်မြည်နေကြလျက်ပေပဲ။ ဖိုးအောင်ဇံနှင့် နီမချော့တို့အား နှုတ်ခွန်းဆက်သ ကြိုဆိုနေကြလေသယောင်။ မြန်မာ့မြေပေါ်မှ သဘာဝအလှတွေ။ နှလုံးစိတ်ဝမ်းချမ်းမြေ့စရာ ကောင်းလှပါဘိ။

တစ်နာရီလောက်ပဲ ကြာလိုက်လိမ့်မည်ထင်ပါသည်။ ဖိုးအောင်ဇံလှေထွင်းသောနေရာသို့ ရောက်ခဲ့ကြချေပြီ။ သောက်ရေအိုးကလေးကို သစ်ပင်တစ်ပင်ခြေရင်းမှာ အသေအချာ ချထားလိုက်၏။

ဖိုးအောင်ဇံသည် လှေကိုဘယ်နေရာများ အပိုအလိုရှိနေသေးသလဲလို့ ဟိုဘက်သည်ဘက် လှည့်ပတ်ကြည့်နေ၏။ ဤအပြုအမူက ဤလှေကို စထွင်းကတည်းက ဖိုးအောင်ဇံပြုမူနေကျ ဝတ္တရား။

"ဝုတ်. . . ဝုတ်. . . ဝုတ်. . . ဝုတ်"

နီမချော့မှာ ဖိုးအောင်ဇံရှေ့မှဆီးတားရင်း သံကုန်ညစ်ကာ ဟောင်လိုက်တော့၏။ ဖိုးအောင်ဇံမှာ လှေကိုကြည့်မကြည့်

နေသည်။

"ဝုတ်. . . ဝုတ်. . . . ဝုတ်. . . ဝုတ်"

နီမချေကား အဟောင်မရပ်။

"ဟာ. . . ဒီခွေးမလေး"

ဖိုးအောင်ဇံမှာ နီမချေအား သစ်ပိုင်းကလေးတစ်စဖြင့် လှမ်းပစ်ရင်း မာန်လိုက်၏။ တဆက်တည်းပင် လက်ယာဘက်သို့လှည့်ပြီး ချုံအောက်၌ သွင်းထားသောလှေတွင်းပေါက်တူးကို ဆွဲယူလိုက်သည်။

"ရှီး. . . ဂိုး. . . ဖုန်း"

ပေါက်တူးလက်သို့ မရောက်မီပင် မာကျောသောအရာဝတ္ထုတစ်ခုသည် မိမိခန္ဓာကိုယ်အား အရှိန်ခပ်ပြင်းပြင်းဖြင့် ရိုက်လိုက်သည်ကို ဖိုးအောင်ဇံခံစားလိုက်ရ၏။ ပခုံးပေါ်တွင် တင်ထားသောဓားမှာလည်း လက်မှခါထွက်ပြီး လှေတုံးတစ်ဖက်သို့ ကျသွားခဲ့ပေသည်။ ဖိုးအောင်ဇံ သတိထားလိုက်မိချိန်တော့ အဝါနှင့်အနက်ရောစပ်အကွက်ဖော်ထားသော မြွေကြီးတစ်ကောင်၏ ရင်ခွင်အတွင်းသို့ မိမိမှာကျရောက်နေခဲ့လေပြီ။ ဖိုးအောင်ဇံအငိုက်မိသွားရရှာလေပြီ။

ဖိုးအောင်ဇံမှာ ရုတ်ခြည်းပင် နလုံးခုန်နှုန်း မြင့်တက်သွားပြီး တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ခါသွားတော့သည်။ ဖိုးအောင်ဇံ၏ တဒင်္ဂအကြောက်တရားသည် ချက်ချင်းပင် အသိနှင့်သတိသို့ ကူးပြောင်းသွားပြီး တိုက်ခိုက်ရန်ပုံစံပြောင်းလိုက်တော့၏။ မိမိ၏ခွန်အားကို ညှစ်ထုတ်ကာ မြွေကြီး၏



လက်တွင်းမှ လွတ်ထွက်ရေးအတွက် ရုန်းကန်လိုက်သည်။ သေဘေးကြုံတော့ ရဲဂုဏ်ပြရမပေါ့လေ။

ဖိုးအောင်ဇံမှာ အရွယ်ကလည်းကောင်း၊ ခွန်အားဗလကလည်းပြည့်သူမို့ မြွေကြီးအားတွန်းဖယ်ပြီး ရုန်းထွက်လိုက်နိုင်သည်။ သို့သော် ဖိုးအောင်ဇံက အဝေးသို့မရောက်။

မြွေကြီးက အမြီးဖြင့်ကုတ်ဆွဲပြီး ရင်တွင်းသို့သွင်းလိုက်ပြန်သည်။ မြွေကြီးမှာ ရလာသည့်အခွင့်အရေးကို လက်လွှတ်ပေးလိုဟန် မတူ။ ဖိုးအောင်ဇံကို အနိုင်ရရှိရေးအတွက် အကြိတ်အနယ်ကြိုးစားလျက်ရှိသည်။

ဖိုးအောင်ဇံမှာကား ဓားလည်းလွတ်သွားခဲ့ပြီမို့ ကိုယ့်ချည်းဗလာဖြစ်နေသည်။ မြွေကြီးကိုလက်ဖြင့် တွန်းဖယ်ပြီး လက်သီးဖြင့်သာ အကြိမ်ကြိမ် ထိုးသတ်နေမိတော့သည်။ သို့သော်မြွေကြီးမှာ ဖိုးအောင်ဇံ၏လက်သီးကို သိပ်မှုပုံမပေါ်။

ဖိုးအောင်ဇံအား လိမ်ကျစ်ခြင်းအလုပ်ကို လုပ်မြဲလုပ်နေသည်။ ဖိုးအောင်ဇံ၏ လက်မောင်းအားဖြင့် တွန်းကန်နိုင်လွန်း၍သာ ဖိုးအောင်ဇံခန္ဓာအရိုးအမှုန့် ကြေမွမသွားခြင်းပင်။

ဖိုးအောင်ဇံ ကံကောင်းချင်သည်။ လက်သီးဆုပ်ခန့် ခဲတစ်လုံးကို လှမ်းကိုင်မိသွားသည်။ ဘာပြောကောင်းမလဲ။ ခွန်အားရှိသမျှ လှမ်းထုလိုက်သည်မှာ တဒုဒု။ မြွေကြီးနှင့် ဖိုးအောင်ဇံမှာကား သူတစ်ပြန်ကိုယ်တစ်ပြန် နပန်းလုံးလျက်။

သူတစ်ပြန် ကိုယ်တစ်ပြန်ဟုဆိုသော်လည်း ဖိုးအောင်ဇံဘက်အရေးနိမ့်မည့် အနေအထားမျိုးရှိနေသည်။ တစ်ချီတစ်

ချိန်တွင်-မြွေကြီး၏ရင်ခွင်ထဲမှာ အတော်ကြာအောင်ထိ မထွက်နိုင်။

လူမှာလည်း တစ်ကိုယ်လုံးနာကျင်ကာ နွမ်းရိနေခဲ့ပေပြီ။ ချွေးသီးချွေးပေါက်များ ယိုစီးကာအသက်ရှူမှ ဟောဟဲဆိုက်နေခဲ့ပေပြီ။ ခက်ပြီ။ သည်အတိုင်းဆိုလျှင် သစ်ခုတ်သမား ဖိုးအောင်ဇံမလွယ်။

နီမချောမှာကား သူ့သခင်နှင့် မြွေကြီးတို့၏ ယှဉ်ပြိုင်ပွဲတွင် သူ့သခင်ဘက်က မည်သို့ကူညီရမည်ကို စဉ်းစားမရ ဖြစ်နေဟန်တူသည်။ မြွေကြီးကို ဝင်ပြီးကိုက်ခဲဖို့ပုံလည်းမပေါ်။ မြွေကြီးအား စေ့စေ့ကြည့်ပြီး တဝေါင်းဝေါင်း လည့်ပဘ်ဟောင်နေတော့၏။

မြွေကြီးမှာ မျက်စိသေးသေးလေးဖြင့် နီမချောလှုပ်ရှားမှုကို လိုက်ကြည့်နေသည်။ လျှာကိုလည်း တစ်လစ်တစ်လစ် ထုတ်ပြနေ၏။ သူကလည်း နီမချောဝင်ခဲမှာ စိုးရိမ်နေသည့်ပုံ။

ဖိုးအောင်ဇံမှာ တိုက်ခိုက်မှုအား လျော့နည်းလာချေပြီ။ တောင်မြောက်လေးပါးကို လှမ်းကြည့်လိုက်၏။ တောအလုံး တောင်အလုံးသည် ရွက်သစ်တွေဝေချိန်မို့ စိမ်းညို့မှိုင်းမှောင်နေသည်။

လူဆို၍ လှုပ်လှုပ်ရှုရှု တစ်ယောက်မှမတွေ့။ ဝမ်းနည်းချင်သလိုလို ဖြစ်လာ၏။ တဝေါင်းဝေါင်းဟောင်နေသော နီမချောကို စိုက်ကြည့်လိုက်၏။ ဖိုးအောင်ဇံ စိတ်အနည်းငယ်



လျော့သည်နှင့် မြွေကြီးက ဖိအားပေးကျစ်၏။

ဖိုးအောင်ဇံကလည်း အလျှော့မပေး။ မြွေကြီးအား ဘယ်တောင်ဆစ်ဖြင့် ဆောင့်တွန်း၏။ ဒူးခေါင်းဖြင့် တိုက်၏။ ခေါင်းဖြင့် ဆောင့်ရိုက်၏။ ဖိုးအောင်ဇံက ခပ်ပြင်းပြင်းတိုက်လိုက်ချိန်တွင် မြွေကြီးမှာ နာကျင်လွန်း၍ထင့်။ ကျစ်အားလျော့သည့် အနေအထားမျိုးဖြစ်လာသည်။

ဖိုးအောင်ဇံရဲ့ ပတ်ဝန်းကျင်မှာတော့ နီမချောမှအပ အားကိုးရာ မရှိပြီ။ ဖိုးအောင်ဇံမှာ နီမချောအား ရိုဝေသော မျက်လုံးအစုံနှင့် လှမ်းကြည့်လိုက်ပြန်သည်။

"နီမချော . . မင်းငါ့ကို ဒီအတိုင်းကြည့်နေတော့မလားကွာ၊ ငါ့ကို ကူဦးလေ"

နီမချောမှာ ဖိုးအောင်ဇံစကားကို နားထောင်နေသည့်ပုံဘခဲ ငြိမ်သက်သွား၏။ ဖိုးအောင်ဇံစကားဆုံးသည်နှင့် မြွေကြီးအား အတင်းဝင်ခဲတော့သည်။ မြွေကြီး၏ အရေထူထူကြားမှ သွေးတွေရဲခနဲ ဖြာထွက်လာကြသည်။

နီမချောမှာ ပိုပြီး ရဲစိတ်ဝင်လာဟန်တူသည်။ မြွေကြီးအား ဆက်ကာဆက်ကာ ဝင်ခဲနေလေတော့သည်။ မြွေကြီး၏ အလယ်ပိုင်းနှင့် အမြီးပိုင်းတို့တွင် သွေးချင်းချင်းနီခဲ့လေပြီ။

တစ်ချီတစ်ချီတွင် မြွေကြီးက ဒေါသတကြီးဖြင့် လှမ်းရိုက်လိုက်ရာ နီမချောမှာ လွင့်စဉ်သည့်အချိန်တွင် လွင့်စဉ်ခဲ့သည်။ မြွေကြီးမှာ ရန်သူနှစ်ဦးကို တစ်ပြိုင်တည်း တိုက်ခိုက်နေကြရာ တိုက်ကွက်ပစ်မှတ်သည် သိပ်မမှန်တော့ချေ။ မြွေကြီး၏ အမြီး

မှာ ဖိုးအောင်ဖဲဘက် ရောက်ခါရောက်၊ နီမချေဘက် ရောက် ခါရောက်။ ဟိုဘက်ယမ်း၊ သည်ဘက်ယမ်း ဖြစ်နေပေတော့ သည်။

ဖိုးအောင်ဖဲမှာ နီမချေ၏ စစ်ကူကိုရလာရာ ပို၍အာ ပြည့်လာခဲ့ပေသည်။ စိတ်ဓာတ်အင်အား ပို၍ခိုင်မာလာခဲ့ပေ သည်။

တစ်ချီတွင် ဖိုးအောင်ဖဲသည် ရှိသမျှခွန်အားကို အသုံးပြု ပြီး မြွေကြီးအားဆောင့်တွန်းပြီး ခုန်ထွက်လိုက်ရာ လှေတုံး၏ တစ်ဖက်သို့ ရောက်သွားလေတော့သည်။

ဖိုးအောင်ဖဲမှာ မိမိလက်မှလွှင့်စဉ်ကျနေသော ဓားမကို ပြေးကောက်ပြီး မြွေကြီးအား ဆက်ကာဆက်ကာခုတ်လိုက် တော့သည်။

မြွေကြီးမှာ အထိနာလာမှ ဒေါသငိုပြင်းလာပုံပေါက် သည်။ ဖိုးအောင်ဖဲကို ပစ်မှတ်ထားကာ အမြီးဖြင့် ခပ်ကြမ်း ကြမ်းဝင်ဆွဲတော့သည်။ ဖိုးအောင်ဖဲ၏စိတ်သည်လည်း သ သဘက် စီးလာလေသလား မသိ။

ထွက်ပြေးဖို့ကိုတော့ စိတ်ကူးထဲတွင်ပင် မထည့်တော့ မြွေကြီးအား အနိုင်ရရေးအတွက်ကိုသာ အဓိကပစ်မှတ်ထာ ကာ တိုက်နေခဲ့လေပြီ။

သစ်ခုတ်သမား ဖိုးအောင်ဖဲ၏ စိတ်ဓာတ်ကြံ့ခိုင်မှု၊ ရှိမှု၊ အလံမလဲမှု စိတ်ဓာတ်တို့မှာ အံ့ဩလောက်ပေသည်။

နီမချေမှာ ဘာစိတ်ကူးပေါက်သွားသည် မသိ၊ ရွာဆီသ



တစ်ဟုန်ထိုး ပြေးသွားခဲ့လေတော့သည်။

× × × × ×

ဖိုးအောင်ဖဲ၏ဇနီး နှင်းဇာဖြူမှာ သခင်မပါဘဲ ထူးထူး ဆန်းဆန်းတစ်ကောင်တည်းရောက်လာသော နီမချေကို လုံးဝ းမလည်။ ယခင်ကသို့ လာသည်ဟူ၍ မရှိခဲ့။

အမြီးကလေး ကော့ထောင်ပြီး သူ့သခင်ရှေ့က သွား သည့်အခါသွား၊ နောက်ကလိုက်သည့်အခါ လိုက်လာတတ်ချေ သည်ပ။ လာရာလမ်းတစ်လျှောက်မှာ မြေတွင်းလေးတွေ တွေ့ တော့လည်း နှာဖျားလေးကို တွင်းဝနားကပ်ပြီး အနံ့ခံလိုက် သေးသတဲ့။

"ဝုတ်. . . ဝုတ်. . . ဝုတ်. . ဝုတ်"

ဟောင်ခြင်းက ခွေးတိရစ္ဆာန်တွေ၏ ဘာသာစကားပေါ့။ မချေသည် နှင်းဇာဖြူကို ကြည့်ပြီး ခပ်ဆူဆူဟောင်နေချေပြီ။

ဟောင်ပြီးတာနဲ့ လာလမ်းအတိုင်း ပြေးထွက်သွားသည်။ တစ်ခါ ပြန်လာပြန်၏။ နှင်းဇာဖြူအား စေ့စေ့ကြည့်ပြီး ဟောင် က်ပြန်ချေပြီ။ ဟောင်ပြီးလျှင် တောလမ်းအတိုင်း ပြန်ပြေး က်သွားပြန်သည်။

တစ်ခါနောက်သို့ ပြန်ကြည့်ပြီး နှင်းဇာဖြူဆီသို့ပြန်ပြေး ာပြန်ချေပြီ။ သူ့သခင်၏ ရှေ့တန်းစစ်မျက်နှာ ဖြစ်ရပ်တွေ သတင်းပို့နေချေပြီ။

နီမချေမှာ သောကလွန်စွာများနေခဲ့ပြီလေ၊ နီမချေ

လှုပ်ရှားမှုသောကဝယ်ကလိုင်းသည် နှင်းဇာဖြူဆီသို့ ကူးစ ခဲ့ပြန်ပေါ့။

"ဟင်"

နှင်းဇာဖြူ၏ သွေးကြောမျှင်များ အပြိုလိုက် တောင် သွားကြလေပြီ။ နီမချေ၏ အမွေးနုနုတွေမှာ ပေစွန်းနေသော အရာကို နှင်းဇာဖြူမြင်လိုက်ရချေပြီ။ နီရဲစွန်းသင်နေတာ သွေးတွေ သွေးတွေရယ်လေ။

"ဘုရား . . . ဘုရား . . . ဘုရား၊ ဖိုးအောင်ဇံတော့ ဒု တစ်ခုခုနဲ့တွေ့နေပြီပေါ့"

နှင်းဇာဖြူ၏အသံသည် ရင်ဝ၌လာဆောင့်၏။ နှင်း ဖြူနေ၍ မရတော့။ ရပ်တည်ခြင်းမှာ မစွမ်းတော့၊ အိမ်ပေါ် မှ ပြေးဆင်းလိုက်သည်။ လမ်းမှာတွေ့သည့် လူတွေရော၊ လူကြီးတွေကိုပါ အခြေအနေကို ပြောဖြစ်ခဲ့သည်လေ။

လူတွေ စုရုံးရောက်လာကြပါပြီ။ နီမချေမှာ လူတွေ ကိုကြည့်လိုက် ဟောင်လိုက်၊ ပြန်ပြေးလိုက်နဲ့ အတော့်ကို အလုပ်ရှုပ်နေပေသည်။ ပင်ပန်းလွန်း၍ပဲထင်သည်၊ လျှာကြ လည်း တန်းလန်းထွက်လို့။

"အဲဒီဟာ ထူးခြားတဲ့အခြေအနေပဲ၊ တောင်ကိုမြန်မြ သွားမှဖြစ်မယ်"

"ဟုတ်ပါတယ် ဦးရွှေသီးရယ်၊ မြန်မြန်သွားကြမယ်နော် နီမချေ ကိုယ်မှာလည်း သွေးတွေနဲ့၊ ကိုရင့်အဖေတော့ တစ် ခုဖြစ်နေပြီ ထင်တယ်"



ကျေးရွာလူကြီး ဦးရွှေသီး၏စကားကို နှင်းဇာဖြူက ပ်ဆင့်တောင်းဆိုလိုက်သည်။

"ကဲ . . ကဲ သွားကြစို့၊ သွားကြစို့"

လူအုပ်မှာ နီမချေနောက်က လိုက်သွားမှသာ နီမချေမှာ ရှေ့က တန်းတန်းပြေးသွားတော့သည်။ နှင်းဇာဖြူမှာ ဘဝ ကြင်ဖော် ကိုဖိုးအောင်ဇံတစ်ယောက် ဘေးမသီရန်မခပါစေ င့်ဟုသာ ခွန်အားမဲ့စွာဆုတောင်းရင်း လိုက်ပါနေမိပေသည်။

လင်နှင့်မယား ပေါင်းဖက်လာကြကတည်းက သည်ကွမ်း ချောင်းတောင်ကြီးကိုမှီပြီး သစ်ခုတ်ကျေးခဲ့တဲ့ ကိုဖိုးအောင်ဇံ၊ န်းမာလိုက်သည်မှာလည်း ပြောစရာမရှိ။

ဖျားသည်၊ နာသည်ဟူ၍ပင် တစ်ခါမှပင် မရှိဖူး။ ကြွက် သားကြီးများ မြောင်းထကာ တကယ့်လူ ညီထွားကြီး။ သည် ခွန်အားတွေနဲ့ နှင်းဇာဖြူကို မကြောင့်မကြ မတောင့်မတ အောင် လုပ်ကျွေးလာခဲ့တာပေါ့။

ကွမ်းချောင်းတောကြီးမှာ သစ်တော၊ သစ်အုပ် စိမ်းမှိုင်း းသမျှ ကိုဖိုးအောင်ဇံတို့အတွက်တော့ စပါးကျီပါပဲ။ ရန်ကုန် တဝါလိုက်နေတဲ့ သားကိုရင်လေးကိုလည်း သည်ကွမ်း ချောင်းတောင်ကြီးက ပံ့ပိုးခဲ့တာပါ။

နောက် ၂-နှစ်ဆိုရင် ကိုဖိုးအောင်ဇံတို့ နှင်းဇာဖြူတို့ ှင်းအဖေ၊ ပဉ္စင်းအမေတွေ ဖြစ်ကုန်ကြတော့မယ်လေ။ င်းဇာဖြူတို့၏ ရပ်တည်မှု အကြောင်းတရားလေးသည် င်းဇာဖြူ၏ အတွေးအိမ်ထဲသို့ ဝင်လိုက်သေးသည်။

နီမချောက ရှေ့ကပြေးနေသလို နှင်းဇာဖြူတို့မှာလည်
မပြေးရှုံတစ်မည်။ တောတန်းတစ်ခုကိုကျော်၍ တောင်
တစ်ခုသို့ ဝင်မိကြချေပြီ။ နှင်းဇာဖြူ၏ သမုဒယနွယ်သေ
သောကဒီရေများ စက္ကန့်နှင့်အမျှ မြင့်တက်တွန်းကန်နေသည်

ဟော. . တွေ့ပါပြီ၊ တွေ့လိုက်ရပါပြီ။ ကိုဖိုးအောင်
ပြောပြောနေတဲ့ အလျား-၆လံ၊ အနံ-၆ပေါ ၁-ဖလာ ပိုက်
ကို အထင်းသားမြင်လိုက်ကြရသည်။ (၆ပေါ၊ ၁-ဖလာ.
ဖဝါးအလျား ၆ မြန်နှင့် ခြေဖဝါး အနံ ၁မြန်)

သို့သော် ဖိုးအောင်ဇံကိုကား မတွေ့။ နှင်းဇာဖြူအ
တော့ ရှေ့ရင်မီးတောက်နေပါပြီ။ ပတ်ဝန်းကျင်မှာတော့ ငှ
ကလေးတွေ တကျီကျီအော်မြည် ပျံသန်းနေကြသည်မှအ
တိတ်ဆိတ်နေ၏။ နီမချောမှာ လူတွေကို တစ်ချက်ကြည့်လို
ပြီး တဝုတ်ဝုတ်ဟောင်ကာ ချုံကွယ်တစ်ခုသို့ ပြေးဝင်သွားလို
၏။ ရွာသားများ၏အမြင်အာရုံများသည် နီမချော်နောက်
စူးရောက်သွားကြ၏။

"ဟင်. . . ဟိုမှာ၊ ဟိုမှာ"

တွေ့လိုက်ကြရပါပြီ။ သွေးသံရဲရဲဖြင့်လဲနေသော ကို
အောင်ဇံ။ သုံးလံခန့်အကွာမှာတော့ ကိုဖိုးအောင်ဇံနဲ့ သူတ
မြန်ကိုယ်တစ်မြန် အလဲထိုးသတ်ခဲ့ကြသော စပါးကြီးမြွေ။ တ
ခုတ်ရာ ဓရပွန်နဲ့ စန့်စန့်ကြီးလဲသေနေပြီ။

"ကိုရင့်အဖေတော့ ကိုယ်ကျိုးနည်းပြီထင်ပါရဲ့၊ ဟီး. . ဟ
ဟီး. . . ဟီး"



နှင်းဇာဖြူ မျက်ရည်ဝေဝေဝါးဝါးကြားမှ ငယ်ချစ်လင်
းအောင်ဇံကို လှမ်းကြည့်လိုက်၏။ ပါလာသည့် တဘက်
လေးနဲ့ ဖိုးအောင်ဇံရဲ့ ကိုယ်ပေါ်မှသွေးများကို သုတ်နေမိ
ည်။ လူတွေအားလုံး ဖိုးအောင်ဇံနှင့်မြွေကြီးအနားသို့ တိုး
ပ်လာကြသည်။ နီမချောမှာ မောပန်းသွားလေပြီထင့်။ လျှာ
ီးတန်လန်းကြီးထုတ်ကာ ဆောင့်ကြောင့်ကြီး ထိုင်နေ၏။ သူ့
ခင်ကိုတော့ ကြေကွဲမျက်ဝန်းဖြင့် ကြည့်နေပေသည်။

"ဒီစပါးကြီးမြွေက ဖိုးအောင်ဇံရဲ့ ဓားချက်ကြောင့် သေ
ွားတာပဲ ဖြစ်ရမယ်"

ရွာလူကြီးဦးရွှေသီးက မှတ်ချက်ချလိုက်သည်။ မြွေကြီး
တစ်ကိုယ်လုံးမှာတော့ ဓားဒဏ်ရာတွေအပြည့်။ ကိုဖိုး
အာင်ဇံရဲ့ ဖွံ့ထွားသည့် ကိုယ်လုံးကြီးမှာတော့ အသားနီလန်
 ရောင်ရမ်းနေသည့်ဒဏ်ရာကို နေရာအနှံ့ တွေ့နေရသည်။
ွေးပေါက်ဒဏ်ရာဟူ၍ သိပ်ကြီးကြီးကျယ်ကျယ်ကမရှိ။ သို့သော်
းအောင်ဇံကား ငုတ်ပျောတုံးနှင့် ဘာမျှမခြား။

"ဟဲ့. . ဟဲ့၊ ဖိုးအောင်ဇံ အသက်မျှင်မျှင် ရှိသေးတယ်"

ဦးရွှေသီး၏စကားသည် နှင်းဇာဖြူအတွက် အိပ်မက်
ဖြစ်ပါစေနှင့်။

ရွာသားများဟာ ဖိုးအောင်ဇံကို ရွာသို့သယ်နိုင်ရေး
တွက် ပုခက်ကြီးတန်းလုပ်ရန် သစ်ပင်ခုတ်သူခုတ်၊ ပုဆိုးကို
က်လုပ်ပြီး နွယ်ကြိုးချည်သူချည်ပြီး ဖိုးအောင်ဇံကို အသာ
ယာပဲပွေ့ချီကာ သယ်ယူလုပ်ငန်းကို ဆောင်ရွက်ကြရတော့

သည်။ တစ်ဦးအရေးကိုတစ်ဦး ဖေးမကူညီတတ်တဲ့ မြန်မာ့
ဘောင်၏ ကောင်းမြတ်သော မိရိုးဖလာ ပင်ကိုယ်စိတ်ဓာ
တွေလေ။ လွမ်းလောက်သော ရသလေးတွေပင်။

နှင်းဇာပြုကတော့ တရှုပ်ရှုပ်ငိုနေဆဲ။

၂၀၀၂-ခုနှစ်၊ စက်တင်ဘာလ၊ မြဝတီမဂ္ဂဇင်း



## မုန်တိုင်းပြို ပြိုမည်တဲ့လား မြမြင်းမိုရ်

ယခုနှစ် ရန်ကုန်မိုးသည် ဒါတိုင်းနှစ်များထက် မိုးကောင်း
သလိုလိုရှိသည်။ မိုးဦးမုတ်သုန်လေ ဝင်ပြီဆိုကတည်းက
နေ့မခြား ညမခြားရွာနေခဲ့သည်

ရခိုင်ကမ်းရိုးတန်း အလယ်ပိုင်းကို မုန်တိုင်းဝင်ရောက်
မွှေနှောက်သွားသည်။ မြေပုံမြို့နယ်တွင် အများဆုံးပျက်စီး
သည်။ လူများ သေကြမှု၊ ကျွဲ၊ နွားတိရစ္ဆာန်များ အဆုံးအရှုံး
လယ်ယာမြေများပျက်စီးမှု၊ လူနေအိမ်ခြေ စီးပွားရေးအဆောက်
အဦများ ယိုယွင်းနစ်နာမှုသတင်းတို့မှာ နလုံးတုန်ဖွယ်၊ ရင်တုန်
ဖွယ် ကြားလာရသည်။ ကျွန်တော် ဘယ်လိုမှမကြားချင်သော
သတင်းစကားများပင် ဖြစ်သည်။



မတည်ငြိမ်သော စိတ်အစဉ်သည် ကျွန်တော့်အား စာ
ဆက်ရေးရန် မည်သို့မျှ အခွင့်အရေးမပေးတော့။ အမြင်အာရုံ
များ ပြတင်းပေါက်ကိုကျော်ပြီး အိမ်နောက်ဘက်ရှိ စိမ်းဖန့်နေ
သော ကွင်းပြင်ကြီးဆီသို့ ရောက်ရှိနေသည်။ မိုးကတော့ ရွာ
မြဲရွာနေသည်။

ကျွန်တော့်အာရုံထဲတွင် မည်သည့်အခါမှ ဝေးဝါးသွား
လိမ့်မည် မဟုတ်သော အတိတ်ပုံရိပ်လွှာ ဘဝဇာတ်ဝင်ခန်း
များက အစီအရီ နေရာယူလာကြသည်။

မိုးကြီးသည်းထန်စွာ ရွာသွန်းနေသောနေ့တွင် အမေ
ဆုံးခဲ့သည်။ ကျွန်တော်မှာ မိုးနှင့်အပြိုင် မျက်ရည်ဖြိုင်ခဲ့ရ
သည်။ အမေလျှောက်လှမ်းရာ ဘဝခရီးလမ်းသည် မချောမွေ့
ခဲ့။ အမေ လောကကို ကျောခိုင်းအံ့ဆဲဆဲကာလထိတိုင်
အမေ့ဘဝ ကြမ်းတမ်းနေခဲ့သည်။

အမေ မကွယ်လွန်မီကာလအခိုက်အတန့် ခုလို မိုးဦး
မုန်တိုင်းထဲတွင် အမေတွေ့ကြုံခံစားရသည့် အဖြစ်အပျက်ကို
ပြန်လည်တွေးမိတိုင်း ရင်မှာဆို့နင့်စွာ ခံစားနေရဆဲ အလွမ်း
မောတွေဝေဝဲနေဆဲ။

မြန်မာနိုင်ငံ မုန်တိုင်းသမိုင်းတွင် ၁၉၆၇-ခုနှစ်သည်
ရခိုင်ကမ်းရိုးတန်းအလယ်ပိုင်းကို ရိုက်ချိုးချေဖျက်ပြီး ကျောက်
ဖြူမုန်တိုင်း တိုက်ခတ်သောနှစ်ဖြစ်သည်။

မုန်တိုင်းမတိုက်မီကာလတွင် အဖေနှင့်အမေ စီးပွားရေး
ချွတ်ခြုံကျပြီး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်။ လက်ရှိနေထိုင်သော

သရက်တောင်ရွာမှ မြစ်ကြောအတိုင်း စုန်ဆင်းပြီး နောင်တော် ပင်လယ်ကမ်းခြေရှိ ပေသုန်ရွာကလေးသို့ ရောက်လာခဲ့သည်။ ပေသုန်ရွာသည် အဖေ့ရွာဟုဆိုသော်လည်း အခြေအနေ မဲ့သော ဗိသားစုဘဝကို ဇာမေသည့်ရွာထဲတွင် ထားလို့ပုံမရ၊ ရွာနှင့်သုံးမိုင်ခန့်ဝေးသည့် ရွာဟောင်းမြေပြင်တွင် တဲတစ်လုံးထိုး ပြီးနေထိုင်ခဲ့ကြသည်။ တဲတစ်လုံးဆို တစ်လုံးတည်းပင်။ နောက် ထပ် မည်သည့်တဲမျှမရှိ။ ခေါင်စိစိ။

အဖေ၏ ရည်မှန်းချက်က ကြက်၊ ငှက် တစ်နိုင်မွေးမြူ ရန် ဖြစ်သည်။ အမေ့ဘဝတစ်လျှောက်လုံးတွင် အဖေစီမံသည့် အတိုင်းသာ နာခံခဲ့သည်။ အပြောင်းအလဲတစ်ခုလုပ်တိုင်း ငြင်းဆန်သည်ဟူ၍ မရှိခဲ့။ အမေ့မှာ အဖေ၏စီးပွားရေးလုပ် ငန်းတွင် ဝင်ကူဖို့ထက် သားသမီးများမွေးခြင်း၊ မြူစုခြင်းဖြင့် သာ လုံးလည်လိုက်နေခဲ့သည်။

အဖေ မိသားစုကို ဤသို့ ရပ်ပြောင်း၊ ရွာပြောင်းလုပ်နေ ချိန်တွင် ကျွန်တော်မှာ ပညာရေးတစ်ပိုင်းပြတ်ဘဝဖြင့် အခြား တစ်နေရာသို့ ရောက်နေခဲ့သည်။ အဖေ၊ အမေနဲ့အတူ အပျို ဖျန်းအရွယ် ကျွန်တော်ညီမလေးနှင့် ညီလေး လေးယောက်ရှိနေ ကြသည်။ ကျွန်တော့်ညီလေး အကြီးကောင်ကိုတော့ ပေသုန် ရောက်သည်နှင့် ဘုန်းတော်ကြီးကျောင်းတွင် ကျောင်းအိပ် ကျောင်းစား အပ်နှံထားလိုက်သည်။ ညီလေးအငယ်နှစ်ယောက် ကမူ မူလတန်းဆင့် ကျောင်းနေရွယ်ပင် ဖြစ်သော်လည်း ကျောင်းမထားနိုင်သည့် အခြေအနေပင် ဖြစ်သည်။



အမေ့မှာ မိသားစု တစ်ထွေးတစ်ပုံကို ဟောထဲတွင်ထား ပြီး ရွာထဲသို့သွားကာ ကျပန်းလုပ်ကိုင်သည်။ မိသားစု ခြောက် ယောက်၏တာဝန်က အမေ့ခေါင်းပေါ်တွင် အတော့်ကို လေး လေးပင်ပင် ဖိစီးနေခဲ့သည်။

အဖေ ပေသုန်သို့သွားရာတွင် ဒီရေပြည့်ချိန်တွင် သွား လာ၍ မရပေ။ တောင်ခြေလမ်းတစ်လျှောက်ကို ဒီရေများ ပြည့် လျှံနေရုံမက တောင်ခြေထိလှိုင်းလုံးများ ရိုက်ခတ်နေတတ် သည်။

ရေစစ်ချိန်များတွင်သာ ကျောက်လုံးများကို လျှောက် နင်းကာ သွားရသည်။ အမေကတော့ ဝက်ငါးကောင်နှင့် ကြက် ကောင်ရေငါးဆယ်ခန့်ကို အစာကျွေးရသည်။ ကျွန်အချိန်များ တွင် အိမ်မှုကိစ္စများနှင့် လုံးထွေးနေတတ်သည်။ အားအား ရှိလျှင် ကမ်းစပ်သို့ဆင်းပြီး ရေမျောကမ်းတင် ထင်းများကို သားသမီးများနှင့် ပြောင်းရွှေ့နေတတ်သည်။

"သမီး ဒီထင်းတုံးသယ်နော်၊ လာ. . . လာ အမေ ပင့်ပေးမယ်"

အမေသည် ထင်းတုံးကို ညီမလေးခေါင်းပေါ်သို့ တင် ပေးလိုက်သည်။

"ဟုတ်ပြီ. . . ဟုတ်ပြီ၊ ရပြီ သွားတော့. . . သွားတော့"

"သားလေးက ဒီကောက်ကောက်လေး သယ်နော်"

"ရပါတယ်အမေရဲ့၊ သားကိုထင်းတုံးကြီး တင်ပေးစမ်း ပါ"

"မြော်. . . သားလေးက ငယ်သေးတယ်လေ၊ ထင်းတုံးကြီး ဘယ်သယ်နိုင်ပါ့မလဲ၊ အမေသယ်မှာပေါ့ သားလေးရယ်"

"မေမေချည်း ထင်းတုံးကြီးသယ်နေရတော့ သားက မေမေ့ကို သနားတာပေါ့"

"မြော်. . . သားလေးရယ်၊ လိမ္မာလိုက်တာကွယ်၊ ဒါကြောင့် ဟောဒီက သားလေးကိုမေမေက ချစ်ရတာ ကဲ. . . ကဲ သားလေး ဒါလေးပဲ သယ်နော်၊ လိမ္မာပါတယ်"

သားအမိတစ်တွေမှာ တစ်နိုင်တစ်မသယ်ကာ ရယ်ရယ်မောမော လုပ်ကိုင်ကြသည်။ ပစ္စက္ခ အမေ့ဘဝမှာ ရှားပါးလွန်းသည့် ပျော်ရွှင်မှုများကို ဖန်တီးရယူနေတတ်သည်။ အမေ့မှာ စိတ်အနွမ်းကိုကာ အလုပ်ဖြင့်လွှမ်းပြီး ဘဝကိုနေတတ်အောင် ကြိုးစားခဲ့သည်။

"ဖုန်း"

"ဖုန်း"

"ဗိုင်း"

"ဗိုင်း"

သားအမိများမှာ ထင်းတုံးထင်းစည်းများကို တဲရှေ့တောသရက်ပင် ကြီး ခြေရင်းတွင် ပစ်ချလိုက်ကြသည်။

"အောင်မလေး သားအမိတွေ အလုပ်ကောင်းနေလိုက်ကြတာ တယ်ဟုတ်နေကြပါလား"

အမေမှာ ရွာမှ ပြန်ရောက်လာပြီး သားသမီးများ အလုပ်လုပ်နေကြသည်ကို ကြည့်ကာ ရယ်ရယ်မောမော ပြောလိုက်



သည်။

"ခုလို နားနားနေနေ ထင်းတွေ သွားကောက်ထားလိုက်တော့လည်း ကိုထွန်းစိန်ထင်းရှာရ သက်သာသွားတာပဲ မဟုတ်လား"

"ဟုတ်ပါ့ဗျာ ဟုတ်ပါ့"

"ကိုထွန်းစိန် ခုလိုရွာကို နေ့တိုင်းတက်ပြီး အလုပ်လုပ်နေရတာ ပင်ပန်းလှပါတယ်။ အဲဒါ ကျွန်မပါ လိုက်လုပ်ပေးချင်တယ်လေ"

အဖေသည် ဦးခေါင်းကိုမော့ပြီး လေပူတစ်ဆုပ်ကိုမှုတ်ထုတ်လိုက်သည်။

"နှစ်ယောက်လုပ်တော့ နှစ်အားပေါ့ရှင်"

"ပိုက်ဆိပ်တွေမှာ ငါးပုံးရွှေ့ရင်တော့ ရတယ်လေ။ ပြောတော့သာ ပြောရတာပါဟာ။ ငါးပုံးရွှေ့တဲ့အလုပ်က သိပ်ပင်ပန်းတာ။ ညှီနံ့တွေကလည်း နံစော်နေတာပဲ"

"ရပါတယ် ကိုထွန်းစိန်ရယ် သူများတွေလုပ်နိုင်ရင် ကျွန်မလည်း လုပ်နိုင်ပါတယ်။ ဒီဘဝ ရောက်နေမှတော့ ဘာရယ်ညာရယ် လုပ်နေလို့ ဖြစ်ပါ့မလားရှင်"

"ဒါဆိုလည်း ပြီးတာပဲဟာ။ ငါ ဒီညနေ အတက် ကျွန်းစဉ်ဘက် လှေထိုးလိုက်ဖို့ ပြောထားခဲ့တယ်။ အဲဒါ နှစ်ည အိပ်လောက်ကြာမယ်။ ငါးပုံးသွားရွှေ့ရင်လည်း သိပ်မိုးချုပ်အောင် မနေနဲ့နော်။ ကလေးတွေချည်းဆိုတော့ ကြောက်နေလိမ့်မယ်"

"စိတ်ချပါ ကျွန်မ နားလည်ပါတယ်"

အမေနဲ့အမေတို့၏ ဖြစ်တည်မှု အကြောင်းတရားလေးများမှာ ဘဝအားမာန်သတ္တိများကို ပိုမိုမြင့်မားလာစေခဲ့သည်ဟု ဆိုရမည် ဖြစ်ပေသည်။

× × × × ×

ကောင်းကင်ပြင်ကြီးတစ်ခုလုံးသည် မိုးဦးကာလပီပီ မျက်နှာမည်းကြီး ဆင်ထား၏။ မိုးက သွန်းဖြိုးနေ၍ ရွာချနေသည်။ လေကတော့ ပင်လယ်ပြင်ဘက်က ခပ်ကြမ်းကြမ်းတိုက်ခတ်နေပေ၏။ အမေ ကဲ့ရှေ့သို့ထွက်ပြီး ကောင်းကင်ပြင်ကို တစ်ချက်မော့ကြည့်လိုက်သည်။ တော်ကြာ ငြိမ်သွားမှာပါပဲ ဆိုသော အသိသည် အမေ၏နှလုံးသား၌ ခိုတွယ်နေရာယူလိုက်သည်။

"သမီးရေ အမေငါးပုံသွားရွေးမယ်နော်၊ ကလေးတွေကို ဟိုဟိုသည်သည် လျှောက်မသွားစေနဲ့ ကောင်းကောင်းကြည့်ထားနော်"

"ဟုတ်ကဲ့ အမေ"

အမေသည် တောင်ခြေလမ်းအတိုင်း လျှောက်လာခဲ့သည်။ ကမ်းစပ်မှ ကျောက်တုံးကျောက်ခဲများက ပြည့်ကျပ်နေပေရာ ကျောက်တုံးများကို ခက်ခက်ခဲခဲ ကျော်နင်းပြီး သွားရသည်။ လမ်းတစ်ဝက်အရောက်တွင် လေရောမိုးပါ ကြမ်းလာခဲ့သည်။

အမေသည် ကဲပြန်ရကောင်းမလားဟု တစ်ချက်စဉ်းစား



လိုက်သည်။ အလုပ်သွားလုပ်ရင် ရမှာပဲဆိုသော မိသားစုဝင်ငွေအတွက် ရယူလိုမှုလောဘတရားက စေဆော်လိုက်ပြန်ရာ ခြေလှမ်းများက ရှေ့သို့လှမ်းမြဲ လှမ်းဖြစ်နေသည်။

မိုးသံလေသံနှင့် ကမ်းစပ်သို့ လှိုင်းရိုက်သံများ ပိုမို ပြည်ဟီးလာခဲ့သည်။ အမေ ရွာသို့အဝင်တွင်ကား လေကြီးမြင်းစွာတိုက်ခတ်လာနေသလို မိုးကလည်း သဲကုန်မာစ်ပြီး ရွာသွန်းခဲ့လေပြီ။ ပင်လယ်ဒီရေများကလည်း ဒလဟောပြေးတက်လာကြရာ ရွာအဝင်လမ်းကို ဖိနင်းထားကြပေပြီ။ ပင်လယ်လှိုင်းလုံးကြီးများကမူ ကမ်းခြေအုန်းပင်တန်းများကို မညှာမတာ ဒိုင်းရိုက်နေချေပြီ။

ပေသုန်တစ်ရွာလုံးသည် အုတ်အော်သောင်းနင်း ဖြစ်ကုန်ကြလေပြီ။ အချို့မှာ သေတ္တာကိုသယ်ပြီး ဘုန်းတော်ကြီးကျောင်းသို့ ဝင်ပြေးကြသည်။ အချို့မှာ သက်ကြီးရွယ်အိုများနှင့်ကလေးများကို ခပ်ခိုင်ခိုင်အိမ်များသို့ ပို့ကြသည်။

"ဒါ မုန်တိုင်းတိုက်နေတာပဲ၊ ဒုက္ခပဲ ကျွန်မကလေးတွေ ဘယ်လိုများနေကြမလဲနော်"

အမေ့မှာ တစ်ကိုယ်လုံးရွှဲရွှဲစိုကာ ကြက်သူငယ် ရေထဲကျသည့်နှယ် ဖြစ်နေချေပြီ။ မုန်တိုင်းထဲတွင် စိုးရိမ်ကြောက်ရွံ့နေကြမည့် သားသမီးများ၏ မျက်နှာကလေးများသည် အမေ့စိတ်ရင်ပြင်တွင် ပြည့်သိပ်နေရာယူနေကြသည်။

"ငါ့ သားသမီးတွေဆီ အမြန်ပြေးမှပဲ"

သို့သော် အမေလာရာလမ်းတစ်လျှောက် ပင်လယ်ရေ

ပြင်ကြီး ဖြစ်နေချေပြီ။

"တောင်ခြေက သွားလို့တော့ မဖြစ်တော့ဘူး။ တောင်ကျောကို လှန်တက်ပြီး ကျော်ဆင်းမှဖြစ်မယ်"

အမေသည် ထမီကို ခပ်တိုတိုပြင်ဝတ်ပြီး ရွာ အနောက်ဘက် ပြင်းချောင်းကွင်းဘက်သို့ ပြေးထွက်လိုက်သည်။ ရှေ့တွင် လောင်ထားချိုင်ချောင်းရေက ခပ်ပြင်းပြင်းစီးဆင်းနေပေ၏။

"ဒီလောက်ရေကျတာ ကူးလို့ရပါ့မလား"

တောင်ကျရေကိုကြည့်ပြီး အားငယ်စိတ်က မချင့်မရဲ ဝင်ရောက်လာသည်။

"အထက်ဘက်တက်ပြီး ကူးရင်တော့ ရနိုင်တယ်။ အရပ်မီနိုင်တယ်။ ခုလိုအချိန်မျိုးမှာ တွေဝေနေလို့ရမလား ငါ့ သားသမီးအရေးထက်ကြီးတာ ဘာရှိသေးလဲ"

သားသမီးအတွက် ဖြစ်တည်နေသော သောကတရားသည် အမေ့ရင်ထဲ၌ ထွေးလုံးရစ်ပတ်နေ၏။

အမေသည် ချောင်းများပိုင်းသို့ ကြိုးစားတက်လိုက်သည်။

"ဝှီး ဝှီး ဝှီး ဝှီး"

"ဝုန်း ဝုန်း ဝုန်း အုန်း"

လေသံမိုးသံတို့သည် သောသောညံနေပေသည်။ သစ်ကိုင်းများနှင့် သစ်ရွက်လေးများမှာ လေထဲတွင် အဆုပ်လိုက် အပြုံလိုက် လွင့်ပျံဝေ့ဝဲနေကြသည်။ အမေသည် ချောင်းဖျားပိုင်းက ဖြတ်ကူးလိုက်သည်။

"အလို ဘုရား ဘုရား ဘုရား"



ချောင်းလယ်သို့အရောက်တွင် ရေစီးအားကြောင့် ယိုင်သွားရာ အသင့်ပါလာသော တုတ်ဖြင့် ထောက်ကန်ထားလိုက်ရသည်။ အမေမှာ ကြိုးစားပြီး ဖြတ်ကူးနေသည်။ တစ်ဖက်ကမ်းတောင်ခြေသို့ ခက်ခက်ခဲခဲ ရောက်သွားသည်။

"ငါ့သား ငါ့သမီးတွေ ဘယ်လိုဖြစ်နေကြပြီလဲ မသိဘူး"

စိုးရိမ်စိတ်က ရင်ထဲတွင် အလုအယက်နေရာယူနေသည်။ သစ်ပင်များကို ဆွဲပြီး တောင်ကျောသို့ တွယ်ချိတ်တက်လိုက်သည်။

"တောင်က မတ်စောက်လိုက်တာ ဒုက္ခပဲ"

ကြိုးစားပြီး တက်လိုက်ရာ အမေ တောင်ထိပ်ပိုင်းသို့ ရောက်သွားသည်။ မိုးရောလေရော ဝိုပြီး ကြမ်းနေသည်။ ဝေါဝေါ အသံကြီးများထွက်ကာ လောကကြီး အားမာန်ဗီနေသည်။ ပင်လယ်လှိုင်းလုံးကြီးများ တောင်ခြေသို့ ဆောင့်ရိုက်သံမှာလည်း ကမ္ဘာပျက်ခမန်း ကြားနေရသည်။ သစ်ကိုင်းများ တဖုန်းဖုန်း ကျိုးဆင်းနေကြ၏။ အခြေမခိုင်သော ပင်ငယ်ပင်ကြီးများလည်း တဝိုင်းဝိုင်း ပြိုလဲဆင်းနေကြသည်။

အမေမှာ ချမ်းလွန်း၍ တဒိုက်ဒိုက် တုန်နေပေပြီ။ ခြေလက်များ ဖြူဖပ်ဖြူရော်ဖြစ်ကာ သွေးဆုတ်သလို ဖြစ်နေသည်။ ခြေထောက်တို့မှာ ဘယ်အရာနှင့် ထိခိုက်မိမှန်းမသိ။ ပွန်းစွာနာကျင်နေ၏။

"သမီးရေ. . . သားတို့ရေ အမေလာနေပြီဟေ့. . . အမေ လာနေပြီ"

အမေ၏ ဆန္ဒစောတရားများသည် နှုတ်မြော်စကားများ အဖြစ် နှုတ်မှ ထွက်ဖြစ်အောင် ထွက်သွားသည်။ သစ်ပင် သစ်ကိုင်းတို့၏ ကျိုးကြေမှုကြားမှ အမေ တောင်ခြေသို့ ကြိုး စားပြီး ဆင်းလိုက်သည်။

"ဂလွမ် လွမ်း လွမ်း ဒိုင်း"

"အောင်မလေး"

သစ်ကိုင်းကြီးတစ်ကိုင်း ကျိုးဆင်းလာရာ အမေမှာ သစ်ပင်ကြီးတစ်ပင်၏ ခြေရင်းသို့ပြေးကပ်လိုက်ရသည်။ လျှ ပေလို့သာ။ မဟုတ်လျှင် ပွဲချင်းပြီး ဇာတ်သိမ်းသွားနိုင်သည် တောင်ခြေသို့ရောက်လျှင် ရွှေတူချိုင်လယ်ကွင်းလေးက ဆီး ကြိုနေပြန်သည်။

မိုးရေများမှာ မျက်နှာပြင်အနှံ့ ဒိုတွဲအိုင်တွန်းနေပေရာ လက်ဖြင့် မကြာမကြာပွတ်သိပ်ပေးနေရသည်။ ငွေမြားတံ မို စက်လေးများက ခန္ဓာကိုယ်အနှံ့ တရစပ် ကြပက်နေပေရာ တော်တော်ပဲ ဆိုးဆိုးဝါးဝါးခံစားနေရသည်။ ရွှေတူချိုင် အုန် တောကို လှမ်းကြည့်လိုက်ရာ အုန်းပင်များ တဖုန်းဖုန် တဒိုင်းဒိုင်း ပြိုလဲဆင်းနေကြသည်။ မလဲမပြိုပဲ ကျန်နေသော အုန်းပင်များမှာလည်း သရဲ သဘွေကြီးများသဖွယ် ယိမ်းထို ကခုန်နေကြ၏။

ကွင်းပြင်လေးကို ပြေးပြေးလွှားလွှား ဖြတ်ကျော်လိုက် သည်။ ကွင်းစပ်အဆုံးတွင် ရွှေတူချိုင်ချောင်းက တားဆီး ပြန်သည်။



"ဟောတော်"

ချောင်းရေက ဝဲကတော့ထိုးပြီး စီးဆင်းနေပေရာ အမေ ်သိတ်သွားသည်။

"ဒီအတိုင်းဆို ငါ့သားသမီးတွေနဲ့ တွေ့ဖို့လွယ်ပါ့မလား"

အမေ၏ မျက်ဝန်းအိမ်ထောင့်စွန်းဖျားများမှ မျက်ရည် များ လိမ့်ဆင်းသွားကြ၏။ ချောင်းကမ်းနဖူးအတိုင်း မ,တုတ်မ ခင်းဘက်သို့ တက်လိုက်၏။ ယာခင်းရှိ သရက်ပင်၊ ပိန္နဲပင် းနှင့် နာနတ်တောတစ်ခုလုံးမှာ မှန်တိုင်းမွှေနှောက်ထား ကြောင့် ပုံပျက်ပန်းပျက် ပျက်စီးနေကြသည်။ ချောင်းဖျားပိုင်း အရောက်တွင် အရဲစွန့်ပြီးရေထဲသို့ ဆင်းလိုက်သည်။

"ဟာ ဟာ ဟာ"

ရေစီးအားကြောင့် ခြေထောက်မြောက်တက်သွားရာ အမေ့မှာ ချောင်းရေစီးထဲတွင် ဒလိမ့်ခေါက်ကွေး မျော သွားတော့သည်။ ရေများမှာ နှာခေါင်းပေါက်၊ ပါးစပ်ပေါက် းမှ အမေ၏ခန္ဓာအိမ်ထဲသို့ မညှာမတာ တိုးဝင်နေကြသည်။ ခေါင်းနှင့် လည်ချောင်းတို့တွင် ဆိုးဝါးသော နာကျင်မှုများ ခံစားနေရသည်။ ရင်ဘတ်ထဲကလည်း နာကျင်လွန်းနေ ည်။ သို့သော် အမေကား အားမလျှော့။ သတိကို ခိုင်ခိုင်ထား ခွန်အားရှိသမျှ ရုန်းကန်ကာ တစ်ဘက်ကမ်းသို့ ရောက် ်ိုင်ရေးအတွက် ကြိုးစားနေသည်။ ရေထဲတွင် မျောပါနေ င်းပင် သားငယ်၊ သမီးငယ်များ၏ အားငယ်မျက်ဝန်းများက အမေ၏ အာရုံထဲတွင် ထင်ဟပ်နေကြသည်။

အမေသည် မြေထောက်ကိုပြန်လည် ရပ်တည်နိုင်
အတွက် အလီလီကြိုးစားသည်။ ချောင်းထဲတွင် ဖရဲသီး
လုံးချောပြီး ရေညှိများဖြင့် ချောကျိနေသော ကျောက်လုံး
အစီအရီ ရှိနေကြသည်။ အမေမှာ ကြိုးစားပြီး ရပ်လိုက်တို
ချောကျိနေသော ကျောက်လုံးများကိုသာ နင်းမိနေပေရာ လ
ရပ်တည်၍ မရပေ။ ရေသန်ချောင်းက ကျူပင်ငယ်သဖွ
ယိမ်းထိုးလှုပ်ခါနေ၏။

အမေ၏ ကြိုးစားမှုရလာဒ်ဟု ဆိုရပေမည်။ တစ်ချ
တော့ ကျောက်တုံး ခပ်ကြီးကြီးတစ်တုံးကို နင်းမိပေရာ အ
အားရှိပါးရှိ ဆောင့်ကန်ပြီး ကူးလိုက်သည်။ အမေ၏ ဆေ
ကန်အား လက်နှစ်ဘက်ဖြင့် ဆွဲယက် အားနှင့်ရေစီး၏ တွ
အားတို့ကြောင့် တစ်ဘက်ကမ်းသို့ ရောက်သွားတော့သည
အမေ့မှာ မှောက်လျက် အနေအထားဖြင့်ပင် အသက်ကို ပြ
ပြင်းရှူပြီး နေလိုက်သည်။ ငယ်ငယ်တုန်းက အပေါင်းအပေ
များနဲ့ ချောင်းထဲမြောင်းထဲ ပြေးလွှားဆော့ကစားရင် ရေ
တတ်ခဲ့လို့သာ အသက်တစ်ချောင်း ကြွင်းခဲ့သည်ဟု နှ
ပိုက်မိလိုက်သည်။

အမေ အမောနည်းနည်း ပြေသည်နှင့် လေးဘ
ထောက်ထပြီး ထိုင်လိုက်သည်။ အရပ်လေးမျက်နှာကို လ
ဗာပ်ချီပြီး ရှိခိုးလိုက်၏။

"ငါ့သား ငါ့သမီးတွေကို ကျန်းကျန်းမာမာနဲ့ ပြန်တ
နိုင်ပါစေ"



အမေသည် အားတင်းပြီး တောင်ထိပ်သို့ တက်လိုက်ပြန်
ည်။ သစ်ပင်၊ သစ်ခက်များကို တွယ်ချိတ်ဆွဲငင်ပြီး တက်
ရသည်။ အမေ့မှာ အဖေနှင့် ညားစတုန်းက လင့်မျက်နှာ
င်ရှာထင်၍ လိုက်ခဲ့စဉ် ဤတောဤတောင်တွင် ထင်းခွေဖူး
ည် မှိုရှာဖူးသည်။ အပြောင်းပြောင်း အပြန်ပြန် တက်ဆင်း
း၍ လမ်းသိနေသည်။ ကျောက်တုံးကြီးတစ်တုံးနားသို့
ရောက်တွင် မြင်ကွင်းတစ်ခုသို့ အာရုံရောက်သွားပြီး အနီးသို့
းကြည့်လိုက်သည်။ အမွေးအတောင် မစုံသေးသော ငှက်
လေးတစ်ကောင် တောင်ပံလေးတဖျတ်ဖျတ်ခတ်ကာ မုန်
င်းဒဏ်ကို မရှုမလှခံနေရရှာသည်။ ငှက်ကလေးမှာ အမေ့ကို
းကိုးတကြီး ကြည့်နေရှာသည်။

"မြော်. . . နင်လည်း ဒုက္ခပါလား ငှက်ကလေးရယ်"

အမေသည် ငှက်ကလေးကို လက်ဖြင့်အသာအယာ မပြီး
ာက်တုံးကြီးအောက် လေကွယ်ရာ၌ ထားလိုက်သည်။
ပေါ်သို့ တစ်ချက်မော့ကြည့်လိုက်ပြန်သည်။ ငှက်ကလေး
င်ဖြစ်တန်ရာသည်။ သစ်ပင်ကြီး၏အကာအကွယ်ကို ယူကာ
င်ကိုင်းခြောက် ငုတ်စွန်းကလေးတစ်ခုပေါ်တွင် ဆက်ရက်
ငမတစ်ကောင် နားနေသည်။ သိုက်မြုံလေးကတော့ လေ
ရာ လွင့်ရှာပေရော့မည်။ ငှက်ငယ်မလေးမှာ သူ့သားငယ်ကို
င်တို့၏ကြီးမားသော မေတ္တာဖြင့် စိုက်ကြည့်နေ၏။ သို့သော်
းငယ်ကို မကယ်နိုင်ရှာ။ သူကိုယ်တိုင်တောင် အခြေအနေ
ည်သို့ဖန်လာမည်ကို သိနိုင်မည်တဲ့လား။ ငှက်ကလေး သား

အမိကိုတွေ့မှ အမေ ပိုပြီး ဝမ်းနည်းလာသည်။

"နင်လည်း ငါ့လိုပါပဲလား ငှက်မလေးရယ်"

ရင်ထဲမှ တိုးတိတ်စွာ အမေရေရွတ်လိုက်၏။ အားင
စိုးရိမ်မှု စိတ်ခြေရာများသည် အမေ၏မျက်နှာပြင်
ထင်ဟပ်နေ၏။ မှန်တိုင်းလေသည် လောကကြီးအား သိ
ခါအောင် ကိုင်လှုပ်နေသည်။ တောအလုံး တောင်အလုံး
ကြွေပြုန်းနေကြ၏။ မလဲမပြိုဘဲ ကျန်နေကြသော သ
များတွင်လည်း သစ်ခက်သစ်ရွက်တို့ ဆင်းရဲကုန်ကြပြီ။
ရှည်ရှည်ကြီးဖြင့် ယိမ်းကနေကြ၏။

အမေသည် ရသမျှ ဘုရားစာများကို အစီအ
ရွတ်နေမိသည်။ ဗုဒ္ဓ သရဏံ ဂစ္ဆာမိလည်း ပါသည်။ သ
ဂါထာကိုလည်း ရွတ်သည်။ တောစောင့်နတ်၊ တောင်
နတ် မ,စပါမည့်အကြောင်းက အဆုံးရောက်တတ်ရာရာ
တွန်တောက်တီး ရွတ်နေမိသည်။ တဖြည်းဖြည်းတောင်
ပေါ်သို့ အမေရောက်လာခဲ့သည်။

"ဟာ. . . ဟိုမှာ ရှေ့က လင်းလင်းကြီးမြင်နေ
တို့ရွာဟောင်းမြင်ကွင်းပဲ"

အမေ နှုတ်မှလွှတ်ကနဲ ထွက်သွားသည်။ သံယော
တရား၏ တွန်းအားကြောင့်ပဲထင်သည်။ တောင်အဆင်း
အမေ၏ ခြေလှမ်းများ တော်ကော် သွက်နေ၏။

"ဂလွမ်း ဗိုး ဗိုင်း"

သည်တစ်ချီတွင် အမေ နောက်ကျခဲ့လေပြီ၊ မည်



ရှောင်ချိန်မရ။ ခန္ဓာကိုယ်ကြီး ပြိုလဲဆင်းသွားတော့သည်။

ခေါင်းက ပူခနဲ ခံစားလိုက်ရ၏။ ခဏလေးမေ့ပြီး
ဘထိုင်လိုက်သည်။

"ကျွတ် ကျွတ် ကျွတ် နာလိုက်တာ"

အမေ ခေါင်းကို စမ်းကြည့်လိုက်၏။ လက်တွင် သွေးများ
ဋ္ဌန်းထင်ပါလာ၏။

"ဟာ. . . ခေါင်းကွဲသွားပြီ"

သွေးတွေ ဒလဟော ယိုစီးထွက်လာကြသည်။ သို့သော်
နှိုပြီး တာရှည်မနေ။ မိုးရေဖြင့် စီးသွားကြသည်။

"သစ်ကိုင်းနဲ့ ရိုက်မိတာ မဟုတ်လို့ တော်သေးတာပေါ့"

အမေမှာ ကျိုးကျလာသောသစ်ကိုင်းကို ရှောင်လိုက်ရင်း
ခဲလုံးနှင့် ရှပ်ထိပြီး နည်းနည်း အရေလန်သွားခြင်းသာ ဖြစ်
သည်။

"ငါ့သား ငါ့သမီးတွေ ဘယ်လိုများနေကြလိမ့်မလဲနော်"

စိုးရိမ်မှုစေတသိက်သည် နှလုံးသားတွင် လာဆောင့်
သည်။ အမေ့မှာ ဒုက္ခသစ္စာတရား၏ ဖိစီးမှုကို မရှုမလှ ခံနေ
ရရှာသည်။ သားသမီးများနှင့် တွေ့လိုမှုဆန္ဒတရားသည် အမေ့
အား ပြင်းပြင်းထန်ထန် စေ့ဆော်နေသည်။ တောင်အောက်သို့
ပြေးဆင်းလိုက်ပြန်၏။ သို့သော် ထင်သရောက် ခရီးမတွင်။
ကျိုးကြေနေသော သစ်ကိုင်းများ၊ လဲကျနေကြသော သစ်ပင်
များက လမ်းပိတ်ဆို့နေကြသည်။ အခက်အခဲ၊ အတားအဆီး
များကို ကျွေပတ်ရှောင်ဖယ်ပြီး ဆင်းနေရ၏။

"ဟာ. . . ဟိုမှာ ရောက်ပြီပေ့ ရောက်ပြီ"

အမေမှာ ခေါင်းက နာကျင်နေသည်ကို သတိမရနိုင်ဘဲ ကွင်းပြင်ထဲသို့ ပြေးထွက်လိုက်သည်။ အမေ ကွင်းပြင်ကနေ ကမ်းခြေဘက်သို့ လှမ်းကြည့်လိုက်၏။ သစ်ပင်၊ ချုံနွယ် တောတန်း၊ အကာအကွယ်များကင်းမဲ့နေပြီဖို့ ပင်လယ်ပြင်ကြီး ကို အထင်းသားမြင်နေရသည်။ ပင်လယ်ပြင်ထဲတွင်ကား ဖြာ ထွက်နေသော ရိုက်လှိုင်းကြီးများဖြင့် လှိုင်းကမ္ဘာကြီး ဖြစ်နေ ပေတော့သည်။

ရောက်ခါနီးမှ အမေ့မှာ ပို၍ ရောက်ချင်နေသည်။ ရှေ့က ကာဆီးနေသော တောတန်းလေးကို ဖြတ်ကျော်လိုက်သည်။

"ဟင်. . . တဲလေးမရှိတော့ပါလား၊ ငါ့သား ငါ့သမီးတွေ တော့ ကိုယ့်ကျိုးနည်းကြပြီ ထင်ပါရဲ့၊ ဟီး ဟီး ဟီး ဟီး ဟီး"

မုန်တိုင်းနှင့်အပြိုင် အမေမျက်ရည်ဖြိုင်ခဲ့ရလေပြီ။ တဲ ကလေးနေရာသို့ ချဉ်းကပ်လိုက်သည်။ တဲကလေးမှာ လဲကျနေ သော သစ်ပင်ကြီး ဖြစ်ဆုံနားတွင် ဖရိုဖရဲပြိုလဲ ပျက်စီးနေ သည်ကို ဝမ်းနည်းဖွယ်ရာ တွေ့လိုက်ရသည်။

"သားတို့ သမီးတို့ရေ. . ."

အမေသည် မျက်နှာကို ဟိုဟိုသည်သည် လှည့်ပတ် ကြည့် ရင်း သံကုန်ဟစ်ပြီး ခေါ်လိုက်၏။ အမေ၏အသံမှာ မုန်တိုင်း ထဲတွင် နစ်ဝင်သွားသည်။ သားသမီးတို့၏ အသံဗလံကိုကား တစ်စိုးတစ်စိမှ မကြား။

"သမီးရေ သားတို့ရေ. . ."



"သမီးရေ သားတို့ရေ. . ."

"သားတို့ရေ သမီးရေ. . ."

အမေ့မှာ အော်ခေါ်မြဲ ခေါ်နေသည်။

"ဘယ်လို လုပ်ကြမလဲရှင်၊ ကလေးတွေ မရှိကြတော့ဘူး။ ဟီး ဟီး ဟီး ဟီး"

"ဦး ဦး ဦး ဦး"

မုန်တိုင်းကလည်း တိုက်မြဲတိုက်နေသည်။ အမေ၏ ခန္ဓာ ကိုယ်လေးမှာ ချမ်းလွန်းသဖြင့် နတ်ဝင်သည်မလို ဖြစ်နေ၏။ သံယောဇဉ်တရား၏ တွန်းအားကြောင့် သောကမီးသည် အမေ ၏ရင်ထဲတွင် ပြင်းစွာ လောင်ကျွမ်းနေလေပြီ။ မီးတကာ့မီးတွင် သားသမီးကြောင့် ဖြစ်တည်သော သောကမီးသည် အပူပြင်း ဆုံး၊ အလောင်ကျွမ်းဆုံးဟု ဆိုထားသည် မဟုတ်ပါလား။

– "သားတို့ရေ သမီး. . . ရေ"

"သမီးရေ မလှသိန်း၊ အမေလာပြီလေ သားတို့၊ သမီးတို့ ဘယ်မှာလဲ ဟင်"

ပတ်ဝန်းကျင်အနှံ့ တောင်ကူးမြောက်ပြန် အမေ ရှာနေ ၏။ သားပျောက်ကို ရှာနေသောမိခင်၏ သောကမှာ ဘယ် အရာနှင့်မျှ နှိုင်းမရအောင် ကြီးမားလွန်းလှသည်။

"ငါ့သား ငါ့သမီးတွေ ဘေးကင်းကြပါစေ ချမ်းသာကြ ပါစေ"

အရပ်လေးမျက်နှာသို့ ရှစ်ခိုးဆုတောင်းလိုက်ပြန်၏။

"ဂလွမ်း လွမ်း လွမ်း ဂျိမ်း"

မြင်းစွာသော မိုးခြိမ်းသံကြီးအဆုံးတွင် မိုးကြိုးတစ်ချက် ပစ်လိုက်ရာ ကြောက်ကြောက်လန့်လန့်ဖြင့် မြေပြင်ပေါ်သို့ အမေထိုင်ချလိုက်မိသည်။

"ဘုရား ဘုရား ဘုရား"

"ငါ့သားသမီးတွေ အသက်အန္တရာယ် ချမ်းသာကြပါစေ"

ထိုင်လျက်က လက်အုပ်ချီပြီး ဆုတောင်းလိုက်ပြန်သည်။

"ဂလွမ်း လွမ်း လွမ်း"

မိုးခြိမ်းသံကြီးက မြည်ဟီးလာပြန်သည်။ မိုးခြိမ်း၊ မိုးကြိုး ပစ်လျှင် လေကြောပြတ်သည်ဟု အမေ ကြားဖူးသည်။

"မိုးခြိမ်းသံကြီး မြစ်လိုက်စမ်းပါ မိုးကြိုးကြီးဆက်တိုက် ပစ်လိုက်စမ်းပါ"

စိတ်ထဲက ကျိတ်ပြီး ဆုတောင်းနေမိပြန်သည်။ အမေ ဆုတောင်းပြည့်သွားသည်ဟုပဲ ဆိုရမလားမသိ၊ လေရော မိုးရော အားလျော့သွားသလို ဖြစ်သွားသည်။

"သမီး မလှသိန်းရေ. . . အမေ ရောက်နေပြီလေ သားတို့၊ သမီးတို့ ဘယ်မှာလဲဟင်"

"သားတို့ရေ သမီးရေ. . ."

ကိုယ်၏နွမ်းနယ်မှု သောကာ၏ရိုက်ခတ်မှုတို့ကြောင့် အသံ များပင် ပြာဝေနေပြီ။ ပီပီသသမထွက်ချင်တော့၊ ရင်ထဲတွင် တင်းကျပ်ပြီး လည်ချောင်းတွင်တင်းဆို့နေသည်။

ကလေးတွေ သည်နားတစ်ဝိုက်မှာ မရှိသည်ကသေချာ သည်။ မဆိုကောင်းဆိုကောင်း တစ်ခုခုဆိုလျှင်လည်း တွေ့နိုင်



မြင်နိုင်သည်။ အမေ ဆောက်တည်ရာမရတော့၊ တောင်ခြေ ဘက်သို့ ပြေးသွားလိုက်ပြန်သည်။ လေတိုးအားကြောင့် တောင် ခြေသို့ ချက်ချင်းရောက်သွားသည်။ အိမ်ကလေးသာသာခန့် ကျောက်တုံးကြီးတစ်တုံးက ရှေ့က ဆီးနေသည်။ ကျောက်တုံး ကြီးအား မုန်တိုင်းက တုန်လှုပ်ခြင်းငှာ မည်သို့မျှ မစွမ်းဆောင် နိုင်။ ကျောက်တုံးကြီးမှာ လေမုန်တိုင်းကို ဂရုမြုပုံလည်း မရ၊ ကြက်မကြီးတောင်ပံချပြီး သားသမီးများကို အုပ်မိုးကာ ဘေး အန္တရာယ်များမှ ကာကွယ်ပေးနေသလိုမျိုး ရှိနေ၏။ သဘာဝ ရုပ်သွင်မှာ အံ့ဩစရာ ဖြစ်နေသည်။

လေကွယ်ရာဘက် ကျောက်တုံးကြီးကို မှီပြီး အမေ ရပ်နေလိုက်သည်။

"ဒါ ကိုထွန်းစိန် တစ်ခါပြောဖူးတဲ့ မိုးခိုကျောက်ဆိုတာ ပဲ"

တဒင်္ဂအသိသည် ရင်ထဲလင်းလက်သွားသည်။

"သွားရင်းလာရင်း မိုးမိရင်မိုးခိုလို့ ရတယ်လေ"

ကိုထွန်းစိန် တစ်ခါပြောပြခဲ့ဖူးသော စကားများက နား ထဲသို့ အစီအရီ ဝင်လာပြန်သည်။

ခေါင်းက နာလွန်းသဖြင့် လက်ကလေးဖြင့် စမ်းကြည့် လိုက်ရာ သွေးကစီးကျလာပြန်သည်။

"ဒုက္ခပဲ ငါ့အဖြစ်က ဆိုးလှချည်လား"

အမေမှာ ရှေ့ကြည့်လည်း တောနှင့်ခေါင်ခေါင်နောက် ကြည့်လည်း တောင်နှင့်စင်းစင်း ကြည့်လေရာ မြင်လေရာမှာ

ဝမ်းနည်းစရာချည်း ဖြစ်နေပေသည်။ မုန်တိုင်းထဲက သားပျောက်မိခင်၏အဖြစ်မှာ အရာရာသည် မှောင်မည်းဝေဝါးနေချေပြီ။

"ငါ မိုးခိုကျောက်ဝင်ပြီး မိုးခိုလိုက်ရင် သက်သာရာရမှာပဲ"

"မဖြစ်ဘူး မဖြစ်ဘူး ကလေးတွေမရှိတဲ့ဘဝမှာ ငါ အသက်ရှင်နေလို့ကော ဘာထူးဦးမှာလဲ"

"ကလေးတွေကို မတွေ့ တွေ့အောင်ရှာမယ်"

မုန်တိုင်းက မစဲသေး။ ပင်လယ်လှိုင်းလုံးကြီးများကလည်း ရိုက်ခတ်မြဲ ရိုက်ခတ်နေသည်။ အမေသည် ကျောက်တုံးကြီး၏ အတွင်းဘက်သို့ ပတ်ကြည့်လိုက်သည်။

"ဟာ... ဟိုမှာ မေမေကြီး၊ မေမေကြီးရေ... မေမေကြီးရေ သားတို့ ဒီမှာ... ဒီမှာ"

"မေမေကြီး သားတို့ကို ကယ်ပါဦး"

"သမီးတို့ ဒီမှာအမေ"

"ဟီး ဟီး ဟီး ဟီး"

"ဟင်... ဟာ... သားတို့ သမီးတို့ရေ ဟီး ဟီး ဟီး"

မိခင်နှင့် သားသမီးများ မသေလို့ပြန်ဆုံကြရသော ဘဝ၊ ရင်တွင်းမှ လှိုက်မောသံများနှင့် ငိုရှိုက်သံများမှာ မိုးခိုကျောက်ထဲတွင် ပဲ့တင်ထပ်နေသည်။ ပြန်လည်ကွဲကွာသွားကြမည်ကို အလွန်အမင်း စိုးရိမ်သွားကြ၏။ သားသမီးများသည် မိခင်၏ ရင်ခွင်တွင်းသို့ ဝင်ပြီး တင်းကျပ်စွာ ဖက်ထားသည်။



"မေမေကြီး... တားတားကြောက်တယ်"

အငယ်ဆုံး သုံးနှစ်သားလေးက သူ့အမေကို ပွေ့ဖက်ရင်း ပြောလိုက်၏။ အမေ့ရဲ့ ရင်ထဲတွင် ဖြေမဆည်နိုင်ဖြစ်ကာ မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာပြန်သည်။ သားသမီးများ၏ကျောပြင်ကို လက်ကလေးဖြင့် အသာအယာပွတ်သပ်နေမိသည်။

"လိမ္မာလိုက်ကြတာ ကလေးတို့ရယ်၊ အမေဖြင့်လေ သားတို့ သမီးတို့ကံကြမ္မာကို တွေးပြီး ရင်ကွဲမတတ်ခံစားရပါတယ်ကွယ်။ မုန်တိုင်းကိုတောင် မကြောက်အားဘဲ အမေ့သားသမီးတွေကို မြေလှန်ရှာခဲ့တယ်လေ"

အမေနှင့်သားသမီးများ၏ မျက်နှာပြင်များတွင် မျက်ရည်ကြည်လေးများ တွဲလွဲခိုနေကြသည်။ အမေ့တစ်ကိုယ်လုံးသည် နတ်ဝင်သည်မ့လို တဒိုက်ဒိုက် တုန်နေသည်။

"အမေသိပ်ချမ်းနေပြီ၊ ရော့ ရော့ ဒီမှာ အဝတ်ထုပ်ကြီး ပါလာတယ်"

သမီးမလှသိန်းသည် အဝတ်ထုပ်ကို ဖွင့်ပြီး အမေ့အဝတ်အစားများကို ရွေးပေးလိုက်သည်။

"လိမ္မာလိုက်တာ သမီးလေးရယ်၊ ဒီအဝတ်အစားတွေကော ဘယ်လိုရလာတာလဲကွယ်။ အမေဖြင့် အံ့သြလိုက်တာ"

အမေ့မှာ တုန်တုန်ယင်ယင်ဖြင့် အဝတ်များကို လဲဝတ်နေသည်။

"အမေ ရွာကိုသွားလို့ သိပ်တောင် မကြာလိုက်ဘူး၊ လေ

တွေ အရမ်းတိုက်လာတယ်လေ။ တဲပေါ်လည်း အရမ်းလှုပ်လာပါတယ်။ ဒါကြောင့် သမီးလည်း ကြောက်စိတ်တွေ ဝင်လာတယ်လေ။ ဒါကြောင့် လက်လှမ်းမီရာ အဝတ်တွေစုထည့်ပြီး ဆုပ်လိုက်တယ်၊ ပြီးတာနဲ့ ချက်ချင်းပဲ မောင်နှမတွေ တစ်ယောက်လက်တစ်ယောက်ဆွဲပြီး ဒီကျောက်ဂူကြီးထဲ ပြေးလာကြတာပဲ အမေရယ်"

"သမီး ဒီဂူကြီး ဘယ်လိုလုပ် သိနေတာလဲဟင်"

"မကြာသေးပါဘူး အမေရယ်၊ ဟိုတစ်နေ့ကပဲ မောင်လေးနဲ့ ဒန့်ကျွဲဟင်းလာခူးရင်း တွေ့ခဲ့တာပါ"

"လိမ္မာလိုက်တာ သမီးလေးရယ်၊ သားတို့သမီးတို့ အသက်အန္တရာယ်ကြီးကို ကိုယ့်အသိလေးနဲ့ ရှောင်တိမ်းနိုင်ခဲ့ကြတယ်နော်"

အမေမှာ လမ်းခရီးတွင် တွေ့ခဲ့ရသော ငှက်ငယ်မလေး သားအမိကို သတိရလိုက်မိသည်။

"ငါ ကောင်းမှုလုပ်ခဲ့လို့ ကောင်းကျိုးရတာပဲ ငှက်ငယ်လေးကို လုံခြုံအောင် လုပ်ခဲ့လို့ ငါ့သားသမီးတွေ လုံခြုံရာ၊ ဘေးကင်းရာ ရောက်လာခဲ့ကြတာပဲ"

ကောင်းမြတ်သော စေတသိက်ကလေးက အသိရင်ပြင်တွင် စိုးမိုးနေရာယူလာသည်။

"အမေ့သားသမီးတွေ ကြက်မကြီး မရှိတဲ့ ကြက်ကလေးတွေလိုပဲ အန္တရာယ်ကို စုပြီးကာကွယ်နေကြတာကိုး"

"အမေဖြင့်လေ. . ."



အမေမှာ ဆက်ပြောနိုင်စွမ်း မရှိတော့။ ရင်ထဲတွင် တစ်ဆို့နေသည်။

မုန်တိုင်းက နည်းနည်းအားပျော့လာသလို ကမ္ဘာ လောကကြီးကလည်း လင်းရောင်ခြည်များ သန်းလာပေပြီ။

× × × × ×

အတိတ်နှင့် ပစ္စုပ္ပန်ကာလနှစ်တန်ကြားတွင် ဖြစ်ပျက်မှုဖြစ်တည်မှု အကြောင်းတရားလေးများသည် ဘဝ၏စီးမျောကြောင်းအလိုက် အရောင်အမျိုးမျိုး အသွင်ဏ္ဍာန်အမျိုးမျိုး ငိုတတ်ကြသည်။

ကျွန်တော် မွေးရပ်မြေလည်းဖြစ်သော ကြီးပြင်းကျင်လည်ခဲ့ရာနေရာလည်း ဖြစ်သောဒေသ၏ သဘာဝမျက်နှာစာကို မိုးဦးမုန်တိုင်းက အခါအားလျော်စွာ မထင်လျှင်မထင်သလို အရောင်နက်ကြီးများ ခြယ်ပေးတတ်သည်။ အသံဆိုးကြီးများဖြင့် ခြောက်လှန့်တတ်သည်။ နင်းချေတတ်သည်။ ဝါးမျိုတတ်သည်။

ကျွန်တော် အားကိုးရာ ရှင်သန်ရာ မှီခိုရာ မြင်းမိုရ်သည်ပင်လျှင် မုန်တိုင်းကြီး၏ မထေမဲ့မြင်မှုကို အကြိတ် ခံခဲ့ရပေရာ ပြန်လည်တွေးမိတိုင်း ကျွန်တော့်နှလုံးသားတို့ ပျက်ကြွေလုမတတ် ခံစားခဲ့ရသည်။ သို့သော် ကျွန်တော့် မြင်းမိုရ်မေမေကား မုန်တိုင်း ခြေလည်း မကြွေခဲ့။ မုန်တိုင်းကြမ်းလည်း မနွမ်းခဲ့။

သားသမီးများအပေါ်တွင် ထားရှိသော အမေ့၏မေတ္တာ
တရားတို့မှာ ပင်လယ်ကဲ့သို့ ကျယ်ဝန်းသည်။ သမုဒ္ဒရာကဲ့သ
နက်ရှိုင်းသည်၊ စိမ့်စမ်းရေကဲ့သို့ အေးမြသည်၊ မိုးကောင်းကင်
တမျှ စင်ကြယ်သည်၊ မြင်းမိုရ်တောင်တမျှ မြင့်မားသည်
ကျွန်တော့် မေမေကား မြင်းမိုရ်မေမေပေတည်း။

(ကျေးလူရှင် ဓမ္မမိခင်၏ ကိုယ်တွေ့နှုတ်ပြောမှတ်တမ်း အာ
အမေ့အလွမ်းပြေ ရေးဖွဲ့ပါသည်။)

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း၊ ၂၀၀၄-ခုနှစ်၊ ဇီဇင်ဘာလ



# သိင်္ဂါရ ရသ၏ အခန်းဆက်ပုံရိပ်များ

## (၁)

"ဟော့ စောညွန့်၊ ခဏလာပါဦး"

စောညွန့်သည် စာသင်ခန်းထဲသို့ ဝင်လာပြီး ထိုင်ခုံတွ ထိုင်မည်အလုပ်တွင် မိမိနာမည်ကို ခေါ်သံကြား၍ လှည့်ကြည့် လိုက်ရာ စပယ်ထွေးနှင့် မြနှိုင်းတို့နှစ်ယောက် မိမိကိုကြည့် ပြုံးနေကြသည်ကို မြင်လိုက်ရသည်။ စောညွန့်သည် ဟုတ် ဟုတ်ပါလေ့စဟူသော သဘောဖြင့် မည်သို့ဆက်လုပ်ရမည် ပင် မသိဘဲ ကြောင်ကြည့်နေမိသည်။

"စောညွန့် ခဏကူညီပါဦး၊ တို့ သချာ်တွက်မရတာ အခက်တွေ့နေလို့ပါ"

သို့မှသာ စောညွန့်မှာ မိမိကို အမှန်တကယ် ခေါ်



း သိလိုက်ရသည်။

"ဟာ... ဖြစ်ပါ့မလား၊ ငါလည်း သူလိုကိုယ်လိုပါပဲ"

"စောညွန့်... နင်က စာတော်တဲ့ကျောင်းသားဆိုတော့ ပါ၊ လာပါ တို့ ဘယ်လိုမှ တွက်မရလို့ပါ"

သည်တစ်ချီတွင်တော့ စောညွန့် လှုပ်ရှားလိုက်မိပြီ၊ ယ်ထွေးတို့ခုံတန်းတွင် သွားထိုင်လိုက်သည်။ မိမိတတ်သမျှ ရှင်းပြလိုက်သည်။

"ကျေးဇူးအများကြီးပဲ စောညွန့်၊ နောက်လည်း ကူညီ ဦး၊ စောညွန့်ကို ကျေးဇူးတင်တဲ့အနေနဲ့ တို့က မုန့်ကျွေး ယ်၊ လာ... အပြင်သွားကြရအောင်"

"နေပါစေဟာ ရပါတယ်၊ မလိုပါဘူး၊ နောက် အကူ ညီလိုရင်လည်း ပြောပါ"

"အိုး... ဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲ၊ လာပါ သွားကြရ အောင်၊ ဒီလိုဆို နောက်ဘယ်တော့မှ မခေါ်တော့ဘူး"

စောညွန့်မှာ မည်သို့မျှ မငြင်းသာတော့ဘဲ သူတို့ခေါ်ရာ က်ပါခဲ့ရသည်။ စောညွန့်နှင့် မိန်းကလေးတို့ ယခုလို ရင်း နှီးနှီး ဆက်ဆံပြောဆိုနေကြသည်ကို နောက်ဆုံးတန်းတွင် ိုင်နေကြသော အောင်မိုးနှင့် သက်ထွန်းတို့က လုံးဝမနှစ် က်ကြ။ အောင်မိုးနှင့် သက်ထွန်းတို့မှာ တစ်နှစ်ရှုံးထားကြ သော ကျောင်းသားဟောင်းများ ဖြစ်ကြသည်။ ဆရာ၊ ဆရာမ အား မထီတထီ ပြောခြင်း၊ စာမကြိုးစားခြင်း၊ ကျောင်းပြေး း စသော ကျောင်းသားဆိုးတို့၏ စရိုက်လက္ခဏာများသည်

သူတို့၏ အမြွအမှုများပေါ်တွင် ထင်ဟပ်လျက် ရှိသည်။ အချို့
ရလျှင် ရသလို စီးကရက်၊ ကွမ်းယာများကို ခဲထားတတ်ကြ
သည်
သူတို့ကို ကျောင်းသားတိုင်လိုလို အတတ်နိုင်ဆုံး ရှောင်ကြ
သည်။ ယခုလည်း အောင်မိုးနှင့် သက်ထွန်းတို့သည် စောညွ
အား မိန်းကလေးများက အားကိုးတကြီး ပြောဆိုနေကြသည်ကို
မလိုလားကြ
စောညွန့်တို့ အပြင်သို့ ထွက်သွားကြသည် ဆိုလျှင်ပင် နောက်
ကပ်ပြီး လိုက် သွားကြသည်။ လမ်းခုလတ် ရောက်သည်
လျှင်ပင်. . .

"ဟော့. . . ဆွမ်းကျန်စား တောသား၊ မြာနှစ်ပွေနဲ့ တေ
တော်ခိုက်နေပါလား"

စောညွန့်တို့က နောက်သို့လှည့်ကြည့်လိုက်ရာ

အောင်မိုးနှင့် သက်ထွန်းတို့ကို တွေ့လိုက်ရသည်
စောညွန့်မှာ မည်သို့လုပ်ရမည်မသိတော့ဘဲ နောက်သို့
ဆုတ်မှန်းမသိ ဆုတ်နေမိတော့သည်။ စောညွန့်မှာ ပညာ
၍သာ မြို့သို့ တက်လာရသည်။ သို့သော် ရင်းရင်းနှီးနှီး အ
ဟူ၍ကား မရှိ၊ မိဗ္ဗိရွာဆရာတော်၏ အကူအညီဖြင့် ဘုန်းတေ
ကြီး ကျောင်းတစ်ကျောင်းတွင် မှီခိုကပ်ရပ်ပြီး ပညာသင်
သော အခြေအနေမျိုး။



"အောင်မိုး၊ နင်ဟာ ကျောင်းသားချင်း ကိုယ်ချင်းမစာ၊
မသားချင်းလည်း မစာနာ၊ ရည်းစားစကား လိုက်ပြောလို
လိုက်ပြော၊ စာပေးလိုပေးနဲ့၊ ငါ့အပေါ်မှာ ရှိုင်းစိုင်းမှုတွေ
များနေပြီ၊ အခုလည်း အရှက်ခွဲပြန်ပြီ၊ နင် ထွက်သွားပါ"

စပယ်တွေးသည် ရှက်ခြင်း၊ ဒေါသဖြစ်ခြင်းများ မွှန်
ထူကာ အော်ဟစ်ပစ်လိုက်သည်။ အောင်မိုးတို့အဖို့ကား
သာယာသောတေးသံလို နားထောင်၍ပင် ကောင်းသေးတော့။
အောင်မိုးသည် ရှေ့သို့ တစ်လှမ်းချင်းတိုးလာကာ စောညွန့်၏
အကျီကို ခပ်ကြမ်းကြမ်း ဆွဲယူစုကိုင်ပြီး လက်သီး
တစ်လုံး ထိုးချလိုက်ရာ စောညွန့်မှာ ဝါးတစ်ရိုက်သာသာခန့်
တွင် ဟပ်ထိုးသွားလေသည်။ နောက်သို့ အသင့်ရောက်နေသော
သက်ထွန်းက တစ်ဖန် ဆယ်ယူပြီး ကျုံးထိုးလိုက်ပြန်ရာ

"ကဲကွာ၊ မင်းတို့ မတရားတာ ငါ ကြည့်နေလို့ မရတော့
ဘူး"

စပယ်တွေးနှင့် မြနှိုင်းတို့မှာ အသံကြား၍ လက်ဝဲကို
မျက်နှာမှ ခွာကြည့်လိုက်ရာ တစ်တန်းတည်း အတူတက်နေ
ကြသော လှရွှေကို တွေ့လိုက်ကြရသည်။ လှရွှေသည် ခပ်သွက်
သွက်လှမ်းဝင်လာပြီး အောင်မိုးနှင့်သက်ထွန်းတို့အား လက်သီး

ဖြင့် တစ်ယောက်တစ်ချက်စီ ထိုးပစ်လိုက်ရာ နှစ်ယောက်စ
ဖင်ထိုင်ကျသွားတော့သည်။ အောင်မိုးနှင့် သက်ထွန်းတို့သ
ပြိုင်တူပြေးထလာကြပြီး လှရွှေဆီသို့ ပြေးဝင်လာကြသ
နှစ်ယောက်နှင့် တစ်ယောက် လုံးထွေးသတ်ပုတ်ကြရာ လှ
မှာ ဓားဒဏ်ရာဖြင့် လဲကျကျန်ရစ်ခဲ့သည်။ နိုင်လိုမင်းထ
နှစ်ကောင်ကတော့ သုတ်ခြေတင်သွားကြလေပြီ။ စောညွှန့်
လမ်းပေ

တွင် ခွေခွေကလေး လဲကျကျန်လျက်ရှိနေပေ၏။

ဒုက္ခသစ္စာနှင့် နီးနွယ်သော လူသားမျိုးနွယ်ဆက်တို့
တိုက်ပွဲငယ်တစ်ခုဆိုက မှားနိုင်မတဲ့လား။

× × × × ×

(၂)

ကျောက်မြူမြို့ ဆေးရုံပေါ်မှာတော့ စောညွှန့်
လှရွှေတို့မှာ အတွင်းလူနာများအဖြစ် တက်ရောက်ကုသ
ရသည်။

"တို့နှစ်ယောက်အတွက်ကြောင့် နင်တို့နှစ်ယောက်
ဖြစ်ကြရတာ စိတ်မကောင်းပါဘူးဟာ"

"ဒါက နင်တို့အပြစ်လည်း မဟုတ်ပါဘူး၊ ကျော
ကျောင်းသားအချင်းချင်း တစ်ယောက်နဲ့တစ်ယောက်
တော့ ကူညီရတာပေါ့ဟာ၊ ဟိုကောင်တွေက
သက်သက်အနိုင်ကျင့်တာ ငါ ဒါမျိုးဆို လုံးဝကြည့်နေလို



ဘူး။ အဲဒီနေ့က မင်းတို့ထွက်သွားကတည်းက တစ်ခုခုတော့
ဖြစ်တော့မှာပဲဆိုတာ ငါ ထင်တာနဲ့ နောက်ကနေ လိုက်လာ
တာ"

"ပြီးတာတွေလည်း ပြီးကြပါပြီ၊ အခု သူတို့ကို ကျောင်း
လည်း ထုတ်လိုက်ပြီ၊ ရဲကလည်း ဆွဲသွားကြပြီ၊ သူတို့လမ်း
သူတို့ရွေးကြတာပဲ၊ နင်တို့ ဆေးရုံတက်နေတုန်း စာတွေကို
တို့ကူးထားပေးမယ်"

စပယ်ထွေးနှင့် မြနုနိုင်တို့မှာ အသင့်ယူလာသော စား
သောက်ဖွယ်ရာများကို စောညွှန့်နှင့် လှရွှေတို့အား ပေးလိုက်ကြ
သည်။

"စောညွှန့်ရဲ့အခြေအနေကိုလည်း အိမ်ကလူတွေ အကုန်
လုံးသိကြတော့ သံယောဇဉ်ဖြစ်နေကြပြီ၊ ဘုန်းကြီးကျောင်းမှာ
ဆိုတော့ နေရထိုင်ရ စားရသောက်ရတာ ကသီလင်တဖြစ်မယ်
တဲ့၊ ဒါကြောင့် အိမ်မှာလာနေဖို့ ပြောပြီးကြပါပြီ"

"ဟာ မလုပ်ပါနဲ့၊ ငါက တောသားဆိုတော့ သူများအိမ်
မှာ နေဖို့တတ်မှာ မဟုတ်ဘူး၊ တော်ကြာ အလိုက်မသိ ဘာ
မသိနဲ့ အားလုံး ဒုက္ခရောက်နေကြပါဦးမယ်"

စပယ်ထွေး၏ စကားကြောင့် စောညွှန့်က အားတုံ့အား
နာဖြင့် ပြန်လည်ပြောကြားလိုက်ခြင်း ဖြစ်သည်။

"ဟာ မရဘူး မရဘူး၊ စောညွှန့် တို့အိမ်မှာနေဖို့ တစ်အိမ်
သားလုံးက ပြောထားပြီးပြီ"

လှရွှေက ဝင်ပြောလိုက်ခြင်း ဖြစ်သည်။

"ဟုတ်တယ်လေ၊ စပယ်ထွေး အမေတို့ မိသားစုဘ မောင်စောညွန့်ကို မြင်ကတည်းက အလိုလိုခင်မင်ပြီးသား ဖြ နေကြတယ်။ ဒါကြောင့် ဆေးရုံကဆင်းရင် အမေတို့အိမ်မှ လာနေဖို့ အားလုံးစီစဉ်ထားကြပါပြီ။ ဆရာတော်ကိုလည် လျှောက်ထားပြီးပြီ။ အမေတို့မှာလည်း သားသမီးဆိုလ မောင်လှရွှေတစ်ယောက်တည်းဆိုတော့ အဖော်ရတာပေါ့"

လှရွှေတို့အမေက အခြေအနေကို ရှင်းပြလိုက်ခြင်းဖြ သည်။

"ဒီလိုဆိုရင်လည်း ကောင်းပါတယ်ရှင်၊ စောညွန့်လည် တို့မိသားစုကို ကိုယ့်မိသားစုလို ဆက်ဆံပါ။ တို့ကလည်း ခင် စရာကောင်းသူကို ခင်မင်တတ်ပါတယ်"

စပယ်ထွေး ပြောအပြီးတွင်တော့ အလိုလို ခေါင်းညိတ် ပြီးသား ဖြစ်သွားကြသည်။

"ကဲ. . . တို့တွေ ဒီအချိန်ကစပြီး မောင်နှမတွေဖြစ်သွာ ကြပြီ။ တစ်သက်လုံးပေါ့ရှင်၊ ဘယ်နေရာပဲရောက်ရော တစ်ဦးကိုတစ်ဦး သစ္စာစောင့်သိကြပါစို့"

မြနှင်းနိုင်၏အဆိုပြုချက်က သစ္စာစကားဖြစ်သည်။

"တို့တစ်တွေ တစ်ဦးကောင်းစားတာ တစ်ဦးမြင်ကြ အောင်လားဗျာ"

လှရွှေ၏စကားအဆုံးတွင်တော့ စောညွန့်၊ လှရွှေ၊ စပ ထွေးနှင့် မြနှင်းနိုင်တို့သည် လက်သီးကို ခိုင်ခိုင်ဆုပ်ပြီး ကြိမ် ကြွေးကြော်လိုက်ကြသည်။



(၃)

ဩဂုတ်လ၏ နောက်ဆုံးပတ်ဖြစ်သည်။ မုတ်သုန်မိုးသည် သွန်းချသလို ရွာသွန်းနေလေသည်။ စောညွန့်သည် နေ့လယ် နားချည်ပြီးသည်နှင့် မိုးအေးအေးကို အခွင့်ကောင်းယူကာ အိပ်ရာတွင် မွေးနေလိုက်သည်။

"ဟေ့. . . စောညွန့်၊ စောညွန့် မရှိဘူးလား"

စောညွန့်သည် အိမ်ရှေ့မှခေါ်သံကြား၍ ခေါင်းထောင် ကြည့်လိုက်သည်။

"ဩော်. . . ကိုဘထွေးပါလား၊ ဘာကိစ္စရှိလို့ပါလိမ့်"

စောညွန့်သည် ခပ်သွက်သွက်ဆင်းပြီး ကိုဘထွေး လက် ထဲက စာကို လှမ်းယူလိုက်သည်။ ကိုဘထွေးနှင့် စောညွန့်တို့မှာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ အလိုလိုပြုံးမိ လျက်သား ဖြစ်နေကြတော့သည်။ စောညွန့်သည် စာကို ဖွင့် ဖတ်လိုက်၏။

"ဟေး. . . စာမေးပွဲအောင်ပြီကွ၊ စာမေးပွဲအောင်ပြီ၊ ဆယ်တန်းအောင်ပြီကွ"

စောညွန့်၏ အိမ်နီးနားချင်းများကပါ ဝိုင်းအုံရောက်ရှိ လာကြပါသည်။ အားရဝမ်းသာ ပြောကြ၊ ရယ်မောကြနှင့် မိုး နှင့်အပြိုင် သောသောညံလျက်ရှိကြချေ၏။ စောညွန့်သည် စာ ကို ဆုံးအောင် ဖတ်လိုက်သည့်အချိန်တွင်တော့ ပျော်ရွှင်ရယ် မောခြင်း သင်္ကေတမှာ တဒင်္ဂအတွင်း အလိုလိုရပ်တန့်သွား

တော့သည်။ ငိုလည်းငို၊ ရယ်လည်းရယ်ဆိုသော အမြစ်မျိုးမှ
ရင်ဆိုင်တိုးရလေပြီ။ အကြောင်းမှုကား စောညွန့်နှင့် မြနုနိုင်တို့
အောင်ကြပြီး လုရွှေနှင့် စပယ်ထွေးတို့ မအောင်ကြပေ
စောညွန့်ရင်မှာ ဝေဒနာတစ်ခုလို ခံစားသွားရသည်။

ဖြစ်ပျက်မှု အကြောင်းတရားတို့သည် သဘာဝနိယာမ
ပရမတ္ထတရားဟုပဲ ခံယူကြရပေလိမ့်မပေါ့။

x x x x x

(၄)

စောညွန့်တို့ သူငယ်ချင်းလေးဦး ကွဲကွာခဲ့ကြသည်မှာ ဆယ်စုနှစ်နှစ်စုတောင် ကျော်ခဲ့ပြီပဲ။ ဘဝဟူသည် ကိုယ်ကျင့် လည်ရာ ပျော်သည်သာတည့်ဆိုသော စကားအတိုင်း ကိုယ့် ဘဝနှင့်ကိုယ် ရုန်းကန်လှုပ်ရှားရင်း တိုက်ပွဲဝင်နေကြခြင်းသာ ဖြစ်ကြပေလိမ့်မည်။ ဤသည်ကို ဆရာကြီးဦးသုခက တေးဘုမ္မာ တွင် သတ္တဝါတို့၏ ကျင်လည်မှုကို အကျယ်ဖွင့်ဆိုခဲ့သည်။ တစ်ဖန် ဘဝဟူသည် ရယူခြင်းမဟုတ် ပေးဆပ်နေခြင်းဖြစ် သည်ဟု တေး၏အဘိဓမ္မာက ထုတ်ဖော်ထားပြန်သည်။

စောညွန့်မှာ ဘဝ၏ ပေးဆပ်မှုသဘောအရ ကျေးလက် ရင်ခွင်ကြားမှ တောင်သူလယ်သမား ရင်သွေးငယ်များကို ပညာစွမ်းအားတိုးပွားအောင် အားဖြည့်လောင်းလျှက် နိုးချ၏ မြန်မာစာအမီကဖြင့် ဘွဲ့တစ်လုံး ယူထားလိုက်သော်လည်း ရာထူးကြီးငယ်အသွယ်သွယ်ဖြင့် ဟိုနယ်သည်နယ် မပြောင်းလို



မိမိတတ်ရာ မြတ်ပညာသည် မွေးရာအတွက် ဖြစ်ရမည်ဟု သစ္စာအဓိဋ္ဌာန်ပြုထားပြီး ဖြစ်သည်။ ဤသည်မှာ စောညွန့်၏ နှလုံးသားမှ ယိုစီးလာသော ကဗျာတစ်ပုဒ်ဆိုက မှားအုံမထင်။

မြနုနိုင်ကတော့ တရားရုံးတွင် စာရေးဝင်လုပ်နေသည် ဟု စာမေးပွဲအောင်စာရင်းထွက်ပြီး မရှေးမနှောင်းမှာပင် သတင်းရရှိခဲ့သည်။ ခုတော့ ဘယ်အခြေအနေရှိ၍ ဘယ်နေရာ သို့ ရောက်နေပြီဆိုသည်ကို လုံးလုံးလျားလျား မကြားမိတော့။ သိနိုင်ရန်အတွက်လည်း စုံစမ်းနေရန် ဘဝပေးအခြေအနေက ခွင့်မပြု။ ကျောင်းအားလျှင် လယ်ကွင်းဆင်းသည်၊ ခနီခုတ် သည်။ တစ်ခါတစ်ရံ အခြေအနေပေးလျှင် ဖားရိုက်ငါးရှာသွား သည်၊ ဤသည်က ပဋိပေယသနဝမ်းစာရေး၊ ကျေးလက်၏ သဘာဝအရ ကျွရှင်ဆိုသည်မှာ မရှိ။ အချိန်ပိုဆိုသည်ကို ထား။ မြို့နယ်အားကစားကြေး ကောက်လျှင်ပင် ပူညံပူညံ။

မြနုနိုင်ကို မဆိုထားဘိ။ မိမိအား ထမင်းတင်ကျွေးခဲ့ သော လုရွှေကိုပင် သတိရသည်မှအပ မည်သည့်ဒေသသို့ ရောက်နေမှန်းမသိ စပယ်ထွေးနှင့် နှစ်ဦးသဘောတူ ရုံးတွင် လက်မှတ်ထိုးလိုက်ကြသည်။ ရန်ကုန်ဘက်တွင် စီးပွားရေးလုပ် နေကြသည်။ ထိုင်းဘက်သို့ သွားသည် စသည်စသည်ဖြင့် ကောလာဟလသတင်းအချို့ကိုတော့ ကြားမိခဲ့သည်။လုပ်ငန်း ခွင်ထဲတွင် နပန်းလုံးကာ အန်ထွက်လာတိုင်း အတိတ်ဖြစ်ရပ် များကို တွေးပြီး လွမ်းသလိုလို၊ ဆွေးသလိုလိုတော့ ဖြစ်မိသည်။ သစ္စာပြုပြီး သံယောဇဉ်တွယ်ခဲ့ကြသူတွေနဲ့ တစ်ခါတစ်ခါ

လွမ်းမိသည်။ ပြေးတွေ့ပစ်ချင်သည်။ စကားတွေ မဝတာမ်း လှိုင်လှိုင်ကြီး ပြောပစ်ချင်သည်။

မိုးတစ်နေ့မှာတော့ မည်သို့မျှမမျှော်လင့်မရည်ရွယ် မတွေးခေါ်မိဘဲ ဘွားကနဲပေါ်လာသူက လှရွှေ။ ဟုတ်ပါတယ် လှရွှေမှ လှရွှေ အစစ်ပါ။ လမ်းထိပ်မှ မိမိအမည်ကို မေးသံ ပြောသံကြား၍ လှမ်းကြည့်လိုက်ရာ လှရွှေကို တွေ့ပါလေရာ။ သျှောင်နောက်ဆံထုံးပါဆိုတာမျိုးပဲ ထင်ပါရဲ့။ စပယ်ထွေး လည်း ပါလာသည်။ အသက်တွေက လေးဆယ်ကျော်ဖြစ်လာ ကြသော်လည်း ငယ်ရုပ်တွေက သိပ်မပျောက်ချင်ကြ။ စောညွန့် မှာ အပြေးအလွှားပဲ လှရွှေကို တအားဖက်လိုက်သည်။ ဘယ် ပြန်ညာပြန် အားရအောင် ဖက်ပြီးမှ ပြန်လွှတ်လိုက်သည်။ နောက်မှ ပြုံးပြုံးကြီး ကြည့်နေသော စပယ်ထွေးကိုလည်း ပြေးပြီး လက်ဆွဲနှုတ်ဆက်လိုက်သည်။ နောက် လွယ်အိတ်များ ကို သိမ်းကျုံးတွယ်ဖက်ပြီး အိမ်သို့ ခေါ်လာသည်။ အိမ်သို့ ရောက်လျှင်လည်း ရှေ့ဖြစ်နောက်ဖြစ်များကို ပြောမဆုံးပေါင် တောသုံးထောင် ဖြစ်နေကြပြန်သည်။

"စားကြကွာ၊ အားရအောင် စားကြ။ ဒါက ငါမွေးထား တဲ့ ခြံပေါက်ကြက်သား။ ဒီဘက်ဟာက ခြံထွက် နံ့ပတီသီး။ ဟိုဘက်ဟာက ငှူးညွန့်ပြုတ် တို့စရာလေကွာ။ ရေတ်သီးစိမ်း ထောင်းနဲ့ဆို သိပ်လိုက်ဖက်တာ၊ စားကြည့်။ ဒီခွက်ကြီးထဲက ဟာက ငါ ညတုန်းက ပိုက်သွားတန်းရာက ရလာတဲ့ ငါးသတစ် ခေါင်းချဉ်ရေကြို၊ စားကွာ စားကြ။ စပယ်ထွေး စားနော်၊



အားမနာနဲ့"

စောညွန့်မှာ ပြောမဝနိုင် ကျွေးမဝနိုင်ဖြစ်နေလေသည်။ လှရွှေတို့ဇနီးမောင်နှံမှာ စောညွန့်တို့ရွာတွင် တစ်ပတ်ခန့်နေ ထိုင်ခဲ့ကြပြီး ပြန်သွားခဲ့ကြ၏။ တစ်ပတ်အတွင်း လှေလှော်ရေ ခန်းကလည်း စုံခဲ့ကြသည်။ ရွာ၏ ရှေ့နောက်ဝဲယာ မြစ်ချောင်း အသွယ်သွယ်၊ ဘုရားအို၊ ကျောင်းပျက်တို့နှင့် ယာမြေ၊ လယ် ကွင်း၊ နွားစားကျွင်းတို့ပါ မကျန် လှေလှော်ခဲ့ကြသည်။ ဓာတ်ပုံ ရိုက်ယူခဲ့ကြသည်။ ရွာသားများနှင့်လည်း ရင်းနှီးကျွမ်းဝင် သွားခဲ့ကြသည်။ စောညွန့်မှာကား မြို့ပြလူကုံထံအသိုင်းအဝိုင်း မှ မိတ်ဆွေများ ရောက်လာခဲ့ခြင်းအတွက် ဂုဏ်ယူမဆုံး။ ခေါင်း ဘမော့မော့၊ လည်တမော့မော့။

x x x x x

(၅)

မိုးရွာပြီးခ အကာလ ညအမှောင်ထဲတွင် ကြယ်ရောင်ဖြိုး ဖြိုက် လင်းလက်လျက်ရှိချေ၏။ စောညွန့်မှာ မျိုးဆက်သစ်ပန်း ဥယျာဉ်မှူးလုပ်ငန်းသာ မဟုတ်။ ကဗျာစစ စာစစ ရေးသားမှု တွင်လည်း ပိုးတွယ်နေပေရာ ရှာနံ့ဝင်လျှင် စာတိုပေစများ ရေးသားနေလေ့ ရှိသည်။ ယခုလည်း အိပ်မပျော်သည်နှင့် သတင်းစာမှ ဝတ္ထုတိုပြိုင်ပွဲမိတ်ခေါ်ထားသော စာမူအတွက် ကိုယ်တွေ့စီးမျှော်မှုတစ်ခုကို ဓာတ်အိမ်တည်ကာ အတွေးရှပ် လုံးဖော်လျက်ရှိသည်။ ဆုရသည် မရသည်က အကြောင်း

မဟုတ်။ မိမိတွေ့ကြုံခံစားမှုနှင့် စိတ်ကူးတို့ ပေါင်းဆုံမိလျှင်တော့ စာပေပုံရိပ်လွှာက ပေါ်လာတတ်စမြဲမို့ မနေ့ပီတိဖြစ်ရသည်။

အချိန်မည်မျှကြာသွားသည်ကို သတိမထားမိ။ အိမ်ရှေ့မှ အသံခပ်အုပ်အုပ်ဖြင့် ခေါ်သံကြား၍ လက်နှိပ်ဓာတ်မီးကို ကောက်ကိုင်လိုက်သည်။ တစ်လှမ်းချင်း တစ်လှမ်းချင်း လျှောက်လာပြီး တံခါးကိုဖွင့်လိုက်သည်။ ရွာသားများ မကျန်းရေး မမာရေးကိစ္စနဲ့များ အကူအညီတောင်းရအောင် လာသလားဟု ထင်မိသည်။ သို့သော် လုံးဝကား မဟုတ်ပါလေ။ အသံရှင်မှာ လှရွှေဖြစ်နေသည်။ လှရွှေ လက်ကာပြပြီး အိမ်ထဲသို့ဝင်လိုက်၏။ စောညွန့်မှာ လှရွှေ၏အပြုအမူကို နားလည်နိုင်စွမ်းမရှိ ဖြစ်နေသည်။

"လှရွှေ ဒီတစ်ခေါက် မင်းလာတာ တော်တော်ထူးဆန်းနေပါလား။ ညကြီးသန်းခေါင်ကွာ၊ မင်း ဘယ်လိုဖြစ်လာတာလဲ"

"ထူးဆန်းဆို အကြောင်းထူးရှိလို့ပေါ့ကွာ"

"လာ. . . လာ ထိုင်ကြမယ်၊ ရေနွေးလေးဘာလေး သောက်ရင်း စကားပြောကြတာပေါ့"

"ဟာ ထိုင်လို့ မဖြစ်ဘူး၊ ရွာစွန်စာသင်ကျောင်းဘက် သွားကြမယ်ကွာ။ အဲဒီမှာ မင်းနဲ့ငါ အကျိုးရှိမယ့်ကိစ္စကို ဆွေးနွေးကြရအောင်"

လှရွှေ၏စကားများကို စောညွန့်မှာ မည်သို့မျှ နားလည်နိုင်စွမ်း မရှိတော့ပေ။ ဝမ်းသာရမလား၊ ဝမ်းနည်းရမလား



သည်ကိုတော့ မဝေခွဲတတ်တာ အမှန်။

"အပြင်ခဏထွက်လိုက်ဦးမယ်"ဟု ဇနီးသည်အားပြော ီး လှရွှေခေါ်ဆောင်ရာနောက်သို့ လိုက်လာခဲ့မိတော့သည်။

စာသင်ကျောင်းဝန်းကျင်တစ်ခုလုံးသည် မိုးရွာပြီးစမို့ းရတို့ဖြင့် ရွှဲရွှဲစိုလျက်ရှိနေသည်။ ဩကာသလောကတစ်ခု ုံးကား အိပ်မောကျလျက်ရှိနေ၏။ တစ်ချီတစ်ချီ လေတိုးတိုက် သော သစ်ပင်များပေါ်မှ မိုးစက်များကြွေဆင်းသံကို ကြားရ သည်။ စာသင်ကျောင်း၏ အမှောင်ထဲတွင်တော့ လူသားနှစ် ီးသည် ကိုယ်ချင်းပူးကပ်ပြီး ထိုင်လျက်ရှိကြ၏။

"ငါ အခုလာတာ ဒီလိုကွ"

"ပြောလေကွာ။ ငါ နားထောင်နေတယ်။ မင်းဟာက ကယ့်လျှို့ဝှက်သဲဖို့ ဇာတ်ကောင်စရိုက်ပဲ"

"မင်းက စာသမားပီပီ၊ ဇာတ်ကောင်လေး ဇာတ်လမ်း လေး လုပ်မနေနဲ့။ ဒီမှာ ခုဟာက မင်းနဲ့ငါ ကြီးပွားမယ်အလုပ် ကွ"

လှရွှေက အားအရှိဆုံးလေသံမျိုးဖြင့် ပြောလိုက်သည်။ စောညွန့်မှာ သိလိုဇောက တစ်စတစ်စ ပိုပြင်းထန်လာခဲ့သည်။

"ဘယ်လိုကြီးပွားမှာလဲ။ ပြောမယ်ဆိုလည်း မြန်မြန်ပြော ကွာ။ ကြီးပွားချင်လှပြီ"

"အေး. . . အေး။ ငါပြောမယ် နားထောင်။ အခု ဒီမှာ င်းနေတဲ့ အိမ်ရှေ့က တောင်ကုန်းလေးပေါ်မှာ စေတီဟောင်း နှစ်ဆူရှိတယ်နော်။ ငါ အရင်တစ်ခေါက်လာတုန်းက လေ့လာ

ကြည့်ခဲ့တယ်။ ရွာသားတွေက အဟောင်းဆိုပြီး အလေးဂ
မပြုဘဲထားကြတာ ဘယ်လောက်ကြာပြီလဲ မသိဘူး။ ချုံနွယ်
တွေ ဖုံးထားတာ၊ စေတီတောင် မမြင်ရတော့ဘူး။ အဝေးက
ကြည့်ရင် သစ်တောပဲ ထင်နေရတာလေ"

"အေး ဟုတ်တယ်လေ။ ဒါက ဘယ်တုန်းက ဘယ်သ
တွေတည်ခဲ့မှန်းလည်း မသိဘူး။ ရွာသားတွေကလည်း စေတ
ပျက်၊ စေတီဟောင်းလို့တောင် သဘောမထားကြတော့ဘူး
စကားရိုင်းရိုင်းပြောရရင်တော့ အညစ်အကြေးစွန့်တဲ့ နေရာ
ဖြစ်နေပါပြီ"

"အဲဒီစေတီက ရှေးဟောင်းလက်ရာ ရှေးဟောင်းစေတ
ပဲ။ အထဲမှာအဖိုးတန် ဌာပနာတွေ အများကြီးရှိနိုင်တယ်
အဓိကကတော့ ရွှေဘုရား၊ ငွေဘုရား ဆင်းတုတော်တွေပေ
ကွာ"

"ရှိချင်လည်း ရှိမှာပေါ့ကွာ၊ အဲဒါ ဘယ်လိုလုပ်မလဲ"

"ဘယ်လိုလုပ်ရမလဲကွာ၊ ဒါကို လျှို့လျှို့ဝှက်ဝှက် ဖောက်
ထွင်းပြီးတော့ ဌာပနာတွေ ယူမှာပေါ့"

"အလို့ . . . ဘုရား ဘုရား"

စောညွန့်အနေဖြင့် မည်သည့်အခါမျှ စိတ်ကူးထဲတွင်
လည်း မရှိ၊ စဉ်းစား ၍လည်း လုံးဝမပါသော ဝေါဟာရ
များကို ကြားလိုက်ပေရာ ထိတ်လန့်တုန်လှုပ်မှုများနှင့်အတူ
စိတ်ထဲမှ ဘုရားတလိုက်မိသည်။ လှရွှေကိုလည်း အထူးအဆန်း
သတ္တဝါတစ်ကောင်ပမာ စေ့စေ့ကြည့်လိုက်မိသည်။ မှောင်နှင့်



ည်းမည်းမို့ မမြင်ရ။ သို့သော် လှရွှေ၏မျက်နှာတွင် အဆိ
င်းဝင်းဖြင့် လောဘရမ္မက်ရောင်များ လွှမ်းမိုးနေလိမ့်မည်
ဟု တွေး‌ေတော့ တွေးထင်မိသည်။

"နောက်ပြီး မင်းတို့ရွာမှာ ရှိသေးတယ်။ ငါလေ့လာမိ
လောက် လယ်သမားတွေဟာ လယ်ထွန်ပြီးတာနဲ့ ကျွဲ၊ နွား
တွေကို အလေ့ကျ လွှတ်ထားကြတယ်ဆိုပဲ။ အဲဒါကို အဆင်ပြေ
ကမ်းတစ်ခုခုက စက်လှေကို ထိုးကပ်ပြီး မောင်းချလိုက်ရင်
ပြားမှ ပေးစရာမလိုတဲ့ အရင်းမဲ့ကုန်တွေ ရတာပေါ့ကွာ။
ဟုတ်ဘူးလား"

"အလို့ . . . ဘုရား၊ ဘုရား"

စောညွန့်သည် စိတ်ထဲမှ ဒုတိယအကြိမ် ဘုရားတ,လိုက်
သည်။ မည်သို့မျှလည်း ဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်း၊ လက်ခံ
ခြင်း၊ အတည်ပြုခြင်းများ တစ်စုံတစ်ရာ မပြုလုပ်မိပေ။ ကျင်
က်အတွေ့ခံရဘိသည့်အလား ကျောက်ရုပ်ပမာ ငူငူကြီးသာ
နေပေတော့သည်။

"ဟေ့ကောင် စောညွန့်၊ အိပ်များ ပျော်နေပြီလား။
ဘယ်လိုလဲကွာ။ မင်းပုံက အေးတိအေးစက်နဲ့ အားရစရာ
ကောင်းလိုက်တာ"

"အေး . . ငါနားထောင်နေတယ်"

စောညွန့်မှာ ဤမျှသာပြောသည်။ လှရွှေကပင် ဆက်
ပြောပြန်သည်။

"အဲဒါကို မင်းကိုယ်တိုင်လုပ်စရာမလိုဘူး။ ခဲသသောဘ်

သပ် ပိပိရိရိဖြစ်အောင် အစီအစဉ်ချပေးရမယ်။ မင်းရဲ့ တာဝ
ပိုင်းပြီးဆုံးတာနဲ့ ငါဆက်လုပ်မယ်။ ဌာပနာပစ္စည်းတွေ
ငါးခြောက်တွေလုပ်ပြီး ထိုင်းနယ်စပ်ကို ပို့မယ်။ ဒါကိုတော
စပယ်တွေးကို တာဝန်ပေးမယ်။ ငါကတော့ ကျွဲ၊ နွားတွေ
စက်လှေနဲ့တင်ပြီး ဘင်္ဂလားဒေ့ရှ်အဝင် ကယုချောင်းကို မော
မယ်။ ဒီကနေ တစ်ရက်မောင်းရင် ရောက်တယ်။ အားလုံ
အောင်အောင်မြင်မြင် ကျလို့ရှိရင် မင်းအတွက် သုံးသိန်းပေ
လျှာထားတယ်။ ဘယ်လိုလဲ စောညွန့် မပိုင်ဘူးလား"

ကြားနေရသော စကားများနှင့် အဖြစ်အပျက်များ
စောညွန့်အတွက် အိပ်မက်ဆိုးများ မက်နေသလားဟု
အတွေးအာရုံထဲမှာ ရီဝေဝေမှုးနောက်နောက် ခံစားလာ
သည်။ ဓိဓိ၏ စိတ်အစဉ်ကို ဆေးကြောပြီး ပြန်လည်သုံးသ
ကြည့်မှ ပကတိ ဖြစ်ရပ်မှန်မှန်း သတိပြုမိလာသည်။ ဓိသ
လောဘဆိုင်ရာ နွတ်ဝစီများကို ခြေမြှောက်နေသူမှာ ဓိဓိဘဝ
ထပ်တူထာဝရ သစ္စာရှိပါ့မယ်လို့ ကတိစကားလှလှတွေကို
သသ ဖော်ကျူးရင်း ညီအစ်ကိုတမျှချစ်ခဲ့ရသော ကျေးဇူးရှ
သူနှင့်ပတ်သက်ပြီး ဘဝမှာ မမေ့ကြေး၊ မမုန်းကြေးစတမ်း
ယောဇဉ်တရား၏ သင်္ကေတများကို အမြတ်တမ်း ပန်းလိုပန်
မယ်ဆိုပြီး သစ္စာထားခဲ့သူတစ်ဦးကတော့ ကျေးဇူးရှင်လှ
၏ ချစ်ဇနီး၊ ဓိဓိ၏ ကျောင်းတက်ဖော် စပယ်တွေး။

လှရွှေပြောသော ငွေသုံးသိန်းမှာ ဓိဓိလိုလူသားတစ်
၏ဝင်ငွေနှင့် ချိန်ထိုးကြည့်လျှင် နှစ်ပေါင်းသုံးဆယ်ခန့် လုပ်



ပ်နိုင်မည်။ ရှင်းရှင်းပြောကြစတမ်းဆိုလျှင် ပစ္စကွဲလူ့သက်
ိုးတစ်ဝက်လုပ်မှ ရမည့်ဝင်ငွေပင် ဖြစ်ပါတော့သည်
ား။

စောညွန့်အခြေအနေမှာ ပိတ်ကိုစား အားရှိနေရသည့်
းလက်ဖျော် မှန်ဝါးဝါးကျောင်းဆရာ။ လစာ တစ်ထောင်
ငါ်ဂျော်လေးဖြင့် ဓိသားစုငါးယောက်၏ ပါးစပ်ပေါက်များ
ဆီတစ်ခါရေတစ်လှည့်ဖြင့် နပ်မှန်အောင် ဖြည့်သွင်းနေရ
ဘဝမို့ ဓိဓိ၏စီးကြောင်းအပေါ် အစကတော့ သိပ်မကြေ
။ ဒါကြောင့်မို့လည်း အားလျှင်အားသလို ပိုက်ချကွန်ပစ်၊
ာက်တိုမယ်ရ လုပ်ငန်းများကိုလည်း ဘဝအတွက်
ဘာက်အပံ့မို့ အလွတ်မပေးခဲ့၊ သံယောဇဉ်ကြိုးမျှင်သုံး
ကိုလည်း ဓိဓိအခြေအနေလောက်ငှာ ပညာသင်ပေးနိုင်
ာသားဟု စိုးရိမ်စိတ်က ရင်မှာအပြည့်။

လှရွှေနှင့် စပယ်တွေးတို့ ဘယ်သင်တန်းတွေတက်လို့
ယ်လိုအသိ၊ ဘယ်လိုပညာတွေ ရလာကြပါလိမ့်။ ဘဝ၏
င်းလဲမှုများကား ဆန်းကြယ်လွန်းလှပါဘိ။ စောညွန့်၏
အတွေးသည် အချိန်တိုကလေးအတွင်းမှာ တောင်ကူး
က်ပြန် ကြိုပ်ဖန်များစွာ တွေးသည်၊ ဝေဖန်သည်၊ သုံးသပ်
ည်။

ဓိဓိ၏ ကျင်လည်မှုဝန်းကျင်ကို ပြန်ကြည့်မိပြန်သည်။
ာနေဖြင့် သရဏဂုံသုံးပါးကို ဦးထိပ်ထားပြီး ဘာသာတရား
အဆုံးအမကို မျိုးရိုးအရ ခံယူခဲ့သော ဗုဒ္ဓဘာသာဝင်။

အနန္တောအနန္တငါးပါးဂိုဏ်းဝင် မြတ်ဆရာ၊ ရှေးမိဘဘိုးဘွ
များ ရေစက်ချကိုးကွယ်ထားခဲ့သော သာသနိကအဆော
အဦများနှင့် ဗုဒ္ဓရုပ်ပွားတော်များကို ဖျက်ဆီးပါက ဤဘဝ
သာမက တစ်သံသရာပတ်လုံး စုံးစုံးမြုပ်ရမည့် ဘဝဒ
များကိုကား တွေးပင်မတွေးရဲ၊ ရှေးအလှူရှင်များအနေဖြ
လည်း မည်သို့သော ကျိန်စာများ တိုက်ထားခဲ့ကြလေသ
မသိ။

ထားဖန် ဤရပ်ဤရွာသည် မိမိ၏ ဇာတိချက်မြု
ဤကျေးရွာရှိ တောင်သူလယ်သမားများမှာ မိမိ၏ သွေး
သားရင်းဆွေမျိုးညာတိကာများ၊ မိမိထံတွင် ပညာရည်
သောက်စို့လျက်ရှိကြသော စာသင်ရွယ်နုများမှာ ဤလ
သမားကြီးတို့၏ ရင်နှစ်သည်းချာများ၊ တစ်နွယ်ငင် တစ်စ
ဆိုသလို ဟိုမှသည်မှ ယှက်နွယ်နေကြသော သံယောဇဉ်အမ
တန်းကလေးများကလည်း အမြစ်မပြတ်အမျှင်မပြတ်။ မြန်
လူဘောင်၏ မျိုးရိုးကွာကို နေပူမိုးရွာမရှောင် အလုပ်အကေ
ပြုနေကြသော ကျေးလူရှင် ကျွဲ၊ နွားတို့အား သားသတ်ရုံသ
မည့် ကိစ္စကို မိမိအနေဖြင့် မည်သည့်ရှုထောင့်က ကြည့်
စီရင်ချက် ချဝံ့မည်နည်း။ ဤလယ်၊ ဤမြေ၊ ဤကျွဲ၊ ဤ
တို့သည်ကား မိမိတို့၏ အသက်သွေးကြောများပင် မဟုတ်
လော။

"ဘယ်လိုလဲစောညွန့် ငြိမ်လှချည်လား၊ အကျိုး
အကြောင်းရယ်လည်း ပြောစမ်းပါဦးကွာ။ မင်းဟာက မဟု



သေးပါဘူး"

စောညွန့်ထံမှကား ထူးထူးထွေထွေ ဘာသံမျှထွက်မလာ။

"ဟေ့ကောင် စောညွန့်၊ ပြောလေကွာ"

စောညွန့်မှာ စဉ်းစားရင်း၊ စဉ်းစားရင်း လောကနီတိထဲ
'ဝဓေ ကုလအတ္တံ ဇဟ်'ဆိုသော စာသားကို သတိရလာသည်။
တစ်မျိုးသားလုံးအတွက် အကျိုးဖြစ်မည်ဆိုလျှင် တစ်ဦးတစ်
ယောက်သောသူ စွန့်ရာ၏'ဟူ၍ ဖြစ်သည်။

"မ. . . မ. . . ဖြစ်ဘူး ထင်တယ် လှရွှေ။ ငါ ဒီလောက်
ည် သတ္တိမရှိဘူး။ မင်းပြောတာကို ငါ အတူးပဲ အားနာပါတယ်"

စောညွန့် မဝံ့မရဲ၊ အားတုံ့အားနာ ဖွင့်ဟလိုက်ခြင်း
ဖြစ်သည်။

"ဟုတ်ရဲ့လား စောညွန့်၊ မင်း အလီလီ အဖန်ဖန် စဉ်းစား
ပြီးမှ ဆုံးဖြတ်နော်"

"ဟုတ်တယ် လှရွှေ၊ ငါ အတန်တန် စဉ်းစားပြီးပါပြီ။
ငါ့အနေနဲ့. . ."

"တော်. . . တော် စောညွန့်၊ မင်းကို ဖြစ်စေချင်လို့
သစ္စာရှိလို့ ငါ တမင်တကာ လာပြီး စာရင်းသွင်းတာ။ မင်း
သက်မခံရင်လည်း ပြန်ရုံပေါ့ကွာ။ နောက် လုပ်ချင်တဲ့လူတွေ
တစ်ပုံကြီးပဲ။ တဲ. . . ငါသွားပြီကွာ"

လှရွှေသည် လောကကြီးတစ်ခုလုံးအား မကျေနပ်သော
ပုံဖြင့် ခပ်ကြမ်းကြမ်းခြေချကာ မာန်ဖီနေသော သားရဲကဲ့သို့
စိတ်ဆိုးမာန်ဆိုး ထွက်သွားတော့သည်။ စောညွန့်မှာ လှရွှေ

နှင့် တစ်ယောက်ကောင်းစားသည်ကို တစ်ယောက်မြင်
စတမ်းဟု သစ္စာပြုခဲ့ကြသည်မှာ မှန်၏။ သို့သော် လုရွှေ၏
မှတ်မှာ မြန်မာ့လူ့ဘောင်၏ ရှုထောင့်မှကြည့်လျှင် ဘာသ
တရားအားဖြင့် လည်းကောင်း၊ ဥပဒေအားဖြင့်လည်းကော
ခွင့်လွှတ်စရာကောင်းသော လုပ်ရပ်မျိုးကား မဟုတ်။ ဝိသ
လောဘနယ်သို့ ခွတ်အတင်းဝင်လိုက်ခြင်းအားဖြင့် ပစ္စုပ္ပ
သံသရာ နှစ်ဖြာ အကျိုးယုတ်မည့်အရေးကို စောညွန့်တွေးရ
ရင်လေးမိသည်က ကော။

ဘာသာတရားအပေါ်တွင် လည်းကောင်း၊ တိုင်းပြည်
လူမျိုးအပေါ်တွင်လည်းကောင်း၊ တစ်မြေတည်းနေ ပ
တည်းသောက်ရင်း လက်ချင်းယှက်ကာ အေးအတူပူအမျှ
ထိုင်ခဲ့ကြသော မိမိကျေးရွာသားများအပေါ်တွင် လည်းကော
ဆရာဦးစောညွန့်မှာ မိမိဆုံးဖြတ်ချက်ကို ယတိပြတ်မှန်က
သည်ဟု ခံယူလိုက်ပေပြီ။

မိမိ၏ဆန္ဒ မပြည့်ဝမှုအတွက် နှလုံးသားပူလောင်မှု
ရင်ဝယ်ပိုက်ကာ ကျောင်းထွက်ခွာသွားသော လုရွှေ၊ မှန်က
ခြင်းသစ္စာတရားကို ရင်ဝယ်ပိုက်ကာ သန္တရသကို ခံစားရ
ကျောင်း ထွက်ခွာလာခဲ့သော စောညွန့်၊ ကျောင်းကပ်
တရွေ့ရွေ့ထွက်ခွာလာခဲ့ကြချင်းတူသော်လည်း ခံစားမှုချ
တော့ မတူပါလေ။

× × × × ×



(၆)

စောညွန့်နှင့် လုရွှေတို့ လူချင်းခွဲခဲ့ပြီး တစ်လခန့်သာ
ကြာလိမ့်မည်ထင်သည်၊ စောညွန့်အတွက် အထူးအဆန်း
သတင်းနှစ်ရပ်ကို ရှေ့ဆင့်နောက်ဆင့်ဆိုသလို ကြားလာရ
သည်။ သိပ်ပြီး အံ့သြခြင်းမဖြစ်မိသော်လည်း ယူကျုံးမရဖြစ်
ခြင်း ခံစားမှုအက်ကြောင်းသည် အတွေးဝန်းကျင်မှာ ကျယ်
ကျယ်ဝန်းဝန်း နေရာယူလာခဲ့ပေသည်။

နယ်ထိန်းရဲတပ်ဖွဲ့ဝင်များ ကင်းလှည့် လာစဉ် လုရွှေနှင့်
အတူ ရွာခံတုတ်ကြီးနှင့် သာမောင်တို့အပြင် ကုလားလူမျိုးနှစ်ဦး
ကိုပါ ကျွဲ၊ နွားကောင်ရေ လေးဆယ်နှင့်အတူ မြေပုံမြို့နယ်
အောက်တောင်ရှည်ရွာအနီး ချောင်းကျဉ်းကလေးတစ်ခုတွင်
ဖမ်းဆီးလိုက်ခြင်းပင်။ မရှေးမနှောင်း ဆိုသလိုပင် စပယ်တွေး
အား ဗုဒ္ဓရုပ်ပွား ငွေသားဆင်းတုတော် ၂၀၇-ပါးနှင့်အတူ
ဘောင်ကုတ်မေဖေးရိပ်ငြိမ် အဝေးပြေးကားဂိတ်တွင် ဖမ်းဆီးရမိ
သော သတင်းပင်ဖြစ်သည်။ ကြားရသော သတင်းများအတွက်
ဆရာဦးစောညွန့်သည် ခေါင်းကိုသာ တွင်တွင် ခါယမ်းလျက်
နေပေသည်။ သက်ပြင်းပူများကိုလည်း ခပ်ကြမ်းကြမ်း မှုတ်ထုတ်
လိုက်မိသည်။

"ဩော်... လုရွှေ... လုရွှေ မင်းပြောသလို တကယ်
လုပ်လိုက်တာပဲနော်"

စိတ်ထဲမှ အကြိမ်ကြိမ် ရေရွတ်နေမိပေတော့သည်။

အမှတ် (၂) ရတနာမြေပုံမဂ္ဂဇင်း၊ ၂၀၀၀-ခုနှစ်၊ မတ်လ



# ကြက်ချစ်လု

အမ်းမြို့နှင့် မြေပုံမြို့နယ်အစပ်ဒေသသည် ရခိုင်ရိုးမ တောင်တန်းကြီးမှ ပင်လယ်ပြင်ဘက်သို့ ထိုးထွက်နေသော တောင်စွယ်တောင်တန်းတို့ ဆုံဆည်းရာဒေသ ဖြစ်သည်။ တောင်ကြားချိုင့်ဝှမ်းတို့ ပေါများသည်။ တောင်ကျချောင်းများ ကလည်း အစီအရီ၊ တောတောင်ရေမြေ သဘာဝတို့၏ ဖိတ် ခေါ်ချက်ကြောင့်ဟုပဲ ထင်သည်။

သားရဲတိရစ္ဆာန်များကလည်း ရာသီအလိုက် ရောက်လာ တတ်ကြသည်။ ဒါးလက်ချောင်း၏ ဝဲယာကမ်းတစ်လျှောက် ရှိ လယ်ကွင်း၊ ယာခင်းကလေးများနှင့် ဥယျာဉ်ခြံမြေများကို နှစ်စဉ်နှစ်တိုင်းလိုလို တောရိုင်းဆင်များ ဖျက်ဆီးခြင်းခံရတတ် သည်။

သို့သော် မိုးမရိပ်နိုင်ပြီး ဘဝရပ်တည်နေကြသော ရခိုင်လူမျိုးများနှင့် ချင်းလူမျိုးများမှာ သားရဲတိရစ္ဆာန်များ၏ အန္တရာယ်ကို ရှောင်ကွင်းပြီး ဓေသသဘာဝ ခွင့်ပြုသော လုပ်ငန်းများဖြင့် ဘဝဝမ်းမီးကို ငြိမ်းသတ်ကြသည်။

မိုးမတောင်ရင်းတွင် ရပ်ရွာ၊ ရွာစုနေထိုင်သူများမှ ငါး၊ ပုစွန်ရှားပါးသည်။ တောပျော်တိရစ္ဆာန်များကို တောင်ဖမ်းပြီး အာဟာရဖြည့်တင်းကြသည်။

အမ်းမြို့ အစွန်အဖျားရှိ ရှောက်ခြံရွာကလေးကတော့ သာယာလှပေ၏။ မိုးမတောင်ကြီး၏ ခြေရင်းတွင်ဝပ်စင်းပြီး သဘာဝအအေးရိပ်ကလည်း လွှမ်းမိုးထားပေရာ နေချင်စရာ ကောင်းလှသည်။ ရခိုင်လူမျိုးများ ဝပ်ကျင်းချကာ နေထိုင်ကြသော ရွာကလေးဖြစ်သည်။

အချိန်က နံနက်ဝေလီဝေလင်းအချိန်။ သို့သော် စိမ်းညို့ပြာမှိုင်းသော မိုးမတောင်ကြီးကြောင့် မည်းမှောင်နေသေးသည်။ ရှောက်ခြံရွာသားချစ်လှတစ်ယောက်ကတော့ အမှောင်ထုကို အန်တုပြီး တောင်ခြေလမ်းအတိုင်း လျှောက်လှမ်းနေပေသည်။ တောင်စဉ်သားပီပီ ခြေလှမ်းတွေက သွက်လှသည်။ ခပ်တိုတို ဝတ်ထားသော ပုဆိုးကလေးမှာ ဒူးခေါင်းနှစ်လုံးကို တမြှန်းမြှန်းရှိုက်ကာ စည်းချက်ကျကျ မြည်ဟီးနေသည်။

လက်ယာဘက်တွင်တော့ ဓားတိုတစ်ချောင်းကို ကိုင်ပြီး ပခုံးပေါ်ထမ်းတင်ရင်း ကိုင်ထားသည်။ လက်ဝဲဘက်တွင်တော့ တည်ကြက်ဖလေးတစ်ကောင်ကို ခပ်ရှုရှုလေးဖက်ပြီး သူ့ရင်



ဘက်ဖြင့် မီကပ်ထားသည်။

လွယ်အိတ်အနွမ်းကလေးတစ်လုံးကိုလည်း စလွယ်သိုင်းကာ လွယ်ထားသည်။ လွယ်အိတ်ထဲတွင်တော့ ညှတ်ထုပ်ကလေးများကို ထည့်ယူလာ၏။ လက်သုံးတော် ဆေးတံပုံကလေးကိုတော့ ဒါးလက်ချောင်းဆေး ကြွပ်ကြွပ်လေးကို အပြည့်သိပ်ပြီး မီးညှိကာ ပါးစပ်ထဲစွပ်ယူလာခဲ့သည်။

ဆေးတစ်အိုးကျွမ်းအောင်အထိ လက်မကိုင်ဘဲရသည်။ ချစ်လှတို့ ကျွမ်းကျင်မှုများကလည်း စံတင်လောက်ပေသည်။

ချစ်လှ၏စိတ်အစဉ်သည် စ ရေးကွင်း၊ ရေဝကုန်းကြောကလေးဆီသို့ ရောက်နေသည်။ တောင်ကြောသို့ရောက်ရေး သန္တာရားက မင်းမူနေပေရာ မျက်နှာတောင် ဟုတ်တိတ်တိ မသစ်ခဲ့ရ။ စဉ်အင်တုံးထဲမှရေကို အုန်းမှုတ်ခွက်ကလေးဖြင့် ခပ်ပြီး တမြှန်းမြှန်း တစ်ချက်၊ နှစ်ချက် ပွတ်သတ်ခဲ့လိုက်သည်။

အုန်းမှုတ်ခွက်ထဲက လက်ကျန်ရေ တစ်ငုံစာလောက်ကို ပါးစပ်ထဲပစ်ထည့်ပြီး ပလုတ်တစ်ချက်ကျင်းကာ ရေအိုးစင်အနီးတွင်ချထားသော အုန်းပျိုးပင်ကလေးဆီကို 'ပလွတ်' ခနဲ တစ်ချက် ထွေးထုတ်ပစ်လိုက်၏။ မျက်နှာရေစိုကတော့ သည်အတိုင်း လမ်းလျှောက်လာရင်း လေသလပ်ပြီး လမ်းတွင် ခြောက်သွေ့ခဲ့ရသည်။

ရေဝကုန်းကလေးကတော့ ချစ်လှကို မှိုင်းမှိုင်းမှုန်မှုန် ဆီးကြိုနေပေသည်။

"အောက်. . . အီး. . . အီး. . . အွတ်"

"အောက်. . . အီး. . . အီး. . . အွတ်"

"အောက်. . . အီး. . . အီး. . . အွတ်"

တောအထပ်ထပ်၊ တောင်အတန်တန်မှ တောကြက်ဖကလေးများက နေ့သစ်၏နံနက်ခင်းကို အိပ်တန်းမှ တွန်သံပစ်ပြီး ကြိုဆိုနေကြသည်။ သည်အသံများကို ချစ်လှမနားတမ်း ကြားချင်နေသည်။ ချစ်လှ တစ်ချက်ပြုံးပစ်လိုက်ပြီး တောင်ကြောကလေးသို့ လှမ်းတက်လိုက်သည်။ ပင်ငယ်၊ ပင်ကြီး ရိပ်ထီးချမ်းမြ ဝန်းရံခ,သော ရှိုးမတောကို ကွေ့ပတ်ကာ ဝင်လာခဲ့သည်။

"အောက်. . . အီး. . . အီး. . . အွတ်"

ချစ်လှ၏ တည်ကြက်ဖကလေးကလည်း မခေ၊ ပြန်လည် တွန်သံပေးလိုက်သည်။ 'မင်းတို့ကို မကြောက်ပါဘူး' ဆိုသည့် သဘောပဲ ဖြစ်တန်ရာသည်။

"အောက်. . . အီး. . . အီး. . . . အွတ်"

တောကြက်ဖလေး၏ တောင်ပံခတ်ပြီး တွန်ကျူးလိုက်သံက ချစ်လှ၏ ရယူလိုမှုဆန္ဒတရားကို ပိုမိုမြင့်မားစေခဲ့သည်။

"ကော်. . . ကော်. . . . ကော်. . . . ကော်"

ကြက်ဖနှင့်ယှဉ်ပြီး အိပ်တန်းတက်နေသော ကြက်မကလေးကလည်း မ,သံပေးပြီး တကော်ကော်အော်လိုက်သည်။ အသံက ခပ်ညှင်းညှင်းပေမယ့် တောတောင်သဘာဝနှင့် တူ သားပေသားကျနေသော ချစ်လှ၏ နားစည်းမြေးကလေးတွင်



သာထိသည်။

ချစ်လှ တစ်ချက်ပြုံးပစ်လိုက်ပြန်၏။ နွယ်ချုံတန်းတို့ ပြွတ်သိပ်နေသော ချုံတစ်ချုံအနီးတွင် ကွင်းပျပျကလေး တစ်ခုကို တွေ့လိုက်ရသည်။ အိပ်တန်းမှပျံဆင်းလာကြလျှင် သည်ကွင်းကလေးမှာပဲ ပိုးလောက်ကလေးများကို ရှာဖွေဖမ်းစားကြတန်ရာသည်။ ဘာသာဘာဝ မ, ဖိုခေါ်ထုး ပျော်မြူးကြပေလိမ့်မည်။ ချစ်လှမှာ ကိုယ့်အတွေးနဲ့ကိုယ် ပီတိဖြစ်နေ၏။ သည်နေရာလေးကိုပင် ခွင်အဖြစ် သတ်မှတ်ရွေးချယ်လိုက်သည်။

ချစ်လှမှာ ဆုံးဖြတ်ချက်နှင့်အတူ အကောင်အထည်ဖော်မှုကိုပါ တပါတည်း ဆောင်ရွက်လိုက်သည်။ နေရာကောင်းလေးကို ရွေးချယ်ပြီး ညွှတ်များကို ဝိုင်းပတ်စိုက်ချထားလိုက်၏။ ညွှတ်ကွင်းကလေးများ၏ အလယ်တွင်တော့ တည်ကြက်ဖကလေးကို အကျအန ကြိုးချည်ထားလိုက်သည်။

"အောက်. . . အီး အီး. . . အွတ်"

ချစ်လှ၏ တည်ကြက်ဖကလေးက တောင်ပံခတ်ပြီး တွန်သံ ပေးလိုက်သည်။ မနက်လင်းသည်နှင့် ချစ်စရာ တောကြက်ဖကလေးများ ပျံဆင်းလာကြပေတော့မည်။ ချစ်လှ၏ တည်ကြက်ဖကလေးကို တွေ့သည်နှင့် ချက်ချင်း ဝင်ခွပ်ကြပေတော့မည်။ ချစ်လှမှာအတွေးဖြင့် မြူးနေ၏။ တည်ကြက်ဖကလေးနှင့် ညွှတ်ကွင်းအနေအထားကို တစ်ချက်ပြန်ကြည့်လိုက်သည်။

ကျေနပ်လောက်မှ ညွှတ်ကြိုးဝိုင်းအနီးမှ ဖယ်ကြဉ်ပြီး ထွက်လိုက်၏။ နေရာကောင်းက စောင့်ကြည့်ရန် ဟိုဟိုသည် သည် လျှောက်ကြည့်ပြီး နေရာရွေးလိုက်သည်။ သည်လိုနေရာ မျိုးမှာက ချုံကောင်းတိုင်းဝင်ထိုင်နေလို့ မဖြစ်။

ပင်စည်ကြီး မို့ပြီး အိပ်ငိုက်နေလို့လည်း မရ။ တောရိုင်း တိရစ္ဆာန်များ၏ အန္တရာယ်က မထင်မှတ်ဘဲ ရောက်ချင်ရောက် လာတတ်သည်။ သည်တော့ ချစ်လှ နေရာကောင်းရွေးတတ် ဖို့လိုနေပြီ။ ဟန်ကျပြီ။ မနီးမဝေးတွင် ကတွတ်ပင်ကြီး တစ်ပင်။ ရွက်အုပ်ကလည်း ကောင်းသည်။ ချစ်လှ ကတွတ်ပင်ပေါ် အသာအယာ တွယ်ချိတ်ပြီးတက်လိုက်၏။

ခွကောင်းကောင်းတစ်ခုတွင် အကျအနထိုင်လိုက်သည်။ ရွက်အုပ်ကြားက ညွှတ်ဝိုင်းထဲသို့ ချောင်းကြည့်လိုက်၏။ မြင်ကွင်းက ရှင်းနေသည်။ ချစ်လှ၏ မြင်ကွင်းထဲတွင်တော့ တည်ကြက်ဖကလေးနှင့် ဝိုင်းရံစိုက်ထူထားသော ညွှတ်ကွင်း ကလေးများက အစီအရီ။ ကျွဲမြီးမွေးဖြင့်ကျစ်ပြီး မြှုလုပ်ဖန် တီးထားသော ညွှတ်ကလေး။

မိလို့ကတော့ လွယ်မည်မထင်နှင့်။ လွတ်လေစည်းလေပဲ။ သည်တည်ကြက်ဖကလေးနှင့် ညွှတ်ကွင်းကလေးများသည် ချစ်လှအား လုပ်ကျွေးပေါင်း များလှပြီ။

“အောက်. . . အီး အီး. . . အွတ်”

“အောက်. . . အီး အီး. . . အွတ်”

တည်ကြက်ဖကလေးနှင့် တောကြက်ဖတို့မှာ တစ်ကျော့



ဒီ တွန်သံပေးနေကြသည်။ ချစ်လှအဖို့ နားဝင်ပီယံရှိလှသည့် ဖြစ်ခြင်း။ ဟော. . . ပြောရင်းဆိုရင်း တောကြက်မလေးတစ် ကောင် ချုံပေါ်မှ ပျံဆင်းလာသည်။

ထက်ကြပ်မကွာ တောကြက်ဖလေးတစ်ကောင်ကလည်း ပျံဆင်းလာပြန်သည်။ ချက်ချင်းဘဲ အတောင်ကလေးတစ်ဖက် ကို ခပ်နိမ့်နိမ့်ချပြီး ကြက်မလေးကို မွေ့ပတ်ဟန်ရေးပြလိုက် သည်။ ကြက်မလေးက မလုပ်ပါနှင့်ဟု ဆိုသည့်သဘောပဲ ဖြစ် ဟန်ရသည်။ ကော်ခနဲအော်ပြီး တစ်ဖက်သို့လှည့်ပြီး ရှောင် တိမ်းလိုက်သည်။ ကြက်ဖလေးက မြေကြီးပေါ်တွင် အစာ ကလေးတစ်ခု ရလိုရငြား လိုက်ရှာနေပြန်သည်။

“အောက်. . . အီး အီး. . . . အွတ်”

တောကြက်ဖကလေးသည် ကမ္ဘာတစ်ခွင် သူ့ပဲဘုရင်ဟု သဘောပိုက်ထားပုံရသည်။ ဦးခေါင်းကလေးချီပြီး တွန်လိုက် ပြန်၏။ မ,မာန်ယစ်ပြီး စိတ်ဓာတ်တက်ကြွနေပုံလည်း ရသည်။

“အောက်. . . အီး အီး. . . အွတ်”

သကောင့်သား ချစ်လှ၏ တည်ကြက်ဖကလေးကလည်း လွှယ်။ မ,အတွက် မိုက်ဘက်ပါချင်နေပုံရသည်။

တောင်ပံခတ်ကာ တစ်ချက်တွန်လိုက်ရင်း ကြက်မ လှလှ လေးကို လုယူဖို့တွက် ညွှတ်ဝိုင်းအတွင်းမှ ဒရောသောပါး ပြေး ထွက်လိုက်သည်။ သို့သော် ခြေထောက်ချည်ကြိုးက ဆန္ဒမစော စေရန် သူ့အား သတိပေးနေသည်။ တည်ကြက်ကလေးမှာ သမုဒယကြောင့် ဒေါသဖြစ်လာပုံရသည်။ ပိုပြီး ရုန်းကန်၏။

ချစ်လှ၏ ရင်ခုန်နှုန်းမှာ အထွတ်အထိပ်သို့ ရောက်နေ ပေပြီ။ သူ့ပစ်မှတ်ဝင်တော့မှာမို့ မျက်တောင်မခတ် စိုက်ကြည့် နေသည်။ တောကြက်ဖကလေးမှာ ညွှတ်ဝိုင်းတွင်းသို့ မဝင်ဘဲ အပြင်ဘက်မှာပဲ ကြက်မကလေးနှင့် မွေ့ပတ်သွားလာနေကြ သည်။

တောကြက်ဖကလေးမှာ ကြက်မကို နောက်ချန်ထားပြီး ခွဲသွားချင်ပုံမရ။ ချစ်လှမှာ အားပြုရင်း စိတ်ပင်ပန်းလွန်းနေ ပြီ။

"အဲဒီ ညွှတ်ဝိုင်းထဲ ဝင်လိုက်ပါတော့လားကွာ"

ချစ်လှ၏ ပြင်းပျမှုဆန္ဒတရားသည် တားဆီးမရ မင်းမူ နေ၏။ အလွှတ္တသန္တာန်သည် ဗလောင်ဆူနေသည်။ ကိုယ့် အတွေးနဲ့ကိုယ် အားယူပြီး လက်သီးဆုပ်၍ မြှောက်ပစ်လိုက် ၏။

"အောက်. . . အီး အီး. . . . အွတ်"

"အောက်. . . အီး အီး. . . . အွတ်"

ကြက်ဖနှစ်ကောင်မှာ ဟန်ရေးပြပြီး တွန်ကျူးလိုက်ကြ ပြန်သည်။ ချစ်လှ၏ မျက်နှာကလေး ဝင်းပသွားသည်။ သည် တစ်ချီတော့ တွယ်ကြတော့မှာပဲ။ ချစ်လှမျက်နှာပြုံးရောင် သန်းသွားသည်။ ချစ်လှမှာ ရွက်အုပ်ကြားတွင်မို့ လုံခြုံလွန်း နေသည်။ ချစ်လှ လုံးဝမလှုပ်ရဲ။ လှုပ်ရှားမှုတစ်ခုခု ပြုမိခြင်း ဖြင့် ခွင်ထဲမှ တောကြက်ကလေးများ လန့်ဖျပ်ထပျံ ပြေးသွား ကြလျှင် ဒုက္ခ။



"ဝင်ခွပ်လိုက်တော့ကွာ"

အားမလို အားမရ ကြိတ်မှိတ်တိုက်တွန်းနေပြန်သည်။ ကြက်ဖနှစ်ကောင်မှာ တစ်ကောင်နှင့်တစ်ကောင် ဟန်ရေးပြကာ ခွပ်ကြတော့မည့် အနေအထားမျိုးဖြစ်နေကြပေပြီ။ ခေါင်းကလေး တွေ တခါခါဖြင့် လည်ဆံမွေးများတောင် ထောင်လာကြပေပြီ။

"မြန်း. . . မြန်း. . . မြှောက်. . . မြှောက်"

အသံတစ်သံက ချစ်လှ၏အနီးသို့ ရောက်လာသည်။ ချစ်လှမှာ အာရုံရှုတ်ခြည်း ပြောင်းသွားသည်။ နောက်ဘက် သို့ ဖျက်ကနဲ လှည့်ကြည့်လိုက်သည်။ ဖုံးအုပ်လွှမ်းခြုံနေသော သစ်ရွက်သစ်ခက်တို့မှအပ မည်သည့်အရာကိုမျှ မတွေ့။ အပေါ်သို့ မော့ကြည့်လိုက်ပြန်သည်။ သစ်ရွက်များကြားမှ မိုး သားကောင်းကင်ကြီးကို ကြည်လင်စွာ မြင်တွေ့နေရသည်။

"မြန်း. . . မြန်း. . . မြှောက်. . . မြှောက်"

အသံမှာ အောက်ဖက်မှလာကြောင်း သိလိုက်မိပေပြီ။ ချစ်လှ အောက်ဘက်သို့ ချက်ချင်း ငုံ့ကြည့်လိုက်သည်။ မမျှော် လင့်သော မြင်ကွင်းကြောင့် ချစ်လှ၏အသည်းနှလုံး များ ဒိပ်ပေါ် ရောက်သွားသည်။ မည်သည့်အချိန်က တက်လာ သည်မသိ။

ချစ်လှ၏ အောက်ဘက်သစ်ကိုင်းပေါ်တွင် ဝက်ဝံကြီး တစ်ကောင်။ မွေးနက်ဖွားဖွားကြီးဖြင့် ကြောက်စရာကြီး။ ဝက်ဝံ ကြီးမှာ ပတ်ဝန်းကျင်ကို လုံးဝဂရုမစိုက်။ ကတွက်သီးများကို တဖျစ်ဖျစ် ဝါးစားနေသည်။ ချစ်လှမှာ ငယ်ထိပ်မြွေပေါက်ခံ

ရသလို တုန်နေခဲ့ပေပြီ။ ဆင်းပြေးဖို့ကလည်း ဝက်ဝံကြီး
ဘောက်ကဆီးနေသည်။ အပေါ်သို့ ဆက်တက်ဖို့
လည်း လွှပ်ရှားဖို့မလွယ်။ ခုန်ချဖို့ကလည်း အမြင့်ကြီး။
သို့သော် တစ်ခုက်ကောင်းနေသည်က ဝက်ဝံကြီးက
ကိုမြင်ပုံမပေါ်။ ပင်စည်ကြီးတွင် တွယ်ကပ်ပြီး အပွတ်လို
သီးနေကြသော ကတွတ်သီးများကိုသာ သဲသဲမဲမဲ စားနေသည
ဝက်ဝံကြီးမှာ အစာရှာမှုက်ဇောကြောင့် ပတ်ဝန်းကျင်ကို
နေသယောင်။

ဝက်ဝံကြီးမှာ ချစ်လှအနီးသို့ ရောက်မှန်းမသိ ရော
လာခဲ့ပေပြီ။ ချစ်လှ ဆောက်တည်ရာမရတော့။ နတ်ဝင်သ
မလို တုန်နေပေပြီ။ ဝက်ဝံကြီးမှာ သစ်သီးကိုစားလိုက်၊ သ
ခေါက်ကို စားလိုက်နှင့် အစာကိုသာ မဲနေသည်။ ချစ်လှ
ကား လုံးဝသတိမထား။ တဖြည်းဖြည်း ချစ်လှအနီး လက်တ
ကမ်းအလိုသို့ ရောက်လာပေပြီ။ ချစ်လှ ကြံရာမရတော့။ ချစ်
အဖို့ အရာရာသည် မှောင်မည်းနေပေပြီ။

"ရှောကွာ"

"ခလွတ်. . . ခလွတ်. . . ခလွတ်. . . ဗိုင်း"

"ဂဝူး. . . ဝူး. . . . ဝူး. . ဝူး"

"ဝေါင်း"

"ကတော်. . . ကတော်. . . ကတော်"

ထိတ်ဆိတ်နေသော ပတ်ဝန်းကျင်သည် တစ်ခဏ်အတွ
ပွတ်လောညံသွားပေတော့သည်။ ချစ်လှမှာ မည်သို့လုပ်လို



န်းမသိ။

နောက်မှ မိမိကိုယ်ကို ဆန်းစစ်ကြည့်လိုက်သည်။ ဝက်ဝံ
ကြီးအား အားကုန်သွင်းပြီး အရှိန်ပြင်းစွာဖြင့် ကန်ချလိုက်မိ
ပြီ။ သတ္တိရှိ၍ကား မဟုတ်။ အကြောက်လွန်ပြီး လုပ်မှန်း
သိ လုပ်လိုက်ခြင်းပင်။

ဝက်ဝံကြီးကလည်း အလစ်တွင် ခံလိုက်ရ၍ မည်သို့မျှမ
တ်နိုင်ခဲ့။ မြေကြီးပေါ်သို့ ထန်းသီးကြွေသလို ကြွေဆင်းခဲ့
သည်။ ဝက်ဝံကြီးမှာ မည်မျှနာကျင်ပြီး မည်မျှလန့်ဖျပ်သွား
သည်မသိ။ တဝူးဝူးအော်က တောင်ကြောဘဲသို့ လေ၏
ျင်မြန်ခြင်းဖြင့် ပြေးဝင်သွားခဲ့ပေတော့သည်။ လောက၏
ြင်ပျက်မှု အကြောင်းတရားများသည် တစ်ခါတစ်ရံ၌ စိတ်
ယဉ်ရေးသားချက်များထက်ပင် ဆန်းကြယ်တတ်သည် ဆို
သာအချက်မှာ ကြုံဖူးသူများအတွက် မှန်ကန်လွန်းလှသည်။
ခုလည်း ကြည့်. . .။

ဝက်ဝံကြီး သစ်ပင်ကြီးပေါ်မှ ကြွေဆင်းသွားသည်နှင့်
စ်ဆက်တည်းပင် ဝေါင်းကနဲအော်ကာ တောရိုင်းတိရစ္ဆာန်
ကြီးတစ်ကောင်သည်လည်း ဝက်ဝံကြီး၏ ဆန့်ကျင်ဘက်အရပ်
သို့ ကဆုန်စိုင်းခဲ့လေပြီ။

ဖုန်းဆိုးတောကြီးတစ်ပိုက် ခါယမ်းကျန်ခဲ့ပေသည်။
သည်ကောင်ကြီးကတော့ ဒါးလက်ချောင်း ဝဲယာတစ်လျှောက်
ယိုင်ပြီး တာရှင်ခံနေသော နီလာစင်းကြီးပဲ ဖြစ်တန်ရာ
သည်။ သားမျိုးကြီးက ချစ်လှ၏ တည်ကြက်ဖကလေးကို

တစ်နပ်စာ မပြည့်၍ ဘေးမဲ့ပေးထားခဲ့သည်လား။ သို့တ[illegible]
မဟုတ် ကတွက်သီး၊ ကတွက်ခေါက်ကို အာသာငန်းငန်း [illegible]
နေသည့် ဝက်ဝံကောင်ကြီးကိုပဲ ချောင်းနေသည်လား။

ဒါမှမဟုတ် မနုဿမုဆိုး မကျတကျ ကိုချစ်လှ[illegible]
အသွေးအသားကိုများ ဝါးမျိုးချင်နေသလား။ ခွဲခွဲခြားခြ[illegible]
မသိနိုင်ခဲ့။ ကတွက်ပင်ပေါ်မှ ဝက်ဝံကြီး၏ ကြွေဆင်းသံသ[illegible]
သည့်ကောင်ကြီးအတွက် နွေခေါင်ခေါင် မိုးကြိုးပစ်ခံလို[illegible]
ရသလိုမျိုး ဖြစ်သွားခဲ့ပေပြီ။

မည်သို့ပင်ဆိုစေ ချစ်လှအတွက်တော့ ထံကောင်[illegible]
သည်က အမှန်။ သို့မဟုတ်ပါက အနီးကပ်ရန်သူ၏ လ[illegible]
တွင်းသို့ သက်ဆင်းရသည်မှာဧကန်။

ဝက်ဝံကြီး၏ ကြွေဆင်းသံ၊ အော်ဟစ်သံ၊ ပြေးလွှား[illegible]
နှင့် သားမျိုးကြီး၏ လျှက်တစ်ပြက် အော်ဟစ်သံ၊ ပြေးလွှား[illegible]
တို့ကြောင့် ချစ်လှ၏ညွတ်ကွင်းအနီးသို့ ရောက်နေကြသေ[illegible]
တော ကြက်မောင်နှံတို့မှာလည်း တကော်ကော် အော်မြည်ရ[illegible]
အလန့်တကြား ပြေးသွားကြပေပြီ။

ချစ်လှ၏ ကိတ္တမသား တည်ကြက်ကလေးမှာလည်[illegible]
အသက်တစ်ချောင်း ကြွင်းကျန်ရေးအတွက် ဆောက်တည်[illegible]
မရ အော်ဟစ်ရုန်းကန်နေပေတော့သည်။

ချစ်လှမှာကား ရလာသောအခွင့်အရေးကို မလွတ်တ[illegible]
သုံးရပေတော့မည်။ ချစ်ချင်းပဲ ကတွက်ပင်ပေါ်မှ ကမူး[illegible]
ထိုးဖွတ်တွယ် ဆင်းလိုက်သည်။ မြေပြင်သို့တောင် မရော[illegible]



[illegible]သား အမြင့်ရှစ်ပေလောက်ကပင် ခုန်ချလိုက်သည်။

"ဖြန်း. . . ဖြန်း. . . ဖြန်း. . . ဒုန်း"

မြေပြင်ပေါ်သို့ တလိမ့်ခေါက်ကွေး ကျသွား၏။ နည်း
[illegible]နာသွားသည်ကို စဉ်စားနေလို့ရမတဲ့လား။ ချက်ချင်းပဲ
[illegible]ယကာ တောင်ကြောထဲမှ တစ်ချိုးတည်းလစ်ထွက်ခဲ့ပေ
[illegible]သည်။ တည်ကြက်ဖလေးနှင့် ညွတ်ကွင်းမှုလည်းပိုင်ရှင်မဲ့
[illegible]ရစ်ခဲ့ပေတော့သည်။

တောကြက်ဆရာ ချစ်လှတစ်ယောက်မှာတော့ အိမ်သို့
[illegible]မောဆို့ပြီး ရောက်လာခဲ့သည်။ ရောက်သည်နှင့် ဖြစ်ပျက်
[illegible]ကြောင်းစုံကို ရေရေရာရာတောင် မပြောနိုင်ခဲ့။

ချက်ချင်း အဖျားဝင်ကာ အယောင်ယောင်၊ အမှားမှား
[illegible]နေပေတော့သည်။ ရွာဆေးဆရာ ဦးဘိုးနုက လန့်ဖျား
[illegible]သွားသည်ဟု ပြောသည်။ ခုနစ်ရက်တိုင်တိုင် ဆေးကုသ
[illegible]ယူပြီးမှ အဖျားပျောက်သွားခဲ့သည်။

ချစ်လှမှာ ယင်းအချိန်မှစပြီး နောက်နောင် မည်သည့်
[illegible] ကြက်ထောင်ဖမ်းသည်ကို မတွေ့ရတော့ပေ။ သူ့ကို
[illegible] ကြက်ချစ်လှဟု နာမည်တွင်ခဲ့ပေတော့သည်။

ဖြစ်ပျက်မှုအကြောင်းတရားလေးမှာ ကြာတော့ ကြာခဲ့
[illegible] သို့သော် ကြက်ထောင်ခြင်း၊ ကြက်တည်ခြင်းအကြောင်း
[illegible]များကိုပြောကြတိုင်း ကြက်ချစ်လှ၏ နှလုံးတုန် ရင်ခုန်ခဲ့ရ
[illegible] အဖြစ်သနစ်က ရှောက်ခြံရွာသားတို့၏ ပါးစပ်ဖျားတွင်
[illegible]ကောင်းနိုင်သေး။ ယနေ့တိုင် ပြောနေကြဆဲ၊ ပြုံးနေကြဆဲ။

မြဝတီမဂ္ဂဇင်း။ ၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလ။




## လောကသစ်မှ ပုတ်ထုတ်လိုက်သည်

စစ်တွေမြို့၊ ကုန်းတန်းရပ်ရှိ "ခေတ်ဆန်း စားသောက်
ိုင်"သည် ဆတ်နိုးကျချောင်း ကုန်တင်ကုန်ချ ဆိပ်ကမ်းများ
ဘ်ဝန်းကျင်တွင်ရှိသဖြင့် နေစောင်းလာသည်ဆိုလျှင်ပင်
လုပ်သမားများ၊ မော်တော်ပိုင်ရှင်များ၊ လှေ သမ္ဗာန်ပိုင်ရှင်
းဖြင့် ပြည့်နှက်လျှက်ရှိပေသည်။ စားသောက်ဆိုင်၏ လက်ဝဲ
က် ချောင်ကျကျနေရာမှာတော့ ထင်းဆိုင်ပိုင်ရှင် ဦးသိန်း
၊ ပုဇွန်အဝယ်ဒိုင်ပိုင်ရှင် ကိုခင်နွဲ့နှင့် ကျောင်းဆရာကြီး
းလွမ်းဝေတို့သည် ထွေရာလေးပါး ပြောရင်း အပန်းဖြေစား
သောက်လျှက်ရှိကြသည်။

"အခု ရွှေမင်းဂံမှာ ဘင်္ဂလားက မော်တော်တွေ အရမ်း
င်နေကြတယ်။ ဒီမော်တော်တွေအတွက် ဆားကုမ္ပဏီတွေက

တစ်ပိသာကို ၁၉/-ထိ ပေးဝယ်နေကြတယ်။ ကိုလွှမ်းဝေ
မြေပုံမြို့နယ်မှာ နေလှန်းဆားတွေ လုပ်ကြတယ်ဆိုတော့ ဆား
ရနိုင်မှာပေါ့။ ကိုလွှမ်းဝေ ဆားဝယ်လေ၊ ဒါ သေချာပေါက်
ဦးသိန်းရွှေမှာ စီးပွားရေးသမားတစ်ဦးပီပီ စီးပွားရေ
ဈေးကွက်တစ်ခုကို ဖျတ်ခနဲ လှစ်ပြလိုက်သည်။ ဦးသိန်းရွှေနှ
ဦးလွှမ်းဝေတို့မှာ တက္ကသိုလ်စာပေးစာယူ ဖြေကြရာမှ ညီအစ်ကို
အရင်းပမာ ရင်းနှီးကျွမ်းဝင်ခဲ့ကြ သော မိတ်ဆွေများ ဖြစ်ကြ
သည်။
"ကျွန်တော်လည်း ရှယ်ယာလိုက်မယ်လေ၊ မော်တော်
ကတော့ ဆရာကြီးတို့ သရက်တောင်ရွာမှာ တော်တော်ပေါ
တာပဲ။ အဲဒီက ဆားပိသာချိန် သုံးသောင်းလောက်ဆို့တို့
မော်တော်တစ်စီးငှားလိုက်ရင် ပြီးတာပဲ မဟုတ်လား"
ဦးလွှမ်းဝေ၏ တပည့်ကြီးစာရင်းဝင် ကိုခင်နွဲ့၏ ပြော
စကားကို နားထောင်ရင်း ဟုတ်သလိုလို တွေးမိသည်။ သို့သော်
ဦးလွှမ်းဝေ ဘာမှတော့ ပြန်မပြောမိ။
"ကိုလွှမ်းဝေတို့ဆီမှာ ဆားတစ်ပိသာ ၁၅/ လောက်
မရနိုင်ဘူးလား။ ဆားတစ်ပိသာ ၁၅/-၊ မော်တော်ခက ၅/
မော်တော်ချခပြား ၅ဝါးဆိုရင် ၁၄/-ကျပ်ခွဲ ကိုက်မယ်။ တစ်
ယောက်ကို ပိဿာတစ်သောင်းစီဆိုတော့ ၄၀၀၀၀/-
မြတ်မှာပဲ။ ဒါ ဘယ်လောက်လဲ မကြာဘူး။ အလွန်ကြာရင်
ဆယ်ရက်လောက်ပါပဲ"
ဦးသိန်းရွှေက အချက်ကျကျ တွက်ပြလိုက်သည်။



ကိုခင်နွဲ့က ဘယ်လိုလဲ၊ လုပ်မယ်မဟုတ်လား ဟူသော သဘော
ဖြင့် ဦးလွှမ်းဝေဘက်သို့ လှည့်ကာ ပြုံးပြသည်။ ဦးလွှမ်းဝေမှာ
ဒီဒီလစာထက် အပြင်ဝင်ငွေ ရရှိဖူးသူ မဟုတ်သဖြင့် ငွေရရှိ
ည့်အရေးကို တွေးပြီး မျက်နှာတစ်ခုလုံး ဝင်းလက်သွားသည်။
ိုနိုစိတ်ဝင်စားမှု ပြလာသည်။ တစ်ယောက်ကို တစ်သောင်းကျ
ဆိုတော့ ငွေရင်းလည်း တစ်သိန်းကျော်လောက် လိုမှာပဲဟု
တွေးနေမိသည်။ အိမ်မှာတော့ မိမိတို့လင်မယား စုထားတဲ့
ချွေးနည်းစာငါးသောင်းလောက် ရှိသည်။ အရင်းမမီနိုင်မှု
ကြောင့် ပြောမထွက်။
"ကိုသိန်းရွှေပြောတာ ဟုတ်တော့ ဟုတ်ပါတယ်။ ဆယ်
ရက်လောက်အတောအတွင်းမှာ ငွေလေးသောင်းရလာမယ်ဆို
တာ လွယ်တာမဟုတ်ဘူး။ ကျွန်တော်တို့တောက ဆရာတွေ
အတွက် စိတ်ကူးထဲတောင် ထည့်ရဲတာ မဟုတ်ဘူး။ ဒါပေမယ့်
ကျွန်တော့်အနေနဲ့ ရင်းရမယ့်ငွေရဲ့ တစ်ဝက်တောင် မီနိုင်မယ်
သင်လို့ စဉ်းစားနေမိတာပါ"
"ဟာ. . . ဆရာကြီးကလည်း ဆရာကြီးအတွက် လိုအပ်
တာကို ကိုသိန်းရွှေနဲ့ ကျွန်တော်နဲ့ စိုက်မှာပေါ့။ မဟုတ်ဘူးလား
ကိုသိန်းရွှေ။ ကျွန်တော်က ဆရာကြီးကို ကိုယ့်ငယ်ဆရာရင်းမို့
သိပ်ကြည်ညိုရပါတယ် ဆရာ"
"ရတယ်လေ ရတယ်၊ အဲဒါကို ကိုလွှမ်းဝေ ဘာမှမပူနဲ့။
ငွေညီးကိုသာ ရအောင်ရှာပါ"
ကိုသိန်းရွှေ၏ စကားအဆုံးတွင်တော့ တစ်ယောက်မျက်

နှာတစ်ယောက်ကြည့်ကာ ပြုံးတုံ့ပြုံးလိုက်ကြသည်။

× × × × ×

ဦးလွှမ်းဝေ၏ ဘဝတစ်သက်တာတွင် မည်သည့်အခါမျှ ကိုင်ဖူးလိမ့်မည်ဟု မထင်ခဲ့သော ငွေသုံးသိန်းကျော်ကို ပိုက်ပြီး ဆားဝယ်ထွက်ခဲ့လေပြီ။ ဦးလွှမ်းဝေတို့ နေထိုင်သော ကျွန်းစဉ်နယ်မြေသည် တစ်ကျွန်းတစ်ရွာဆိုသလို တည်နေကြပေသည်။ တစ်ရွာနှင့်တစ်ရွာ တစ်နေရာနှင့်တစ်နေရာ သွားလာရာ၌ ခုန်၍ လှမ်း၍မရလျှင် လှေကလေးများကိုသာ အသုံးပြုပြီး သွားလာကြရပေသည်။ ဆားအဓိကထွက်ရာဖြစ်သော ပေါက်တူးတောင်ရွာသို့ ရောက်ရှိလာခဲ့သည်။ နေလှန်းဆားကွင်းက နှစ်ဆယ်လောက်တောင်ရှိနေမှတော့ ဆားသုံးသောင်းလောက်ကို လုံးဝခက်လိမ့်မည်မထင်။ ပေါက်တူးတောင် ဆားကွင်းမြေတစ်ခွင် တစ်ကွင်းဝင် တစ်ကွင်းထွက် မမောနိုင်မပန်းနိုင် လျှောက်လှမ်းခဲ့သည်။ ကုန်သည်မလုပ်ဖူး၍လည်း ကုန်သည်ပါးမဝ။ ကုန်သည်ရုပ်မပေါက်။ ကုန်သည်အက်ရှင်မရှိဖြစ်ဟန်တူသည်။ ရှက်သလိုလို ကြောက်သလိုလိုတော့ အရှိသား။ ပါလာသော ငွေအတွက်လည်း စိတ်ဓာတ်လုံခြုံမှုကမရှိ။ ဆားကွင်းတစ်ကွင်းနှင့် တစ်ကွင်း ကြားတွင် တောခြားသော နေရာခြား၊ ချောင်းခြားသောနေရာခြားမို့ စပ်ကူးမက်ကူးနေရာများတွင် လူသူလေးပါးတွေ့တိုင်း သံသယစိတ်ဖြင့် ကြည့်မိသည်။ သမင်လည်ပြန်ကြည့်၍ ဝေးသွားမှ စိတ်ချမိ



သည်။ ငွေသည် လူကို ခြောက်လှန့်တတ်သည်ဆိုသည်မှာ ဤနေရာတွင် မှန်နေပေသည်။

တစ်နေ့ကုန်တစ်နေ့ခန်း ခရီးလှမ်း၍ ဆားကွင်းများ စုံမိသောအခါ ဦးလွှမ်းဝေအနေဖြင့် ဆားသုံးသောင်းကို မဆိုထားနှင့် သုံးပိဿာတောင် မရခဲ့ပေ။ စစ်တွေ ရွှေမင်းဂံကုမ္ပဏီများမှ အဝယ်ကိုယ်စားလှယ်များက သူ့ထက်ငါနိုင်အပြိုင်အဆိုင် ဝယ်ယူထားကြပြီး ဖြစ်သည်။ စရံပေးထားသူပေး၊ ငွေအကြေပေးသူပေး။ မော်တော်သို့ ချသူချ၊ ဆားပြည့်၍ ပြန်သူပြန်ဖြင့် ရှုတ်ရှက်ခတ်နေပေသည်။ ဦးလွှမ်းဝေမှာ ချောင်းတွေ့မြောင်းတွေ့များကို ကျော်ဖြတ်ပြီး စိတ်အားငယ်ငယ်ဖြင့် လာလမ်းအတိုင်း ပြန်ခဲ့ရသည်။

× × × × ×

ဝဘော်ကြီးရွာ။ ဤရွာသည် ဦးလွှမ်းဝေတို့နေသော သရက်တောင်ရွာနှင့် တော်တော်လှမ်းသည်။ လှေဖြင့် ဝါးနာရီကျော်ကျော် လှော်ရပေသည်။ နေလှန်းဆား အနည်းအကျဉ်း ထုတ်လုပ်သည်ဟု သတင်းကြား၍ ရေစုန်စီးကာ ခပ်သွက်သွက် လှော်လာခဲ့ပေသည်။ ရေဆန်ကျသော ကွေ့များတွင်မူ ဘား ဦးလွှမ်းဝေအဖို့ လက်ဖျံရိုးများ ဆတ်ဆတ်ခါအောင် လှော်ရပေသည်။ တက်ချက်ဆယ်ကြိမ်လောက်မှ တစ်လံလောက်ရွေ့သည်ဟု ထင်ရသည်။ ဦးလွှမ်းဝေ၏ ဘဝတစ်သက်တာတွင် ပိုက်ဆံမချမ်းသာသော်လည်း ဤမျှ ခက်ခဲပင်ပန်း

လှသော အလုပ်မျိုးကို တစ်ခါမှ မလုပ်ခဲ့ဖူးပေ။ တရစပ်လျှော် ခတ်ရင်း ဝဘော်ကြီးဆားကွင်းသို့ ရောက်ခဲ့ချေပြီ။ ကြံ့ရာမြို့ ရုံတစ်ရုံတွင် လှေကြီးချည်ပြီး အပြေးအလွှား တက်ခဲ့သည်။ ဤနေရာတွင်တော့ ပေါက်တူးတောင်လောက် လူမရှုတ်ပေ။ မော်တော်တစ်စီးသာ ဆားချလျက် ရှိသည်။ ဆားပုံများ ကိုလည်း မြင်နေရသည်။ တဲတစ်လုံးထဲသို့ အရဲစွန့်ပြီး ဦးလွမ်း ဝေ ဝင်လိုက်သည်။ ပိုင်ရှင်ဖြစ်ဟန်တူသူက. . .

"လာပါ. . . ဝင်ပါ၊ ဘယ်ကလာပါသလဲ၊ ဘာကိစ္စရှိပါ သလဲ။ ရေနွေးကြမ်းလည်း သောက်ပါဦး"

ဦးလွမ်းဝေမှာ တိုးပေးလာသော ရေနွေးကြမ်းခွက်ကို ကောက်ပြီး တရှူးရှူး မှုတ်ကာ အားပါးတရ သောက်ချလိုက် သည်။ လူပျို့လက်ဖက်ခြောက်ကို မည်းနက်အောင်ထိ ကျိုထား ရာ နေပူမှ ဝင်လာသူအတွက် ရေသောက်တော်ပြေသလိုလို ရှိသည်။ ပြီးမှ လာရင်းကိစ္စကို ဖွင့်ဟလိုက်သည်။

"ကျွန်တော် ဆားဝယ်ချင်လို့ဗျာ။ ဒီမှာ ဆားများ ရနိုင် မလား၊ ပေါက်ဈေးကော ဘယ်လောက်ထိ ဖြစ်နေပြီလဲ"

ဦးလွမ်းဝေသည် လာရင်းကိစ္စကို ပြောပြလိုက်သည်။ ကုန်သည်အလုပ်ဆိုတာ ကလေးတွေကို စာပြရတာနဲ့ မတူပါ လားဟု တွေးမိသည်။ စာပြရသည်မှာ မိမိတတ်ထားသော ပညာကို ကလေးတွေတတ်ပါစေခြင်း အလို့ငှာ ယုံယုံကြည် ကြည်ဖြင့် ပြောဆိုပြသရသော ပညာရပ်ဖြစ်၍ သိပ်ပြီး ခက်ခဲ မှုမရှိပေ။ မိမိသင်ပြသည်ကို ကလေးတွေ တတ်သိနားလည်ကြ



လျှင် အတိုင်းမဆာမရှိသော ဝမ်းသာခြင်းမျိုးဖြင့် ပီတိဖြစ်ရ သည်။ ခုတော့ ဤသို့မဟုတ်၊ ကုန်သည်အလုပ်က အလုပ်စိမ်း ဖြစ်၍ အပြောအဆို၊ အပြုအမူ မမှားရအောင် တော်တော့်ကို သတိထား၍ လုပ်ဆောင်နေရသည်မှာ ဦးလွမ်းဝေအဖို့ ပင်ပန်း လွန်းလှသည်။

"ဆားကတော့ ရမယ်၊ ၂၀/-ပေးရမယ်"

ဆားပိုင်ရှင်စကားကြောင့် ဦးလွမ်းဝေ မည်သို့ဆက် ပြောရမည်မသိ ဖြစ်သွားသည်။ ပေါက်တူးတောင်ဈေးကွက် မှာ ၁၅/-သာရှိသည်။ တစ်မြို့နယ်ထဲမှာ ဝဘော်ကြီးကျတော့ မည်သည့်အကြောင်းကြောင့် ၂၀/-ဖြစ်နေရသနည်း။

"ကျွန်တော် နည်းနည်းမေးပါရစေ၊ မနေ့က ကျွန်တော် ပေါက်တူးတောင်ကို ရောက်ပါတယ်။ ၁၅/-ဈေးပဲ ရှိပါတယ်။ ဒီမှာ ၂၀/-ဆိုတော့ မများဘူးလားဗျာ"

"ဒါက ဒီလိုရှိပါတယ်၊ ဟုတ်ပါတယ် ခင်ဗျားပြောသလို နေ့ကထိ ၁၅/-ပါပဲ။ ဒီနေ့မနက်မှာပဲ ၅/-တိုးသွားပါတယ်။ ယုံရင် ဟိုဆားချနေတဲ့ မော်တော်ကိုလည်း မေးကြည့်ပါ။ ပွားရေးဈေးကွက်ဆိုတာ ဒီလိုပဲ အမြဲတမ်း ပြောင်းလဲနေ တတ်တယ်လေ"

ဆားပိုင်ရှင်က ခပ်ပိုင်ပိုင် ရှင်းပြလိုက်သည်။

"၅/-လောက်လျှော့စမ်းပါ။ အရင်လို ၁၅/-ပဲထားပါ"

"ဪ. . . ခင်ဗျားကလည်း ၂၀/- ဈေးဖြစ်နေပါပြီ ဒီမှာပဲ၊ ကိုယ့်လူအနေနဲ့ မယူချင်ရင်လည်း ရပါတယ်။ သဘော

ကျမှ ဝယ်ပါ။ ပေါက်ဈေးကို ဆစ်လို့တော့ ဘယ်ရမလဲ"

ဦးလွှမ်းဝေမှာ ဆားပိုင်ရှင်၏ စကားကြောင့် အော
သက်သက် ခံသွားရသည်။

"ကျွန်တော် နည်းနည်းဆစ်ကြည့်တာကလည်း ခင်ဗျ
ဆားရဲ့ အရောင်အသွေးက ပေါက်တူးတောင်ကဆားနဲ့ ယှ
ကြည့်ရင် နည်းနည်း နီရောင်သမ်းနေလားလို့ စံချိန်မမီရ
ဟိုမှာ ဈေးနှိမ်ခံရမှာ စိုးလို့ပါ"

ဦးလွှမ်းဝေသည် အသင့်တော်ဆုံးသော စကားများကို
ရွေးချယ်ပြီး အရှက်ပြေပြောလိုက်သည်။

"ဒါက ဒီလိုရှိပါတယ်။ ကျွန်တော်တို့က တွင်းသစ်တွေပါ
ဒီမှာ ဖဝက်သာမြေက မြေခံနည်းနည်းရှိနေတာမို့ မသိမသာ
နီနေတာပါ၊ ဟိုမှာ မိတ်ဆွေအနေနဲ့ ဈေးကောင်းတော
ရနိုင်ပါသေးတယ်"

ဆားရှင်၏ စကားကြောင့် ဦးလွှမ်းဝေမှာ တော်တော်
သဘောကျသွားသည်။ ၁၃/-ဆိုလည်း မဆိုးသေးပါဘူး
တစ်ပေါက်ကို သုံးသောင်းလောက်ထိ ကျွန်နိုင်သေးတာပဲ
တွေးရင်းနဲ့ ကျေနပ်နေမိသည်။

"ကဲ. . . ဟုတ်ပါပြီ။ ခင်ဗျားတို့ ပြောတဲ့အတိုင်း ၁၃/
ပဲ ကျွန်တော်ပေးပါမယ်။ ခု စရံတစ်သိန်း ယူထားလိုက်
နောက်သုံးရက်ဆို လာတင်ပါ့မယ်။ ခင်ဗျားတို့ဘက်က သေချ
ရဲ့လား"

"ကျွန်တော်တို့ဘက်ကတော့ အိုကေပဲ။ ဟိုဘက်ကကွ



နဲ့ ကျွန်တော့်ကွင်းပေါင်းလိုက်ရင် ခင်ဗျားအတွက် ဆားသုံး
သောင်းလောက်တော့ အေးအေးဆေးဆေး ပြည့်ပါတယ်။ မပူ
ပါနဲ့"

ဦးလွှမ်းဝေမှာ မုန့်ချက်နှင့် နှမ်းထွက်ကိုက်ပြီးမှ အူမြူး
လျက်ရှိသည်။ လှေကလေးကိုလှော်ပြီး လေကလေးတချွန်ချွန်
ဖြင့် ရွာလမ်းသို့ ပြန်ခဲ့သည်။ ချောင်းတစ်ကွေ့ လှည့်တိုင်း
ငွေဖျိုင်းမြူများ အုပ်လိုက် ထပျံပြေးကြသည်မှာ ဦးလွှမ်းဝေအဖို့
တစ်မျိုး ကြည့်ကောင်းသလို တွေးနေမိသည်။

× × × × ×

ဦးသိန်းရွှေနှင့် ကိုခင်နွဲ့တို့မှာ လုပ်ငန်းကိုယ်စီ ရှိနေကြ
၍ ဆားရောင်းဝယ်ရေးကိစ္စကို ဦးလွှမ်းဝေအား လုံးဝဥဿုံ
တာဝန်လွှဲအပ်ထားကြသည်။ ဦးလွှမ်းဝေသည် ဒေါ်မြမြသိန်း
ပိုင် 'မြရတနာခိုး' မော်တော်ဖြင့် မြစ်ချောင်းအသွယ်သွယ်
ကို ဖြတ်ကျော်ကာ ရွှေမင်းဂံဆိပ်ကမ်းသို့ ခုတ်မောင်းလာခဲ့ပေ
သည်။ ဆယ်ရက်အတွင်း ငွေသုံးသောင်းရမည့်အရေးကို တွေး
ပြီး အပျော်ကြီး ပျော်လျက်ရှိပေသည်။ မိမိအား အရင်းစိုက်
ထုတ်ပေးကြသော ဦးသိန်းရွှေနှင့် မောင်ခင်နွဲ့တို့အားလည်း
သူ့အသိရှိကြသူများဟု ကျေးဇူးတင်မဆုံး ဖြစ်လျက် ရှိပေသည်။
သွားတာလာတာ၊ နေတာထိုင်တာတအစ သွက်လက်ပေါ့ပါး
ပါဘိ။

မင်းဂံချောင်းတစ်လျှောက်ရှိ ကုမ္ပဏီပိုင် မော်တော်ဆိပ်

ကမ်း၌ ဆားမော်တော်များဖြင့် ပြည့်နှက်လျက်ရှိသည်။ ချောင်
နိုးတစ်လျှောက်တွင်တော့ ဘင်္ဂလားဒေ့ရှ်မှ မော်တော်ကြီးများ
မှာ အစီအရီ ကျောက်ဆူးချ ရပ်နားလျက်ရှိကြ သည်။
ရတနာမိုး' မော်တော်သည် ကုမ္ပဏီဆိပ်ကမ်းတစ်ခုတွင်
ကပ်လိုက်သည်။ ဦးမြအောင် ကုမ္ပဏီဖြစ်ကြောင်း သိရသည်
ဦးလွမ်းဝေသည် ကြွတ်ကြွတ်အိတ်တစ်လုံးထဲတွင် ဆားအနည်
ယ်ထည့်ပြီး ဆားနမူနာ ပြရန်အတွက် တက်လာခဲ့သည်။

"ကျွန်တော့်မှာ ဆားပါလာ လို့ပါဗျာ၊ ဒီဆားကို ဘယ်
ပေးနိုင်ပါလဲ"

ဦးလွမ်းဝေက လုပ်ငန်းသဘောအရ အရောင်းအဝ
လုပ်ရန် စကားစလိုက်ခြင်း ဖြစ်သည်။ ဆားအဝယ် ကိုယ်စ
လှယ်သည် ဆားနမူနာကို လက်ဖဝါးတွင်ထည့်ပြီး ဖြန့်ကြ
လိုက်သည်။

"ခင်ဗျားဆားက ညှိတယ်၊ အပွင့်လည်း သေးတယ်၊
လည်းနိတယ်၊ ၁၇/-ကျပ်ထက်တော့ ပိုမပေးနိုင်ဘူး"

ဦးလွမ်းဝေ၏ ရင်ခုန်နှုန်းသည် တစ်ဆမြင့်တက်
မြည်ဟီးသွားသည်ဟု ထင်လိုက်သည်။

"ခင်ဗျားဟာက ဟုတ်ရဲ့လားဗျာ၊ ကျွန်တော်ကြားတ
ကတော့ ၁၉/-ဈေးရှိတယ်လို့ ကြားတာပဲ။ ခင်ဗျားတို့ ဝ
ဈေးမှန်ကို ပေးစမ်းပါ။ ကျွန်တော်လည်း တစ်ခါမှ ဝယ်
ရောင်းဖူးတာ မဟုတ်ဘူး။ ၁၇/-ဆိုရင် ကျွန်တော့်မှာ လ
မကိုက်လို့ပါဗျာ"



"ဒါက ဒီလိုရှိပါတယ်။ ကျွန်တော်တို့ဝယ်တဲ့ ဆားသုံးမျိုး
တ်မှတ်ထားပါတယ်။ ပုသိမ်ဆားက ပထမ၊ ကျောက်ဖြူ
ားက ဒုတိယ၊ ပေါက်တောဆားက တတိယပါ။ ခု ခင်ဗျား
ားက တတိယအဆင့်ကိုတောင် မမီပါဘူး၊ ဒါကြောင့်မို့ပါ။
မ္ပဏီကို အားကိုးတကြီးလာတာကို ပြန်လွှတ်ရင် မကောင်း
ို့သာ ယူထားရမှာမို့ပါ"

အဝယ်ကိုယ်စားလှယ်၏ ရှင်းပြခြင်းနှင့်အတူ ဝဘော်ကြီး
ွင် ဆားဝယ်စဉ်က ဆားပိုင်ရှင်က ဆားကောင်းကြောင်းကို
က ဒီလိုရှိပါတယ်ဆိုပြီး ရှင်းပြခြင်းကိုလည်း ပြန်လည်ကြား
ောင်မိပြန်သည်။ ဦးလွမ်းဝေမှာ မတတ်သာသည့်အဆုံးတွင်
ါင်းညိတ်ခံလိုက်ရသည်။ သို့သော် ဆားကိုကား ချက်ချင်း
င်ခွင့်မရသေးချေ။ ဗီနီယာမော်တော်များကို စောင့်ရပေဦး
ည်။

× × × × ×

နွေနှောင်းကာလပီပီ အရပ်ရှစ်မျက်နှာတွင် တောင်နိုး
ဝေမြူခြေဆိုင်းဆိုင်း ဖုံ့ကာမှိုင်းလျက်ရှိသည်။ ဦးလွမ်းဝေ
၏ စိတ်အစဉ်သည်လည်း သဘာဝလောက၏ အဆင်တန်ဆာ
ကဲ့သို့ ရီဝေမှုန်မှိုင်းလျက်ရှိသည်။ နံနက်လင်းစအချိန်မို့ မင်းဂံ
ဆိပ်ကမ်းမှ အရှေ့ဘက်သို့ မျှော်ကြည့်မိရာ ကစ္ဆပနဒီ၏ အနား
သတ်ရေပြင်စပ္ပ နေဝန်းနီနီကို လှမ်းမြင်နေရသည်။ ဦးလွမ်း
သည် တိုကျော်သန်း စားသောက်ဆိုင်သို့ ဝင်ပြီး ဘီယာ

တစ်လုံးဖွင့်ကာ တဖြည်းဖြည်း သောက်နေမိသည်။ မည်မျှ
ကြာသွားသည်မသိ။ တရှပ်ရှပ်ခြေသံကြား၍ လှည့်ကြည့်လိုက်
ရာ အသားမည်းမည်း၊ ဝင်တိုတိုဖြင့် လူတစ်ယောက် မိမိအနီး
တွင် လာရပ်နေသည်ကို တွေ့ရသည်။

"ကျွန်တော် ဦးဘခိုင် ကုမ္ပဏီကပါ။ အစ်ကိုမှာ ဆားယ
လာတယ် မဟုတ်လား၊ ရောင်းပြီးပြီလား"

"ကျွန်တော်တို့က ၁၈/- ၂၅ါး ပေးပါတယ်။ အခုချက်
ချင်းလည်း ကပ်ချိန်းပေးတယ်။ ဟိုမှာ မြင်တယ်မဟုတ်လား
ဘဂလားဘုတ်နဲ့ ကပ်ချိန်းလုပ်နေတာ။ အစ်ကိုတို့ ဈေးကြိုက်
ရင် လာကပ်လို့ရတယ်"

"အင်း. . . ရောင်းချင်တယ်ဗျာ"

ဦးလွှမ်းဝေသည် ငွေလေးသောင်းနီးနီးလောက် ကွာနေ
သည်ကို တွေးမိသည်။ စိတ်ပိညာဥ်သည် တောင်ကူးမြောက်
ပြန် အစုန်အဆန်မျောကာ လှုပ်ရှားနေပေသည်။ မည်သို့
ဆုံးဖြတ်ရမည် မသိ။ တိုင်ပင်ဖော်၊ တိုင်ပင်ဖက် ဦးသိန်းငွေ
နှင့် မောင်ခင်နွဲ့တို့ကလည်း အနီးအနားမှာ မရှိကြ။ ဦးမြ
အောင် ကုမ္ပဏီသွားပြောလျှင် အဖော်အငေါက်များ ခံရလေ
မလား။ မထူးပါဘူးလ၊ ငါ စရံယူထားတာမှ မဟုတ်ဘဲ
အကျိုးအကြောင်း သွားပြောရင် ရနိုင်ပါတယ်။ ဦးလွှမ်းဝေ
သည် ကိုယ့်ကိုယ်ကို တွေးရင်း အရဲစွန့်ပြီး ထွက်လာခဲ့မိသည်

"ဒီမှာ ညီလေး၊ စကားတစ်ခုပြောချင်လို့ပါ"

ဦးလွှမ်းဝေ ဘီယာအရှိန်နှင့် ရဲဆေးအနည်းငယ်တင်က

ားစ,လိုက်သည်။ ဦးမြအောင်ကုမ္ပဏီ၏ အဝယ်ကိုယ်စား
ယ်က အရယ်အပြုံးမဲ့ စိုက်ကြည့်နေသည်။

"အခု အစ်ကိုတို့ဆားကို ၁၈/- ၂၅ါး ပေးမယ့်လူ ရှိတယ်။
ပ့်အနေနဲ့လည်း တခြားတစ်နေရာကို မရွှေ့ချင်တော့ဘူး။
သေးနဲ့ပဲ အဆင်ပြေချင်တယ်။ ဒါ့ကြောင့် ညီလေးတို့အနေ
သူတို့ပေးတဲ့ဈေးကို ပေးရင်တော့ သိပ်အဆင်ပြေမှာပဲ။
လေး ဘယ်လိုသဘောရလဲ"

ကျောင်းအုပ်ဆရာကြီး ဦးလွှမ်းဝေသည် စာသင်ခန်းထဲ
အာသွက်လျှာသွက်ရှိပြီး ခြင်္သေ့လို ဝံ့ထည်နိုင်သော်လည်း
းရေး ဈေးကွက်တွင်မူ ယုန်သူငယ်လေး ဖြစ်နေရရှာပြီ။
ကူးယဉ်၍ ကောင်းသောအတွေး ရှပ်လုံးများသည် လက်
နယ်ပယ်တွင် အခါခပ်သိမ်း အောင်မြင်မှု မရနိုင်ပါသော
းသည် ဤနေရာတွင် ကွက်ကွက်ကွင်းကွင်း သိသာလှသည်။

"ဒီဆားကို ဒီဈေးထက် ပိုမပေးနိုင်ဘူး။ ဒီထက်ဈေးပိုရတဲ့
ရာရှိရင် သွားရောင်းပါ၊ နောက်ကို "ဒါမျိုးမဖြစ်စေနဲ့"

ဦးလွှမ်းဝေမှာ မျက်နှာဆီးရှက်လောက်ပဲ ကျန်တော့သည်
ဘင်ရလောက်အောင် ဖြစ်နေမိသည်။ ကိုယ့်ကို ခပ်ရှုံ့ရှုံ့
ပြီး အခန်းထဲမှ ထွက်လာခဲ့မိသည်။

× × × × ×

"မြရတနာမိုး"မော်တော်သည် စက်ကို ဆလိုမောင်းပြီး
သားဘုတ်ကြီးအနီးသို့ တဖြည်းဖြည်း ချဉ်းကပ်လာသည်။

ဦးလွမ်းဝေသည် ကုလားမော်တော်ပေါ်သို့ လှမ်းကြည့်လို
၏။ အားလုံးသော ကုလားများသည် အသားမည်းလွန်း
နှုတ်ခမ်းမွေး ကြမ်းကြမ်းကြီးများ ကိုယ်စီရှိကြသည်
သတိထားမိသည်။ မော်တော်ချင်း ကပ်မိသည်ဆိုလျှင်
ဦး ဘ ခိုင်ကုမ္ပဏီမှ လုပ်ငန်းတာဝန်ခံနှင့် ကုလားကြီးတ
ဆင်းလာကြသည်။ လုပ်ငန်းတာဝန်ခံသည် ဆားကို ပန်း
ပြားတစ်ချပ်ဖြင့် ထိုးကော်ပြီး၊ ကုလားကြီးအား ပြလိုက်သ
ကုလားစကားဖြင့် တစ်စုံတစ်ရာကို လက်အမူအယာဖြင့်
နေသည်။ ရခိုင်ဖြစ်သော်လည်း ကုလားစကားကို ရေရေ
လည် ပြောတတ်ပုံရသည်။ ဦးလွမ်းဝေမှာ သူမည်သို့ ပြော
ကိုမသိ။ သို့သော် "ဒီဆား ကောင်းရဲ့လား၊ ကြိုက်ရဲ့လား
မေးဟန်တူသည်။ ဦးလွမ်းဝေမှာ သဲထိတ်ရင်ဖို ဝတ္ထုတ
ကို ဖတ်နေရသလို ရှေ့မည်သို့ဖြစ်လာမည်ကိုသာ စိုးရိမ်
ဖြင့် စောင့်ကြည့်နေမိသည်။ ကုလားကြီးက "ဘယ်ချီကော
ဟု ပြောသံကို ကြားလိုက်ရသည်။ ကုလားကြီး စကားဆုံး
ပင် လုပ်ငန်းတာဝန်ခံက ဆားများကို တင်စေခိုင်းပေ့ာသ
ကုလားကြီး၏ စကားအဓိပ္ပာယ်မှာ ကောင်းတယ်၊ ကြိုက်
ဟု ပြန်ပြောသည်ဟု ယူဆရသည်။

မရှေးမနှောင်းမှာပင် မော်တော်သုံးစီး ဆက်တိုက်
လာကြသည်။ ဦးလွမ်းဝေသည် နောက်ရောက်လာကြ
မော်တော်များကို မသိမသာ လှမ်းကြည့်လိုက်ရာ ဆားအ
တင်ဆောင်ထားကြသည်ကို တွေ့ရသည်။ နောက်ရောက်



ားများမှာ မိမိဆားနှင့်ယှဉ်လျှင် အရောင်အဆင်းမှာ အဖြတ်
ာနေကြောင်း သိရသည်။ လုပ်ငန်းတာဝန်ခံသည် ဦးလွမ်း
တို့ဆားကို ချိန်တွယ်နေရာမှ နောက်ရောက်လာသော ဆား
းကို အရောင်းအဝယ်လုပ်ပြီး လက်ခံလိုက်သည်။ ဦးလွမ်း
မှာ စိတ်လှုပ်ရှားမှုတစ်ခု ဖြစ်သွားသည်။ ကပ်ချိန်းနေသော
ားဘုတ်ကြီးမှာ ယခုဝင်လာသော ဆားသုံးစီးတင်ဆောင်
 မဆံ့တော့ကြောင်း အလိုလိုသိလိုက်ရသည်။ ဝိဝိမတတ်
သည့်အဆုံး တစ်စီးကတော့ ကျန်နိုင်သည်။ မိမိ၏ဆားမှာ
ည်အသွေး ညံ့နေ၍လည်း ရန်ခုန်နှုန်းက ပိုမြန်လာသည်။
းပိဿာရှစ်သောင်းစေ့လျှင်ပင် လုပ်ငန်းတာဝန်ခံက လက်
ပြီး ဆားတင်ခြင်းကို ရပ်ခိုင်းလိုက်သည်။

"ကျွန်တော်တစ်ခု ပြောပါရစေ၊ ခင်ဗျားတို့ ပြောရမှာ
း အားနာပါတယ်"

ဦးလွမ်းဝေသည် တာဝန်ခံထံမှ မိမိမကြားချင်သော
းကိုပင် ကြားရတော့မလားဟူသော အတွေးဖြင့် မျက်စိ
ိတ်ကာ နားထောင်နေမိသည်။

"အခု ခင်ဗျားတို့ ဆားက အင်မတန်အရည်အသွေး ညံ့
တယ်" တာဝန်ခံက ဆက်ပြောလိုက်ခြင်း ဖြစ်သည်။
ွမ်းဝေသည် ရင်ထဲမှာ ဘုရားတ,ရင်း နားထောင်နေမိ
ည်။

"ဒါကြောင့် ဒီဘုတ်မှာကပ်ချိန်းလုပ်ပြီး မတင်နိုင်တော့
 တို့နောက်ဘက် ဘုတ်ဆိပ်ကို ဆင်းနေပါ။ မနက်ဖြန်မှ

ကုန်းမှာတင် ပုံမယ်။ တဲ ကြီးမြေပါ နောက်ဆုတ်တော့

ဦးလွမ်းဝေမော်တော်ကို နောက်သို့ ဆုတ်ခိုင်းလိုက်သ

"ဟေး ဟိုဘက်မော်တော် ဒီဘက်ကို ယူခဲ့ဟေ့၊

ကပ်ချိန်းလုပ်ရအောင်"

မိမိတို့မော်တော်အား ဆုတ်ခွာခိုင်းပြီး အသစ်ရေ

လာသော မော်တော်တစ်စီးအား ရှေ့တိုးကာ ကပ်ခိုင်း

ခြင်း ဖြစ်သည်။ ဈေးကွက်စီးပွားရေးတွင် ရောင်းကုန်

များ ဖောင်းပွလာသည့် သီဝရီအရ ဖြစ်ပေါ်လာတတ်

ဖြစ်စဉ်သဘာဝတရားဟု ဦးလွမ်းဝေ ဆင်ခြင်မိလိုက်သည်

× × × × ×

လုပ်ငန်းတာဝန်ခံ ကျော်ကြီး ချိန်းဆိုလိုက်သော

ပြန်သို့ရောက်လာချေပြီ။ ဦးလွမ်းဝေ မျှော်သည်၊ စောင့်သ

နံနက် ဆယ်နာရီသာ ထိုးသွားသည်။ ကျော်ကြီးကား

မလာ။ သည်လိုနှင့် မွန်းတည့် (၁၂) နာရီ၊ ညနေ (၄)

စသည်ဖြင့် စောင့်မျှော်ကြည့်သည်၊ မရောက်။ ဦးလွမ်းဝေ

ဖြင့် ရွှေဒုံးမင်းအမြီး မျှော်သလို ဖြစ်နေပေပြီ။

ဦးလွမ်းဝေသည် မချိသောရင်၊ မရွှင်သော နှလုံး

မီးဖုံးသို့ ခံစားနေရသည်။ ကျော်ကြီး၏ တပြုအမူများမှာ

အပေါ်တွင် စော်ကားလွန်းသည်ဟု ဦးလွမ်းဝေ ယူဆ

သည်။ သတ်မှတ်ရက်ထက် ကြာလာပြီဖြစ်၍ မော်တော်

ရှင်က တစ်ရက်လျှင် စားစရိတ်နှင့် အထွေထွေစရိတ် ၁၀၀



င်ပေးရမည်ဟု အရေးဆိုလာချေပြီ။ ဦးလွမ်းဝေ မည်သို့ တတ်

နိုင်ပါတော့မည်နည်း။ ကျော်ကြီးရှိမည်ထင်သော နေရာများ

ကို နေရာအနှံ့ လိုက်ရှာသည်။ တွေ့ပြီး မင်းဂံဆိပ်ကမ်း

တစ်နေရာ တဲကလေးတစ်လုံးထဲ၌ သွားတွေ့သည်။ အခြေ

အနေကို ကြည့်ရသည်မှာ နောက်ထပ် ဆားဘုတ်ဝင်အလာ

ကို စောင့်နေဟန်ရှိသည်။ ကျော်ကြီးသည် ဦးလွမ်းဝေ ဝင်လာ

သည်ကို မြင်သော်လည်း မမြင်သယောင်ဖြင့် မျက်နှာကို

တစ်ဖက်သို့ လွှဲထားလိုက်သည်။

"ဒီမှာ ညီလေး၊ ညီလေးတို့အလုပ်ကလည်း မနက်ဖြန်

ဘင်မယ်ဆိုပြီး စောင့်ခိုင်းထားတာ ဒီနေ့ဆို သုံးရက်ရှိပြီ၊

နောက်လာတဲ့ဘုတ်တွေတောင် ပြန်ကုန်ကြပြီ။ လုပ်ပါဦးကွာ၊

အစ်ကိုတို့လည်း စရိတ်ရှုံးလွန်းလို့ပါ"

"ခင်ဗျားတို့ ဆားက ညံ့လည်း အင်မတန် ညံ့တာပဲ။

င်ဗျားတို့ ဆားကိုယူရင် ကုမ္ပဏီမွဲသွားမှာပေါ့"

ကျော်ကြီးက တစ်ကမ္ဘာလုံးကို လုပ်ကျွေးနေရသော

က်နှာထားမျိုးဖြင့် ဘုတောလိုက်ခြင်း ဖြစ်သည်။

"တာ ညီလေး ဘယ်လိုပြောလိုက်တာလဲ။ ညီလေးတို့

ဆားကို နမူနာကြည့်ပြီးမှ သဘောကျလို့ ဝယ်တာ မဟုတ်လား"

"ဟုတ်တယ်လေ၊ အဲဒီတုန်းကတော့ ဟုတ်တာပေါ့။

နောက်ပြီး ခင်ဗျားတို့ဆားကို နမူနာကြည့်ပြီး နောက်ရောက်

လာတဲ့ဆားရှင်တွေက ပြောတယ်၊ ၂၅ ဒီကရီ ရေထိုးထားတယ်

တဲ့။ ဒါကြောင့် ကျွန်တော်တို့ မယူရဲတော့ဘူး"

ကျွားသားမိုးကြိုး၊ နွေခေါင်ခေါင်မှာ မိုးကြိုးပစ်ပါပြီ။ ...
ဒီကနေ့ ရေဆိုသည်မှာ ကျောင်းအုပ်ဆရာကြီး ဦးလွမ်းဝေ
သိဖို့နေနေသာသာ၊ အခုမှ ပထမဆုံးအကြိမ် ကြားဖူးသော
ဝေါဟာရပင် ဖြစ်သည်။

"မဟုတ်ဘူး ညီလေး၊ မဟုတ်ဘူး။ ဒီစကား လုံးဝ မဟုတ်
ဘူး။ ညီလေးတို့ အထင်အမြင်လွဲနေတာပါ။ ဒီလို မစွပ်စွဲပါနဲ့
ညီလေးတို့မှ ဒီဆားကို မယူရင် အစ်ကိုတို့ အခြေအနေ ဘယ်
လိုဖြစ်သွားမလဲ၊ တွေးကြည့်ဦးလေ။ အရင်ကုမ္ပဏီကလည်း
ညီလေးတို့ ယူမယ်ဆိုလို့ ထွက်လာခဲ့ပြီ။ အခုတစ်ခါ ညီလေးတို့
မယူချင်တော့ဘူးဆိုတော့ ကိုယ့်ဆား ကိုယ်ပြန်ယူသွား၊ ဒါမှ
မဟုတ် ဖြစ်ထဲ ပစ်ချခဲ့ဆိုတဲ့ သဘောမျိုး ဖြစ်မနေဘူးလား
ကွာ။ ညီလေး ဒီ့ဘက်ကိုလည်း စဉ်းစားပါဦး"

ဦးလွမ်းဝေသည် မိမိ၏ပစ္စည်း ပြေလည်ရေးအတွက်
အဆင်ပြေဆုံးသော ဝေါဟာရများဖြင့် ပြောပြနေခြင်း ဖြစ်
သည်။ ကုမ္ပဏီတစ်ခုနှင့် မပြေလည်၍ ပစ္စည်းတချို့တဝက်
ထွက်လာတော့ မော်တော်ကို နောက်ကုမ္ပဏီတစ်ခုက လက်
ခံလှသည်။

"ကောင်းပြီလေ၊ မနက်ဖြန် တင်ဖြစ်အောင် တင်ပေး
မယ်၊ ဒါပေမယ့် ဟိုဘက်ချောင်းနွယ်ရွာသို့ မော်တော်ကို
ပြောင်းပေးပါ။-အဲဒီမှာ တင်မယ်။ ဒီမှာက နေရာမရှိဘူး"

ကျော်ကြီး၏ စကားကြောင့် ဦးလွမ်းဝေမှာ သိန်း...
ပေါက်ပြီး ပျောက်နေသောလက်မှတ်ကို ပြန်ရသလို အတိုင်...



အဆမရှိ ဝမ်းသာသွားမိသည်။

× × × × ×

မနက် ဝေလီဝေလင်းကပင် မော်တော်ကို ချောင်းနွယ်
ရွာရှိ ဆိပ်ကမ်းသို့ ပြောင်းရွှေ့လိုက်သည်။ မော်တော်ဆိပ်တွင်
ကပ်ဦးနေသော မော်တော်များ ရှိနေ၍ နေရာမရ။ သို့သော်
ဦးလွမ်းဝေတို့က လက်မလျှော့၊ ရေရာကမ်းပါးသို့ ထိုးကပ်ပြီး
အဆင်အတက်ကောင်းစေရန် အရေးပေါ်တံတားထိုးကာ
ဆားတင်အလုပ်သမားများအလာကို မျှော်နေကြသည်။ ပြော
ရင်းဆိုရင်း အလုပ်သမားများ အုပ်လိုက်ဆင်းလာကြသည်။
မိမိတို့ မော်တော်ကိုလည်း လက်ညှိုးထိုးပြကြသည်။ ဟုတ်ပြီ၊
သည်တစ်ခါတော့ သေချာပြီ၊ မိမိမော်တော်မှာ မော်တော်သမား
များကိုလည်း လုပ်စရာရှိသည်များကို အဆင်သင့်လုပ်ထား
ကြရန် ပြောထားလိုက်သည်။ သို့သော် ဦးလွမ်းဝေအဖို့ အထင်
နှင့်အမြင် ပါစင်အောင် လွဲရပြန်ပြီ။ အားလုံး အလုပ်သမား
များမှာ တခြားမော်တော်သို့သာ အသီးသီး ဆင်းသွားကြသည်။
မိမိမော်တော်သို့ကား တစ်ဦးတစ်လေမျှ မလာ၊ ဦးလွမ်းဝေ
မျှော်ရလွန်း၍ လည်ပင်းတွေလည်း ရှည်နေပြီ။ မျက်စိတွေ
လည်း ညောင်းလှပြီ။ စိတ်လှုပ်ရှားမှုနှင့် နှလုံးခုန်နှုန်းမှာကား
ပေါက်ကွဲလုမတတ်ပင်။

သည်လိုနှင့် မွန်းတည့် (၁၂) နာရီခန့်တွင် လူဖျိုပေါက်
အရွယ် ကောင်လေးနှစ်ယောက် ဆင်းလာကြသည်။ ဦးလွမ်း

ဝေမှာ မျှော်လင့်ချက်တစ်ဝက်ဖြင့် အားစိုက်ပြီး ကြည့်နေသည်။ တဖြည်းဖြည်း နီးကပ်လာနေကြသည်။ မော်တော်ပေါ်သို့ တက်လာကြပြီ။

“ညီလေးတို့က အားတင်ဖို့ကိစ္စအတွက် လာကြတာပဲ ထင်တယ်နော်”

ဦးလွှမ်းဝေ မျှော်လင့်ချက် ပွင့်ထွက်သွားခြင်း ဖြစ်သည်။

“မဟုတ်ဘူး၊ ဦးတို့ဆားကို လုံးဝ မတင်ဖို့ ကုမ္ပဏီပိုင်ရှင်က ပြောခိုင်းလိုက်ပါတယ်”

ကောင်လေးနှစ်ဦးက ပြောပြီး ချာကနဲ လှည့်ထွက်သွားကြသည်။ ဦးလွှမ်းဝေအဖို့ မျှော်လင့်ချက်ဗိမာန်ကြီး ပြိုကွဲပါပြီ။ သည်လိုနှင့် မဖြစ်သေး၊ ကုမ္ပဏီပိုင်ရှင်နှင့် အကျိုးအကြောင်း ပြောရလျှင် အခြေအနေတစ်မျိုး ပြောင်းလဲနိုင်သေးသည်ဟု ဦးလွှမ်းဝေ ခံယူလိုက်သည်။ ချက်ချင်းဆိုသလိုပင် ရရာအကျီ တစ်ထည်ကို ဆွဲဝတ်ကာ ကုန်းပေါ်သို့ ပြေးတက်လိုက်သည်။ ချောင်းနွယ်ရွာ၏ မညီညာသော ခရီးလမ်းကို ဖြတ်သန်းပြီး ကားလမ်းပေါ်သို့ ပြေးတက်လိုက်သည်။ ချောက်များနှင့် ကျွဲခြေရာခွက်များကြားတွင် အလျှဉ်စလို သွားလာရမှုကြောင့် တစ်ခါတစ်ခါ ဘယ်ထိုးညာယိုင်ဖြင့် လဲမလိုတောင် ဖြစ်လိုက်သေးသည်။

နွေလေရူးက သတိပေးမှ မိမိအကျီကို ကြယ်သီးမတပ်ရ သေးကြောင်း သိလိုက်သည်။ ကားလမ်းဟု ဆိုသော်လည်း ကုမ္ပဏီကား တစ်စီးတလေသာ ကိုယ့်ကိစ္စကြောင့် လာခြင်းဖြစ်



သည်။ ခရီးသည်တင်ကား၊ ဆိုက်ကား စသည်ဖြင့် တစ်စီးတစ်လေမျှ မရှိ။ ဦးလွှမ်းဝေသည် ကားလမ်းအတိုင်း ခပ်ကြွမ်းကြွမ်း လာခဲ့ပေသည်။ ကားလမ်းမှာ ကျောက်ခဲများကို မညီမညာ ခင်းထားခြင်းသာ၊ ကဆုန်နွေကလည်း အများသိပြီးဖြစ်တဲ့အတိုင်း ပူလိုက်သည်မှာ ပြောစရာမရှိ။ သို့သော် နွေအပူက ဦးလွှမ်းဝေ၏ ရင်တွင်းပူလောင်ခြင်းကို ဆိုနိုင်လိမ့်မည် မထင်။

တစ်ချက်တစ်ချက် ကွင်းပြင်ကြီးကို ဖြတ်တိုက်လာသော နွေလေပူ ဝေ့ရမ်းမှုကြောင့် ဖုန်မှုန်များ တလိပ်လိပ် လာဟပ်ရာ ပိုမို မွန်းကျပ်သွားရသည်။ ခရီးက ငါးမိုင်ခန့် ရှိလိမ့်မည်ထင်သည်။ ဆတ်နိုးကျ ချောင်းသို့ အရောက်တွင် ကူးတို့ သမ္ဗာန်ကို စီးပြီး မြို့ဘက်ကမ်းသို့ တက်လိုက်သည်။ ဆိုက္ကား တစ်စီးကို ခေါ်ကာ ကုမ္ပဏီပိုင်ရှင် ဦးဘခိုင်နေအိမ်သို့ အပြေးအလွှား သွားလိုက်သည်။ လူပျိုရွယ်ကောင်လေးတစ်ယောက်ကို တွေ့လိုက်ရသည်။

“ရန်ကုန်မှာ ဆေးကုနေတဲ့ အမေ အခြေအနေထူးခြားတယ်ဆိုပြီး ဖုန်းလာလို့ အခုပဲ လေယာဉ်နဲ့ ရန်ကုန်သို့ လိုက်သွားပါတယ်”

ဦးလွှမ်းဝေမှာ တစ်ခွန်းတစ်ပါဒမျှ ဆက်ပြောနိုင်သော ခွန်းအား မရှိတော့ဘဲ ခေါင်းငိုက်စိုက်ကျသွားသည်။ တစ်စုံတစ်ခုကို သတိရလာဟန်ဖြင့် ဆိုက်ကားတစ်စီးကိုခေါ်ပြီး ရွာကြီး မြောက်ဘက်သို့ အပြင်းလာခဲ့ပေသည်။ မိမိမေးစမ်းထားသော လိပ်စာအတိုင်း မှန်နေပေပြီ။ အိမ်ထဲသို့ လှမ်းကြည့်လိုက်၏။

အသက်နှစ်ဆယ်ကျော်ခန့် ဝိန်ဝိန်ပါးပါး၊ အသားဖြူဖြူ အမျိုးသမီးတစ်ဦးကို တွေ့ရသည်။

"ဦးဘခိုင် ကုမ္ပဏီက လုပ်ငန်းတာဝန်ခံ ကျော်ကြီးကို တွေ့ချင်လို့ပါ။ ကျော်ကြီးအိမ် ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ်ရှင် ဘာကိစ္စများ ရှိပါသလဲ၊ အထဲကိုဝင်ပါ"

ကျော်ကြီး၏ဇနီး ဖြစ်ဟန်တူသူ အမျိုးသမီးက အိမ်ပေါ်သို့ ခေါ်လိုက်သည်။ ကျော်ကြီးမှာ နဖူးနှင့်နှာခေါင်းကို ရှုံ့တွပြီး ထွက်လာသည်။ သွားကိုလည်း ခပ်ကြဲကြဲလုပ်ထားသည်ဟု ထင်လိုက်ရသည်။ ခြေလှမ်းကိုတော့ ခပ်မှန်မှန် စီးဝါးချပြီး လှမ်းလာသည့်ဟန်မျိုး။ ကျော်ကြီးမှာ ဦးလွမ်းဝေကို တွေ့သည်နှင့် သရဲတစ္ဆေနှင့် တွေ့သည်နှယ်။ နောက်သို့ လှည့်ပြန်ရန် ဟန်ပြင်လိုက်သည်။ နောက်မှ လေးလေးပင်ပင် စကားစလိုက်သည်။ ဦးလွမ်းဝေမှာ ဝီဇီယိုထဲမှ သရုပ်ဆောင်တစ်ဦးကို ကြည့်နေရသလို ငေးကြည့်နေမိသည်။

"ဆားကိစ္စလား၊ ကျွန်တော်လည်း သိပ်ဖျားနေတာနဲ့ မင်းဂံဘက်ကို မရောက်ဖြစ်တော့ဘူး"

"ဟုတ်တယ် ဆားကိစ္စပဲ၊ ဒီက ညီလေးတို့အနေနဲ့ လုံးဝ မယူတော့ဘူးဆိုပြီး ကျွန်တော့်ကို ကန်မပစ်ပါနဲ့၊ ကျွန်တော့် ဆားညံ့ရင်လည်း ညံ့တဲ့အလျောက် သင့်တော်တဲ့ဈေးတစ်ခု ခုပေးပြီးယူစမ်းပါကွာ၊ အစ်ကိုတို့အဖြစ်ကို အခြားကုမ္ပဏီတွေ လည်း မြင်ကုန်ကြပြီ"

ဦးလွမ်းဝေသည် ဖြစ်သင့်သော သဘာဝတစ်ခုကို ကြိုး



စားပြီး တင်ပြလိုက်သည်။

"သိပ်ခက်တယ်၊ အစ်ကိုတို့ ဆားကို ကုမ္ပဏီပိုင်ရှင်က လုံးဝ မကြိုက်ဘူး"

ကျော်ကြီးက မိမိဘက်မှ မြားဦးကို လှည့်ပေးလိုက်သည်။

"စဉ်းစားပါဦး ညီလေးရာ၊ ညီလေးတို့က ရခိုင်ပြည်နယ် တစ်ခုလုံး အတိုင်းအတာနဲ့ ကုမ္ပဏီကြီးထောင်ပြီး နာမည် ဘဟိုးဟိုးနဲ့ လုပ်နေတာပါ။ ညီလေးတို့ကို အားကိုးပြီး အခက် အခဲအမျိုးမျိုးကြားက အခုလို ဝင်လာတာကို ညီလေးတို့ အခု လို ပစ်ပစ်ခါခါလုပ်ရင်တော့ တရားလွန်တာပေါ့ကွာ"

ဦးလွမ်းဝေ၏ ရင်ထဲတွင် ခံပြင်းဝမ်းနည်းစိတ်၊ အားငယ် စိတ်တို့သည် တစ်ချိန်တည်းဆိုသလို နေရာယူနေကြသည်။ မကျေချမ်းမှု ဒေါသစိတ်ကလည်း ဝင်လာရာ အသံမှာ အနည်း ငယ်တုန်ရင်နေသည်။ ဦးလွမ်းဝေ၏ စကားအဆုံးတွင် ကျော် ကြီးမှာမည်သို့မှ တုန့်ပြန်ပြောဆိုခြင်း မပြုတော့ဘဲ မျက်နှာကို ရှုံ့မဲ့ကာ နေမကောင်းဟန်ဖြင့် ခေါင်းကို ခပ်သွက်သွက် ခါရမ်း ကာ အခန်းထဲသို့ ပြန်ဝင်သွားသည်။ ဦးလွမ်းဝေလည်း ငူးကန် ပြန်ထွက်လာခဲ့မိသည်။

× × × × ×

မင်းဂံချောင်းနံဘေး ဆိပ်ကမ်းများတွင် နံနက်လင်းသည် နှင့် ဆားတင်ဆားချ အလုပ်သမားများဖြင့် များပန်းခတ်မျှ လှုပ်ရှားလျက် ရှိကြသည်။

ဦးလွမ်းဝေတို့ မော်တော်တစ်စီးသာ လူတကာ ငိုင်းပယ်ခံထားရသော ပစ္စည်းတစ်ခုပမာ လှုပ်ရှားမှုမရှိ ဖြစ်နေသည်။

"ကဲ. . . ခင်သန်းမောင်၊ ကြိုးဖြုတ်ကွာ နောက်ကုမ္ပဏီ တစ်ခုခုကို မောင်းရအောင်"

ဦးလွမ်းဝေသည် အကြံတစ်ခုခုရလာဟန်ဖြင့် မော်တော်ပဲ့ကိုင်အား ပြောလိုက်သည်။ မော်တော်သည် စက်ကို ဖြည်းဖြည်းမောင်းပြီး "နေသူရိန်ကုမ္ပဏီ"သို့ ဆိုက်ကပ်လိုက်သည်။ ဦးလွမ်းဝေ၏ စိတ်အစဉ်မှာဒီကုမ္ပဏီကများ မိမိဆားကို လက်မခံဘဲ နေလေမလားဟူသော အတွေးကလည်း စိုးမိုးလျက်ရှိသည်။ ဆိပ်ကမ်းသို့ ရောက်သည်ဆိုလျှင်ပင် ဦးလွမ်းဝေသည် ကုမ္ပဏီပိုင်ရှင်ထံသို့ တက်ပြီး ဆားရောင်းလိုကြောင်း၊ ယခု ဆိပ်ကမ်းတွင် ရောက်ရှိနေကြောင်း သတင်းပို့လိုက်သည်။ ကုမ္ပဏီပိုင်ရှင်သည် နောက်ပါတစ်ဦးကိုခေါ်ပြီး ဆင်းလာသည်။ ဦးလွမ်းဝေတို့ မော်တော်ပေါ်သို့ တက်လိုက်သည်။ ပါလာသော ဆားများကို ရှေ့ပိုင်းနောက်ပိုင်း နေရာရာအနှံ့ မျက်စိကစားပြီး ကြည့်သည်။ စကားတော့ လုံးဝ ပြောကြားခြင်း မရှိသေး။ ဦးလွမ်းဝေမှာ ကုမ္ပဏီပိုင်ရှင်ထံမှ မည်သည့်စကားမျိုး ထွက်လာမည်ကို စိုးတထိတ်ထိတ်ဖြင့် စောင့်စားလျက်ရှိသည်။ အရောင်းအဝယ် ဖြစ်ပါစေဟုလည်း ကျိတ်မှိတ်ဆုတောင်းနေမိသည်။ ကုမ္ပဏီပိုင်ရှင်သည် နောက်မှ ခေါ်လာသူအား နေရာသုံးခုခွဲကာ အောက်သို့ နှိုက်ပြီး ဆားကို ယူခိုင်းလိုက်သည်။



"ဆားက ပေါက်တောဆားထက် ညံ့တယ်၊ ၁၃/-လောက် တော့ ပေးလိုက်မယ်၊ ရောင်းနိုင်ရင်လည်း ရောင်း၊ မရောင်း ိုင်ရင်လည်း ခင်ဗျားတို့ သဘောပဲ"

ကုမ္ပဏီပိုင်ရှင်သည် အရောင်းအဝယ်ကိစ္စတွင် ပထမဆုံး င့် နောက်ဆုံးဤမျှသာ ပြောပြီး ပြန်ထွက်သွားသည်။ ဝယ် င်းက ၁၃/-၊ မော်တော်ခက ၅/-၊ သတ်မှတ်ရက်ထက်ပိုသော မော်တော်စရိတ်က တစ်ရက်ကို ၁၀၀၀/-၊ မော်တော်သို့ ချခ ာ ၅၀၊ လျှော့တွက် လျှင် ဦးလွမ်းဝေမှာ ဆက်လက် တွေးရဲတော့ပေ။ "ဘဝဟူသည် ကိုယ်ကျင်လည်ရာ မျော် ည်သာတည်း"ဆိုသော စကားအတိုင်း ကိုယ်ကျင်လည်ရာ ဆိုတော့ မျော်ကြသည်။ ကိုယ်မကျင်လည်သောလမ်းကို လျှောက်လှမ်းခဲ့မိသော ဦးလွမ်းဝေမှာဖြင့် တစ်ခွန်းတစ်ပါဒမျှ ငြင်းဟနိုင်ခြင်း မရှိတော့ဘဲ သက်ပြင်းကို အခါခါ ချမိလေ တော့သည်။

မည်သို့ဆိုစေ ဦးလွမ်းဝေအဖို့ အရောင်းအဝယ်ဖြစ်လျှင် ကျေနပ်ပါပြီ။ ထွက်ပေါက်ဖွင့်ပေးသော နေသူရိန်ကုမ္ပဏီပိုင် ဦးကျော်ဇံကိုလည်း ကျေးဇူးတင်မိလျက်သား ဖြစ်နေပေတော့ သည်။

အမှတ် (၂၂)၊ ရခိုင်မဂ္ဂဇင်း




# ဘဝပင်လယ် ရေပင်လယ်

နောင်တော်မြစ်ပင်လယ်တွင်တော့ လှိုင်းအိကလေးများ
… တစ်လုံးနောက်က တစ်လုံးလိုက်ကာ ခပ်သော့သော့လေး
…ပြေးလွှား ဆော့ကစားနေကြသည်။ အကျီစားသန်နေသော
…ှိုင်းလုံးလေးများကို တစ်ရာကျော်သော ပသျှူးပိုက်လှေများ
… ကျောပေါ်ခွထိုင်ပြီး လှိုင်းစီးနေကြသည်။

မြစ်ပြင်တစ်ခုလုံးတွင်တော့ ပသျှူးပိုက်လှေများက ရွက်
…လေး တယမ်းယမ်းဖြင့် ဖွေးဖွေးလှုပ်လှုပ်။

ရခိုင်ကမ်းခြေကောက်ကြောင်းအတွင်းရှိ ကျောက်ဖြူမြို့
…နှင့် မြေပုံမြို့နယ်အစပ် နောင်တောင်မြစ်လယ်၌ ဘယ်နှစ်ရော
…အခါကပင် ကျက်စားနေခဲ့ကြလေသည် မသိ။

နွေကာလ ရေကြီးချိန်များတွင် ကပ်ကူရဲ (ငါးလက်ခွာ)

များ အုပ်နှင့်သင်းနှင့် ရှိနေတတ်ကြသည်။ သူတို့ ဥချသော ရာသီပင် ဖြစ်တန်ရာ၏။ ခေတ်အဆက်ဆက် ကာလအတန် တန် ပသျှူးပိုက်များဖြင့် ထောင်ဖမ်းကြသော်လည်း ကုန်းခမ်း သွားသည်ဟူ၍ မရှိ။ ယနေ့ထိတိုင် ရှိနေကြဆဲပင်။

"ဒီနေ့ လပြည့်ကျော် ၂-ရက်ဆိုတော့ ရေဦးလိုက်မှပဲ ထင်တယ်" နာယာ (ပိုက်လှေ၏ အကြီးအမှူး၊ ပဲ့နင်း) ဦးဘ ကျော်က မိမိဆန္ဒကို ဖွင့်ဟလိုက်သည်။

"ရေဦးချည်ပဲ အားကိုးနေလို့မရဘူး၊ မနေ့ကတည်းက ပင် ရေနောက်စပြုနေပြီ၊ ရွှေဝံအောင်တို့လှေ မိုးချုပ်မှရောက် တာမှာ ရေနောက်ခံလို့ ငါးမ,ကြီးတွေ ပါလာတာ တွေ့တယ် မဟုတ်လား"

အလယ်တိုင် ပိုက်ကိုင်ဘုလှကု နာယာ ဦးဘကျော်အား ဆင်ခြေပေးလိုက်ခြင်း ဖြစ်သည်။

"သိပ်လည်း ဝေးဝေးလံလံ မသွားကြနဲ့ဗျာ၊ ဒီနေ့ ရာသီ ဥတုကလည်း တစ်မျိုးပဲ၊ မိုးအုံ့နေတယ်၊ လေများ ဖောက်လာ လေမလား မသိဘူး"

"ဟော့ကောင် နမိတ်မရှိ မင်းပါးစပ် ဝိတ်ထားစမ်း၊ ဒီလို ရေလမ်းခရီးမှာ နမိတ်မရှိတဲ့ စကားမပြောရဘူးကွ"

မင်းကျ (ဖို့ဝေစား ပိုက်အငှားလိုက်သူ) လွှမ်းဝေအား နာယာ ဦးဘကျော်က ခပ်မာန်မာန် တားမြစ်လိုက်သည်။ လွှမ်းဝေမှာ အတွေ့အကြုံ အသက်အရွယ် အနုဆုံးဖြစ်သူမို့ ပုသွားသည်။



ပင်လယ်ပြင်တစ်ခုလုံးသည် မှုန်မှိုင်းနေသည်။ ပိုက်စီး ကြောင်းကို သဘောမကျသော ပိုက်လှေတချို့မှာ ဟိုမှသည်မှ ပြေးလွှားပြီး ပိုက်ကွက်ကောင်းကောင်း လိုက်ရှာနေကြသည်။

"လွှမ်းဝေတို့မှာတော့ ဆောင်းတုန်းကပဲ မျှားတန်းက ဘားလိုက်တော့ မိုးတွင်းဝမ်းစာ ဆန်အတွက် မပူရတော့ဘူး ပေါ့၊ တို့ကတော့ကွာ ခြူးတစ်ပြားသားမှ မတင်သေးဘူး၊ ဒီ သျှူးကိုပဲ အားကိုးနေရတာ၊ တစ်နေ့ကုန်လို့မှ မဝယ်နိုင်ရင် တော့ ဒီနှစ် ဝေါကိန်းပဲ"

ဦးဘကျော်က ဘဝသိဝရိကို အဖြေထုတ်လိုက်သည်။

ပသျှူးပိုက်လုပ်ငန်းကို မြေပုံမြို့နယ် ပေသုန်၊ ကျွန်း သာ၊ ကုတ္တိုစသော ကျေးရွာများက အဓိကလုပ်ကိုင်ကြ သည်။ သည်ရွာက ပင်လယ်ကမ်းခြေရွာတွေမှာလည်း ရေလုပ် နှင့် ပိုပြီး အစပ်အဟတ်တည့်သည်။

ကပ်ကူရုံငါးများမှာ အရေးချိန် ၃-ပိဿာနဲ့ ၁၀-ပိဿာ ကြားတွင် ရှိတတ်ကြသည်။ သည့်အပြင် ငါးစည်ဖောင်း၏ န်ဖိုးကလည်း အသားတွဲတန်ဖိုးထက်ပင် မြင့်သေးသည်။ ကြောင့်လည်း ပသျှူးပိုက်လုပ်ငန်းဖြင့် ဝမ်းလည်းဝ၊ ခါး ည်းလှုကြသည်။

"ကဲ. . . ကဲ၊ ဒီနေ့က ရေအကြီးဆုံးရက်ပဲ၊ ရေဦးပဲ က်မယ် ပထမခေါက်မှာတောင် ကြည့်ပါလား၊ တစ်ကောင်ပါ တာ အရှင်လတ်လတ်ရှိသေးတယ်"

"ဟုတ်တယ် ဦး"

လွမ်းဝေမှာ နာယာ၏စကားကို ခပ်သွက်သွက် ထောက်ခံလိုက်သည်။

ပသျှူးပိုက်ချရာတွင် ရေတက်ဖြင့် ပိုက်ဆွဲချိန်၍ ငါး အသေပါလာလျှင် ရေတက်စ,ကပင် ငြိနေသောငါးဟု ပိုက်သမားများက ကောက်ချက်ချကြသည်။ ငါးအုပ်သည် ရေတက် စကပင် တက်လာကြပြီးမို့ မြစ်ညာပိုင်းသို့ရောက်သွားနိုင်သည်။

ဤသို့ မြစ်ညာပိုင်းရောက်သွားသော ငါးအုပ်သည် ရေကျချိန်တွင် ခရီးဝေးမှ ပြန်ဆင်းလာရမှာကြောင့် ကျရေ စစ်ခါနီး ရေနောက်ထ,ချိန်မှာမှ ပိုက်ခွင်သို့ ရောက်လာတတ်ကြသည်မို့ ရေ၏အခြေအနေ ငါး၏အကဲအလဲကို ချိန်ဆပြီး ရေစစ်ချိန်နီးမှ ချသောပိုက်ကို ရေနောက်ခံသည်ဟု ဆိုစမှတ်ပြုကြသည်။

အကယ်၍ ရေတက်ချသောအကြိမ်တွင် ပိုက်၌ ငါး အရှင် ပါလာပါက ရေတိုင်ခါးနီးမှ ပိုက်၌လာဟပ်သောငါးမို့ အရှင်လတ်လတ်ပါလာခြင်း ဖြစ်သည်။ ရေငြိမ်ခါနီးမှ ပင်လယ်ပိုင်းအောက်ဘက်မှ ပိုက်ခွင်သို့ ရောက်လာသော ငါးအုပ်မှာ မြစ်ညာသို့တက်ရန် အချိန်မရတော့ဘဲ ရေကျစတွင် ရေဦးဖြင့် ပင်လယ်ဘက်သို့ ပြန်လှည့် ဆင်းကြရသည်။ ဤအခြေအနေကို နားလည်သော ပိုက်သမားများက ငါးအုပ်ကို မီစေရန် ရေဦးလိုက်ပြီး ပိုက်ချကြသည်။ ဤသည်ကို ရေဦးလိုက်သည်ဟု ခေါ်သည်။ ဘဝဟူသည် ကိုယ်ကျင်လည်ရာ ပျော်သည်သာ တည့် ဆိုသည့်စကားအတိုင်း ဦးဘကျော်တို့ ဘုလှတို့ ပိုက်



သမားတွေမှာ ဤလုပ်ငန်းဖြင့်ပင် ဘဝဝမ်းမီးကို ငြိမ်းသတ်ကြရသည်။

လွမ်းဝေမှာကား ပိုက်သမား အသစ်ကလေး။ ဆောင်းတွင်းက ငါးများတန်းချလိုက်သေးရာ ငါးပုတ်သင်နှင့်ငါးရွှေမှာ တွက်ချေကိုက်ခဲ့သည်မို့ လွမ်းဝေကို အကုသိုလ်နံ့ ထွန်းတယ်ဆိုပြီး ကျီးစားတစ်ဝက်ဖြင့် စကြသေးသည်။

လွမ်းဝေမှာ အခြေအနေအရ ကျောင်းတော်မြေနဲ့ ဝေးခဲ့ ဘာညီးက အကျည်းတန်ဘဝအတွက် ရေပင်လယ်ထဲ မြေးဆင်းခဲ့ရသည်။

လုပ်ငန်းက အကျိုးပေးတော့လည်း လူ့ဓမ္မတာအတိုင်း ပင်ပန်းပေမယ့် ရွှင်လန်းခဲ့ရသည်။

ပိုက်သမားဘဝတွင်လည်း လွမ်းဝေတို့က မခေ။ အမြင့်ဆုံးအဆင့်ထိ မမီသော်လည်း အောက်ဆုံးသို့ကား မကျခဲ့။

"ကဲ. . ရေကျစပြုပြီ၊ ရေဦးလိုက်မယ်၊ လွမ်းဝေခတ်တက် ဆွဲခတ်ထား၊ ဘုလှ ဖော့ပစ်တော့"

"ကျွိ. . . ပွမ်. . . ကျွိ"

"ဖန်း. . . ဖြန်း. . . ဖြန်း. . . ဖန်း. . . ဖြန်း. . . ဖြန်း"

နာယာ ဦးဘကျော်၏ စကားအဆုံးတွင်တော့ လွမ်းဝေ၏ ခတ်တက်ဆွဲခတ်လိုက်သံနှင့်အတူ ဘုလှ၏ ပိုက်ဖော့ပစ်သံ၊ ပိုက်ချသံတို့မှာ ရေပြင်တစ်ဝိုက်တွင် မင်းမူနေခဲ့ပေတော့သည်။

"ဖန်း"

နောက်ဆုံး လက်ရင်းဖော့ကြီးကို ပစ်လိုက်ချိန်တွင်တော့

သုံးဦးစလုံး မောသွားကြသည်။ တံတွေးများပင် စေး
ပျောင်းပျောင်း ဖြစ်ကုန်ကြတော့၏။ ဦးဘကျော်မှာ ဆေး
လိပ်ကို မီးညှိဖွာရှိုက်ရင်း ပိုက်မြေးလမ်းကို ပဲစင်မှ မတ်တ
ရပ်ရင်း ကြည့်နေ၏။ ဘုလုမှာ ခါးကြားမှဆေးတံကို ဆွဲထု
လိုက်၏။ လှေနံတွင် ဘခေါက်ခေါက်ခေါက်ရင်း ချမ်းငြိမ
အောင်ဆေးတစ်ဆုံစာကို ဆေးတံဝတွင် သိပ်ထည့်ပြီး မီး
နေလိုက်၏။

လွမ်းဝေမှာက ဆေးလိပ်၊ ဆေးတံတို့နှင့် ခေါ်မြေ
ဆက်ဆံတတ်သူ မဟုတ်။ ဆေးလိပ်ဆေးတံဆိုလျှင် ကြည့်
ပင် မရ။ အဆုံးပြောရလျှင် ရွံသည်။ လွမ်းဝေမှာ လှေဦးချေ
မှ ရေတစ်ခွက်ခပ်ယူပြီး ပါးစပ်ကို ဆေးလိုက်သည်။ နောက်
ရေတစ်ခွက်ကို သောက်ချလိုက်သည်။ လွမ်းဝေတို့မှာ ခြော
လ်အရှည်ရှိ ပသျှူးလှေ၏ ဦး၊ လယ်၊ ဆုံး သုံးနေရာတွင် အ
သီး နေရာယူထားကြ၏။ သုံးဦးစလုံးတွင်တော့ စလွယ်ခမောက်
တစ်ခုဆီ ဆောင်းထားကြ၏။

လွမ်းဝေတို့လို ပိုက်သမားများတွေမှာ နေထွက်နေ
တစ်နေကုန် ခြစ်ခြစ်တောက် ပူပြင်းသောနေလောင်ဒဏ်
ဤ စလွယ်ခမောက်ကလေးတွေနဲ့ပဲ ကာကွယ်ကြရသည
ခမောက်ကလေးတွေဟာ ပသျှူးပိုက်သမားတွေအတွက် န
နိုးရာ ရိပ်ဆာယာလေးတွေပေါ့။

ထွက်တဲ့နေလည်း ကျောပြင်မှာ၊ ဝင်တဲ့နေလည်း ရေ
ပြင်မှာဆိုတာ ပသျှူးပိုက်သမားတွေအတွက် ရည်ညွှန်းထာ



ဆောင်ပုဒ်တွေများ ဖြစ်နေသလားမသိ။

"ပိုက်တန်းတော့ မဆိုးဘူးကွ၊ အသွားလှတယ်"

နာယာဦးဘကျော်သည် ပဲ့ဖျားမှ မတ်တတ်ရပ်ကြည့်
ရင်း တစ်ကိုယ်တည်း ပြောလိုက်၏။

"ဗို့ . . . ဗို့ . . . ဗို့ . . . ဗို့"

"ဟော . . . လေကြွမ်းလာတယ်ဟေ့"

ချက်ချင်းပဲ မြစ်ပြင်တစ်ခုလုံး ညိုမည်းသွားသည်။ ရေ
မျက်နှာပြင်ထက်မှ သက်ရှိသတ္တဝါကြီးတစ်ကောင် မာန်ဟုန်
ပြင်းပြင်းဖြင့် ပြေးလွှားလာတဲ့ သဏ္ဌာန်။ လှိုင်းခေါင်းဖြူကြီး
တစ်တန်း တစ်ဟုန်တိုး ဒုန်းစိုင်းလာနေသည်။ လေနှင့်အတူ
ပြေးလမ်းတစ်ခုတည်းက ပန်းဝင်လာသည့်ပုံ။ ဦးဘကျော်
သည် ပတ်ဝန်းကျင်လှေများကို လိုက်ကြည့်လိုက်၏။ မည်သည့်
အရာကိုမျှ မမြင်ရတော့ချေ။

မြစ်ပင်လယ်ထဲတွင် ထီးထီးမားမား ရပ်တည်နေသော
နောင်တော်တောင်ကြီးကို တောင်ဘယ်ဆီရော်ရမ်း မှန်းဆ
မှန်း မသိနိုင်တော့ပြီ။ ပတ်ဝန်းကျင်တွင်ကား အိမ်လောက်
နီးနိုး လှိုင်းလုံးကြီးများက ဝိန်းမောင်းဆိုင်းတီးပြီး သောင်း
ကျန်းနေခဲ့ကြလေပြီ။

"ဟေ့ . . . ဘာကြောင်နေကြတာလဲ ပိုက်မြန်မြန်ဆွဲကြ"

ဘုလုနှင့် လွမ်းဝေတို့မှာ နာယာကြီးဦးဘကျော် အော်
ဟစ်သံကိုကြားမှ သတိရသွားဟန်ဖြင့် ပိုက်ကို ကမန်းကတန်း
ကောက်ဆွဲလိုက်ကြသည်။ သို့သော် ထင်တိုင်းကားမပေါက်၊

လှေမှာ သွေးဆိုးတဲ့လှိုင်းလုံးကြီးများ၏ ရမ်းကားခြင်းကို အလူးအလိုမ့် ခံနေရပေပြီ။

"ဆွဲကြ-ဆွဲကြ"

ဘုလုနှင့် လွမ်းဝေတို့မှာ ဟောဟဲလိုက်နေကြပေပြီ ဦးဘကျော်မှာ လုပ်ငန်းသဘောအရ အမိန့်ပေးနေရသော် လည်း သူ့တက်မ သူတောင်မနိုင်ချင်တော့။ လှေကို လှိုင်းတံ လုံးစီ ရိုက်တင်လိုက်တိုင်း ပဲ့ကိုင်တက်မ,ရိုးမှာ ရေနှင့်မထိ တော့ဘဲ ဟင်းလင်းပြင်ထဲ ရောက်ရောက်နေတော့သည်။

လှိုင်းလုံးကြီး၏ကျောပေါ်မှ ပစ်ချလိုက်ချိန်တွင်လည်း လှေမှာ ဗိုင်းကနဲ ကျလာတော့သည်။ လှေကလေးမှာ လှိုင် ခေါင်းဆော်တစ်၏ ဝိုင်းတိုက်ခြင်းကို မရှုမလှ ခံနေရလေသည်။

ပသျှူးပိုက်မှာ ၁၆-ပင်လိမ် ဂုန်လျှော်ပိုက်များဖြစ်ရာ လွန်စွာလေးသည်။ အချိန်အဆာမရှိဘဲ တရကြမ်းလုပ်နေရ သဖြင့် ဘုလုနှင့် လွမ်းဝေတို့မှာ လျှာထွက်မတတ် ဖြစ်နေကြ ပေပြီ။

"ကြာတယ်ကွာ၊ ဘုလု ပိုက်ဖြတ်ချလိုက်တော့"

ဘုလုသည် ဓားကိုဆွဲပြီး လှေနံတွင်တင်နေသော ပိုက် များကို တတိတိ လှီးဖြတ်လိုက်တော့သည်။

"ဟိုမှာ ငါးတစ်ကောင်ပါလာတယ်"

လှေပေါ်ရောက်ခါနီးဆဲဆဲ ကပ်ကူရှံတစ်ကောင် တထိ ထိန်ဝင်းပြီး ငြိနေသည်ကို မြင်လိုက်ရရာ လွမ်းဝေရဲ့ပါးစ က လွှတ်ခနဲ ထွက်သွားသည်။



"အရေးထဲကွာ"

ဘုလုက ဟောက်လိုက်သည်။ ပိုက်များကို လှီးဖြတ်ပြီး ချိန်တွင်တော့ လှေမှာကျော့ကွင်းမှ လွတ်ထွက်လာသော သား ကောင်သဖွယ် ပေါ့ပါးစွာလည်ထွက်လာခဲ့ပေသည်။

"ဟဲ. . . ဘုလု ထမင်းတောင်းနဲ့ အလယ်ခန်းကနေ ရေ က်ထုတ်ထား၊ လွမ်းဝေ. . . မင်း ဦးရွက်ကလေးကို ထူပြီး ာစ်ဝက်ဖွင့်"

လွမ်းဝေသည် လှေနံနှစ်ဖက်ကို မြဲမြဲနင်းပြီး ဦးရွက် ကလေးကို ထူလိုက်၏။

"ဖြန်း. . . ဖြန်း. . . . ဖြန်း. . . . ဖုန်း"

"အယ်. . . အယ်. . . အယ်. . . အယ်. . . အား"

လေက အစွမ်းကုန်ကြမ်းနေတော့ရာ ရွက်တိုင်အထူ ာင် ရွက်တစ်ဖုံလုံး ဗုန်းကနဲ ပွင့်သွားပြီး ရွက်မှာလှေဦးတို ကျော်ကာ မြစ်ပြင်ထဲသို့ ထိုးကျသွားတော့သည်။ သို့သော် ပုံးဝဥသုံ့ကား ကျမသွား။ ရွက်ကြိုးနှင့် တန်းလန်းကြီး ဖြစ်နေသည်။

ရွက်ကိုင်သူ လွမ်းဝေမှာ လှေနံကိုခွက မြစ်ထဲတွင် ခြေ ာစ်ဖက်၊ လှေဝမ်းထဲတွင် ခြေတစ်ဖက်ဖြစ်နေတော့ရာ ဘုလု သည် အလယ်ထုတ်ကို ခုန်ကျော်ပြီး လွမ်းဝေ၏ခြေထောက် ကို ဆွဲထားလိုက်ရသည်။ ရွက်ကြိုးကိုလည်း ဖြတ်ချလိုက်၏။

ဘုလုသာ အနီးမှာ မရှိရင်တော့ လွမ်းဝေအဖို့ မြစ် ပင်လယ်ထဲမှာ မတွေးရဲစရာ။

"ဟာ. . . ဒုက္ခပဲ၊ ဟော့. . . ဘုလု ဒီကောင်ထားတော့
မင်းပဲ အလယ်ရွက်ကြီး ထူတော့ကွာ၊ တစ်တောင်လောက်ပဲ
ဖွင့်၊ ကြိုးဖောက်ချည်ပြီးတော့မှ ထူ"

သိပ်မကြာလိုက်။ ဘုလု၏ ရွက်ထူမှုလုပ်ငန်း ပြီးစီးသွား
သည်။

"လွှမ်းဝေ ထလို့ရပြီလား၊ ထုပ်ပေါ်တက် မတ်တတ်ရပ်
ရွက်တိုင်ကျိုးမသွားအောင် တိုင်ထိန်းကြိုးကို ပဲ့မှာလာချည်
ဘုလုက ရေပန့်ထုတ်ထားပေါ့၊ မောတော့ လွှမ်းဝေ တစ်လှည့်
ဝင်ပက်"

ဦးဘကျော်မှာ လှေဦးကို လေကြောင်းသင့်ရာ လှည့်
ပေးလိုက်တော့၏။ ကမ်းမမြင်သော ပင်လယ်ခရီး၌ ပဲ့ကိုင်ကို
အားကိုးပြုရ၏ဆိုသည်မှာ ဤနေရာ၌ သိပ်မှန်နေခဲ့ပြီ။ လူ
သုံးယောက်စလုံး သူ့တာဝန်နှင့်သူ နေရာယူလုပ်ကိုင်ချိန်တွင်
တော့ လှေပြေးအားကြောင့် လှိုင်းက ဒီလောက်အထိ ဒုက္ခ
မပေးနိုင်တော့ချေ။

လွှမ်းဝေမှာ လှေပဲ့ပိုင်းကို ကျောပေးပြီး ရွက်တိုင်ကို
လှမ်းဆွဲထားရာမှ နောက်ကို ပြန်လှည့်ကြည့်မိတိုင်း စိတ်
ချောက်ချားမှုက ပိုမိုမြင့်မားလာခဲ့သည်။ မာန်ဖီနေသည့် လှိုင်း
လုံးကြီးများက ရုပ်ပုံထဲတွင် နဂါးကြီးတွေ အမောက်ထောင်
ထားသလို လှေကို အနောက်မှစီးမိုးလိုက်ပါလာကြသည်။
လှေမှာ တစ်ချီတစ်ချီ တိမ်ညွန့်သို့ရောက်သွားသလား အောက်
မေ့ရသည်။ ပြန်အကျတွင်လည်း နှလုံးသည်းပွတ်များ ကျွတ်



ကျွတ်မတတ် ခံစားကြရသည်။

"ဟေ့ကောင် နောက်ကိုလှည့်မကြည့်နဲ့၊ နောက်ကို လှည့်
မကြည့်နဲ့"

လွှမ်းဝေ အမူအရာပျက်နေသည်ကို မြင်သဖြင့် ဦးဘ
ကျော်က စိုးရိမ်စိတ်ဖြင့် သတိပေးလိုက်ခြင်း ဖြစ်သည်။ ပင်
လယ်ရေများမှာ အခွင့်အရေးရတိုင်း လှမ်းပက်ဝင်လာကြရာ
ဘုလုအဖို့ နားရသည်ဟူ၍ မရှိ။ အားကောင်းမောင်းသန်
ပင်လယ်ပျော် ရေလုပ်သားမို့ တော်သေးသည်။ မြစ်ပြင် တစ်
ခုလုံးတွင်တော့ လှိုင်းနံရံကြီးများ ဆီးကာထားသည့်နှယ် ကြည့်
လေရာရာ လှိုင်းကမ္ဘာ။ လှိုင်းနှင့်လှေကတော့ ဘတစ်ပြန်
ကျားတစ်ပြန်။

"ဟိုမှာ ဟိုမှာ ကမ်းပဲ၊ ကမ်းပဲ"

လွှမ်းဝေသည် နာယာဦးဘကျော်အား ပြန်ကြည့်ရင်း
ကမ်းသို့ လက်ညှိုးထိုးပြလိုက်၏။

"အေး. . အေး အဲဒါ ကမ်းရိပ်ပဲ၊ ဘယ်ကမ်းပါလိမ့်"

ပိုက်သမား သုံးဦးစလုံးအတော် အားတက်သွားကြ
သည်။ သို့သော် မြူနှင်းကနဲဖြစ်နေ၍ ကျွန်းကို မမှတ်မိနိုင်။
ဦးဘကျော်မှာ ပဲ့ကိုင်တက်မရိုးကြီးကို ကန့်ချိတ်ထားရာ လက်
ဖျံကြောကြီးများထောင် ထနေသည်။

လှေမှာ ကျွန်းနှင့် ပိုမိုနီးကပ်လာသည်။ လွှမ်းဝေ၏
မျက်နှာပြင်ကလေး ဝင်းပသွား၏။

"အဲဒါ ကျွန်းလျှားရှည် ကျွန်းပဲ၊ ပင်လယ်ထဲက ကျွန်း

လွတ်ကြီး လူသူတစ်ယောက်မှ မရှိဘူး"

ဦးဘကျော်မှာ ပြောရင်းပဲ လှေကို ကမ်းနှင့်ဝေးသွားအောင် လက်ျာဘက်သို့ ကော်ထုတ်လိုက်သည်။

"ဦးလေး ကမ်းကပ်လိုက်လေ"

"ဟေ့ကောင် မင်းအသာနေစမ်းပါ၊ မင်း မသိဘူး၊ ဒီနား ကပ်ရင် မသာပေါ်သွားလိမ့်မယ်ဟ"

လွမ်းဝေမှာ ငြိမ်သွားသည်။ သို့သော် ဘဝင်ကား မကျ။ ကမ်းရောက်နေမှတော့ လုံးဝမခွာချင်တော့ပေ။

"ဘာလို့ ကမ်းကပ်မရတာလဲ ဦးလေးရယ်"

"မင်းကလည်းကွာ၊ အဲဒီကျွန်းမှာ ကျောက်စွယ်၊ ကျောက်ချွန်တွေချည်ပဲဟဲ့၊ ကပ်လိုက်တာနဲ့ လှိုင်းဆောင့်ရိုက်ပြီး လှေကွဲရုံမက လူတွေပါ သေကုန်လိမ့်မယ် သိလား"

ဦးဘကျော်မှာ လွမ်းဝေကို အော်လိုက်ပြန်သည်။

ကောင်းကင်ပြင်တစ်ခုလုံးသည် မှိုင်းညို့ဆိုင်းဆို့လျက်ရှိသည်။ နေဝန်းနီ ခပ်ဖျော့ဖျော့က အနောက်ဘက်မိုးကုတ်စက်ဝိုင်း ပင်လယ်ပြင်အောက်သို့ ငုပ်လျှိုးတော့မလို ဖြစ်နေပေပြီ။

လေက နည်းနည်းလျော့လာသလို တွေ့ရသည်။ လေကြောင်းက တောင်ဘက်သို့ အဓိက ပစ်လွှတ်နေသည်။ လှေဦးရှေ့က တောင်တန်းရှည်ကြီးတစ်ခု ထီးထီးမားမား ပေါ်လာပြန်သည်။

"ရှေ့ကပေါ်လာတာ တံခါးနိုးတောင်တန်းပဲ၊ ကျောက်



ငြိမ့်နယ်ထဲ ရောက်သွားပြီ၊ အဲဒီတောင်ခြေမှာ လေကွယ်၊ လှိုင်းကွယ်နေရာရှိတယ်"

သိပ်တောင်မကြာ။ လေ တွန်းအားက ကောင်းနေရာ တောင်တန်းကြီး၏ ရင်ခွင်တွင်းသို့ ဝင်မိသွားသည်။ ဦးဘကျော်သည် တောင်ပုလုကလေးတစ်ခုအနီးမှ လှေကိုကွေ့ပတ်သွင်းယူလိုက်ပြီး တံခါးနိုးတောင်တန်းကြီး၏ တောင်ခြေတွင် ဆိုက်ကပ်လိုက်၏။

သုံးဦးစလုံး၏ မျက်နှာပြင်တွင်တော့ အောင်မြင်မှုတစ်ခုအတွက် ဝမ်းသာမှု၊ ဂယက်လှိုင်းများ ထင်ဟပ်သွားကြသည်။

"ကဲ. . . ကဲ လှိုင်းအလာနဲ့လှေကို ဆွဲတင်ကြရအောင်"

"လာပြီ. . . လာပြီ၊ ဟေး. . ."

ဦးဘကျော်တို့သည် လှေကိုရေတစ်ဆုံး ဆွဲတင်လိုက်ကြ၏။ ဦးတိုင် ပုံတိုင်စိုက်ပြီး ကြိုးချည်လိုက်ကြသည်။

လူတွေကတော့ ခွေးကိုက်ခံရသော မျောက်များနှင့်ဘာမှမခြား။ ကိုယ်တွင် ဝတ်လျက်ပါလာသော အဝတ်တစ်ထည်ကိုယ်တစ်ခုလည်း အိုင်အိုင်စွတ်လို့။ နောက်ထပ် လဲစရာလည်းမရှိ၊ စားစရာလည်း နတ္ထိ။ သေကံမရောက် သက်မပျောက်ကြပေမယ့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ မှိုင်တိုင်တိုင်။

"အဲဒါပေါ့ကွာ၊ ဒါက တို့ဒေသရေလုပ်သားတွေကို ခဏခဏ ဒုက္ခပေးနေတဲ့ ရာဟုလေကြမ်းဆိုတာပေါ့ကွာ၊ တချို့က တော့လည်း လေပျက်လို့ ခေါ်ကြတယ်လေ၊ မင်းတို့လည်း

နောက် သတိထားကြပေါ့ကွာ"

ဦးဘကျော်သည် လေးလေးပင်ပင်ပြောရင်း ပင်လယ်ပြင်ဘက်ဆီသို့ ငေးကြည့်နေသည်။

"တို့ဘဝတွေလည်း ပင်လယ်ပြင်မှာ နပန်းလုံးရင်း ဒီလိုပဲ အချိန်ကုန်ရတော့မယ် ထင်ပါရဲ့ကွာ"

ဦးဘကျော်မှာ သောင်ပြင်သို့ လျှောက်သွားပြီး တုံးပိုင်းတစ်ခုပေါ်တွင် နွမ်းရိစွာ ထိုင်ချလိုက်သည်။

မြဝတီမဂ္ဂဇင်း၊ ၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ။



# မနှင်းရီ ရဲ့ ရင်တွင်းစကား

## မနှင်းရီရဲ့ ရင်တွင်းစကား

ချစ်စခင်စ ကြင်နာစ ရှင်တပျပျပင်××× လောကကမ္ဘ
မြေပေါ်တွင်××× ကိုယ့်အရှင် ကိုယ့်သခင် ကိုယ့်လင်ကိုယ
တစိမ့်စိမ့်ကြည့်ရတာ အားမရချင်××× ထာဝစဉ် မခွဲအသည်
စွဲ သိပ်ချစ်တာပဲရှင်××× မြတ်နိုး၊ ယုယသမုဒယနှောင်ကြိ
ငင်၊ ဖွယ်ဖွယ်ရာရာစားတဲ့ သောက်တဲ့နေရာမှား ပျူငှာစကာ
နဲ့ သူသာစားချင် ကောင်းနိုးရာရာ ကိုယ်တိုင်ရွေး၊ ကိုယ်တိုင်
ကျွေး သူ့ကိုခွံ့ကျွေးချင်×××

ရေဗီယိုမှ တေးသံရှင်ရီလေးရဲ့ တေးသံဟာ ကျွန်မရဲ
အိမ်ဂေဟာလေးမှာ ပျံ့လွင့်လို့နေပါတယ်။

"စားပါမောင်ရဲ့ ဒါက မောင်ကြိုက်တတ်တဲ့ ဆည်က
ရှိုင်းကြီးတွေလေ။ ပင်စိမ်းလေးအုပ်ပြီး ချက်ထားတာ မွှေး



ာပဲ၊ ခုလိုမိုးနှောင်းစပါးပန်းပွင့်ချိန်ဆို ဒီငါးတွေ အဆီရှိတဲ့
ာသီပေါ့၊ ရော့. . . စားစမ်းပါ မောင်"

ကျွန်မဟာ မောင့်ပန်းကန်ဆီသို့ ငါးခေါင်းပိုင်း ကြီးကြီး
တစ်ပိုင်းကို ခပ်ထည့်ပေးလိုက်ပါတယ်။

"ဪ. . . မောင်ကိုယ်တိုင် ထည့်စားလည်းရသားပဲ
င်းရီရယ်၊ ကိုယ့်ဖာသာ စားစမ်းပါ"

"နှင်းရီက အရေးမကြီးပါဘူး။ အိမ်မှာ နေရတာ၊
ောင်ကသာ တစ်ရွာလုံးမွေးထားသမျှ ကလေးတွေကို တစ်
းကုန် မနားမနေ စာပြရတာ ဘယ်လောက်ပင်ပန်းသလဲ၊
ော့ ဒါက ဗူးညွန့်ပြုတ် ငရုပ်သီးထောင်းနဲ့ တို့စား၊ ဟိုဘက်
ဘက မုံ့ပတီသီး၊ ငရုပ်သီးစိမ်းနိုင်းချင်း၊ ငပိနိုင်းချင်းနဲ့
်ထားတာ ကောင်းတယ်မောင်ရဲ့ စားကြည့်ပါဦး"

"ဆီတစ်ဆယ်သား ယူမယ်ဗျို့"

"စားနော် မောင်၊ အိမ်ရှေ့မှာ ဈေးဝယ်သားရောက်
ပြီ၊ နှင်းရီ သွားရောင်းလိုက်ဦးမယ်"

ကျွန်မဟာ ကိုယ့်ထမင်းပန်းကန်မှာ ဟင်းတွေကို မြစ်သလို
ည့်ပြီး ဆိုင်ခန်းကလေးသို့ အပြေးအလွှား ထွက်လာမိပါ
ာတယ်။ ထမင်းပန်းကန်ကို ကမန်းကတန်းချပြီး ဆီခြင်
ယ်ရောင်းလိုက်ပါတယ်၊ အရေးထဲ ပိုက်ဆံက ၅၀၀-တန်
း၊

"ဪ၊ မောင်လေး ငွေအသေး မရှိသေးဘူး၊ နေ့လယ်
လောက် လာယူနော်"

ကောင်လေးက ခေါင်းညိတ်ထွက်သွားသည်။

"အစ်မရေ၊ ထန်းလျက်နှစ်ဆယ်သား"

"အေး. . . အေး ရမယ် ရမယ်၊ ပေးပေး ညီမလေ ပိုက်ဆံ အကြွေလား"

ကောင်မလေးက ပိုက်ဆံကို ထုတ်ပြလိုက်သည်။

"ဟာ. . . ဒုက္ခပဲ၊ ၂၀၀ တန်ကြီး။ နေဦး ညီမလေး တစ်ရာယူသွား၊ ကျန်တာ နေ့လယ်ပိုင်းလောက် လာခဲ့နော် အစ်မ အဆင်သင့် လုပ်ထားလိုက်မယ်"

"ဟုတ်ကဲ့. . . ရပါတယ်"

"မနှင်းရီရေ၊ နင်တို့ဆိုင် တမင်လာခဲ့တာပဲဟေ့၊ တ ဝိတ်တ်ဆိပ်ခဲ ရှိသလား"

"ဟုတ်ကဲ့ ဦးလေး၊ ရှိပါတယ်"

"ကောင်းကော ကောင်းရဲ့လားကွယ်၊ တစ်ခါတစ်ေ လချေးခဲတွေပါ ပါတတ်တယ်၊ အဲဒီ ချေးတွေပါနေရင် ခဲလု လုပ်ရတာ မကောင်းဘူး၊ မနှံ့ဘူးပေါ့ကွာ။ ကဲ. . . ကြည့်မယ် ကြည့်မယ်"

"ကောင်းပါတယ် ဦး။ ကွန်သမားတွေ အားလုံးလို ဒီက ယူကြတာချည်းပဲ။ မနက်ကတောင် ကိုဘရင်တို့အ ယူသွားကြသေးတယ်"

"အေး. . . ဒါဆိုလည်း ခြောက်ဆယ်သားချိန်ကွာ"

"ခဲလေး ခြောက်ဆယ်သားလောက် ဝယ်ဖို့ဟာမှ ရှည်နေလိုက်တာ"



ပြောထွက်လိုက်တဲ့ စကားတော့ မဟုတ်ပါဘူး။ ကျည် ဘောက်ထဲ ကျည်တပ်တွေလို ရင်ထဲမှာပဲ မြွတ်သိပ်နေတာ ။ ကျွန်မဟာ ခဲပြားကို တဒိန်းဒိန်းထုဖြတ်ရင်း ချိန်တွယ် က်ပါတော့တယ်။

"ခြောက်ဆယ်သား မပြည့်ဘူး၊ ငါးကျပ်သားလျော့နေ ယ် ဖြစ်မလား ဦး"

"မောင်. . . ဟင်းတွေထည့်စားနော်၊ အိုးထဲမှာ အများ း ပဲ"

ကျွန်မဟာ ခဲရောင်းနေရာမှ ထမင်းစားနေတဲ့ မောင့် အော်လိုက်မိပြန်တယ်။

"မဖြစ်ဘူးဟေ့၊ မဖြစ်ဘူး။ ဦးမှာ ခြောက်ဆယ်သား တိပဲ လိုတာ"

"ဩော်. . . ဟုတ်ကဲ့ရှင့်၊ ဟုတ်ကဲ့ လုပ်ပေးပါမယ့်"

ကျွန်မဟာ နောက်ခဲတစ်ပြားကို ကောက်ထုပြီး ထု ာင်းဖြတ်တောက်ကာ ချိန်ခွက်ထဲသို့ ခွပ်ကနဲ ကောက် ည့်လိုက်ပြန်သည်။

"ငါးကျပ်သားလောက် ပိုနေပြန်ပြီ၊ ဒါလေး ထည့်ယူသွား ပိုက်ဆံက ဒီလောက်ပိုတာ မဟုတ်ပါဘူး၊ ခဲဆိုတာ ခက် ယ်ဦးရဲ့ အတိအကျဖြတ်လို့ ချိန်လို့ အလွယ်တကူရတာ တ်ဘူး၊ ဒီလိုပဲ နည်းနည်းပိုတာ လိုတာယူသွားကြတာပဲ"

"မဖြစ်ဘူးဟ၊ ငါက ခြောက်ဆယ်သားအတိပဲ လိုချင်

ဘယ်လိုယောကျ်ားမျိုးပါလိမ့်။ မိန်းမတွေထက်တော
ဆိုးနေပါပေါ့လား။ စိတ်ရှုပ်သွားတာနဲ့ ခေါင်းကို ခပ်ကြ
ကြမ်း ကုတ်လိုက်မိတော့တယ်။ ဒုက္ခပဲ၊ ထမင်းစားနေရ
လက်မဆေးဘဲ ဆံပင်တွေ ကုတ်ဆွဲမိပြီ၊ ထမင်းစား
ခေါင်းလျှော်ရဦးမယ်။

"ဗြော် ဦးလေးရယ်၊ ပိုတဲ့ဟာလည်း ယူသွားလိုက်
ပိုက်ဆံမပေးနဲ့တော့ ရပါတယ်"

အေးမှအေးစေတော့ဆိုပြီး ငြိမ်းချမ်းရေး စကား က
လှမ်းလိုက်ခြင်းဖြစ်ပါတယ်။

"အေး... အေး သာဓုကွယ်၊ သာဓု သာဓု ငါ့တူမ
တို့ ဒီထက်ပိုပြီးတော့ ကြီးပွားကြပါစေ၊ ချမ်းသာကြပါ
အန္တရာယ်ကင်းကြပ့ါစေကွယ်၊ ဟဲ... ဟဲ အားလည်းန
တယ် ငါ့တူမရယ် ပိုက်ဆံတော့ ပါမလာသေးဘူး။ တစ်
လောက်တော့ စောင့်ပါကွယ်နော် ငါ့တူမ"

ကျွန်မမှာ ကြီးစွာသော စိတ်ပျက်ခြင်းဖြင့် ခေါင်
ဇတ်ကနဲ ဇတ်ကနဲ ခပ်ဆတ်ဆတ် ဆယ်ကြိမ်ထက်မန
ညိတ်ပြလိုက်မိတော့တယ်၊ လုပ်ငန်းပြီးတာနဲ့ ထမင်းပန်း
ဆီသို့ အပြေးအလွှား ထသွားလိုက်မိတော့တယ်။

"ဟောတော်"

သူတို့ကို အလှူအတန်းပေးနေတယ်လို့များ ထင်
သလား မသိဘူး။ ပန်းကန်ပြားတစ်ခုလုံး ထမင်းပန်း
မဟုတ်တဲ့ မည်းမည်းလှုပ်လှုပ် ယင်ပန်းကန်ဖြစ်နေပါပေါ့



င်နားစကို စောင်ကြည့်ပါတဲ့၊ ရော... မစားတော့ဘူး။
းကြွင်းထည့်တဲ့အိုးထဲ လှမ်းထည့်လိုက်ရပါတော့တယ်။
ရောက် ပူပူနွေးနွေးတစ်ပန်းကန် ခူးစားလိုက်ရတာပေါ့၊ ဝမ်း
လည်း သိပ်ဆာနေတော့ ထမင်းအရမ်းမြိန်တာပဲ၊ ပလုတ်
လောင်းနဲ့ တစ်ယောက်တည်း လုပ်ပွဲကျနေတော့တယ်"

"ဗြော်... မောင်၊ ဒီမှာ ဒီမှာငှက်ပျောသီးရှိတယ်
ရော... ရော"

ထမင်းစားရာမှ ထပြီး မောင့်ကို ငှက်ပျောသီးပေးလိုက်
ပြီတယ်။ ပန်းကန်ပြားကိုလည်း တန်းလန်းကြီးကိုင်လို့။

"အစ်မရေ အကျီတစ်ထည် အပ်ချင်လို့"

"ဗြော်... မတင်လှ ခဏစောင့်ပါလား၊ သူ့ခမြာ
မင်းစားတန်းလန်းနဲ့ ဖြစ်နေတယ် ခဏလေးပဲနော်"

"အားလည်းနာပါတယ် ဆရာ၊ ကျွန်မက လယ်ထဲဆင်း
မှာ၊ ကူးတို့လှေကြုံနဲ့လိုက်ရမှာဆိုတော့ မမီရင် ခက်နေဦး
ယ်၊ သူတို့လည်း သွားဖို့ လုပ်နေကြပါပြီ"

ကျွန်မမှာ အိမ်ရှေ့က အသံဗလံများကို ကြားနေရရာ
တူးတော့ပါဘူးဆိုပြီး ထမင်းပန်းကန်ကို ဒုတိယအကြိမ် ပစ်
ိုက်ရပါတော့တယ်။

"ကဲ... ကဲ၊ ညီမ လာ လာ အတိုင်းယူရအောင်"

"လက်ကလေး ဘာလေး သုတ်လိုက်ပါဦးကွာ၊ ကိုယ့်
ိးမကတော့လေ ကိုယ်လုံးသာ မသေးတာ လျင်သမှ လုပ်
ေတာပဲ"

"ဟုတ်ပါရဲ့တော် မောင်ပြောပေလို့သာ"

မောင့်ကို တစ်ချက်ပြုံးပြီး ချစ်မျက်စောင်းလေး ပ
ချက်ထိုးပစ်လိုက်သေးတယ်။ လက်ကလည်း လုပ်ရင်း မော
ပြောခဲ့ဖူးတဲ့ ချိုမြိန်တဲ့ ချစ်စကားလေးတွေကလည်း နား
နေရာယူနေကြပြန်ရော။

"မောင့်မိန်းမ မျက်နှာလေးကလေ၊ ရယ်လိုက်တိုင်း သွာ
တက်ကလေးပေါ်ပြီး ပါးထုထုလေး တစ်ဘက်တစ်ချက်
နေတာ သိပ်ချစ်စရာကောင်းတာပဲ"

"ဩော်... မောင်ကလည်း ဒီခန္ဓာကိုယ်ကြီးကစော
ကြည့်ကောင်းလို့လား"

ကျွန်မဟာ ဗိုက်သားထူထူလေးကို ဆွဲပြရင်း သမ
ချစ်မျက်စောင်းလေး ထိုးပြလိုက်ပါတယ်။

"မောင်က ဒါမျိုးမှ သိပ်ကြိုက်တာ ဝိန်ဝိန်သွယ်သွ
လေးတွေ စိတ်မဝင်စားပါဘူး၊ နောက်ပြီးတော့လေ ဘ
ဟိုလိုကွာ အလယ်က ပူရောင်ရောင်ကြီးနဲ့ ဘဲဥလိုဟာမျိုး
ကြည့်မရဘူး၊ နှင်းရီက ဝတယ်ဆိုပေမယ့် မြန်မာလု လှ

"ဘာလဲ မောင်က မြန်မာလုလို့ တစ်ခု"

"ဒီလိုလေဟာ၊ မြန်မာလုဆိုတာ အသားအရေ စို
တယ်၊ ပြည့်ဖြိုးတယ်၊ ခါးက တုတ်တယ်ဆိုပေမယ့်
အတုတ်ကြီးတော့ မဟုတ်ဘူး၊ လုံးချောပြီး မသိမသာ
ကျဉ်နေတာမျိုး" မောင်ဟာ ပြောပြောဆိုဆို ကျွန်မခန္ဓာကို
တစ်တုံး တစ်ခဲကြီးကို ဖွေ့ခနဲ လှမ်းဆွဲလိုက်ပါတော့တယ်



"ဒီခါးတုတ်တုတ်လေးက စွဲစရာ၊ မခင်တုတ်လို့တောင်
ဘမည်ပြောင်းလိုက်ချင်တယ်"

ကျွန်မဟာ ကိုယ့်အတွေးနဲ့ကိုယ် ပြုံးရယ်ပစ်လိုက်တယ်။

"ဒီလောက် အလုပ်များတဲ့အထဲ ဘယ်အိမ်မက်တွေ
သွားသတိရနေရတာလဲ"

"မောင့်ရဲ့ ပန်းနုရောင် အိမ်မက်ပေါ့"

"ဟိုမှာ လာနေပြီ လာနေကြပြီ"

မောင်ဟာ လမ်းမ,ဘက်သို့ မေးထိုးပြလိုက်ပါတယ်၊
သုံးနှစ် နှစ်ယောက်မွေးထားတဲ့ ရင်သွေးတွေ လာနေကြပြီလေ၊
ထမင်းချက်ပြောင့်ပါစေဆိုပြီး သူ့အဘွားအိမ်ပို့မှန် ပို့ထားရ
တဲ့ ကိုယ်ပွားတွေပေါ့။

"ကလေးတွေ ထမင်းကျွေးဖို့ လုပ်လိုက်မယ်၊ မောင် ဆိုင်
အစောင့်ပေးနော်"

မောင်က ပြုံးပြီး ခေါင်းညိတ်ပြလိုက်တယ်၊ အကြီးကောင်
ကိုမိုးကတော့ လေးနှစ်ဆိုတော့ ထမင်းကိုဘဲဥကြော်၊ အာလူး
ကြော်လေးတွေနဲ့ ခွံ့လို့ရပြီ၊ အငယ်ကောင်ကိုမိုးကတော့
ချောလည်း ချောချောတယ်ဆိုတော့ အာဟာရမှုန့်လေး ဘာလေး
ညှိပြီး ပေါင်းတင်ခွဲတာတောင် ကျန်တဲ့အခါကျန်၊ လက်ရာ
ပျက် ပစ်တဲ့အခါပစ်နဲ့ အမိန့်ချည်းဆွဲနေတော့တာပဲ။ ခု
သည်း တအင် အင်နဲ့ အမေနဲ့သား ထွေးလားလုံးလားပဲ။

"နှင်းရီရေ၊ ရေနံတစ်ဆယ်ဖိုးတဲ့ ဘယ်လောက်ပေးရ
မလဲ"

"အသေးခြင်ခွက်နဲ့ နှစ်ခွက်"

"ဒီမှာ ဖိနပ်ကြိုးဝယ်မလို့တဲ့၊ ဘယ်နားလဲဟာ"

မောင်ဟာ ခန္ဓာကိုယ် ကလန်ကလားကြီးနဲ့ ဟိုဟာချွဲ လိုက် သည်ဟာယူလိုက်နဲ့ အလုပ်များနေပါတော့တယ်။ ဒါ ပေသိ တစ်ခုမှတော့ ဖိနပ်ကြိုးမဟုတ်၊ မောင့်ကိုကြည့်ပြီး ပ် စိတ်ပင်ပန်းလာမိတယ်။

"ဟိုဘက်ထောင့် မောင်၊ ဟိုဘက်ထောင့်"

သူ့ခမျာ ရှာမြန်တယ် မတွေ့။

"ဘယ်မှာလဲ အဲသည်ထောင့်မှာ ပွေ့ညှပ်ထုပ်နဲ့ သံထုပ် တွေချည်းပဲ"

ကျွန်မဟာ ကလေးကို ရင်ခွင်ပွေ့နို့တိုက်ရင်း ထလာ ပြီး ဖိနပ်ကြိုးထုပ်ကို ဆွဲပေးလိုက်မှပဲ အေးတော့တယ်"

"မောင့်ကို တစ်ခုခုလုပ်ခိုင်းရင်လေ၊ ကိုယ်လုပ်တာထက် ပိုပင်ပန်းတယ်"

သည်လို ပြောပစ်လိုက်ချင်ပေမယ့် မောင်စိတ်မကောင်း ဖြစ်သွားမှာစိုးပြီး ရင်တွင်းစကား ရင်တွင်းမှာပဲထားလိုက်ရ ပါတော့တယ်။

× × × × ×

"မောင် အိပ်ရာပြင်ထားပြီ၊ အိပ်တော့လေ"

"မောင့်မလဲ ဝတ္ထုတစ်ပုဒ်၊ မဂ္ဂဇင်း စာမျက်နှာတွေပေါ် ရောက်ဖို့အတွက် ကြိုးစားလိုက်ရတာ အိပ်ချိန်တောင်မရပါ



လား မောင်ရယ်"

တာမှခလေး မဖြစ်စလောက်နဲ့ မောင့်ကြည့်ရတာ ပင် ပန်းလိုက်တာ။ ဝန်ကြီးဌာနတစ်ခုရဲ့ ဝတ္ထုတို ပြိုင်ပွဲမှာ ဆုတစ်ဆုချိတ်လိုက်လို့ မောင့်မိန်းမဖြစ်ရတာ ဂုဏ် ရှိလိုက်တာလို့ တွေးပြီး ပျော်ရွှင်မှုလေး အခိုက်အတန့်တော့ ရခဲ့ပါရဲ့။ မောင်ဝါသနာပါတာ မောင်လုပ်ပါစေ ဘာဖြစ်လဲ၊ မောင်က ဆေးလိပ်မသောက်၊ အရက်မသောက်၊ ကွမ်း မစား ဘူး။ မောင့်ဇနီးမယားဖြစ်ရတာ ဘယ်လောက်စိတ်ချမ်းသာ ပြီး ကောင်းသလဲလို့၊ မိန်းမမှု ကင်းတယ် မကင်းဘူးဆိုတာ တော့ ကျွန်မ ယတိပြတ်ပြောလို့ ဘယ်ဖြစ်မလဲ။ ဒါက လျှို့ဝှက် ကပ်တဲ့အရာတွေပဲလေ၊ ကျွန်မအမြင်ကတော့ မောင်က သူ့ရည်သန့်ပဲ၊ တည်တည်ကြည်ကြည်ရှိတယ်၊ စကားလည်း သိပ်မပြောဘူး၊ နှုတ်ခမ်းထူထူလေးကို ခပ်တင်းတင်းစေ့ပြီး အလေးအနက် တွေးနေတတ်တယ်။ ဒါသည်ပင်လျှင် မောင် ဟာ ကျွန်မရဲ့ ယုံကြည်ကိုးစားသူဖြစ်လာတာပေါ့။ မောင်ဟာ ကျွန်မ အလိုတော့လိုက်သား။ ဘယ်နေရာသွားသွား မောင့်ဇနီး ခဲ့ဆိုပြီး တစ်ခုခုတော့ ဝယ်လာတတ်စမြဲ။ ပြော် ရင်နှင့်အမျှ ချစ်ရပါလား မောင်ရယ်။ ခုလည်း ကျွန်မအသံပေးလိုက်တာ နဲ့ ကျွန်မရဲ့လက်ျာဘက်ကနေ ကျွန်မဘက်လှည့်လာတာဖို့ ကျွန်မရင်ကို အေးမြစေပြန်တယ်။

"နှင်းရီ"

"မောင်"

ခုခေတ်ကုန်ဈေး

နှုန်း တော့ကွာ၊

တွေးရင် မောင်တော့ မွန်းကျပ်လာတယ်"

"မောင်ဝတ္ထုထဲက ဇာတ်သားတွေ ရွတ်ပြနေတာလား"

"မဟုတ်ဘူးလေဟာ လက်ရှိထိရှနေတဲ့ဘဝကို ပြောနေတာပါ"

"ဒါကတော့ မောင်ရယ်၊ လူသားတွေဟာ သမိုင်းရေစီးကြောင်းထဲ မျောပါနေကြတာပဲ မဟုတ်လား"

"အခုလဲ နှင်းရီတော်လို့ မောင်တို့အရှုပ်ဆိုးအဖတ်တင် မဖြစ်တာ။ နှင်းရီလည်း သနားပါတယ်၊ ကလေးနှစ်ယောက်တာဝန်က တစ်မျိုး၊ မောင့်ကို လုပ်ပေးရတာကလဲ တစ်ခု၊ တစ်ခါ ဈေးရောင်း၊ စက်ချုပ်နဲ့ ဇယ်စက်သလိုပါပဲကွာ၊ ကျန်းမာရေးကောင်းတဲ့ မိန်းမမို့လဲ ဒီလောက်လုပ်နိုင်တာပေါ့နော်"

"ဟာ. . . မနက်ဖြန် မင်္ဂလာဆောင်တစ်ခုရှိတယ် မဟုတ်လား၊ အဲဒါ မောင်သွားရင် ပိုက်ဆံအများကြီးကုန်မယ်။ နှင်းရီပဲ သွားလိုက်တော့နော်"

"အေးပါ၊ ဘယ်နေရာမဆို ဒီက မရှေ့စာမပါ ပွဲမစည်ဘူး၊ မဟုတ်လား"

ကျွန်မက ပြောပြောဆိုဆို မောင့်ပုခုံးကို ခပ်သာသာလေး တွန်းလိုက်တယ်။

"ဟဲ. . . ဟဲ. . . . ဟဲ"

နှင်းရီ ကျီစယ်မှန်းသိလို့ မောင်က တဟဲဟဲ ရယ်နေ



လိုက်တယ်။

"ကဲ. . . တော်ပါတော့ မောင်ရာ၊ နှင်းရီက မောင့်အတွက် ပါရမီဖြည့်ချင်လွန်းလို့ လူ့လောကထဲ ရောက်လာတယ်လို့ သဘောထားလိုက်ပေါ့၊ ကလေးတွေကို စာတတ်အောင်သင်၊ ပြည်သူ့အကျိုးပြု စာပေတွေရေး၊ မောင့်နောက်က ဖဝါးခြေထပ်လိုက်မယ့် ဒီကမိန်းမရှိတယ်လေ၊ ကဲ. . . ညဉ့်နက်ပြီ၊ အိပ်တော့"

ဘာမှလဲမကြာလိုက်၊ မောင် တခေါခေါဖြင့် အိပ်မောကျသွားပြီ။ မောင့်ကိုယ်နွေးနွေးလေးပေါ်သို့ လက်ကို အသာတင်ရင်း၊ အိပ်တော့မယ်လို့ လုပ်တယ်ဆိုရင်ပဲ၊ ကိုယ်ပွားအငယ်လေးက ဗူးဗူးဝါးဝါး ထအော်ပါလေရော။ အို. . . ဒုက္ခပဲ၊ လက်နှိပ်ဓာတ်မီးကို အသာကောက်ကိုင်လိုက်ပြီး ဘာဖြစ်လဲလို့ စူးစမ်းလိုက်တယ်၊ ပြော်. . . ဒါကြောင့်ကိုး၊ ခြေထောက်တွေမှာ ပေါက်နေတဲ့ခူနာတွေကို သူ့ဟာသူ စိတ်ရှိလက်ရှိ ကုတ်ခြစ်ထားပြီး သွေးရည်ကြည်တွေ ရွှဲရွှဲစိုအောင်ဖြစ်နေပါပေါ့လား။ အင်မတန် ယားလို့နေမှာပဲ။ မဖြစ်ဘူး၊ မဖြစ်လူး မီးတိုင်လေး ထွန်းဦးမှ၊ အဝတ်ခြောက်ကို ဆွဲပြီး သားလေးရဲ့ခြေထောက်တွေကို ခြောက်အောင် သုတ်လိုက်ပီတယ်။ ပြီးတာနဲ့ (Sinala-N) ဆေးကို လူးလိုက်ပြန်ပါတယ်။ အော်. . . အော်. . . အေး. . . အေနဲ့ တင်ပါးလေးပုတ်ပြီး ချော့သိပ်ရတာပေါ့။ ဒါပေမယ့် သွေးဆိုးဝင်နေတာက တစ်ကြောင်း၊ ဝေဒနာခံစားနေရတာက တစ်ကြောင်းနဲ့ အိပ်

ပျော်နိုင်ဟန် မတူပါဘူး။ ဆက်အော်မြဲ အော်နေပြန်ပါရော။

ဒီတော့ သားလေးကို အသာချီပြီး ရင်ဘတ်ပေါ် မှေ့ဖက်ရင်း ငိုက်မြည်းခြင်းတစ်ဝက်၊ နိုးထခြင်း တစ်ဝက်နဲ့ မိတ္ထီလာ ကန်ဘောင်အောက် ဖားကောက်ထွက်ရပြန်တာပေါ့။ တစ်နာရီလောက်မှ မုန့်တိုင်းငြိမ်စပြင်လယ်ပြင်ကြီး ဖြစ်သွားပါတော့တယ်။ မောင်ကတော့ နိုးသည်လား မနိုးသည်လား မသိ၊ လှုပ်လှုပ်ပုတ်ပုတ်တော့ မတွေ့မိဘူး။ အိပ်ပါစေ၊ မောင် အိပ်ပါစေ၊ မနက်လင်းရင်လည်း ကျောင်းသွားပြီး ယာခင်းထဲ စာမောင်းသလို မနားမနေ လုပ်ရဦးမှာ မဟုတ်လား။ ကလေး အသာချပြီး ကျွန်မလည်း အိပ်ချင်လွန်းတာနဲ့ မှေးခနဲ အိပ်ပျော်သွားတယ် ထင်ပါရဲ့။

"ဟာ. . . အိပ်မယ်မကြံသေးဘူး။ ဒုက္ခပဲ မိုးတွေ ရွာလာပြီ၊ ရာသီဥတုကလည်း ဖောက်လွန်းတယ်၊ ဆောင်းတွင်းကြီးထဲ၊ အိမ်ခေါင်မိုးက သည်နှစ်မိုးချိန်ကျရက်နဲ့ မမိုးလိုက်ရဘူး။ ဒါကြောင့် တို့လင်မယားကို တစ်မိုးလုံး ပညာပေးခဲ့တယ် ဆိုပါတော့။ ခု ဘယ်လိုလုပ်မလဲ လက်နှိပ်ဓာတ်မီး အသာဆွဲပြီး ကလေးတွေကို လိုက်ကြည့်မိတယ်။ နတ်သိကြားကယ်ပေလို့ မောင့်ပေါင်ပေါ် မိုးတစ်စက်ကျနေသည်မှ လွဲလို့ အားလုံး အိုကေပဲ၊ ဒါလဲ မိုးရွာစဖြစ်လို့ပါ။ ခဏကြာရင် မိုးယိုရပ်သွားမှာပါ။ မောင်မနိုးအောင် ထီးကလေးဖွင့်လို့ ဆောင်းပေးထားလိုက်မှ။

"အို. . . နှင်းရီရယ် ဒါ ဘာလုပ်တာလဲ။ ဒုက္ခရှာလို့



ဟာ၊ မောင့် နိုးပေါ့၊ မိုးယိုတဲ့နေရာ မောင်ဖာထေးလိုက်ရင် ပြီးတာပဲ ဥစ္စာ"

မောင်ဟာ ပုံမှန်အတိုင်းပဲ မနက်ခြောက်နာရီမှာ အိပ်ရာက နိုးလေ့ရှိတယ်။

"နှင်းရီရယ်၊ ဘယ်အချိန်ကထပြီး လုပ်နေတာလဲဟာ"

ရေအိုးနှစ်လုံးရွက်ကာ ပြေးပြေးလွှားလွှား ရေခပ်နေတာကို မောင်တွေ့သွားတယ်။

"လေးနာရီရေလှူအဖွဲ့တွေ သွားတုန်းကပဲ နိုးနေတာ၊ ဘုရားရေကပ်ပြီးကတည်းက မောင်မနိုးခင် ရေအပြည့်ဆိုပြီး ကြိုးစားနေတာ မောင်"

ကျွန်မဟာ ပြောပြောဆိုဆိုခေါင်းမှ ရေအိုးတွေကို ချလိုက်ပါတယ်။

"ကဲ. . . ရေပြည့်ပြီ၊ မောင့်အတွက် လက်ဖက်ရည်သွားဖျော်ဦးမယ်"

မောင်သည် ကျွန်မနဲ့ပေါင်းဖော်ကတည်းက ကျွန်မအလိုတော်ကျ အစစအရာရာ လိုက်လျောခဲ့တာချည်းပဲ။ ကျွန်မ စိတ်ချမ်းသာမယ်ဆိုရင် အရာရာ ခွင့်လွှတ်တတ်တဲ့မောင်ပါ။

ကျွန်မတို့ မိန်းမသားတွေမှာက လင်သားကိစ္စနဲ့ အိမ်ထောင်ရေးတာဝန်တွေဟာ လူ့လောက ရောက်လာကတည်းက တံဆိပ်ကပ်ပြီး ပါလာကြတဲ့ မွေးရာပါတာဝန်တွေပါ။ ဘာပဲ ပြောပြော လင်လုပ်တဲ့ မင်းယောက်ျားတွေဟာ တည်တည်တံ့တံ့နဲ့ ယောက်ျားပီသတဲ့စိတ်မျိုးပဲ ရှိဖို့လိုတယ် မဟုတ်ပါ

လား၊ လင်ယောကျ်ားတွေရဲ့ နှလုံးသားရင်ပြင်မှာ မူးယစ်ရီဝေစေတတ်တဲ့ အဆိပ်ငွေ့တွေ မလွှမ်းမိုးဖို့နဲ့ အညီအပေါက်နဲ့တွေ မနံစော်ဖို့ဘဲ အဓိကမဟုတ်ပါလားရှင်။

ကျွန်မ စဉ်းစားကြည့်မိတယ်။ အလီလီ တွေးကြည့်မိတယ်။ ဗုဒ္ဓဝင်တွေထဲမှာရော၊ ရာဇဝင်ထဲမှာရော သမိုင်းစာမျက်နှာတွေမှာပါ ခေတ်အဆက်ဆက် ကာလအတန်တန်ပေါ့ရှင်၊ ကျွန်မတို့ အမျိုးသမီးတွေဟာ ဘယ်တုန်းကများ ယောကျ်ားတွေနဲ့ ရင်ဘောင်တန်းနိုင်လို့လဲ။ ဘုရင်မတွေရော၊ သမ္မတတွေရော၊ ဝန်ကြီးချုပ်တွေကော ရှိကြပါတယ်။ တလင်တီနာထရက် ကိုဗာဆိုရင် အာကာသယာဉ်ကြီးနဲ့ ကမ္ဘာကိုတောင် ပတ်ပြလိုက်သေးတယ်။ ဒါပေမယ့် ယောကျ်ားနဲ့ မိန်းမတန်းတူဆိုတဲ့ အနေအထားသို့ သိပ် ရောက်မလာခဲ့ဘူးလို့ ကျွန်မထင်တယ်။

ဒါပေမယ့် ၂၀ ရာစုနောက်ပိုင်း ပြုတ်လုတဲတဲမှာတော့ နိုင်ငံအချို့မှာ အမျိုးသမီးတွေရသင့် ရထိုက်တဲ့အခွင့်အရေးတွေ ရရှိနိုင်ရေးအတွက် အမျိုးသမီးရေးရာ ကော်မတီတွေပေါ်ပေါက်လာတာ တွေ့ရပါတယ်။ ဒါကျွန်မတို့အတွက်အားပဲ၊ ထူးခြားတာက အားကစားနည်းတိုင်းလိုလိုမှာ အမျိုးသမီးများပါဝင်နေကြတာကို အားရစဖွယ် တွေ့ရပါတယ်။ ယောကျ်ားတွေလုပ်သလို မိန်းမတွေလည်း လုပ်ကြတာပဲ၊ တလောက ကိစ္စတစ်ခုနဲ့ ကျွန်မ စင်တွေရောက်ခဲ့ပါတယ်။ မှတ်မှတ်ရရပြောရရင် ၁၃-၁၁-၉၈ နေ့ကပေါ့ရှင်၊ အဲဒီမှာ



တင် ကြုံတုန်းဗဟုသုတအဖြစ်ဆိုပြီး ကျွန်မတို့ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီက ကြီးမှူးကျင်းပခဲ့တဲ့ ရခိုင်ပြည်နယ်၊ မြို့နယ်ပေါင်းစုံ ကာယအလှမောင်နှင့်အလှမယ်ပြိုင်ပွဲကြည့် ဖြစ်ခဲ့ပါတယ်။

မိန်းမပျိုလေးတွေဟာ သူတို့ရဲ့မိန်းမပီသတဲ့ ကိုယ်ကာယအလှတွေကို ပီပီပြင်ပြင် အားရပါးရ ပြသွားလိုက်ကြတာ။ တကယ့်အားရစရာပါပဲ၊ လှလိုက်ကြတာ။

ကျွန်မတစ်ခုတော့ မျှော်လင့်မိပါတယ်။ အခု အမျိုးသမီးရေးရာလုပ်ငန်းကော်မတီဆိုပြီး ဖြစ်တည်လာတော့ အမျိုးသမီးများလည်း အရာရာမှာ အောက်မနိမ့်တဲ့ အခြေအနေမျိုးသို့ ရောက်ရှိနိုင်အောင် စိတ်ပိုင်းဆိုင်ရာရော၊ ရုပ်ပိုင်းဆိုင်ရာတွေပါ ဖွံ့ဖြိုးမှုကဏ္ဍအသစ်ကို ဖွင့်လှစ်နိုင်လိမ့်မည် ဟူ၍။

စောပြည့်ညိုမဥ္ဇင်း






## မိုးလျှံထဲကအသည်းနှလုံး

ဆောင်းနှောင်းဂိမ္ဟာန်ကာလမို့ မြူနှင်းတွေက မစင်တတ်သေး။ အရှေ့ဦးမြောက်ပြန်လေအေး၏ ကျီစယ်မှုအောက်မှာ သဲမြူကုန်းရွာကလေးသည် နိုးထစ ပြုလာ၏။

"ကဲ. . . မတောင်ရွှေ ထမင်းတောင်းကလေးကို လှေဆိပ်အရောက်ပို့ပေးပါဦးကွာ၊ မောင်ဦးနဲ့ချက်စု မင်းတို့ တက်နဲ့ရွက်တွေ သယ်ခဲ့ကြနော်"

ဖိုးခင်သည် ပိုက်ထွက်ရေးအတွက် လိုအပ်သော စီမံခန့်ခွဲမှုများကို ဆောင်ရွက်လိုက်သည်။ ကိုယ်တိုင်လည်း ကြိုးဘင် သောက်ရေအိုးကလေးနှင့် ဓားမတိုကိုဆွဲကာ လှေဆိပ်သို့ ဆင်းလာခဲ့၏။

"သမီးလေး အိပ်တုန်းပဲ မဟုတ်လား။ အိမ်တံခါးကို ကြိုးချည် မထားခဲ့ဘူးလား"

"အမယ် ကိုဖိုးခင်ကလည်း ဘယ်နေရာသွားသွား ဒီသမီးကလေးပဲ တတွက်တွက်နဲ့ပါလား၊ အသေအချာပဲ တံခါးကို သံကြိုးချပြီး သော့ခိတ်ထားခဲ့ပါသတဲ့တော်"

ဖိုးခင်မှာ ဇနီးသည်ကိုကြည့်ပြီး တစ်ချက်ပြုံးပစ်လိုက်သည်။

ဖိုးခင်တို့ သုံးဦးစလုံး ပိုက်လှေပေါ်ရောက်သည်နှင့် သဲသောင်ကို တက်များဖြင့် ထိုးတန်ပြီးတမ်းမှ ခွာလိုက်ကြသည်။

မောင်ဦးနှင့်ချက်စူတို့မှာ ရွက်နှစ်ဖုံကို တစ်ယောက်တစ်ဖုံစီ တာဝန်ယူပြီး ဖွင့်လိုက်ကြ၏။ မြောက်ပြန်လေအဝှေ့တွင် ပိုက်လှေကလေးမှာ တာဝေးအပြေးသမားနှယ် ဒုန်းစိုင်းပြေးနေလေပြီ။

ဖိုးခင်တို့မှာ ရေသေရက်မို့ အိုင်မြှုပ်ရန် ထွက်လာကြခြင်း ဖြစ်ပေသည်၊ အိုင်မြှုပ်ခြင်းမှာ ကျောက်ကပ်ခြင်းပင် ဖြစ်ပေ၏။

ရေအောက်၌ ကျောက်တုံးကြီးများရှိသော ရေနက်အိုင်များ၌ ကပ်ရသည်။ အိုင်အနက်ကို ချိန်ဆပြီး ဖော့ကြိုးလွှတ်ပေးရသည်။

ရေတက်တစ်ကြိမ်၊ ရေကျတစ်ကြိမ် ပိုက်ချရသည်။ ရေတက်ဆိုလျှင် လက်များဖော့ကြိုးကို ကျောက်ဆူးနှင့် အသေ



ကိုက်ကာ ပိုက်ကို တန်းတန်းဆွဲပြီး ချရသည်။

ပိုက်ဆုံးသောအခါ ပိုက်လက်များသည် ရေတက်၏ အွန်းအားဖြင့် ပိုက်ပြီးလှည့်လာသည်။

ပိုက်သည် တဖြည်းဖြည်းနှင့်ရေအောက်ရှိ ကျောက်တုံးကို ပတ်မိသွားသည်။

ဤအချိန်တွင် ရေသေဖြင့် ကျောက်ရိပ်ခိုပြီး အိုင်ဝပ်နေကြသော ကကူရမ် နတ်ကတော်၊ ဆပ်ဖာတို့လို ငါးကြီးများက ပြေးနိုင်သော၊ မထွက်သာတော့ဘဲ ပိုက်တွင်ငြိကြရသည်။

ရေကျဆိုလျှင်လည်း ရေစီး၏အထက်ဘက်မှ ပိုက်ကို ပြန်လည်ချရပြန်သည်။ ဖိုးခင်တို့လို ပိုက်သမားများမှာ မြစ်ကိုင်း၊ ချောင်းတိုင်း၌ ကျောက်ရှိရာရေနက်အိုင်များကို သိကြသည်။

ဖိုးခင်မှာ ဒီနေ့တွင်သားကြီးမောင်ဦးကို သင်္ကန်းဆီးရန် ကြံရွယ်ထားသည်။

သားကို ရှင်ပြုရခြင်းမှာ အနဂါမိက သံသရာအတွက် ကုသိုလ်မြှုပ်ခြင်းမို့ အမြတ်ဆုံးအလှူဟု ပြောကြသည်။

ဖိုးခင်၏အလုပ်မှာ အကုသိုလ်အလုပ်ပင် ဖြစ်သော်လည်း မွန်မြတ်သော ရည်ရွယ်ချက်ကလေး ထားလို့များပေလား မသိ။ လုပ်တိုင်း အောင်မြင်ခဲ့သည်။ ရေကြီးချိန်ကို ပိုက်ချလျှင်လည်း ငါးရသည်။ ရေသေရက် အိုင်မြှုပ်လျှင်လည်း ငါးတွေ့သည်။

ထင်တိုင်းပေါက်တော့ မိသားစုဘဝ စိုပြည်ခဲ့သည်။

ဖိုးခင်မှာ ပလေကတ်ချည်ချောလုံချည်ကို ခါးဆီးနိုင်ခဲ့သည်
ဇနီးသည် မတင်ရွှေလည်း ပါဆိတ်ဝမ်းဆက်တို့ဘာ
နှင့် ဖြစ်လာခဲ့သည်။ သားကြီးမောင်ဦးလည်း ဂျင်းဘောင်း
တို့၊ စပို့ရှပ်တို့နှင့် အဆင်ကိုပြေနေသည်။

မောင်ဦးမှာ အသက်-၁၇ နှစ်ရှိနေပေပြီ။ သို့သော် ဖိုး
တို့မှာ အခြေအနေမပေး၍ သားကို ရှင်မပြုနိုင်ခဲ့။ သည်
တော့ ရည်မှန်းချက် ပြည့်ဝတော့မည်။ ဖိုးခင်မှာ ပစ္စကွဘ
စီးမျှောကြောင်းကိုတွေးပြီး တစ်ယောက်တည်း ပြုံးပစ်လို
သည်။

"ကိုဖိုးခင် ပြုံးလိုပြုံး၊ ရယ်လိုရယ်နဲ့ ဘာဖြစ်နေတာ
ဗျ၊ လှေဦးက ဟိုယမ်းဒီယမ်းပဲ၊ ဒီလိုနဲ့ နွားခေါင်းပေါက်
ရေမီပါ့မလားဗျ"

ချက်စူပြောလိုက်မှပင် ဖိုးခင်မှာ လှေကိုသတိထား
ထိန်းလိုက်သည်။ ဘာမှတော့ ပြန်မပြော။ နည်းနည်း ရှ
သွားသလို ဖြစ်မိသည်။

× × × × ×

မတင်ရွှေမှာကား အိမ်ထောင်တစ်ခု၏ ဒုတိယလူ
ဒုတိယနေရာက တက်သည်ဟူ၍ မရှိခဲ့။ လင်က ထမင်းချက်
ချက်သည်။ ရေခပ်ဆိုခပ်၊ သွားဆိုသွား၊ လာဆိုလာ အ
ထက် မတက်။

သို့သော် ထူးခြားမှုတစ်ခုတော့ ရှိသည်။ လင်တော်မော



မရှိလျှင် ရွာရိုးကိုးပေါက် လျှောက်လည်သည်။

တောင်စဉ်ရေမရ ဂုပေါက်တိကပေါက်ချာ ပြောတတ်
သည်။ မိန်းမတွေစုံလျှင် ဝင်ပါတတ်သည်။ မီးဖိုမြင်တိုင်း ဝင်
လှုံသည်။

ယခုလည်း မတင်ရွှေမှာ သားနှင့်လင်အတွက် ထမင်း
ဘောင်းကို လှေဆိပ်သို့ ချပို့ပြီးကတည်းက အိမ်မပြန်ခဲ့။

ဒီရေမှာ စံလှပိုက် ငါးပိုရကြောင်း၊ ထွန်းရွှေမှာ ကုန်သည်
ဒီအကြွေးမကျေလို့ ခြံနှင့်အိမ်ကို အသိမ်းခံရတော့မှာ ဖြစ်
ကြောင်း၊ အောင်ထွန်းမယား မခင်နုမှာ ၁၅ ပဲရည်ဆွဲကြိုး
တစ်ကုံး မြို့ကလုပ်လာခဲ့ကြောင်း၊ သည်နေ့ ဗွီဒီယိုကားမှာ
နေထက်လင်းနှင့် စုလှိုင်နှင်းတို့ပါကြောင်း၊ ရွာဦးက မလှ
ကြည်အလှည့် ဆွမ်းမကျေတာ သုံးပတ်ရှိတဲ့အကြောင်း။ မြို့က
ရောက်လာတဲ့ ပုစွန်ကုန်သည်ကြီးနှင့် ဒေါ်အေးလှသမီး တစ်ခု
လပ်မလေးတို့ ဟိုလိုလိုသည်လိုလိုကိစ္စကအစ မတင်ရွှေ နှုတ်
ဖျားက အလွတ်မပေး။

အဆုံးမှာ ခိုကိုးရာမဲ့ အရူးမလေး လုံးညိုမှာ ကိုယ်
ဝန်သုံးလရှိနေတာတောင် သူ၏ဝစီကံ စက်ကွင်းက မလွတ်ခဲ့။

"မီးဗျို့... မီး... မီး... မီးလောင်နေပြီဗျို့ လာ
ကြပါဦး"

"လာကြပါဦး ဖိုးခင်တို့အိမ် မီးလောင်နေပြီဗျို့"

"အမေ၊ အမေ၊ အမေရေ"

"အမေ၊ အမေ၊ အမေရေ"

"လုပ်ပါဦး၊ အိမ်ထဲမှာ ပုတုမလေး အော်ငိုသံလေး ကြားနေရတယ်ဗျို့. . . ကလေးတော့ ခုက္ခပါပဲ"

"အမေရေ. . . အမေ"

"အမေ. . . အမေရေ"

ပုတုမလေး၏ ကြောက်လန့်တကြား အော်ငိုသံ၊ ပတ် ဝန်းကျင်မှာ အော်ဟစ်သံများ၊ မီးရှူးတသံ၊ ဝါးလုံးများပေါက် ကွဲသံများမှာ ပွက်လောညံနေပေတော့သည်။ ယောကျ်ား များက မီးငြိမ်းသတ်ကိရိယာများဆွဲယူ၍ ပြေးလာကြသည်။ အချို့ မိန်းမများက ရေအိုးလေးရွက်ပြီး ရောက်လာကြ၏၊ အချို့ လည်း ဟိုလုပ်ရမလို သည်လုပ်ရမလို ဗျာယာခတ်နေကြ သည်။

အနီးမှအိမ်များက မိမိအိမ်ကပစ္စည်းများကို ရနိုင်သ လောက် အုယားဖားယား ပြေးဆွဲကြ၏၊ အချို့က ခနီးမိုး အိမ်ခေါင်မိုးများကို ရနိုင်သလောက် လိုက်ဖျက်နေကြသည်။

ဖိုးခင်တို့အိမ်က မီးတောက်မီးလျှံကြီးမှာကား မာန်ကြီး စွာဖြင့် တဟုန်းဟုန်း လောင်ကျွမ်းနေပေပြီ။

"အမေ. . ."

"အမေ. . ."

ပုတုမလေး၏ ဆောက်တည်ရာမရ အော်ဟစ်သံများမှာ ရုတ်ခနဲ ကြားလိုက်ရပြီး တိတ်သွားသည်။ ဖိုးခင်နှင့်မတင်ရွှေတို့ ၏ သမီးလေးပုတုမလေး၏ ငယ်သံပါအောင် အော်ငိုသံမှာ ကြားရသူများ၏ နှလုံးအိမ်ကို ပျက်ကြွေလုခမန်း ဖြစ်စေခဲ့သည်။



"သမီး. . . သမီး. . . သမီးလေး၊ အမယ်လေး သမီးလေး သေပါပြီ"

"ကယ်ကြပါဦး. . . ကယ်ကြပါဦး၊ ကျွန်မသမီးလေးကို ကယ်ကြပါဦး"

"ဟီး. . . ဟီး. . . ဟီး. . . ဟီး"

အိမ်တစ်ဆောင်လုံး ကျွမ်းလုလုအချိန်တွင်တော့ အိမ် ပိုင်ရှင်မကြီး မတင်ရွှေ ရင်ပတ်စည်တီး ငိုကြီးချက်မ ရောက် လာခဲ့သည်။ မတင်ရွှေအဖို့ ပဋာမြေလူး ဖြစ်ခဲ့ရရှာလေပြီ။

"ကယ်ကြပါဦး၊ ကျွန်မသမီးလေးကို ကယ်ကြပါဦး၊ ဟီး . . . ဟီး. . . ဟီး. . . . ဟီး"

မတင်ရွှေမှာ မီးပုံကြီးကို ပတ်ကာပြေးနေသည်။ တစ် ချို့ တစ်ချို့ မီးပုံကြီးထဲကို ပြေးဝင်သွားမတော့မလို လုပ်တာ ကြောင့် လူတွေ လိုက်ဆွဲထားရသည်။

တစ်ခုကံကောင်းသည်မှာ ဖိုးခင်တို့အိမ်တန်းမှာ ကိုယ့် ဝန်းကိုယ်ခြံဖြင့် သီးခြားအိမ်ကလေးတွေမို့ အခြားအိမ်များ သို့ အလွယ်တကူ ကူးစက်လောင်ကျွမ်းမှု မရှိခြင်းပင်။

ဆောင်းအကုန် နွေအကူးကာလပေမို့လား မသိ၊ သဘာဝအခြေအနေက ချက်ချင်းပြောင်းလဲသွားသည်။ တောင် ဘီက မိုးသားများ ရုတ်ခြည်းတက်လာပြီး အချိန်အခါမဟုတ် မိုးက ဖြုန်းကနဲ ရွာချလိုက်သည်မှာ အံ့ဩလောက်ဖွယ်ပင် ဖြစ်သည်။ မိုးက အချိန်တော်တော်ကြာအောင် ခုန်းရိုက်ဖြန်း ဖြန်း ရွာချနေသည်။ မီးတောက်မီးလျှံကြီးမှာလည်း တရှဲရှဲ

အော်ဟစ်ကာ ငြိမ်းသွားတော့သည်။
ရွာသားများ ဆန္ဒစေတသိက်၏ တွန်းအားကြော
မပြယ်တတ်သေးသော မိုးဖွဲလေးများကြားကပင် မီးလော
ကျင်းထဲသို့ ပြေးဝင်သွားကြသည်၊ တွေ့လိုက်ကြရပါပြီ။ မိုးခ
နှင့်မတင်ရွှေတို့၏သမီး ပုတုမလေး။
အိမ်တိုင်တစ်လုံးကို ကျစ်ကျစ်ပါအောင်ဖက်ရင်း မ
တတ်ကြီးရပ်လျက်။ ငြိမ်သက်နေချေပြီ။ မည်သို့မျှ မလှု
မယှက်တော့။ မီးတောက်မီးလျှံကြီးကား ပုတုမလေး၏ အသ
ဇီဝိန်ကို ခြွေသွားခဲ့လေပြီတကား။
တစ်ကိုယ်လုံးမှာတော့ မည်းသည့်နေရာက မည်းည
အသားနီလန်ပြီး နီရဲသည့်နေရာက နီရဲ။ အဆိုးဆုံးမှာတော့
နိုင်လွန်သားအင်္ကျီစများ အသားထဲ မြုပ်ဝင်သွားခြင်းပင်။
ဖက်ထုပ်ပြီး မီးမြိုက်ခံထားရသော ကြွပ်တိုက်မုန့်နှ
ဘာမျှမခြား။ ရွာသားများမှာ ပုတုမ အဖြစ်ကြောင့် မျ
ထုမနာ ဖြစ်ကြရသည်။
"သမီးလေး၊ ကျွန်မသမီးလေး အဖြစ်ဆိုးလိုက်တာ
ကျွန်မ မကြည့်ရက်ဘူး၊ ဟီး. . ဟီး. . . ဟီး"
မတင်ရွှေ၏ သောကတောင်ထုမှာ မြင့်မားလွန်းသည်
ငိုဖန်များတော့ အသံများပင် ဝင်ခဲ့ပေပြီ။ ပတ်ဝန်းကျင်
တော့ "ဘာအခုမှ ငိုနေတာလဲ" ဆိုသည့် မျက်လုံးများ။
မိုးခင်တို့ သားအဖ သမုဒ်ပြင်ကျယ်ကြီးထဲမှာ
ပေါင်းများစွာ၊ နေပူမရှောင်၊ မိုးရွာမရှောင် ဒုက္ခဆင်းရဲခံပြီ



ရှာဖွေစုဆောင်းခဲ့ကြသော ပစ္စည်းများ၊ သားသက်နီးစည်းရန်
စုဆောင်းထားသော ငွေကြေးများ ပြာပုံအတိ ဖြစ်သွားပါပေါ့
လား။

× × × × ×

ဘင်္ဂလားပင်လယ်အော် ကမ်းနံဘေးက တံငါရွာကလေး
သဲမြူကုန်း၊ မနက်ဝေလီဝေလင်းကတည်းက ပင်လယ်ပြင်
ထွက်ဖို့အတွက် ချက်ကြ၊ ပြုတ်ကြ စီစဉ်ကြရသည်။
မတင်ရွှေကတော့ သူ့စရိုက်အတိုင်း ဘာပဲလုပ်လုပ်
ခပ်မြန်မြန် ခပ်ကြမ်းကြမ်း။ အဲသည်နေ့ကလည်း ချက်ပြုတ်
ပြီးသည်နှင့် ပိုက်ထွက်ကြမည့် သားနှင့်လင်အတွက် လှေဆိပ်
သို့ ထမင်းတောင်း သွားပို့ခဲ့သည်။
ထမင်းချက်တုန်း ချိတ်ထားသော ရေနံဆီမီးခွက်ကလည်း
မီးဖိုခန်း ဓနိထရံလေးမှာ သည်အတိုင်း တွဲလောင်းဆွဲပြီး ကျန်
ခဲ့သည်။
မြောက်လေအဆော့မှာတော့ မီးညွန့်က ထရံဘက်လှည့်
သွားပြီး မီးစွဲခဲ့သည်။ ချက်ချင်းပင် ဓနိထရံအဟောင်းအမြင်း
ကြီးမှာ တဝေါဝေါ မီးထလောင်ခဲ့ရပေတော့သည်။
ပုတုမလေးမှာ ကြောက်မက်ဖွယ်သော အသံ၊ ပူလောင်
သော ဝေဒနာတို့ကြောင့် ကြောက်လန့်တကြား နိုးသွားခဲ့
သည်။ မီးဖိုထရံမှတစ်ဆင့် အိမ်ခေါင်မိုးကို မီးကူးလောင်နေ
ခဲ့ပေပြီ။

ပုတုမလေး၏ စိတ်အစဉ်သည် ပြင်းစွာချောက်ချား သွားသည်။ ချက်ချင်းအိပ်ရာမှ ထပြေးသည်။

သို့သော် မည်သည့်နေရာသို့မျှ မရောက်။ အိပ်ခန်းထဲတွင် ပတ်ချာလည်နေသည်။

အမေ့ကို ခေါ်သည်၊ မရ။ အမေ့ကို ရှာသည်၊ မတွေ့။ တံခါးကို ဆွဲဖွင့်ကြည့်တော့လည်း သံကြိုးဖြင့် ချည်လို့။

"အမေရေ၊ အမေ၊ သမီးကို ကယ်ပါဦး"

"အမေရေ အမေ၊ သမီးကို တံခါးဖွင့်ပေးပါဦး"

"မီးတွေ- မီးတွေ- မီးတွေ လောင်နေပြီ၊ သမီး ကြောက်တယ်. . . ကြောက်တယ်၊ ကြောက်တယ်. . ."

ပုတုမလေးမှာ ဆောက်တည်ရာမရတော့။

"ကြောက်တယ်. . . ကြောက်တယ်၊ ကြောက်တယ်. ."

ပုတုမလေး၏ အသံမှာ စူးစူးရှရှအော်ရင်း တိမ်ဝင်သွားသည်။

ရန်သူမီးကြီးက မာန်ကြီးဖိလို့၊ ကြောက်မက်ဖွယ်သော အသံဆိုးကြီးဖြင့် တဝုန်းဝုန်းမြည်ဟီးပြီး ပုတုမလေးကို ဝါးမျိုလိုက်တော့သည်။

x x x x x

"ဟော့. . . ချက်စူ၊ ဒီနေ့ ဘယ်လိုလဲကွာ။ ရာသီဥတုက တစ်မျိုးပဲနော်။ ရာသီလုချိန်နဲ့ ထင်ပါရဲ့ကွာ။ ပင်လယ်ဘက်က လေပြင်းတွေ တိုက်နေတယ်လေ၊ မိုးသားတွေလည်း မည်းလာ



တယ် တွေ့လား"

"ဟုတ်တယ် ကိုကြီးဖိုးခင်။ လေက ကြမ်းလာမယ့်ပုံပဲ၊ မိုးဖြောက်ကလေးတောင် ပါလာပြီ"

"ဒါ ဒီနေ့ ဘာဖြစ်တယ်မသိဘူး။ စိတ်လေးနေတယ်ကွာ၊ ရာသီဥတုကလည်း တစ်မျိုးပဲ၊ မြန်ကြမယ်ကွာ၊ လေကြောက လည်း အသင့်ပဲ၊ ရွာဘက်လှည့်ပေးလိုက်ရင် မကြာပါဘူး"

ဖိုးခင်တို့မှာ အိုင်မြှုပ်ရန် ပြင်နေပြီးမှ လှေကို ရွာဘက်သို့ ပြန်လှည့်လိုက်သည်။ ဖိုးခင်သည် တက်မကို ကန့်ကျိုတ်ပြီး ရွက်နှစ်ဖုံကို လေသွင်းလိုက်ရာ ဝိုက်လှေကလေးမှာ လှိုင်းခေါင်းကွဲများကို ဖိနင်းရင်းရွာဆီ ပြေးနေပေတော့သည်။

တောင်ပြန်လေက ခပ်ကြမ်းကြမ်းတွန်းနေမှုကြောင့် ပင်လယ်ပြင်တွင်းရှိ ကျွန်းရိပ်ညိုကလေးများမှာ တရိပ်ရိပ် ကျန်ခဲ့ကြသည်။ သဲဖြူကုန်းရွာကလေးမှာ မှိုင်းပျပျမှုန်ရီနေရာမှ စိမ်းဖန့်လာခဲ့သည်။ အုန်းပင်တန်းကလေးများ ပီပြင်လာသည်။ တံငါတဲတန်းလျားများဘက်က ကျီးကန်းများ ပရိယေသနအတွက် လှုပ်ရှားနေကြသည်ကိုတောင် မြင်လာရပေပြီ။

သည်တစ်ခေါက် ဘာကြောင့်ရယ် မသိ ဖိုးခင်၏ လှုပ်ရှားမှုများမှာ ထူးခြားနေသလို ဖြစ်နေသည်။ ခါတိုင်း လှေကမ်းသို့ ကပ်သည်ဆိုလျှင် ချက်စူနှင့် မောင်ဦးကို အိမ်သို့ အရင်တက်စေပြီး ရလာသော ငါးများကို ရေဆယ်ဒိုင်သို့ ပို့စေခဲ့သည်။

ခုတော့ ဘာမပြောညာမပြော လှေကမ်းကပ်တာနဲ့ သူပဲ

လေ့ပွဲမှ ရေစပ်သို့ ဂျုံးခနဲ ဆင်းလိုက်ပြီး အိမ်သို့တန်းတက်သွားသည်။

"ဟင်"

ဖိုးခင်အဖို့ ကမ္ဘာကြီးပျက်ပါပြီ။ ဖိုးခင်၏အိမ်ခြံဝင်းကလေးမှာ မည်းတူးညစ်ထေးနေသည့် မီးလောင်ပြင်၊ အိမ်လည်း မရှိတော့။ အုန်းပင်တွေလည်း အရွက်အလက်တွေမဲ့နေပြီး မည်းညစ်ညစ် ငုံးတိတိ။

မလဲမပြို ကျန်နေကြသေးသည့် အိမ်တိုင်မည်းတူးတူးများက မီးခိုးငွေ့များ ထွက်နေကြဆဲ။

လူတွေက လှုပ်လှုပ်ရွရွ ဖြစ်နေကြသည်။ ဝင်းခြံအစပ်ကလေးမှာတော့ ယာယီရွက်ဖျင်ကလေးတစ်ခု ထိုးလို့။

ဖိုးခင်သည် ရင်တစ်ခုလုံး မြင့်တက်ပြီး ခန္ဓာကိုယ်လဲပြိုတော့မလို ဖြစ်သွားသည်။

လမ်းဘေးခြံတန်းတစ်ခုကို သတိထားပြီး လှမ်းကိုင်ထားလိုက်ရ၏။ ရှေ့ဆက် သွားနိုင်စွမ်းမရှိတော့။ ခြံတန်းကိုမြဲမြဲကိုင်ပြီး ခေါင်းကို ငုံ့ပစ်လိုက်သည်။

ခေါင်းပေါ်တွင် ဆောင်းထားသည့် စလူခမောက်ကလေး မြေသို့ ကြွေဆင်းသွားသည်။ မီးလောင်ပြင်ကို တစ်ချက်လှမ်းကြည့်ပြီး ရင်တွင်းလေကို ခပ်ပြင်းပြင်းမှုတ်ထုတ်လိုက်သည်။

"သွားပြီ၊ ငါ့ဘဝကတော့ ပြာကျသွားပါပြီ"

ခေါင်းကို ခပ်ကြမ်းကြမ်း ခါယမ်းလိုက်၏။ ခြံဝင်းထဲ



တွင် စုရုံးလှုပ်ရှားနေကြသောလူများကို ဖိုးခင် တစ်ချက်လှမ်းကြည့်လိုက်ပြန်၏။ သို့သော် ဖိုးခင်မည်သူ့ကိုမျှ သဲသဲကွဲကွဲမမြင်၊ မမြင်၊ မမြင်။

"ကိုဖိုးခင် ပေကြီး ပြန်လာပြီနော်၊ ကောင်းကြသေးရဲ့လား၊ ကိုဖိုးခင်ရယ်၊ ကြည့်လိုက်ပါဦး ဟီး ဟီး ဟီး"

မတင်ရွှေသည် ပြေးထွက်ပြီး ကိုဖိုးခင်၏ခြေကို လှမ်းဖက်ကာ အော်ငိုလိုက်တော့သည်။

"ကုန်ပါပြီ ကိုဖိုးခင်ရယ်၊ ဟီး. . . ဟီး. . ဟီး"

မတင်ရွှေ၏ ငိုသံမှာပတ်ဝန်းကျင်ကို လွှမ်းခြုံနေပေတော့သည်။ ဖိုးခင်၏ မျက်နှာပြင်ကြီးမှာ ပြိုတော့မည့်မိုးလိုဖြစ်နေပေသည်။

"အိမ်တင်မကဘူး ကိုဖိုးခင်၊ သမီးလေးပါ ဆုံးပြီ၊ ဟီး. . ဟီး"

"ဟင်"

သည်တစ်ချီတွင်တော့ ဖိုးခင်မှာ ခြေလှမ်းကျဲကျဲကြီးများဖြင့် မီးလောင်ပြင်သို့ ခပ်မြန်မြန်လှမ်းနေလေပြီ။ မျက်လုံးအစုံစုံတို့သည် ဖိုးခင်ဆီသို့ စုပြုံရောက်ရှိနေကြ၏။ ရွက်ဖျင်တဲအောက် မည်းညစ်ညစ် မြေတလင်းမှာတော့ မီးလောင်ရာဗရပွဖြင့် စန့်စန့်ကလေး လဲလျောင်းနေရှာသည့် ဖိုးခင်နှင့် မတင်ရွှေတို့၏ သမီးပုတုမလေး၏ ရုပ်အလောင်း။

"ကျွန်မသမီးလေး အိပ်နေတာကို အိမ်တံခါး သံကြိုးချည်ပြီးထားခဲ့တာ ကျွန်မသမီးလေးကို ကျွန်မ သတ်မိသလိုဖြစ်

သွားတာပေါ့ ကိုဖိုးခင်ရယ်"

"ကျွန်မ အသုံးမကျတာ"

"ကျွန်မသမီးလေး ဘယ်လောက်ထိ ခံစားသွားရမလဲ နော်၊ ဟီး . . . ဟီး . . . ဟီး"

မတင်ရွှေမှာ သမီးလေး မသေမီခံစားသွားရမည့် ဒုက္ခကိုတွေးရင်း ယူကျုံးမရ ဖြစ်နေပေတော့သည်။

"သမီး ပုတုမလေးရယ်၊ ငါ့သမီး အဖြစ်ဆိုးလှချေလား ကွာ၊ သမီးလေးရဲ့ အဖြစ်ကို အမေမကြည့်ရက်ဘူး သမီးလေး ရယ်"

ဖိုးခင်ထံက လှိုက်ဖိုမောစွာ ထွက်ပေါ်လာသော ရင်ခေါင်းသံကြီးကြောင့် ကြားရသူများအားလုံး ဆို့နင့်ကြေကွဲကြရသည်။ ဖိုးခင်နှင့် မတင်ရွှေတို့၏ သားသမီးကြောင့်ဖြစ်တည်သော သောကမီးမှာ ရင်အသီးသီးသို့ မျှဝေရောက်ရှိနေကြသည်။

မတင်ရွှေသာ စီးတဲ့ရေ ဆည်တဲ့ကန်သင်းမျိုးဆို သည့်အတိုင်း ဖြစ်မတဲ့လား။ ရေနံဆီမီးခွက်ကို မီးမငြိမ်းဘဲ ထရံမှာ သည်အတိုင်းချိတ်ထားခဲ့မတဲ့လား။

မိုးတောင် မလင်းသေး။ လူတကာအိမ် လျှောက်လည်နေမတဲ့လား။ လူမမည်သမီးကလေးကို သည်အတိုင်း အိမ်တံခါး သံကြိုးချည်ပြီး အတိုင်းအတာမဲ့ ထားခဲ့မတဲ့လား။

ခုတော့ ကောင်းကြသေးရဲ့လား။ လင်မယား ပေါင်းစည်းပြီး အိမ်ထောင်တစ်ခုကို တည်ဆောက်ကြကတည်းက



စုဆောင်းလာခဲ့ကြသည့် အိမ်ထောင်ပစ္စည်းတွေ၊ ချွေးနဲ့စာဖြင့် ကြံဖန်တည်ဆောက်ထားသည့် အိမ်ကလေး။

သားကို ရှင်ပြုဖို့အတွက် မစားရက်၊ မသောက်ရက် စုဆောင်းထားသည့် ပိုက်ဆံတွေ။ သူတို့ဘဝအတွက် လွယ်မလား။ အဆုံးမှာ သမီးလေးအသက်ပါ ပါသွားခဲ့ရလေပြီ။

သည်သမီးလေးသည် သူ့အမေ တာဝန်ပေးသမျှ အိမ်မှုကိစ္စများကို မတတ်တတတ်ဖြင့် ဒိုင်ခံလုပ်ခဲ့ရသည်။ ရေခပ်ဆိုလည်း သူကလေး မငြင်းခဲ့။ ဆန်ဖွတ်ဆိုလည်း ကျည်ပွေ့ကလေး မနိုင့်တနိုင်ချီပြီး ခြေဖျားကလေးထောက်ကာ ပါးစပ်ကလည်း စည်းချက်သံကလေး တဆွတ်ဆွတ်ပေးလျက် ဖွပ်ခဲ့သည်။ ထမင်းအိုးတည်၊ တံမြက်စည်းလှည်း၊ အဝတ်လျှော်ကအစ သူ့လက်သူ့ခြေပါပဲ။

ရုပ်ရည်ကလည်း သန့်ပြန့်သည်။ လိမ္မာရေးခြားလည်း ရှိသည်။ မိဘကိုလည်း ကူညီတတ်သည်။ ဘယ်အရာနိုင်းနိုင်း ညည်းညူခဲ့။

ဖိုးခင်အဖို့တော့ ဒီသမီးကလေးဟာ ရွှေတုံးရွှေခဲ၊ ချစ်လိုက်ရတာ ဖူးဖူးမှုတ်လို့၊ ခုတော့ . . . ။ ။

မြဝတီမဂ္ဂဇင်း၊ ၂၀၀၅ ခုနှစ်၊ မေလ။

ထုဆစ်သည့်အလှ

ချိုမြိန်သည့်ရသ




## ထုဆစ်သည့်အလှ ချိုမြိန်သည့်ရသ

ကောင်းမှုလုပ်သူ ကောင်းကျိုးရ၏ ။ မကောင်းမှုလုပ်သူ မကောင်းကျိုးရ၏။ အကြင်မျိုးစေ့ကို စိုက်ပျိုးရ၏၊ ထိုအသီးကို သုံးဆောင်ရ၏။ (ဗုဒ္ဓဩဝါဒ)

× × × × ×

တွေးသည်၊ ဆရာကြီးဦးချမ်းမြ အလီလီ တွေးသည်၊ နေ့နေ့ညည အချိန်တွေ အတော်ကြာခဲ့ပေပြီ၊ ယနေ့တော့ ဆုံးဖြတ်ချက်တစ်ခုကို ယတိပြတ်ချလိုက်မိချေပြီ၊

"မဝေရေ၊ ဒီနားခဏ"

ဒေါ်ခင်နှင်းဝေသည် ပိတ်စများကို ပုံချည့်နေရာမှ ဦးချမ်းမြ၏ ခေါ်သံကြောင့် တစ်ချက်လှမ်းကြည့်ပြီး ဘေးနား

သို့ တိုးလာသည်။

"ငါတစ်ခုစဉ်းစားမိတယ်ကွာ၊ အဲဒါ မဝေကို တိုင်ပင်ချင်လို့"

"ပြောလေ"

"ပြောဆို မင်းကိုလည်း အားနာရတာပေါ့ကွာ"

"ပြောမှာသာ ပြောစမ်းပါ"

"ဒီလိုကွဲ့၊ တို့ရွာဘုရားကြီးကုန်းပေါ်မှာရှိတဲ့ ဗုဒ္ဓဝင်ပန်းပုရုပ်လုံး ရုပ်ကြွတွေဟာ ရှေးဟောင်းလက်ရာတွေကွဲ့၊ အင်မတန် တန်ဖိုးရှိတယ်။ အဲဒါ ထိန်းသိမ်းစောင့်ရှောက်မယ့်သူမရှိတာကြောင့် ဖရိုဖရဲ ဖြစ်နေကြပြီလေ"

"အဲဒါ ဘယ်လိုလုပ်ချင်လို့လဲ"

"ဒါကို စဉ်းစားနေတာပေါ့၊ ငါကတော့ ဒီရုပ်လုံးတွေကို ရတန်သလောက် ပြန်စု၊ လုံးဝရှာမရတာတွေကျတော့ အစားထိုး ထွင်းထုပြီး ပြန်လည် မွမ်းမံချင်တယ်ကွာ၊ အဲဒါ မင်းသဘောကို သိချင်လို့"

ဦးချမ်းမြမှာ အိပ်ရှေ့သို့ ငေးကြည့်ရင်း ဒေါ်ခင်နှင်းဝေထွက်လာမည့်စကားသံကို နားစွင့်နေလိုက်၏။

"ဒါကတော့ ကုသိုလ်ကောင်းမှု အလုပ်ပဲလေ၊ လုပ်လည်းလုပ်ထိုက်ပါတယ်။ ဒါပေမယ့် တစ်ခုတော့ရှိတယ်နော်၊ နွေရောက်ရင် သားကိုသက်နန်းစည်းမယ့် ကိစ္စလေ"

"မဝေပြောတာလည်း မှန်ပါတယ်၊ ဒါပေမဲ့ ကိုယ်က ဒီရွာမှာ ပညာတတ်တစ်ယောက်ဖြစ်နေတော့ ဒီလိုတန်ဖိုးရှိ



တဲ့ ရှေးဟောင်းပစ္စည်းတွေကို ထိန်းသိမ်းသင့်တယ်ဆိုတာ သိနေတယ်လေ၊ သားက တစ်နှစ်တစ်ဝါဆိုသလို ထားရင် ပါသေးတယ်"

ဦးချမ်းမြသည် ရှေ့ဘိုတူရှသို့ကြည့်ရင်း တစ်လုံးချင်း ပြောပြနေမိ၏။

"လုပ်မယ်ဆိုလည်း လုပ်ပေါ့ရှင်၊ မြံထွက်သီးနှံရောင်း တာတွေရော၊ ကျွန်မ စက်ချုပ်တာတွေပါ သားကြီးသက်နန်း စည်းဖို့ စုထားတာ ပိုက်ဆံတော့ ငါးသောင်းလောက်ရှိပါ တယ်လေ"

"ဒီလောက် အကုန်ခံနိုင်ရင် ရတယ်တဲ့၊ လက်သမား ဆရာ ဦးစန္ဒိမာနဲ့ တိုင်ပင်ထားပြီးပြီလေ"

တဒင်္ဂရောက်လာသော အကြောင်းတရားသည် ဒေါ်ခင် နှင်းဝေ၏ အတွေးရပ်ဝန်းထဲတွင် နက်ရှိုင်းစွာ ပျော်ဝင်ခဲ့ သည်ပြီ။

မူလတန်းပြဆရာကြီး ဦးချမ်းမြနှင့် ဒေါ်ခင်နှင်းဝေတို့ အိမ်ကလေးမှာတော့ သစ်ရွက်များကို လေတိုးသံမှတစ်ပါး တိတ်ဆိတ်နေ၏။

× × × × ×

နံနက်ခင်း နေရောင်ခြည် ဝင်းလွဲ့လွဲ့အောက်တွင် သစ် ကြီးငယ်များဖြင့် အုပ်ဆိုင်းနေသော သရက်တောရွာ ဘုရားကုန်းကလေးသည် သာယာလှပါဘိတောင်။ ဆရာကြီး

ဦးချမ်းမြမှာ တစ်ဝက်တစ်ပျက် ဆေးပြယ်နေပြီဖြစ်သော ပန်းပုရုပ်လုံးများကို ကြည့်ကာ ပီတိသောမနသစိတ်သည် ရင်နှင့်အပြည့်။

ဘုရားရင်ပြင်ပေါ်တွင် အကျအနထိုင်ပြီး ပုံတော်များ ကိုအပြောင်းပြောင်း အပြန်ပြန် ကြည့်နေမိသည်။ တစ်ဦး တည်း ပြုံးလည်း ပြုံးလိုက်မိသည်။ အရွတ္တ၏ စူးနစ်မှုသည် ပတ်ဝန်းကျင်ကို မေ့နေသယောင်တကား။

"ဆရာကြီး"

ခေါ်သံတစ်ခု ခပ်စာစာ ထွက်ပေါ်လာသည်။ သို့သော် ဦးချမ်းမြကား တုံ့ကိုဘာဝေ။

"ဆရာကြီး"

ဤတစ်ချီတွင်တော့ ဦးချမ်းမြ ဖြည်းဖြည်းချင်း လှည့် လာသည်။ မိမိနောက်တွင် လူနှစ်ယောက်ရပ်နေသည်ကို တွေ့ လိုက်ရသည်။ ထိုလူနှစ်ယောက်သည် ဦးချမ်းမြအား ပြုံးပြ ရယ်ပြနေကြ၏။ ဦးချမ်းမြကား မည်သို့မျှမတုံ့ပြန်မိ။ စူး စိုက်စိုက်သာ ကြည့်နေမိသည်။

"ဆရာကြီး ကျွန်တော့်ကို မမှတ်မိဘူးထင်တယ်"

ရုပ်ရည်သန့်သန့်ပြန့်ပြန့်ဖြင့် လူငယ်က ပြောလိုက်ခြင်း ဖြစ်သည်။ ဦးချမ်းမြ၏ အသိတွင် ဝေဝေဝါးဝါးမို့ စိုက်ကြည့် မြ စိုက်ကြည့်နေမိသည်။

"ကျွန်တော် ဆရာကြီးဆီမှာ လေးတန်းအထိ သင်ခဲ့ ပါတယ်။ ကျွန်တော် ကျော်ခိုင်လေ ဆရာကြီး"



"သြော်. . . မင်း မောင်ကျော်ခိုင်ကိုး"

ဆရာကြီးနှုတ်မှ ဖြည်းဖြည်းချင်း ထွက်လာသည်။ ဦးချမ်းမြမှာ ကျော်ခိုင်၏ အတိတ်စလေးတစ်ခုကို လှစ်ကနဲ သွားမြင်လိုက်သည်။ ကျောင်းအပြေးများပြီး ဆရာ၊ ဆရာမ များ၏ နလုံးအိမ်ကို ညှိုးမှိန်အောင် လှုပ်ဆွတတ်သော ကျော် ခိုင်။ အတန်းတင် စာမေးပွဲ ဖြေခါနီးဆဲဆဲတွင် အတန်းပိုင် ဆရာမ ထိုင်ခုံကို ခွေးလှေးယားသီး တို့ပြီး လေးတန်းတောင် မဖြေခဲ့ဘဲ ကျောင်းထွက်သွားခဲ့သော ကျော်ခိုင်။

"အခု မောင်ကျော်ခိုင် ဘယ်မှာနေလဲ၊ အလုပ်က ဘာ အလုပ်တွေ လုပ်နေလဲကွယ်"

"ဟုတ်ကဲ့ဆရာကြီး နေတော့ ရန်ကုန်မှာပဲ နေပါတယ်။ အလုပ်အကိုင်ကတော့ အရောင်းအဝယ်ပါ"

"သြော်. . . အေး အေး၊ ကောင်းတယ်၊ ကောင်းတယ်"

ဦးချမ်းမြသည် တပည့်ဖြစ်သူအား စူးစိုက်ကြည့်နေ လိုက်၏။

"အခု ဒီကိုလာတာ၊ ဘာကိစ္စလဲ အလည်သက်သက် လား"

"မရောက်တာကြာတော့ အလည်အပတ်ဆိုရင်လည်း မမှားဘူးပေါ့ ဆရာကြီးရာ။ ဒါပေမဲ့ အဓိကသော့ချက်ကတော့ ဆရာကြီးပဲ"

"ဟာ. . . ငါက အဓိကသော့ချက်ဆိုတာ ဘယ်လိုများ လဲကွာ"

ဦးချမ်းမြမှာ ကျော်နိုင်ကို စိုက်ကြည့်လိုက်ပြန်၏။

"ကိုထွန်းသာ လာရင်းကို ဆရာကြီးကို ပြောပြဦးလေ"

ကျော်နိုင်မှာ နောက်မှပါလာသူကို လှည့်ပြောလိုက်သည်။ ဦးချမ်းမြမှာ ကျော်နိုင်နှင့်ပါလာသူကို ခုမှ သတိထားကြည့်လိုက်မိသည်။ အသားမည်းမည်း၊ ခိုက်ရွဲ့ရွဲ့ ဝင်တိုတို့ ထိုသူမှာ အားရပါးရ ရယ်ပြနေသည်။

"ဩော်. . . ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်နော်တို့ ဆရာကြီး ဆီလာတဲ့ကိစ္စ ပြောရမှာ အားလည်းနာပါတယ်ဗျာ၊ ဒါပေမယ့် ဆရာကြီးရော ကျွန်တော်တို့ပါ အကျိုးများမယ့်ကိစ္စ ဖြစ်နေတော့ ပြောတော့ပြောရမှာပဲ"

ထွန်းသာမှာ စကားပလ္လင်ခံပြီး ပြောနေသည်။ ဦးချမ်းမြကတော့ မရယ်မပြုံး ကြည့်မြဲကြည့်နေသည်။

"ကိစ္စကတော့ ဒီလိုပါဆရာကြီး"

"ဘာကိစ္စလဲ၊ လိုရင်းပြောပေါ့ကွာ"

ထွန်းသာသည် ဝုဋ္ဌဝင်ပန်းပုလက်ရာများကို အစီအရီ စိုက်ကြည့်လိုက်ပြန်သည်။ ဆရာကြီးကိုလည်း ပြုံးပြလိုက်သည်။

"ဟုတ်ကဲ့ ဆရာကြီး၊ အပွင့်လင်းဆုံးပြောရရင်တော့ အခု ဆရာကြီး မွမ်းမံဆေးခြယ်နေတဲ့ ရုပ်လုံးရုပ်ကြွတွေကို ကျွန်တော်တို့ ဝယ်ချင်လို့ပါ"

"ဟေ. . ."

ဆရာကြီးမှာ မမျှော်လင့်၊ မရည်ရွယ်၊ မတွေးခေါ်မိသော



စကားကိုကြားလိုက်ရရာ အံ့ဩစိတ်များ ရစ်ပတ်သွားသည်။ ကျော်နိုင်နှင့် ထွန်းသာတို့အားလည်း တစ်လှည့်စီ ကြည့်လိုက်၏။ နှုတ်ခမ်းကို တင်းတင်းစေ့ပြီး တံတွေးတစ်ချက်မြိုချလိုက်ရာ ငေါထွက်နေသော စလုတ်ကြီး လှုပ်ရှားသွားသည်။

"ဆရာကြီးအနေနဲ့ ဒီပစ္စည်းတွေကို ရောင်းလည်း အလျှော့မပျက်စေရပါဘူး။ ဒီအစား ကျွန်တော်တို့ အသစ်ပြန်လုပ်ပေးပါမယ်။ နောက်ပြီး ဆရာကြီးအတွက် သီးသန့်တစ်သိန်းပေးမှာပါ"

ဦးချမ်းမြ၏ အစ္ဆုတ္တသည် အတော့်ကိုပဲ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ ကျော်နိုင်နှင့်ထွန်းသာတို့မှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြ၏။

"တစ်သိန်းတိတိ ပေးမှာပါ"

ထွန်းသာ၏အသံသည် မိုးမြေအနှံ့ ပြည်ဟည်းနေသည်ဟု ဦးချမ်းမြ ထင်လိုက်သည်။ လောကရင်ခွင်ထဲသို့ ဆရာကြီးဦးချမ်းမြ ခိုဝင်လာခဲ့သည်မှာ ၄၇-နှစ် တင်းတင်းရှိခဲ့ချေပြီ။ တစ်သိန်းဆိုသော ပိုက်ဆံကို ပိုင်ဆိုင်ဖူးမည်ကို မဆိုထားဘိ၊ စိတ်ကူးထဲတွင် တစ်ခါတစ်လေ မမွေးမြူမိ။ ဦးချမ်းမြသည် ခေါင်းငုံ့လျက် တစ်လှမ်းချင်း လှမ်းထွက်သွားသည်။ ကမူစွန်းရှိ ဖူဦးမပင်ကြီးအောက်မှာ မတ်တတ်ရပ်ကာ အဝေး လယ်ကွင်းပြင်များဆီကို ငေးကြည့်နေမိသည်။

ကျော်နိုင်နှင့် ထွန်းသာတို့ ဦးချမ်းမြနောက်သို့ ပြေးလိုက်သွားကြ၏။

"ဘယ်လိုလဲ ဆရာကြီး၊ ဖြစ်နိုင်မယ် မဟုတ်လားဟင်"

"နေဦး မောင်ကျော်နိုင်၊ ဆရာကြီး မနက်ဖြန် အဖြေ ပေးပါရစေနော်"

"ဟုတ်ကဲ့ပါ ဆရာကြီး၊ ကျွန်တော်တို့လည်း ဆရာကြီး အနေနဲ့ အဆင်အပြေဆုံးဖြစ်အောင် ပြောတာပါဗျာ၊ ဒီလို လုပ်လို့လဲ ဆရာကြီး ဘာမှမထိခိုက်နိုင်ပါဘူး"

ထွန်းသာသည် ပစ်ကွင်းက မလွတ်ရေးအတွက် အတတ်နိုင်ဆုံး စည်းခတ်လိုက်ပြန်သည်။

စာသင်ခန်းနှင့် တပည့်များအလယ်တွင် နာသုံးနာကို ရင်မှာပိုက်လျက် စေတနာမိုး၊ မေတ္တာမိုး၊ အကြင်နာမိုး သွန်းဖြိုးစွေရွာခဲ့သော ဦးချမ်းမြ၊ တပည့်များ မလိမ္မာသည်ကို လိမ္မာအောင်၊ မတတ်သည်ကို တတ်အောင် သွန်သင်ဆုံးမပြီး တပည့်များ၏ ရိုသေသမှုကို ရယူခဲ့သော ဉာဏစစ်သူကြီး ဦးချမ်းမြ၊ စီးပွားရေးစစ်ကွက် စစ်မြေပြင်မှာ မည်ကဲ့သို့သော နည်းဗျူဟာဖြင့် တိုက်ပွဲဝင်အံ့နည်း။ မှဆိုးပဲဖြစ်လေမလား၊ သားကောင်ပဲ ဖြစ်လေမလား။

× × × × ×

မိုးတဖြောက်ဖြောက် ရွာလိုက်၊ လေတိုးလိုက်နဲ့ ညသည် ကုန်မှန်းမသိ ကုန်လာခဲ့သည်။ ဦးချမ်းမြကား လုံးဝအိပ် မပျော်၊ တစ်သိန်းတည်းဟူသော အသပြာကရှူကို မအိပ်နိုင် အောင် နှောင့်ယှက်နေခဲ့လေပြီ။ လက်တွဲဖော် ဒေါ်ခင်နှင်းဝေ



အား ကိစ္စရပ်တိုင်းတွင် တိုင်ပင်ခဲ့သော်လည်း ယခုကိစ္စတွင် တော့ တစ်စုံတစ်ရာ မလှစ်ဟခဲ့။

ဆရာကြီးဦးချမ်းမြ အိပ်ရာမှ ဖြုန်းခနဲထထိုင်လိုက်၏။ ခပ်မှန်မှန်လျှောက်လှမ်းလိုက်ပြီး အိမ်အောက်သို့ ဆင်းလိုက် သည်။ အရှေ့ဘက်မိုးကောင်းကင်သို့ မော့ကြည့်လိုက်၏။ မိုးသောက်ကြယ်ကြီးက လောကကြီးအား အလင်းရောင် ပေးလျက် ရှိနေပေပြီ။ ဦးချမ်းမြ၏ ကမ္ဘာတွင် ထိန်းသိမ်းမှု နှင့် စွန့်လွှတ်မှု ပဋိပက္ခ ပြင်းထန်နေဆဲ။

တဖြည်းဖြည်း မိုးစင်စင်လင်းလာခဲ့သည်။ ဆုံးဖြတ် ချက်က ပီပီပြင်ပြင် မချနိုင်သေး၊ ခေါင်းကိုသာ လေးလေးပင် ပင် ခါယမ်းနေမိသည်။

ဦးလွမ်းဝေသည် ဘုရားကုန်းဘက်သို့ မှန်မှန်လျှောက် လှမ်းလာခဲ့သည်။ ဘုရားကုန်းလှေကားပေါ်သို့ လှမ်းအတက် မှာပင် နောက်မှခြေသံကြား၍ လှည့်ကြည့်လိုက်သည်။ ကျော် ခိုင်နှင့် ထွန်းသာတို့ကို အပြုံးတစ်ပွေ့တစ်ပိုက်ဖြင့် တွေ့လိုက် ရသည်။ ပြုံးရယ်ပြခြင်းသည်ဟူသည် တောင်းခံမှုတစ်ခုပဲ ဖြစ် တန်ရာသည်။

"ဆရာကြီး အဖြေတော့ရပြီ ထင်တယ်၊ အလုပ်ဖြစ်မယ် မဟုတ်လားဟင်"

ဆရာကြီးဦးချမ်းမြက မဖြေ။

"ဘယ်လိုလဲ ဆရာကြီးရယ်၊ ကျွန်တော်တို့ပြောတာ အဆင်ပြေမယ် ထင်ပါတယ်နော်"

ဆရာကြီးသည် ထွန်းသာတို့အား တစ်ချက်စိုက်ကြည့်ပြီး ခေါင်းကို ခပ်ပြင်းပြင်းခါယမ်းကာ အုတ်လှေကားအတိုင်း တောင်ကမူလေးပေါ်သို့ ခပ်သွက်သွက် တက်သွားပေတော့သည်။ ကျော်ခိုင်နှင့်ထွန်းသာတို့ ဘာလုပ်ရမှန်မသိ ဖြစ်သွားကြသည်။ နောက်မှ သတိရဟန်ဖြင့် ဦးချမ်းမြနောက်သို့ ဆက်လိုက်သွားကြ၏။ ကမူစွန်းရှိ ပျဉ်းမပင်ကြီးအောက်မှာပင် တွေ့လိုက် ကြမြန်သည်။

"ဘယ်လိုဖြစ်တာလဲ ဆရာကြီးရယ်၊ ကျွန်တော်တို့လည်း ဆရာကြီးဘက်က လိုက်လျောနိုင်အောင် အကုန်လုံးစီစဉ်ထားတာပဲဗျာ၊ ပြန်စဉ်းစားပါအုံး ဆရာကြီးရယ်"

"ဆရာကြီးနားလည်တယ် မောင်ကျော်ခိုင်၊ မင်းတို့ဆန္ဒအတိုင်းလိုက်ရင် ဆရာကြီးအဆင်ပြေမယ်ဆိုတာ သိပါတယ်။ သားကို ရှင်ပြုရုံမကဘူး အသင့်အတင့်တောင် ကျန်ဦးမှာပဲ၊ ရပ်လုံးရှပ်ကြွတွေကိုလည်း မင်းတို့က အစားထိုးလုပ်ပေးမယ်ဆိုတော့ ဘာလိုသေးလဲ"

"ဟုတ်တယ်လေ ဆရာကြီး၊ ကျွန်တော်တို့လည်း ဒီလိုပဲဖြစ်စေချင်လို့ ဆရာကြီးကို စေတနာရှိရှိနဲ့ ကူညီကြတာပါပဲဗျာ"

ကျော်ခိုင်နှင့် ထွန်းသာတို့မှာ မျှော်လင့်မျက်ဝန်းများဖြင့် ဆရာကြီးကို ကြည့်နေကြသည်။ ဆရာကြီးကတော့ လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်သည်။

"ခက်တာက အခု ဆရာကြီးလုပ်နေတာ ရွှေဟောင်း



လက်ရာ ရွှေဟောင်းပစ္စည်းတွေ၊ ဒီပစ္စည်းတွေကို ရွှေမီဘ၊ ဘိုးဘွားတွေက နောင်းလူတွေ ချည်းကပ်ကိုးကွယ်နိုင်ပါစေလို့ စေတနာမေတ္တာတွေထားပြီး သံသရာအတွက်ပါ ရေစက်ချအမျှဝေ လှူဒါန်းခဲ့ကြတာပါ၊ ဒါတွေကို ထိန်းသိမ်းစောင့်ရှောက်ကြရမှာက ဆရာကြီးတို့ မင်းတို့တာဝန်၊ ခုလိုမှ မထိန်းသိမ်းဘဲ မင်းတို့ဆန္ဒအတိုင်းသာ လုပ်မိရင်တော့ သမိုင်းရိုင်းသွားလိမ့်မယ်ကွာ၊ ဆရာကြီးလည်း မင်းတို့ကိုအားနာပါတယ်။ ကဲ. . . ဟိုဘက်ကုန်းဆက်လျှောက်လိုက်ဦးမယ်"

ဦးချမ်းမြ ပေါ့ပါးစွာ လှမ်းထွက်လိုက်သည်။

"တော်တော် တုံးတဲ့ဟာကြီးပဲ"

ထွန်းသာ၏နှုတ်ဖျားမှ မညှာမတာ ထွက်သွားသော စကားသံ။

× × × × ×

"မောင်တောမြို့နယ် အလယ်သံကျော်ရွာ၊အခြေခံပညာအလယ်တန်းကျောင်း မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနား အစီအစဉ်အပိုဒ်(၄) အရ ကျောင်းအုပ်ဆရာကြီးက အမှာစကားပြောကြားပေးမှာ ဖြစ်တဲ့အတွက် ကျောင်းအုပ်ဆရာကြီးအားအမှာစကားပြောကြားပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား"

ပရိသတ်များ၏ တစ်ထောင်မကသော မျက်လုံးတို့သည်

ဆရာကြီးဆီသို့ စုပြုံရောက်ရှိနေကြ၏။ ဆရာကြီးမှာ လူချောကြီးတော့ မဟုတ်ပေ။ လည်ကတုံးကော်လာ ရှပ်အင်္ကျီပေါ်တွင် ချောကလက်ရောင်တိုက်ပုံကို ဝတ်ထားသည်။ ကျောင်းစိမ်းပုဆိုးကို ပုံမှန်အတိုင်းဝတ်ထားရာ ရိုးရိုးကလေးဖြင့် ကြည့်ကောင်းနေသည်။

ဆရာကြီးသည် သွက်လက်စွာဖြင့် စကားပြောစင်သို့ ထသွားလိုက်သည်။

"အားလုံးမင်္ဂလာပါ၊ ကျွန်တော့ နာမည်ဦးချမ်းမြပါ။ ကျွန်တော်အခုလို ဒီနယ်စပ်ဒေသမှာ အလယ်တန်းကျောင်းအုပ်အဖြစ် လာပြီး တာဝန်ထမ်းဆောင်ခြင်း၊ ထမ်းဆောင်ခွင့်ရခြင်း အကြောင်းအရင်းတွေကို ပြန်လည်ဆန်းစစ်ကြည့်ရင် မီးမောင်းအလင်းရောင်အောက်က ဘဝမှန်သားပြင်ပေါ်မှာ ကြည်လင်ပြတ်သားစွာ မြင်ရမှာ ဖြစ်ပါတယ်"

ပရိသတ်များမှာ ငြိမ်သက်နေကြသည်။

"ဆက်လက်ပြီး ပညာရေးနဲ့ ပတ်သက်တဲ့ ကျွန်တော်ရဲ့ အတိတ်ကြောင်းကလေးကို အခြေအနေအကြောင်း တရားတိုက်ဆိုင်နိုက်မှာ နည်းနည်းတင်ပြပါရစေ၊ ကျွန်တော် ကျောင်းသားဘဝတုန်းက ပညာသင်ကြားခဲ့ရတာ အင်မတန်မှပဲ ကသီလင်တနိုင်ပါတယ်။ ကျွန်တော် ဘဝမှာ စူးရှတဲ့ အဖြစ်ကလေးတစ်ခုပေါ့ဗျာ၊ ကျွန်တော်ဟာ ကျေးလက်က နေပြီး ကျောက်ဖြူမြို့မှာ ကျောင်းသွားတက်ခဲ့ပါတယ်၊ ကျွန်တော် ကိုးတန်းနှစ် အရောက်မှာပေါ့ဗျာ၊ အဲဒီတုန်းက High



School Final ခေါ်ပါတယ်၊ ရွာမှာမိဘတွေရဲ့ စီးပွားရေးကလည်း လုံးဝ အဖတ်ဆယ်မရတော့ ကျွန်တော် ကျောင်းစရိတ်ကတော့ ဝေလာဝေးပေါ့ဗျာ၊ ကျွန်တော်ကလည်း ကျောင်းမထွက်ချင်ဘူး။ ဒီအတိုင်း ပေခံနေတယ်၊ ရွာက ဆွေမျိုးလယ်သမားတွေဆီက ဆန်တော့ ပို့ပေးကြပါတယ်"

ပရိသတ်များမှာ ငြိမ်သက်နေကြသည်။

"ဒီမှာ မသေစာကလေးရချင်တော့ ကျွန်တော်နေတဲ့ အိမ်ရှေ့မှာ ခနွဲသလွန်ပင်တစ်ပင် ရှိတယ်။ ကျွန်တော်က အဲဒီ ခနွဲသလွန်ပင်ပေါ်မှာ ကွမ်းပင်လေးတွေ ရေလောင်းပြီး တင်ထားပါတယ်။ အဲဒီကွမ်းပင်လေးက ကွမ်းကို မကြီးမိဆိုတဲ့ အဘွားကြီးက နေ့တိုင်း ဆယ်ပြားဖိုးစီ လာဝယ်ပါတယ်။ ကျွန်တော်လည်း အဲဒီဆယ်ပြားတည်းသော အသပြာဖြင့် ငှက်ပျောသီးနှစ်လုံးစီဝယ်ပြီး နံနက်စာတစ်လုံး၊ ညနေစာ တစ်လုံး ထမင်းဖြူနဲ့ရောနယ်စားရင်း ကျောင်းတက်ခဲ့ရတဲ့အဖြစ် မေ့နိုင်ပါ့မလားဗျာ"

ပရိသတ်များမှာ အပ်ကျသံကြားရလောက်အောင်ထိ ငြိမ်သက်နေသည်။

"တစ်ခါ ကျွန်တော်ကျောင်းဆရာဖြစ်လာတော့ ကျွန်တော်တာဝန်ကျတဲ့ရွာမှာပဲ ရှေးဟောင်းလက်ရာ ဗုဒ္ဓဝင်ရုပ်လုံးရုပ်ကြွတွေ ပျက်စီးတာ ပျက်စီး၊ လေလွင့်တာလေလွင့်နဲ့ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်တွေ ဆုံးရှုံးမယ့်အရေးဟာ မြင်မကောင်း ရှုမကောင်းပါဘူးဗျာ"

ဆရာကြီးသည် ပရိသတ်များကို မျက်လုံးဝေ့ဝိုက်ကြည့်လိုက်သည်။

"ဒါတွေမြင်တော့ ကျွန်တော်လည်း ဝမ်းနည်းပက်လက်ကြီးခံစားသွားရတယ်၊ ဒါကြောင့် ချေးနဲ့စာလေးတွေဖြစ်တဲ့ သားသက်နီးစည်းမယ့် ပိုက်ဆံကို ဗုဒ္ဓဝင်ရုပ်လုံးရုပ်ကြွတွေ ဆေးခြယ်တဲ့အခန်းကဏ္ဍသို့ ပြောင်းရွှေ့ပြီး ဒါနလေးပြုလိုက်ပါတယ်"

"ထူးခြားတာကတော့ဗျာ အဲဒီနှစ်ကစ,လို့ လုပ်တာတွေ အကုန်လုံး အောင်မြင်ခဲ့တယ်လေ၊ ကျွန်တော်ခြံထွက် သီးနှံတွေဟာဆိုရင် လူပြောမယုံနိုင်အောင်ဘဲဗျာ သီးလိုက်ကြတာ သီးလိုက်ကြတာ၊ သံပရာသီးဟာဆိုလို့ရှိရင် မြေပေါ်ပုံထားသလား အောက်မေ့ရတယ်၊ ကျွန်တော်ကတော့ ကောင်းမှုလုပ်ခြင်းကြောင့် ကောင်းကျိုးရတယ်လို့ပဲ ခံယူထားပါတယ်"

ဆရာကြီးဦးချမ်းမြေ့၏အသံသည် ကြည်မြလွန်းနေသည်။

"အဲဒီတုန်းကပေါ့ဗျာ ဘွဲ့ရ မူလတန်းကျောင်းအုပ်တွေလည်း B.Ed ဖြေခွင့်ရှိပါတယ်။ ဝင်ဖြေလိုက်တော့ အောင်မြင်ရော၊ အဲဒီသင်တန်းကဆင်းတော့ အဆင့်ဆင့်ရာထူးတွေတိုးပြီး အခုလို အလယ်တန်းကျောင်းအုပ်ဘဝနဲ့ ဒီနေရာသို့ ရောက်လာခဲ့တယ် ဆိုပါတော့ဗျာ"

"ဒါကြောင့် ကျွန်တော်ပညာရေးဝန်ထမ်းဘဝကို ထမ်းဆောင်နေသမျှ ကာလပတ်လုံး ကလေးတွေရဲ့ စိတ်ဓာတ်နဲ့ အကျင့်စာရိတ္တမြင့်မားရေး၊ ယဉ်ကျေးမှုအမွေအနှစ်များ



မပျောက်မပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတို့အတွက် အစွမ်းကုန် ကြိုးစားသွားပါ့မယ်ဆိုတာ ပြောကြားရင်းနိဂုံးချုပ်အပ်ပါတယ်"

ဆရာကြီးဦးချမ်းမြေ့ စကားအဆုံးတွင် လက်ခုပ်ဩဘာသံများ ဖုံးလွှမ်းသွားသည်။

"အခမ်းအနား အစီအစဉ် နံပါတ်-၁၀ အရ ဒီနှစ် ကျောင်းသားအားကစားပွဲတော် ပြည်နယ်အဆင့်မှာ ဒီကျောင်းက ဘောလုံးအကောင်းဆုံးရွေးတန်းဆုရ မောင်ထက်အောင်သာနှင့် မီတာ ၁၀၀ ပြေးပွဲမှာ ပထမရခဲ့တဲ့ မသန္တာခိုင်တို့အား ဆုလာယူကြဖို့ ဖိတ်ခေါ်ပါတယ်"

လက်ခုပ်သံများကား ညံမစဲတော့။ ကိုယ့်မြို့နယ် ကိုယ့်ကျောင်းအတွက် ဂုဏ်ယူမှုအပြုံးများသည် လူတိုင်းတွင် ကိုယ်စီကိုယ်င။

"ဒေါက်. . . ဒေါက်. . . ဒေါက်. . . ဒေါက်"

ကျောင်းသားနှစ်ယောက် ဆုယူအပြီးတွင်တော့ ဂျိုင်းထောက်သံတစ်ခုက မင်းမူလာခဲ့သည်။ ပရိသတ်အားလုံးသည် တရွေ့ရွေ့လှမ်းလာသော ဂျိုင်းထောက်ရှင်ကို ညှိနိုင်းစရာလိုဘဲ ငြိုင်တူကြည့်မိရက်သား ဖြစ်နေကြတော့သည်။ ဂျိုင်းထောက်ရှင်သည် ဆရာကြီးအား ဂါရဝပြုလိုက်၏။ စကားပြောခွင့်ကိုလည်း တောင်းလိုက်သည်။ ဆရာကြီးက စူးစူးစိုက်စိုက်ကြည့်ပြီး ခေါင်းညိတ်လိုက်၏။ ဂျိုင်းထောက်ရှင်သည် စကားပြောစင်သို့သွားပြီး ပရိသတ်ဘက်သို့ မျက်နှာမူလိုက်၏။

"ကျွန်တော် မှားခဲ့ပါတယ်၊ အခု ဆရာကြီးစကားကြား ရမှ ကျွန်တော်မှားခဲ့တာ ပိုသိလာခဲ့ပါတယ်။ အဲဒီအမှား အတွက်ကိုပဲ ဆရာကြီးရှေ့မှောက်မှာ ဝန်ချတောင်းပန်အပ် ပါတယ်။ ကျွန်တော်တို့က အမျိုးဂုဏ်၊ ဇာတိဂုဏ်ဆိုတာကို လည်း မစဉ်းစားခဲ့ကြဘူး၊ ကိုယ်ကောင်းစားရေးတစ်ခုတို ကြည့်ပြီး အမျိုးသားရေးကို သစ္စာဖောက်ခဲ့ကြတယ်"

"ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ကို ပင်လယ်ဖြင် ထွက်ပေါက်ကနေ သယ်ခဲ့ကြတယ်။ တစ်ချိန်မှာတော့ ကမ်း ခြေစောင့် တိုက်ရေယာဉ်နဲ့တွေ့ပြီး အသက်လုပြေးခဲ့ကြရတယ် ကမ်းသို့ ကပ်အပြေးမှာပေါ့ဗျာ စက်လှေဟာ ကျောက်တောင် ကို ဝင်တိုက်ပြီး မြုပ်ပါလေရော။ အဲဒီမှာ ကျွန်တော့်လုပ်ဖော် ကိုင်ဖက်လည်း သေဆုံးခဲ့ရတယ်။ ကျွန်တော်ကတော့ ဆောက် တည်ရာမရ ပြေးရင်းလွှားရင်း စက်ခန်းထဲလိမ့်ကျလို့ ခုလို ခြေကျိုးကြီး ဖြစ်ခဲ့ရတယ်။ နောက်ဆုံးတော့ တိုက်ရေယာဉ်က ကယ်ဆယ်ပြီး ဖမ်းဆီးခံခဲ့ရတာနဲ့ ထောင်ကျခဲ့ရတာ ဒီဇာ ရွာသားတွေ အကုန်သိပါတယ်"

ကျိုင်းထောက်ရှင်၏အသံများ ကွဲအက်ဆို့နင့်နေ၏။

"အခုတော့ အမျိုးသားရေးလုပ်ငန်းမှာ အတတ်နိုင်ဆုံး ကူညီပံ့ပိုးဖို့ ဆုံးဖြတ်ထားပါပြီ"

"ဆရာကြီးခင်ဗျား၊ အခု ဒီမှာအားကစားထူးချွန်ဆုရရ မောင်ထက်အောင်သာဆိုတာ ကျွန်တော့်သားပါ။ သားအတွက် ရော ကျောင်းအတွက်ပါ ဂုဏ်ယူမဆုံးပါဘူးဗျာ၊ ဒီကျောင်းရဲ့



အားကစားမြင့်မားရေးနှင့်ပညာရည်မြင့်မားရေးမှာအထောက် အပံ့ဖြစ်စေဖို့အတွက် ကျွန်တော် ငွေသုံးသောင်း လှူပါတယ်"

"ဒေါက်"

ကျိုင်းထောက်ရှင်သည် ကျိုင်းထောက်ကို ဒေါက်ကနဲ မြည်သံတစ်ချက်ပေးကာ ခန္ဓာကိုယ်ကို ပရိသတ်အား ကျော ပေးပြီး တစ်ပတ်လှည့်လိုက်၏။ အသင့်ပါလာသော ငွေထုပ်ကို လည်း ဆရာကြီးအား လှမ်းအပ်လိုက်သည်။ ပရိသတ်၏ လက်ခုပ်သံများက မြည်ဟီးလာပြန်သည်။

"ဆရာကြီးခင်ဗျား ကျွန်တော်ဟာ လွန်ခဲ့တဲ့ ဆယ်နှစ် လောက်က ဆရာကြီးဆီက ပန်းပုရုပ်ကြွတွေကို ဝယ်ခဲ့တဲ့ ထွန်းသာပါ။ ဒီ အလယ်သံကျော်ရွာကပါပဲ။ ဆရာကြီးတပည့် ကိုကျော်နိုင်လည်း ပင်လယ်ထဲကျလို့ ဆုံးခဲ့ပါပြီဗျာ"

"ဟင်"

ဆရာကြီးဦးချမ်းမြ၏ နှလုံးအိမ်တွင် အံ့သြခြင်းနှင့် အတူ ကြေကွဲခြင်းတစ်ရပ် လာဟပ်သွားသည်။ အမြင်အာရုံများကို ပို၍စူးစိုက်လိုက်သည်။ ပစ္စကျွမ်းကွင်းထဲက ထွန်းသာ။ ယခင် နှင့် ယခု ခြားနားမှုက နှိုင်းယှဉ်မရဖြစ်နေသည်။

ထွန်းသာမှာ တစ်ချောင်းတည်းသော ခြေထောက်ဖြင့် ရပ်လျက် ဆရာကြီးကို ဝေဝေဝါးဝါး ကြည့်နေသည်။ ဆံပင် ကလည်း ဂွမ်းထုပ်ကြီးတင်ထားသလား အောက်မေ့ရသည်။ ဆရာကြီးကို ယှဲယှဲပြုံးပြသည်။ ခန္ဓာကိုယ်ကြီးကလည်း လေ လျှော့ထားသောဘောလုံးနှင့် ဘာမှမခြား။ မိမိထက်ပင်

ဇရာရုပ်ကို ဖော်ဆောင်နေသလားဟု ဦးချမ်းမြ ကောက်ချက်ချမိလိုက်သည်။

မည်သို့ပင် ရှိစေ၊ ရုပ်နှင့်နာမ် ခွန်တွဲနေသည့် အခိုင်အတန့်မှာ ဆွဲအားညီစွာ ပြိုင်တူပြောင်းလဲသွားခြင်းကိုမဲ အမှန်ကန်ဆုံးသော ပြောင်းလဲမှုဖြစ်စဉ်တရားဟု ဆရာကြီး ဦးချမ်းမြ ခံယူလိုက်မိပေတော့သည်။ ။

ငွေတာရီမဂ္ဂဇင်း၊ အောက်တိုဘာ၊ ၂၀၀၄ခုနှစ်



# ကျွန်းက

# လွမ်းပုံပြင်

## ဖရုံကာကျွန်းက လွမ်းပုံပြင်

မြန်မာနိုင်ငံမြေပုံကို ကြည့်မိလျှင် အနောက်ဘက်ရှ
ဘင်္ဂလားပင်လယ်အော်ထဲ ပေါ်လောပေါ်ပြီး စစ်တွေမြ
အောက်ဘက်နား၌ တန်းစီနေသော ကျွန်းသွယ်လေး သုံးခု
တွေ့မြင်ကြရမည်ဖြစ်သည်။ ပထဝီဝင်ဘာသာရပ်ထဲတွင်တော
ဖရုံကာကျွန်းများဟု ခေါ်သည်။ ဒေသပတ်ဝန်းကျင်မှာတော
အင်ကြင်းချိုင်ကျွန်း၊ ပိန္နဲချောင်းကျွန်း ဆံတော်ရှင်ကျွန်း
ခွဲခြားခေါ်ကြသည်။

ဤကျွန်းများအနက် ပိန္နဲချောင်းကျွန်းသည် အကြီး
ကျွန်းဖြစ်သလို သစ်တောကြီးများဖြင့် ဖုံးအုပ်ကာ တောတော
သဘာဝ၏ သာယာလှပမှုကို ဖော်ကျူးလျက်ရှိချေ၏။ ဤကျွ



နှင့်ပတ်သက်သော စိတ်ဝင်စားဖွယ်ရာ လွမ်းမောဖွယ်ရာ ကောင်းတဲ့ အဖြစ်အပျက်တစ်ခု ရှိခဲ့ဖူးပါသည်။ ကြာတော့လည်း ကြာခဲ့ပေပြီ။ သို့သော် အတိတ်ဟောင်းဆိုသည် မေ့ကောင်းစရာ ကောင်းသောအရာ မဟုတ်ပါလေခဲ့။ ကိုယ်တိုင်ခံစားရသူအတွက် ပြန်လည်တွေးမိတိုင်း ရင်လှိုင်းခတ်ဆဲတမ်းတဆဲ သတိရဆဲပါ။

× × × × ×

"ခပ်တက်ကို နည်းနည်းလှန်ဆွဲပြီး ခပ်ကြကွာ။ မင်းတို့ဟာက အိလျော့အိလျော့နဲ့ ယောက္ခမနို့ဆွဲသလိုပဲ မဝံ့မရဲနဲ့"

"ခပ်နေတာပဲ ဆရာရာ၊ ရေကဆန်လွန်းလို့ပါ"

"ဘယ်လောက်ပဲ ရေဆန်ဆန်ကွာ စစ်တွေမြို့နဲ့ ပိန္နဲချောင်းကျွန်းကို (၃) နာရီနဲ့ မရောက်ဘူးဆိုကတည်းက မင်းတို့ဟာ မဟုတ်သေးပါဘူးကွာ"

ထွန်းဦးကျော်နဲ့ မဲမောင်ချေတို့မှာ နိုင်ဘလူက ခပ်မာန်မာန်ပြောလိုက်မှ ခပ်တက်ကိုရှေ့ထိုးနောက်လန် ဆွဲခပ်ကြတော့သည်။ အလယ်က အခန့်သားထိုင်ပါလာသည့် နိုင်ဘလူထောင် ရှေ့တိုးနောက်ဝင် ဖြစ်ကုန်တော့သည်။

"အဲလိုပေါ့ကွာ ဟိုမှာ ရောက်ဖို့အချိန်နဲ့ ရှာရဖွေရမှာနဲ့ အချိန်မီဖို့ လိုတာပေါ့ကွ"

"ဟေ့. . . သာထွန်းအောင် မင်းမလည်း ပုံကိုင်ဆိုပြီး တက်မကိုရေထဲချည်း နှစ်ထားလို့ မရဘူးကွ၊ ခပ်ကြမ်းကြမ်း

ဆွဲလှော်ပေးစမ်းပါ"

ဟုတ်ပါတယ်။ နိုင်ဘလူတို့မှာ စစ်တွေမြို့မှ ပေါက်တော မြို့နယ်၊ ဝိန္နဲချောင်းကျွန်းသို့ ကုလားတန်မြစ်ဝကို ဖြတ်ပြီး လှော်ခပ်လာကြခြင်း ဖြစ်သည်။ ဤမြစ်ဝကျယ်သည် ရာသီဥတုအခန့်မသင့်ပါက လှိုင်းလေကြီးပြီး လှေသမ္ဗာန်များ ဖြတ်ကူး၍ရသော နေရာကားမဟုတ်။ ရခိုင်ပြည်နယ် မြောက်ပိုင်းတစ်ခွင်၏ ရေတံခါးဝလည်း ဖြစ်သည်။

နိုင်ဘလူမှာ ယင်းခေတ်ယင်းအချိန်အခါက စစ်တွေမြို့တစ်ခွင်၌ သူ့နေရာနှင့်သူ တွင်ကျယ်နေပေ၏။ သူ့အိမ်သည် အရက်အိမ်ဖြစ်သလို၊ ဖဲအိမ်လည်း ဖြစ်သည်။ သို့သော် ဘယ်သူတွေ ဘယ်လောက်ပင်မူးနေပါစေ နိုင်ဘလူက ဟေ့ဆိုလျှင် အားလုံးပုသွားကြသည်။ နိုင်ဘလူမှာ မချမ်းသာသော်လည်း သူ့အကြံအဖန်နှင့်သူ သုံးနိုင်စားနိုင်သည်။ တပည့်များကိုလည်း မငတ်ရ မပွတ်ရအောင် ပေးနိုင်ကမ်းနိုင်သည့် တပည့်များ၏ ချစ်ကြောက်ရိုသေမှုကို ရယူထားသည်။ ယခုလည်း တပည့်ကျော်သုံးဦးနှင့်အတူ အမဲပစ်ထွက်လာသည်။ ဝိန္နဲချောင်းကျွန်းကြီးကတော့ မှိုင်းပျပျမှုန်ဝေဝေမှာ ဆီးကြိုနေပေသည်။

"ကဲ. . . ရောက်ပြီ ရောက်ပြီ၊ တို့က ညနေပိုင်းလောက်မှ ပြန်ကြမယ်ဆိုတော့ ရေပြည့်နေမှာ လှေကို ရသလောက် ဆွဲတင်ကြရအောင်"

နိုင်ဘလူတို့အဖွဲ့မှာ လှေကို ဆွဲတင်လိုက်ကြသည်။



"ငါလည်း ဒီကျွန်းမရောက်တာ နှစ်နှစ်လောက်တောင်ရှိသွားပြီကွာ။ ကဲ. . . ငါနဲ့ မဲမောင်ချေ လိုက်ခဲ့၊ ထွန်းဦးကျော်နဲ့ သာထွန်းအောင် တစ်တွဲသွားကြ၊ လေးနာရီလောက်မှာ လှေဆိပ်အရောက်နော်"

ထွန်းဦးကျော်နဲ့ သာထွန်းအောင်မှာ တောင်ခြေကိုပတ်ပြီးသွားကြသည်။ နိုင်ဘလူနှင့်မဲမောင်ကတော့ တောင်ရိုးကို ဖောက်ပြီးတက်လာကြသည်။ တောင်ခြေတွင် ဒေသခံအချို့၏ ငှက်ပျောခြံများကို တွေ့ရသည်။ တောင်ထိပ်ပိုင်းသို့ကား လူသူအရောက်အပေါက် မရှိသလောက်ပင်။

နိုင်ဘလူမှာ အမဲပစ်သေနတ်ကို ကိုင်ရင်း တောင်ထိပ်ပန်းကျင်သို့ ရောက်မှန်းမသိ ရောက်လာခဲ့ချေသည်။ အမဲပစ်ခြင်း အလုပ်ဟူသည်ကလည်း အာရုံစူးစိုက်မှု လွန်ကဲပြီး ရည်မှန်းချက်က ပြင်ထန်လွန်းတော့ တောနက်သို့ ရောက်မှန်းမသိ ရောက်သွားခြင်း ဖြစ်သည်။ သစ်တောမှာ ပိုမိုထူထပ်လာသည်။ တောင်မှာ တစ်ဆက်တည်း မတ်စောက်တက်သွားသည်တာ မဟုတ်။ တောင်တစ်လုံးကျော်တိုင်း ချိုင့်တစ်ခုသို့ပြန်ဆင်းရသည်။ နေမွန်းတည့်ခဲ့လေပြီ အမဲတစ်ကောင်ကလေးမျှမတွေ့။ သည် လိုစပါးမှည့်ချိန်မျိုးတွင် ဝက်တွေမြူးတတ်သည်။ နိုင်ဘလူမှာ ဖွဲမလျော့။ တစ်ကွေ့တော့ တွေ့ကြမည်ပေါ့။

"ပြန်ကြစို့ ဆရာ၊ သွားရင်းနဲ့ ဘယ်ရောက်ကုန်မှန်းတောင် မသိတော့ဘူး"

"ဟော့ကောင်... မင်း ငါ့အကြောင်း သိတ
မဟုတ်လား။ မရရင် မပြန်ဘူးကွ။ မင်းမလိုက်ချင် ကျန်ခဲ့"

မဲမောင်ချေမှာ သစ်ပင်ကြီးတစ်ပင်၏ ခြေရင်းတွင် ခ
ထိုင်ရင်း လှည့်ပြန်ဆင်းလာသည်။

နိုင်ဘလူမှာ မည်သည့်အလုပ်ကိုလုပ်လုပ် စိတ်မှတ်လွှ
ဖြတ်အောင်လုပ်တတ်သည်။ တောင်တစ်လုံးကို ကျော်လိုက်
၏။ လျှိုတစ်ခုက ဆီးနေပြန်ချေပြီ။ လျှိုထဲတွင်တော့ စ
ချောင်းလေးတစ်ခုက တငြိမ့်ငြိမ့် စီးဆင်းနေသည်။
အကွယ်လေးတစ်ခုကိုဖယ်ပြီး ရှေ့သို့ လှမ်းဆင်းလိုက်သည်
ငှက်ပျောပင် ကျိုးတိုးကျဲတဲကြားမှာ တဲတစ်လုံးကို တွေ့လိုက်
ရသည်။ တောကြီးမျက်မည်းထဲတွင် တဲငယ်လေးတစ်ဆောင်
ဝေါင်စင်းစင်းမို့ အံ့ဩသွားသည်။ တဲပတ်ဝန်းကျင်ကို အာ
စိုက်ပြီး ကြည့်လိုက်ပြန်၏။ စမ်းချောင်းကလေး တစ်ဖ
တစ်ချက်တွင်တော့ သစ်ပင်ကြီးကြီးများကို သိပ်မတွေ့ရ။ ကွင်
ငယ်တစ်ခုလို ဖြစ်နေသည်။ တဲအနီးမှာ ဟင်းစင်ကလေး(
ခု ယှဉ်တွဲလျက် တွေ့ရသည်။ ရေမြေကောင်းလို့ပဲ ထင်တယ်
ဗူးစင်ရော ကြက်ဟင်းခါးသီးစင်မှာပါ တွဲလောင်းကျပြီး သိ
နေလိုက်ကြတာ လွန်ပဲလွန်ရော။

နိုင်ဘလူ၏ အမြင်အာရုံများသည် တဲငယ်ဆီသို့ စူး
ရောက်ရှိနေသည်။ လူသူမနီးတဲ့ ဤတောကြီးထဲတွင် ဤ
ငယ်ကလေးတစ်ဆောင် မည်သည့်အကြောင်းကြောင့် ရှိ
ရသနည်း။ ထူးခြားမှုတစ်ခုခုတော့ ရှိတန်ကောင်းရာသည်



ပတ်ဝန်းကျင်သစ်၏ တဒင်္ဂထိတွေ့မှုသည် နိုင်ဘလူ၏ အလွှာ
အား ခပ်စူးစူး စုပ်ယူထားခဲ့ပေပြီ။ နိုင်ဘလူသည် အသိနှင့်
သတိကို ခေါင်းပေါ်တင်ပြီး တဲဆီသို့ ဆက်လှမ်းလိုက်၏။
တဲနှင့် ကိုက်(၂၀) ခန့်အရောက်တွင် တစ်ထောက်နားပြီး
ပိုမိုအာရုံ စိုက်လိုက်သည်။

"ဟင်..."

လှုကြမ်းကြီး နိုင်ဘလူ၏ ရင်တစ်ခုလုံး လှိုင်းခတ်သွား
သည်။ လှလိုက်သည့်ဖြစ်ခြင်း ရှားမှရှားသည့် ရုပ်မျိုးပါလား။
တဲကလေးထဲမှ ခပ်သွက်သွက်ထွက်လာပြီး အံ့ဩမျက်ဝန်း
လေးဖြင့် ရပ်ကြည့်နေသည့် မိန်းမလှလေးတစ်ဦး။ နိုင်ဘလူ၏
နှလုံးသားရင်ပြင်တွင် အလှဗေဒတစ်ခု ထင်ဟပ်သွားသည်။
အကြည့်မြားက မိန်းမလှ၏ ရုပ်ပိုင်းဆိုင်ရာ အနှံ့ထိမှန်နေ
သည်။ ပတ်ဝန်းကျင်ကို မေ့နေသယောင်။

ကြည့်လေ။ ရှည်သောအရပ်တွင် ဖြူဝင်းပြည့်ဖြိုးသော
အသားအရေဖြင့် ရှိုက်ဖိုကြီးငယ် အသွယ်သွယ်က ယောကျ်ား
အတော်များများ၏ စိတ်အစဉ်ကို စုတ်ယူမည့် ဖွံ့စည်းပုံမျိုး။
အံ့ဩသော ရုပ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုသည် သူမ၏ ပြုံး
ရောင်သန်းသောမျက်နှာ ထင်ဟပ်နေသည်။

ဖြူဝင်းသော အသားအရေတွင် အသားရောင်ပြောင်
ချောအင်္ကျီနှင့်ထမီကို တစ်တစ်ရစ်ရစ် ဝတ်ဆင်ထားရာ နိုင်
ဘလူ၏ရင်ကို ပိုလှုပ်ရှားစေခဲ့သည်။ အင်္ကျီလက်ပြတ်လေးကို
ဝတ်ဆင်ထားရာ ပခုံးသားဝိုင်းဝိုင်းလေးနှင့်စပ်ပြီး ချောမွတ်

သော လက်မောင်းအိုးကြီးများက သွယ်ဆင်းနေသည်။ ကော့ပျံ့သော မျက်တောင်များအောက်မှ မျက်လုံးရွှဲရွှဲကြီးများ ကလည်း ပြုံးရယ်နေသယောင်။

"ဪ... လာပါရှင်၊ တဲထဲသို့ ဝင်ခဲ့လေ"

မိန်းမလှဆီမှ မမျှော်လင့်သော စကားကို ကြားလိုက်ရရာ နိုင်ဘလူ ပိုပြီးအံ့သြရပြန်သည်။

"ဝင်လာပါရှင်"

နိုင်ဘလူ တဲအတွင်းသို့ တစ်ချက်ဝှေ့ယမ်းကြည့်ပြီး ဝါးကြမ်းခင်းလေးပေါ်တွင် ဝင်ထိုင်လိုက်၏။

"ကျွန်မကို ကယ်ပါရှင်။ ကျွန်မတော်တော် ဒုက္ခရောက်နေလို့ပါနော်"

နိုင်ဘလူမှာ အိပ်မက်ပင်လယ်ထဲ နစ်မျောခဲ့လေပြီ။ အပွဲပွဲနွဲ့လာသမျှ သည်တစ်ချိန်မှာတော့ လူကြမ်းကြီး နိုင်ဘလူ အငိုက်မိသွားလေပြီထင့်။ ဘာတစ်ခွန်းမျှ မလှစ်ဟနိုင်။

"ရှင် ဘယ်ကလဲဟင်၊ ကျွန်မကို ကယ်ပါရှင်"

"ကျွန်တော်က စစ်တွေကပဲ ဒီတောင်ကြောသို့ အမဲပစ်ထွက်လာတာပဲ"

"ဘာပဲဖြစ်ဖြစ်ရှင် ကျွန်မ ရှင်နဲ့လိုက်ခဲ့ပါရစေ။ ကျွန်မကိုယ့်အရပ် ဒေသပြန်ချင်လွန်းနေပါပြီရှင်"

"ဒီက ညီမက ဘယ်ကလဲဟင်"

"ကျွန်မ စစ်ကိုင်းတိုင်း ကသာကပဲရှင့်"

"တော်တော်ဝေးတဲ့ နေရာကပဲ၊ ဘင်္ဂလားပင်လယ်အော်



ထဲက ဒီတောကြီးထဲ ခင်ဗျား ဘယ်လိုရောက်လာတာလဲဗျာ"

"ကျွန်မယောကျ်ားက ရခိုင်ပဲ သူက အဲဒီဘက်မှာ ကျောက်လာတူးရင်း ကျွန်မတို့သားအမိနဲ့ ရင်းနှီးပြီး မိသားစုလိုနေရာ ခုကြရာမှ အိမ်ထောင်ဘက်အဖြစ် ပေါင်းဖော်လာကြတာပဲရှင်"

"နာမည်က ကျော်ဇံမောင်တဲ့ သူကပဲ ကျွန်မကို သူ့မိဘအိမ်ကို အလည်သွားကြမယ်ဆိုပြီး ခေါ်လာတာပါ။ ကျွန်မလည်းရှင် သူ့ကို သံယောဇဉ်ကြီးမိတော့ သူခေါ်ရာလိုက်လာမိတာပါပဲ"

"အင်း... ဟုတ်ပါပြီ၊ ဒါနဲ့ ခု ခင်ဗျား ဒီတောကြီးထဲ ရောက်လာတာကကော ဘယ်လိုလဲ"

"ဘယ်လိုပြောရမလဲရှင်၊ ကျွန်မတို့ တောင်ကုတ်ကနေ သင်္ဘောစီးပြီးတော့မှ လာကြတာ။ သင်္ဘောကတက်တော့ မြို့ကလေးတစ်မြို့ရောက်တယ်။ ချက်ချင်းပဲ အဲဒီဆိပ်ကနေ ကူးတို့လှေတစ်စီးနဲ့ မြစ်ကြီးတစ်မြစ် ဖြတ်ဆင်းရတယ်။ အဲဒီလှေ ဆိုက်တဲ့ရွာက သိပ်ဆင်းရဲကြပြီး တဲသာသာ အိမ်ကလေးတစ်ဆယ်ကျော်လောက်ရှိတဲ့ ရွာပဲ။ အိမ်သေးလေးတစ်အိမ်မှာ ကျွန်မနေခဲ့ရတယ်။ ကျွန်မယောကျ်ားကတော့ ပျောက်ပျောက်သွားတယ်။ (၅) ရက်မြောက်နေ့မှာပဲ ကျွန်မယောကျ်ားက ကျွန်မကိုခေါ်ပြီး ဒီတောကြီးထဲ ပို့ခဲ့တာပါပဲရှင် ဟင်း ဟင်း... ဟင်း... ဟင်း"

မိန်းမလှလေးမှာ ခေါင်းကို တစ်ချက်ခါယမ်းလိုက်ရာ

မစည်းမနှောင်ဘဲ ဖားလျားချထားသော ဆံသားထူထူကြီးမှာ အသံတိတ် လှုပ်ရှားသွားကြသည်။ မျက်လုံးအိမ်ထောင့်စွန်းတွင် အိုင်ထွန်းနေသော မျက်ရည်များ တစ်ပေါက်ပေါက် ကြွေဆင်းကြသည်။

"ညီမမှာ ယောကျ်ားရှိတာပဲ ဒီတောဝန်းကျင်မှာ စမ်းချောင်းလေးနဲ့ ဟင်းသီးဟင်းရွက်လေးနဲ့ ဘယ်လောက်သာယာကြည်နူးဖို့ ကောင်းသလဲလို့"

"အို... ထားပါရှင်၊ ဒါသက်သက် ကျွန်မကို ဒဏ်ခတ်ပြီး မြှင်ရပ်ပို့ထားတဲ့ သဘောပါ"

"မဟုတ်သေးဘူးလေ၊ ညီမမှာ ကိုယ့်ယောကျ်ားရှိနေတဲ့ဥစ္စာ။ အခု သူ ဘယ်မှာလဲ ညီမဆီသို့ မလာတော့လို့လား"

"ကျွန်မယောကျ်ားက ကျွန်မကို သိပ်ချစ်ရှာပါတယ်။ သိပ်စွဲလမ်းတယ်၊ ကျွန်မကို လက်လွှတ်ဆုံးရှုံးသွားရမှာ သိပ်စိုးရိမ်တယ်။ သူ့ဘဝ အခြေအနေမှန်ကိုသိပြီး ကျွန်မ ပြန်ပြေးသွားမှာ သိပ်စိုးရိမ်တာ၊ ဒါကြောင့်လည်း ကျွန်မကို ဘယ်လိုမှ ပြေးမရအောင်လို့ ဒီတောကြီးထဲ ပို့ထားတာပါရှင်"

"ဪ... စိတ်ဝင်စားစရာပါလား၊ အခု ညီမယောကျ်ား ဘယ်မှာလဲ"

"ဒီလိုပဲ ရိက္ခာတွေ ပြတ်ပြတ်သွားရင် ကျွန်မယောကျ်ားက ရိက္ခာရှာဖို့ဆိုပြီး ထွက်ထွက်သွားတတ်တယ်။ သူပြန်လာတော့ ဆန်တွေ၊ ငပိတွေ၊ ငါးခြောက်တွေ ပါလာတတ်တယ်။ ခုလည်း မနက်ကတည်းက ထွက်သွားတာ နေဝင်ခါနီးမှ ပြန်



ရောက်လာမှာပါရှင်"

မိန်းမလှလေးက ဇာတ်စုံခင်းနေလေပြီ။

"ညီမလေးမှာ ကိုယ့်ယောကျ်ားက ရှာဖွေကျွေးနေတာပဲဥစ္စာ"

"အို... ညီမဘဝ ဒီလိုပဲ ဘဝသေနဲ့ နေသွားရတော့မှာလားရှင်။ ကျွန်မကို သနားပါရှင်။ ကျွန်မဒီတောကြီးထဲမှာ (၁) နှစ် ကျော်နေပါပြီ။ ကျွန်မကို ကျေးဇူးပြုပြီး ခေါ်ပါရှင်။ စစ်တွေရောက်ရင် ကျွန်မ လမ်းစရပါပြီ။ လိုက်ပါရစေ အစ်ကိုကြီးရယ်နော်"

မိန်းမလှလေးမှာ ညှိုးလျှမျက်ဝန်းနှင့် ကြည့်နေရှာသည်။ မျက်ရည်စီးကြောင်း နှစ်သွယ်ကတော့ ပါးပြင်မို့မို့လေးထက်မှာ နေရာယူနေကြသည်၊

နေလည်း ညိုးခဲ့ပြီ။

"ကဲ... ညီမလေးရယ် မနက်ဖြန် အစ်ကိုကြီးတို့ တစ်ခေါက် ပြန်လာဦးမယ်။ အဲဒီအခါ ခေါ်ပါ့မယ်နော်။ ခု ညီမလေးယောကျ်ားလည်း ရောက်တော့မယ်။ ကိုယ့်ယောကျ်ားနဲ့ ပြန်ညှိပေါ့ကွာ"

"ဟာ... မဖြစ်ဘူး... မဖြစ်ဘူး... မဖြစ်ပါဘူး အစ်ကိုကြီးရယ်၊ သူက ညီမကို ချစ်လွန်းလို့ ဒီလိုတားတာပဲ။ သူ့အချစ်ကြီးလေ ကျွန်မအတွက် ဒုက္ခများလေပါပဲရှင်။ ဒီတော့ ဒီတောင်ကြီးက လွတ်မြောက်နိုင်ဖို့အတွက် ကျွန်မ သူ့ကို စွန့်လွှတ်ရတော့မှာပါရှင်"

"ဪ... ဖြစ်ရလေကွယ်"

နိုင်ဘလူ သက်ပြင်းမောတစ်ချက်ကို ခပ်ပြင်းပြင်း မှုတ်ထုတ်လိုက်သည်။

"ကဲ... ညီမလေး အစ်ကိုကြီးပြန်ရဖို့ ခရီးကလည်း မနည်းဘူး။ မနက်ဖြန်တစ်ခေါက် ပြန်လာဦးမယ်နော်"

မိန်းမလှလေးမှာ ရီဝေစွာ စိုက်ကြည့်နေသည်။

"ဪ... ညီမလေးရဲ့ နာမည်ကိုတောင် မသိရသေးပါဘူး၊ နာမည်လေး ပြောပါဦး။ အစ်ကိုကြီးနာမည်ကတော့ နိုင်ဘလူတဲ့"

နိုင်ဘလူ အရိုးတံတပ်ထားသော ဖုန်းမှုတ်ခွက်လေးဖြင့် ရေတစ်ခွက် ခပ်သောက်လိုက်သည်။

"နတ်မိမယ်"

ဟာ နာမည်နဲ့ လိုက်ဖက်လိုက်တာ၊ နိုင်ဘလူ အသံတိတ်မှတ်ချက်ချလိုက်သည်။

"မနက်ဖြန် တကယ်ပြန်လာမှာလား အစ်ကိုကြီးရယ်"

"ပြန်လာမှာပါ နတ်မိမယ်ရာ။ အစ်ကိုကြီးက လူဖြောင့်ပဲ။ လာမယ်ဆိုလာမယ် ဒါပဲ။ ကဲ... သွားပြီဟေ့"

နိုင်ဘလူ နတ်မိမယ်ကို တစ်ချက်ငေးကြည့်လိုက်ပြီး ချာကနဲ လှည့်ထွက်သွားသည်။ နေနိမ့်ဆင်းရာဘက်သို့ ဦးတည်ပြီး ဖောက်ဆင်းလိုက်သည်။ အမဲပစ်သေနတ်ကိုလည်း အသုံးမပြုချင်တော့သဖြင့် ပခုံးတွင်လွယ်ထားလိုက်သည်။

နိုင်ဘလူ လှေဆိပ်သို့ ရောက်ချိန်တွင် ရှင်နေမင်းမှာ



ဘင်္ဂလားပင်လယ်ပြင်ကြီးထဲသို့ ငုပ်လျှိုးတော့မည့်ဟန် လုပ်နေပေပြီ။ ကိုယ့်လူတွေလည်း စုံနေကြပေပြီ။

"ဘယ်လိုလဲ ဆရာ၊ အချိန်တွေ မတရားဖြုန်းတီးပြီး လက်ထဲမှာ ဘာအမဲမှလည်း မတွေ့ပါလား"

"ဟာ... မင်းတို့က ချေသားတွဲတွေနဲ့ပါလား၊ ဘယ်ဆိုးလို့တုန်း။ ရောက်ရင် အမြည်းကောင်းကောင်းနဲ့ ချ သေးတာပေါ့ကွာ၊ မင်းတို့ မဆိုးဘူးဟေ့"

နိုင်ဘလူ စကားလမ်းကြောင်းကို လွှဲပြောလိုက်သည်။

"ပြောလေ ဆရာ၊ ဘာနဲ့တွေ့နေတာလဲ ကြာလိုက်တာဗျာ၊ ပြန်ချိန်တောင် နှောင်းနေပြီ"

"ဟဲ... အမဲဆိုတာ လိုက်တိုင်း ရလို့လား၊ ကဲ... ကဲ ရှည်မနေကြနဲ့ သွားကြမယ်၊ လှေကြိုးဖြုတ်"

နိုင်ဘလူတို့မှာ တောင်လေစဖြင့် လေကြောင်းသင့်သဖြင့် ရွက်နှစ်ဖုံကို အကုန်ဖောင်ဖွင့်လိုက်ကြလေသည်။ လေ၏ ခပ်ကြမ်းကြမ်းတွန်းအားကြောင့် လှေမှာ လှိုင်းခေါင်းဖြူများကို ဖိနင်းကာ နရီစည်းဝါးမှန်ကန်စွာ ဂီတသံစဉ်များကို သီကြွေးရင်း တရိပ်ရိပ်ပြေးနေသည်။

× × × × ×

ခါတိုင်းဆိုလျှင် နိုင်ဘလူမှာ ယစ်ချွေးရည်မှိုင်ဝဲပြီး တခေါခေါ အိပ်ပျော်သွားစမြဲ။ သည်ညတွင်တော့ စုံတော့ပြိုင်လွမ်း အိမ်မက်က သံသရာရှည်လွန်းလှသည်။ ယစ်ချွေးရည် အာနိ

သင်တွေလည်း ဘယ်ဆီရောက်ပြီမသိ။ တစ်ညလုံး အိပ်မပျော်။ မနက်မိုးလင်းခါနီးမှ မှေးခနဲ တစ်ချက် အိပ်ပျော်သွားသည်။ နိုးလာချိန်တွင် မနက် (၇) နာရီခွဲနေပေပြီ။ တပည့် ကျော်တွေက သူတို့ဆရာ နိုင်ဘလူကို ကြည့်ပြီး ပြုံးစိစိ လုပ်နေကြသည်။

"ဘယ်နှယ့်လဲ ဆရာ၊ ချေသား အမြည်းချိုချိုလေးနဲ့ တွေ့ညီလေးနဲ့ ဆရာ့ကို ကောင်းကောင်းချော့သိပ်ခဲ့တာပေါ့ နော်"

"ဟေ့... ကပေါက်တိ၊ ကပေါက်ချာတွေ ပြောမနေကြနဲ့၊ မနေ့ညနေက ငါစီစဉ်ထားတဲ့အတိုင်း ထမင်းတွေ ကျက်နေပြီမဟုတ်လား။ ကဲ... မြန်မြန်သွားကြမယ် အချိန်မရှိဘူး"

နိုင်ဘလူ အမိန့်ပေးလိုက်သည်နှင့် အားလုံး တက်ညီလက်ညီ လှုပ်ရှားလိုက်ကြသည်။ သိပ်တောင် မကြာလိုက် လှေဆိပ်သို့ ရောက်လာခဲ့ကြပေသည်။

"ကဲ... လေကြောသင့်တယ် မဟုတ်လား၊ မြောက်လေစနဲ့ ရွက်ဖွင့်ကွာ"

နိုင်ဘလူတို့ လှေကလေးမှာကား မြောက်လေကို မိတ်ဆွေဖွဲ့ပါလို့ ကုလားတန်မြစ်လမ်းခရီးတွင် နတ်မြင်းပျံသို့ မြူးကြွားကြွား။ သည်နေ့တော့ လေမ,သည်ပဲဟု ဆိုရပေချိမ့်မည်။ ပိန္နဲချောင်းကျွန်းသို့ လွယ်လွယ်ကူကူပဲ ရောက်လာခဲ့သည်။

"မနေ့ကအတိုင်းပဲဟေ့၊ မင်းတို့ သုံးယောက်က တစ်ဖွဲ့၊ ငါက တစ်ယောက်တည်းသွားမယ်"

နိုင်ဘလူ အမိန့်ပေးလျှင် ပြန်ပြောသည်ဟူ၍ကား



သိပ်မရှိကြ။ အားလုံး ခေါင်းညိတ်ပြီးသား ဖြစ်နေကြပေတော့သည်။

နိုင်ဘလူ ထွေထွေထူးထူး စဉ်းစားမနေတော့။ မနေ့က လမ်းကြောင်းအတိုင်းပဲ ရေဝကြောလေးကို လှန်တိုးပြီး အရှေ့ဘက်စူးစူးသို့ ဖောက်တက်လိုက်သည်။ သည်ကနေ့တွင်တော့ အမဲကောင်သည် သူနှင့်မည်သို့မျှ မပတ်သက်။ သူပစ်မှတ်နှင့်သူ။ ကျောက်တွေ့လျှင် ကျွေ၊ ချောက်တွေ့လျှင် ကျော်၊ ချုံတွေ့လျှင် တိုးပြီး ခရီးဖြင်းနှင်နေပေတော့သည်။

မွန်းတည့် (၁၂) နာရီပတ်ဝန်းကျင်တော့ မြိုင်ယံတောက နတ်မိမယ်၏ ဘဝလှောင်အိမ်လေးသို့ ရောက်ရှိလာခဲ့ပေတော့သည်။ နတ်မိမယ်က ဝမ်းသာလွန်း၍ပဲ ထင်သည်။ မျက်ရည်ရွှန်းသော အရယ်မျက်နှာဖြင့် ဆီးကြိုနေသည်။

"နတ်မိမယ် မင်းယောကျ်ား မရှိဘူးလား"

"ကျွန်မ ကြက်သားစားချင်တယ် သွားရှာပါလို့ ပြောလိုက်တာနဲ့ မနက်အစောကြီးကပဲ ထွက်သွားပါပြီ"

"အစ်ကိုကြီး ကတိအတိုင်း လာခဲ့ပြီလေ"

"ဟာ... ပျော်လိုက်တာ အစ်ကိုကြီးရာ၊ ဒီမှာ ညီမအဝတ်တွေ အကုန်လုံး သိမ်းထားပြီးပြီ"

"ဒုက္ခပဲကွာ အစ်ကိုကြီး မင်းတို့ချစ်ခြင်းကို ခွဲသလိုများဖြစ်နေလေမလားပဲ"

နိုင်ဘလူမှာ ဘူတာဆိုက်နေမှ ဇဝေဇဝါ ဖြစ်နေပြန်သည်။

"အစ်ကိုကြီး ကျွန်မရဲ့ဘဝကို ကိုယ်ချင်းမစာဘူးလား ဟင်၊ ကျွန်မ လူ့သူမန်းတဲ့ ဒီတောကြီးအလယ်မှာ နေလာခဲ့ရ တာ နှစ်နှစ်နီးပါး ရှိနေပါပြီ အစ်ကိုကြီးရယ်။ ကျွန်မကို သနား ပါရှင်"

မျက်ဝန်းအိမ်မှာ မျက်ရည်များ စီးကျလာပြန်သည်။

"ကဲ. . . ကြာတယ်ကွာ၊ လာ. . . သွားကြစို့"

နိုင်ဘလူသည် နတ်မိမယ်၏ အိတ်ကလေးကို ဇတ်ကနဲ ဆွဲယူပြီး ရှေ့မှ လှမ်းထွက်လိုက်သည်။ နတ်မိမယ်က လှောင် ချိုင့်မှ လွတ်မြောက်ခဲ့ပြီမို့ ပေါ့ပါးဖျတ်လတ်နေသည်။

နတ်မိမယ်မှာ သံယောဇဉ်တရားတို့ ရှင်သန်ရာ လှို ခြောင်ကမ်းနှင့်ရေကြည်စမ်းကို သမင်လည်ပြန်တစ်ချက် ပြန် ကြည့်လိုက်၏။ ချစ်ခြင်းမေတ္တာနှင့် ပတ်သက်သော သမုဒယ ဇာတ်လမ်းဟူသည် မေ့ပစ်၍ရနိုင်ကောင်းသောအရာကား မဟုတ်။ မျက်ရည်ပွများက မဟာပထဝီမြေကြီးအား သက်သေ ထားပြီး တပေါက်ပေါက် ကြွေဆင်းနေကြသည်။

× × × × ×

"ကိုနိုင်ဘလူ ရှင်သည်ဟာမကို ပို့မယ့်နေရာ မြန်မြန်ပို့ ပါရှင်၊ ရှင့်လုပ်ပုံကြောင့် ကျွန်မ ဘယ်လောက်ထိခံစားနေရလဲ ရှင်သိရဲ့လား"

"ဟဲ့. . . သာနုမ နင် ငါ့ကို သစ္စာမရှိတဲ့ယောကျ်ားလို့ ပြောချင်တာလား၊ သစ္စာရှိတယ်ကွ သိရဲ့လား"



အိမ်ထောင်ရေးဘဝတစ်ခုတွင် ကြားလူဝင်လာခြင်း . . .သည် သုခထက် ဒုက္ခကို ဖြစ်စေတတ်သည်က များသည်။ . . .ခုလည်း နိုင်ဘလူနှင့် သာနုမတို့၏ အိမ်ထောင်ရေး ရင်ခွင် . . .ထဲသို့ နတ်မိမယ်ရောက်လာခဲ့သည်မှာ သုံးလတင်းတင်းရှိ . . .လေပြီ။ ပတ်ဝန်းကျင်ဆိုသည်ကလည်း ဤကိစ္စမျိုးဆို နား . . .က်စီတွေ ပိုမို အာရုံစိုက်တတ်ကြသည်။ သို့သော် နိုင်ဘလူ . . . ထစ်ကနဲဆို မီးတောက်တတ်သည့်လူမျိုးမို့ ကျယ်ကျယ် . . .ပရဲကြ။ အချစ်ကို ဘယ်တော့မှ မျှဝေမစားဘူးဆိုသော . . .း်မသား ဇနီးမယားကတော့ ရွှေရင်မီးတောက်နေရပြီလေ။

"တော့်ပါးစပ်ကသာ ဘာမှမဖြစ်ဘူး၊ ညာမဖြစ်ဘူး ပြော . . .တာ အဲဒီမိန်းမကို အရေးပေးနေတာက ကျွန်မတောင် . . .ပ်စေအဆင့်ရောက်မှန်းမသိ ရောက်နေပြီရှင့်"

"သာနုမ မင်းတော်တော့ကွာ၊ ငါ့ဂုဏ်သိက္ခာကို ထိ . . .က်အောင် မလုပ်နဲ့၊ မင်းငါ့အကြောင်း သိတယ်မဟုတ်လား၊ . . .ရိုက်ချင် ရိုက်မယ်၊ အရက်သောက်ချင် သောက်မယ်၊ မိန်းမ . . .ခွတော့ ငါရှင်းတယ်နော်၊ ဒါပဲပြောမယ်"

"ခု ဒါဖြင့် အိမ်ပေါ်တင်ထားတာကကော"

"မင်းကွာ တယ်လည်း ပြောရခက်ပါလား၊ အဲဒါ တော . . .ီးတောင်ကြီးထဲမှာ ဒုက္ခရောက်နေလို့ ကယ်ပါယူပါ တစာစာ . . . အသနားခံလွန်းလို့ ငါနမချင်းစာနာလို့ ခေါ်လာတာ၊ သူ့ . . .ပြန်စရိတ်မမိုသေးလို့ အိမ်ပေါ်တင်ထားတာကွ"

"ကဲ. . . ဒါဖြင့်လည်း မြန်မြန်ပို့လိုက်စမ်းပါ၊ ရော့. . .

ကျွန်မဆွဲကြိုးလေးယူသွား"

"ဒါဆိုလည်း ပြီးတာပါပဲ"

သာနုမ လည်ပင်းမှဆွဲကြိုးကလေးမှာ လင်တော်မော နိုင်ဘလူ၏လက်ထဲသို့ ရောက်သွားပါတော့သည်။

နွေ နေ့၏ နံနက်ခင်းသည် အတော့်ကို သာယ နေသည်။ စစ်တွေမြို့၏ ကုန်းတန်းရပ်ကွက် ဦးနိုင်ဘလူ အိမ်သည်လည်း ခါတိုင်းနေ့များနှင့်မတူ တိတ်ဆိတ်နေ၏

"အစ်ကိုကြီး၊ အစ်မကြီးတို့ကို ကျွန်မရှိခိုးကန်တော့ တယ်ရှင်၊ ကျွန်မဟာ ဒုက္ခတွေ ပင်လယ်ဝေပြီး လမ်းစရှာ ဖြစ်နေတဲ့ကာလမျိုးမှာ အခုလို ကူညီခဲ့တာ ကျွန်မအသ ကိုယ် ဖြနေသမျှကာလပတ်လုံး ဘယ်တော့မှ မမေ့ပါဘူးရှ

နတ်မိမယ်သည် နိုင်ဘလူတို့ဇနီးမောင်နှံအား ရှိ ကန်တော့လိုက်သည်။

"အေးပါကွယ်၊ ငါ့ညီမလေး ကျန်းကျန်းမာမာနဲ့ ကို ဒေသရောက်ပါစေ၊ ခလုတ်မထိ ဆူးမငြိပါစေနဲ့ကွယ်"

"အစ်ကိုကြီးတို့လည်း တစ်ခေါက်လာခဲ့ကြပါရှင်၊ ကျွ မြူစုချင် ကျေးဖူးဆပ်ချင်လွန်းလို့ပါရှင်။ ကသာမြို့၊ ဈေး ရပ်မှာ နတ်မိမယ်တို့အိပ် ဘယ်မှာလဲလို့မေးရင် ရပါတ ကျွန်မတို့သားအမိက အိမ်ဆိုင်လေး ရောင်းကြပါတယ်"

ကြေကွဲမှု စိတ်အရောင်များသည် မျက်နှာပြင်အသီ တွင် ထင်ဟပ်လျက် ရှိကြချေ၏။

"အဲ. . . အခြေအနေပေးရင်တော့ တစ်ခေါက်လော



တော့ ရောက်ချင်တယ်ကွယ်၊ ရောက်ဖူးအောင်ပေါ့။ ကဲ. . . ကဲ လေယာဉ်မီဖို့ လိုတယ်။ ဟိုမှာ ဆိုက္ကားစောင့်နေပြီ သွားတော့ သွားတော့နော် ညီမလေး"

ဆိုက္ကားကလေးမှာ နိုင်ဘလူတို့အိမ်အား ကျောပေးပြီး ထွက်ခွာခဲ့လေပြီ။ နတ်မိမယ်သည် တစ်ချက်လည်ပြန် လှည့် ကြည့်လိုက်၏။ ဝေဝါးသော မျက်ဝန်းချင်း ထိတွေ့သွားသည်။

× × × × ×

လေယာဉ်ကြီးက ရခိုင်မြေရခိုင်ဒေသမှ ရှန်းထပျံသန်း နေပေပြီ။ လေယာဉ်ကြီး၏ အောက်တွင်တော့ နတ်မိမယ်၏ အလွမ်းမြေက မှိုင်းပျပျ မှုန်ဝေဝေ၊ လေယာဉ်၏ရွေ့ရှားမှု နှင့်အတူ နတ်မိမယ်၏ အချွတ္တရောင်စဉ်လှိုင်းသည်လည်း ပြင်းစွာလှုပ်ရှားနေပေ၏။

မိမိအား ဇွဲလမ်းမှုသံယောဇဉ်အတိဖြင့် သမုဒယဇာတ် လမ်းကို တမ်းတလွမ်းမောစွာ ကမြရင်း နှလုံးသဲကြွေလုမတတ် ခံစားရေရှာမည့် ငယ်ချစ်လင် ကျော်ဝံမောင်။ ချစ်ဇနီးလေး တားချင်လှချည့်ရဲ့ဆိုလို့ မရမနေရှာမှပြီး ရိက္ခာထုပ်ကလေး ရင်ဝယ်ပွေ့ရင်း မောမောပန်းပန်း လာရှာတော့မှာ။ သစ်ဝါး ယှက် နွယ်တောကြီးအလယ်လည်းရောက်ရော အသက် လောက် ချစ်ရရှာသော ဇနီးမယား နတ်မိမယ်ကလေး မရှိရှာ တော့ ဘယ်လောက်များ ခံစားသွားရရှာလေမလဲ။ ပျောက်ဆုံး မှု အကြောင်းတရားကို သိုလော သိုလောများ တွေးရင်း မှုများ

ရူးသွားလေမလား။ ကိုယ့်ကိုကိုယ်များ သတ်သေသွားမလား သူ့ရဲ့ခံစားချက်တွေ လွယ်မလား။ သူ့ချစ်လင်ဟာ သူ့အပေါ် ဘယ်လောက်ထိ ချစ်တယ်ဆိုတာ နတ်မိမယ်အသိဆုံး။


တောကြီးအလယ်မှာ လမ်းစပျောက်ပြီး အမှော[illegible] သောမိမိ၏ဘဝကို ကယ်တင်ပြီး မဲ့တစ်ပေါက် မစွန်းရအောင် ကူညီစောင့်ရှောက်ခဲ့သော လူကြမ်းကြီး ဒိုင်ဘာလူ၊ ဘဝလှောင်အိမ်ထဲမှ ထုတ်ပေးခဲ့ရုံမက မိမိသွားလိုရာခရီးသို့ ဘေးမဲ့ပေးပြီး လူသားဆန်လှသည့် တကယ့်ယောက်ျား။

လင်မျက်နှာ တစ်ရှုထင်ပြီး ဆွေမြမျိုးမြလိုက်သွားရှာသည်က တစ်ဦးတည်းသော သမီးချောလေး။ နတ်သမီးလေးလိုလှလို့ နတ်မိမယ်ဆိုပြီး အမည်ပေးခဲ့သည့် မွေးသမိခင်ခေါ်ပုည၊ အချိန်တန်လို့ ပြန်မရောက်လာတော့ သားသမီးအပေါ်တွင် ဖြစ်တည်သော သံယောဇဉ်တရား၏ တွန်းအားကြောင့် မွေးမေခမျာ သောကနွယ်ရင်ဝယ်တွေးပြီး မည်မျှချုံးပွဲချ ငိုကြွေးနေလိမ့်မည်မသိ။

သောကဖြစ်တည်ရာ အကြောင်းတရားတို့ နတ်မိမယ်၏ နှလုံးသားရင်ပြင်တွင် ပေါင်းစည်းသွားကြသည်။ နတ်မိမယ်၏ မျက်ဝန်းအိမ်ထဲမှ မျက်ရည်ပူများ အိုင်ထွန်းစီးဆင်းလာကြသည်။

*(လွန်ခဲ့သော နှစ်ပေါင်း ၃၀-ကျော်လောက်က တကယ် ဖြစ်ပျက်ခဲ့သော အကြောင်းအရာဖြစ်သည်။ ဖြစ်ရပ်မှန်ကို ပြောပြပေးသော ဦးသာနမောင်(ယခု ဆိပ်ကမ်းကုန်တင်ကုန်ချ) အား သတိရလျက်)*

လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်း၊ ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ။



## ဝင့်ကြွေးကြမ္ဘာ

သရက်တောင်ရွာ၏ နံနက်ခင်းသည် အတော့်ကို သာ ယာနေသည်။ ရွာ၏ မြောက်ဘက်စွန်း မူလတန်းကျောင်း ကလေးတွင်တော့ မဝတဉက္ကဌဗိုလ်ကြီးဆန်းရွှေနှင့် ရွာလူကြီး များမှာ ရေနွေးအိုးကလေးနှင့် လက်ဖက်ပွဲကလေးကို အလယ် ကချပြီး ရပ်အကြောင်း၊ ရွာအကြောင်း ပြောဖြစ်ကြသည်။

မြေပုံမြို့နယ်မှာ ဒီရေရောက် ကျွန်းစုရွာကလေးများ သာများပေရာ သွားရေး၊ လာရေး လွယ်ကူသော နေရာများ ကား မဟုတ်ပါလေ။ သို့သော် ဗိုလ်ကြီးဆန်းရွှေမှာ စက်လှေ ကလေးတစ်စီးဖြင့် တစ်ရွာဝင်တစ်ရွာထွက် ရာသီမရွေး လှည့် ပတ်သွားလာနေတတ်သည်။ မြို့နယ်အပိုင်၊ ကျေးရွာအုပ်စု



(၅၂) အုပ်စုရှိသည့်အနက် ဗိုလ်ကြီးဆန်းရွှေ (၃)နှစ်တာကာလ တာဝန်ထမ်းဆောင်ခဲ့စဉ်တွင် မရောက်ဖူးသော ကျေးရွာဟူ သည် မရှိသလောက်ပင်။ ရေကောင်းချောင်းကျေးရွာ အုပ်စု 'ဗီးပေါက်'ဆိုသော အိမ်ခြေတစ်ဆယ်ကျော်ရှိ ချင်းရွာကလေး တစ်ရွာသာ ကျန်သည်ဟု သိရသည်။ မှတ်သားစရာပင်။

"ဒီက ဦးလွမ်းဝေတို့ရွာမှာ ဆယ်တန်းအောင်ထားပြီး တဲကလေးတွေများ မရှိကြဘူးလား။ ကိုယ်မိသားစုထဲက ရှိရင် လည်းပြောဗျာ။ လုပ်ပေးနိုင်တဲ့ အခြေအနေရှိတုန်း လုပ်ပေး ခဲ့မယ်"

"ဟာ. . . ရှိတာပေါ့ဗျာ။ ကျွန်တော် မိသားစုထဲက တော့ မဟုတ်ဘူး။ သည်ကလေးက သိပ်သနားဖို့ကောင်းတာ။ ဒီကလေးရဲ့ အဖေကလည်း နာတာရှည်ရောဂါသည်။ အမေ ကလည်း စိတ်မမှန်ဘူး။ ပြောရရင်တော့ ဗိုလ်ကြီးရယ်၊ သူတို့ ခမြာတွေမှာ နေစရာအိမ်တောင် ရှိရှာတာမဟုတ်ဘူး။ သူများ အိမ်ရိပ်မှာ ကပ်ခိုနေရတာ"

ကျောင်းအုပ်ဆရာကြီး ဦးလွမ်းဝေအတွက် အချိန် အတော်ကြာ ပွဲ့စည်းဖြစ်ပေါ်နေသော ဆန္ဒတရားတစ်ခု ထွက် ပေါက်ရသွားပြီမို့ ချက်ချင်းတင်ပြဖြစ်သွားသည်။ ဗိုလ်ကြီး ဆန်းရွှေနှင့် ဆရာကြီးလွမ်းဝေတို့မှာ ရွာသို့ရောက်တိုင်းရပ် ရွာကိစ္စ ပြောကြဆိုကြ၊ လုပ်ကိုင်ကြနဲ့ တော်တော်ရင်းရင်းနှီး နှီး ရှိနေကြပေပြီ။

"ဒီကလေးရဲ့ အရည်အချင်းနဲ့ စိတ်နေသဘောထားကို

ကြည့်ပြီး ရွာကပဲဝိုင်းဝန်းကျောင်းထားပေးခဲ့ကြတာ။ ဆယ့်တန်းက ဒီနှစ် ကိုးဆယ့်လေးမှာပဲ အောင်ပါတယ်"

"ကဲ. . . ဟုတ်ပြီဦးလွှမ်းဝေ၊ ကျုပ်က ဒီလိုဟာမျိုးမှ ပို့လုပ်ချင်တာ အဲဒီကောင်လေးခေါ်ပေးပါ"

ဆရာကြီးက အနီးမှာရှိနေသည့် ကျေးရွာလူကြီး ဦးပြားကို လှမ်းကြည့်လိုက်ရာ ဦးပြားချက်ချင်း ထသွားသည်။ သိပ်တောင်မကြာ ဦးပြားနှင့်အတူ ကောင်လေးတစ်ယောက်ပါလာသည်။ ကောင်လေးမှာ အားငယ်မျက်ဝန်းလေးဖြင့် ဗိုလ်ကြီးကို မဝံ့မရဲ ကြည့်နေရှာသည်။

"မင်းနာမည် ဘယ်လိုခေါ်လဲ"

"ဖိုးမောင်ပါ ခင်ဗျ"

"မင်းကို ရ. ဝ. တ စာရေး ခန့်ပေးမယ်နော်။ ဒီဘက်မှာ ရေနံကြီး၊ ကုက္ကို၊ ငွေတွင်းတူးကျေးရွာမှာ စ.ရေးနေရာ လစ်လပ်နေတယ်။ မင်းအဲဒီအထဲက ကြိုက်တာရွေး၊ တစ်ခါတည်း ခန့်ပေးလိုက်မယ်။ ငါနဲ့ တစ်ခါတည်း လိုက်ခဲ့"

ဗိုလ်ကြီးဆန်းရွှေ၏ နှုတ်ထွက်စကားသံများသည် ဆရာကြီးလွှမ်းဝေတို့အတွက် အကြင်နာမိုး၊ မေတ္တာမိုး သွန်းဖြိုးရွာနေခြင်းပင် ဖြစ်သည်။ မြန်မာလူမျိုးတို့၏ ပင်ကိုယ်စရိုက်ကိုယ်တိုင်က အားနည်းသူတစ်ဖက်သားအပေါ်တွင် သနားညှာတာတတ်မှု လှိုင်းတံပိုးအောက်မှာ မြုပ်နေတတ်ကြတာကလား။

ဖိုးမောင်၏ ကောင်းသတင်းကြောင့် တစ်ရွာလုံး



လက်ပန်းပေါက်ထ ခတ်ကြတော့သည်။ သစ်တစ်ပင်ရှင်သန်ဖို့အတွက် နေ၊ လေ၊ ရေ၊ မြေ စသည့်သဘာဝခြင်းရာများ လိုအပ်ပေသည်။ လူသားတစ်ယောက်ဘဝရှင်သန်ဖို့ အတွက်လည်း ပတ်ဝန်းကျင်ကောင်းလိုအပ်ပေသည်။ မေတ္တာရှိရာသို့ မေတ္တာလာခြင်းဟုပဲ ဆရာကြီးဦးလွှမ်းဝေ နှလုံးပိုက်မိပေသည်။

× × × × ×

၂-နှစ်လောက်ပဲ ကြာလိုက်သည်။ ကိုယ့်ဇာတိရွာ သရက်တောင်တွင် နေရာလပ်ခြင်းကြောင့် ဖိုးမောင်ရွာသို့ ပြန်ဝင်လာခဲ့သည်။ ဖိုးမောင်တွင် ဘဝလက်တွဲဖော် ဇနီးမယားဆိုတာလည်း ပါလာခဲ့သည်။ သည်တော့ အိမ်ထောင်သည် ဖိုးမောင်အတွက် နေစရာအိမ်လိုလာခဲ့သည်။ ဖိုးမောင်အတွက် ကံ လိုက်နေသည်ဟုပင် ဆိုရပေမည်။ ဖိုးမောင်ရွာသို့ပြန်လာချိန်တွင် ဆရာကြီးဦးလွှမ်းဝေတို့ ကျောင်းသို့ တစ်နယ်တစ်ကျေးက တာဝန်ဖြင့်ရောက်လာကြသော ဆရာ၊ ဆရာမများ နေထိုင်ကြသည့် အိမ်တန်းလျားကလေး အားနေသည်။

"မောင်ဖိုးမောင် မင်းတို့နေထိုင်ဖို့ အခက်အခဲဖြစ်နေရင် တို့ဆရာမလေးတွေ နေခဲ့တဲ့ တန်းလျားလေးမှာ နေလကွယ်။ ရတယ် အဲဒီမှာအားနေတယ်"

ဆရာကြီးဦးလွှမ်းဝေ၏ မေတ္တာစမ်းရေမှာ ဖိုးမောင်အပေါ်တွင် စီးဆင်းဖြိုးဆင်းနေသည်။

စာရေးဖိုးမောင်ကတော့ ဆရာကြီးကို မည်သို့မျှမပြော။ ဆရာကြီးကို တစ်ချက်မော့ကြည့်ပြီး ပြုံးသယောင် ပြုလိုက်သည်။ ဖိုးမောင်၏ အပြုအမူကြောင့် ဆရာကြီးဦးလွမ်းဝေ၏ နှလုံးသားဝန်းကျင်တွင် ဝေဒနာလိုမျိုး တစ်ခုဖြစ်တည်သွားသည်။

"ကလေးပဲလေ၊ သည်ကောင်လေးက နဂိုကလည်း ပြောစဆိုစမှ မရှိတာ"

ဆရာကြီးဦးလွမ်းဝေမှာ ခွင့်လွှတ်မြေသိမ့်ရင်းပဲ ဘဝ အမောကလေးကို ဖြေဖျောက်လိုက်သည်။

ရပ်ဝေးကရောက်လာသည့် ဆရာ၊ ဆရာမများ တည်းခို နေထိုင်ဖို့ အိမ်တန်းလျားလေးတစ်ခုဖြစ်ဖို့အတွက် ဆရာကြီး ဦးလွမ်းဝေ စိုင်းပြင်းခဲ့ရသည်မှာ လွယ်သည်တော့ မဟုတ်။ ဆရာကြီးကိုယ်တိုင် ကျောင်းအထွေထွေလုပ်သား ခင်ညွန့် မောင်နှင့်အတူ သံတူရွင်းကြီးထမ်းပြီး တောင်ကမူစွန်းကို မြေဖြိုခဲ့ရသည်။ ကျောင်းသားလေးများနှင့် စုပေါင်းပြီး မြေသယ်ကာ ကန်ပျက်ကြီးကို မြေဖို့ခဲ့သည်။ မြေညီကွင်းပြင် ကလေးရရေးကိုပင် အချိန်တစ်လကျော်ကျော် ယူခဲ့ရသည်။

မြေအသားကျသွားပြီးမှ ဆရာကြီးကိုယ်တိုင် တူကိုင်၊ လွှကိုင်၊ နီးဖြာ၊ ကြမ်းရက် လုပ်ခဲ့ရသည်။ နေ့ဝင်မိုးချုပ် အလုပ် မဖြတ်နိုင်တာကြောင့် အိပ်ပြန်ချိန်မမှန်တာမို့ ဆရာကြီး၏ ပါရမီဖြည့်ဖက် လာလာခေါ်ရသည်မှာလည်း အကြိမ်ကြိမ်၊ ကိုယ်မနိုင်သည့်အပိုင်းကို ရှိစုမဲ့စု ချွေးနည်းစာလေးထဲက ဖဲ့ပြီး



လူငှားလုပ်ပေးခဲ့သည်။ ဆရာကြီးမှာ သည်အဆောက်အဦး အတွက် တော်တော်ပဲ ကသီလင်တ ဖန်တီးခဲ့ရသည်။

ဤသည်ကို အခန့်သားတက်နေမည့် ကိုယ့်တပည့်လေး ကိုယ်ကျေးဇူးပြုဖူးသူက ကိုယ့်ကျေးဇူးတရားအတွက် တစ်စုံ တစ်ရာကျေးဇူးတုံ့ပြန်မှု မပြုရုံမက အလေးအနက်ထားမှု မျိုးလည်း မရှိဘဲ ပြယ်လွင့်သော သဘောထားမျိုးသာ ဆောင် နေမည်ဆိုပါလျှင်. . . .

လူဆိုသည်မှာ ခံစားတတ်သော သတ္တဝါပင် ဖြစ်သည်။

× × × × ×

လူတို့သည် ကိုယ့်စီးကြောင်းနှင့်ကိုယ် ကူးခတ်ကြသည်။ မိသားစုတစ်ခု လူတန်းစေ့ရပ်တည်နိုင်ရေးအတွက် ကိုယ့် အရည်အချင်းနှင့်ကိုယ် လိုက်လျောညီထွေ တည်ဆောက် တတ်ဖို့လိုသည်။ စိတ်ကူးယဉ်မှု အစွန်းရောက်လွန်းလျှင် ဇမ္ဗူ မိဌာန်ကျသော ဘဝမျိုးမဖြစ်နိုင်တော့ပေ။ ဤအခြေအနေမျိုး တွင် မိမိကအမှန်ဟု ထင်ခဲ့သည့်နေရာများပင် အမှားနေရာ သို့ ဆွဲယူမှန်းမသိ ဆွဲယူနေတတ်ပေသည်။

အနာဂတ်မျိုးဆက်သစ်တို့၏ ဥယျာဉ်မှူး ဉာဏစဉ်သူ ကြီး ကျောင်းအုပ်ဆရာကြီး ဦးလွမ်းဝေတစ်ယောက် မော် တော်ဘုတ်တစ်စီး ဆောင်ဖြစ်သွားသည်။ ဆရာကြီး ဦးလွမ်း ဝေ ကိုယ့်မီးကိုယ်မွှေးလိုက်ခြင်းပဲဟု ဆိုရပေမည်။ အသွားလွန် ၍အပြန်ခက်ရချေလေပြီ။ ကိုယ့်အတွင်းပစ္စည်းများကို ထုခွဲ

ရရှိမကာ ခင်ရာမင်ရာ ဆွေမျိုးများထံလည်း ဆွဲလိုက်ရသေးသည်။

မော်တော်လည်း တည်ဆောက်ပြီးလိုက်ရော ခန်ဈေးမကောင်း၊ ထင်းဈေးမကောင်း ဖြစ်ကုန်ကြတော့သည်။ ဘယ်ခရီး ဘယ်လိုသွားရမှန်းမသိတော့ချေ။ လုပ်ငန်းအစတုန်းက မက်ခဲ့သော အိပ်မက်ချိုများသည်လည်း ရွှေတမာပင်အောက် ဒူးထောက်ဝင်ခဲ့ပေတော့သည်။

သို့သော် ဆရာကြီးဦးလွှမ်းဝေအတွက် ထွက်ပေါက်တစ်ခု ရရှိခဲ့ပေသည်။ လူရင်းတစ်ဦးအကြံပေးချက်အရ မော်တော်ကို ပြည်နယ်လိုင်စင်ခံပြီး စစ်တွေမှာပဲ ထားလိုက်သည်။ ပြည်နယ်ကုန်သွယ်လယ်ယာရုံးက အော်ဒါဖြင့် မြို့နယ်များက စပါးများကို ပြောင်းရွှေ့ရမည်ဟု ဆိုသည်။ ဤမျှ မော်တော်ဘုတ်များလုပ်စားရေး ကြပ်တည်းနေချိန်တွင် အလုပ်လေးတစ်ခု ဖုံမှန်ရရင်လည်း လွယ်သလား။

ဘုတ်ကလည်း ပိုက်ဆံဟုတ္တိပတ္တိ ထွက်မလာ။ ရောင်းမည်ပြောတော့လည်း ဝယ်မည့်သူက မပေါ်။ သည်ကြားထဲ စက်မောင်းဆီဈေးကြီးတာတို့၊ ခက်ပျက်တာတို့ ရေဝင်လို့ ပစ္စည်းဖိုးပေးလျော်ရတာတို့ ဖြစ်လိုက်သေးသည်။ အကြွေးရှင်များက လူပုဂ္ဂိုလ်အရ အားနာလို့မတောင်းကြသော်လည်း အချိန်တန်ကော့ အလိုက်သိတတ်ဖို့ လိုအပ်လာပြီ။

× × × × ×



ပြည်နယ်ကုန်သွယ်လယ်ယာ သယ်/ပို့ မန်နေဂျာက ဆရာကြီးဦးလွှမ်းဝေ၏ အခြေအနေကိုကြည့်ပြီး ကိုယ်ချင်းစာစိတ်များ မွေးလေရော့သလား မသိ။ သည်တစ်ခေါက် ပိုက်ဆံ ခပ်မြတ်မြတ်ရမည့် သယ်ယူခွင့်ပါမစ်တစ်ခု ပေးလိုက်သည်။

သည်နှစ်တွင်တော့ ဆရာကြီးဦးလွှမ်းဝေ နွေကျောင်းပိတ်သည်နှင့် မော်တော်ပေါ်သို့ ဆင်းခဲ့သည်။ ပင်လယ်မြင်ထဲတွင် မော်တော်စီးရသည်မှာ လွယ်ကူသောကိစ္စမဟုတ်မှန်း ဦးလွှမ်းဝေကိုယ်တိုင် စီးကြည့်မှ ပိုသိလာသည်။ ရှိသမျှပိုက်ဆံကို ပင်လယ်ရေပြင်ထဲတွင် မျှောထားရသော သဘောဆောင်နေသည်။ နိုင်ငံပိုင် ကုန်သွယ်လယ်ယာပိုင်စပါးများကို သယ်ရခြင်းက ပိုအရေးကြီးသည်။ မဖိတ်မစင်ရအောင် စောင့်ရှောက်ရသည်။ နိုင်ငံပိုင် ဘဏ္ဍာဖြစ်သည့်အပြင် ပြည်သူ့ရိက္ခာလည်း ဖြစ်သည်။

ဦးလွှမ်းဝေပိုင် 'သီရိတိုးဝေ' ရေယာဉ်သည် ရေလှိုင်းမြင်ကိုထိုးဖောက်ကာ ခပ်သွက်သွက်ပြေးနေ၏။ ရေယာဉ်ဒေါက်မတင်သည်မှာ ကြာပြီဖြစ်၍ မိမိရွာသို့ဝင်ပြီး ဒေါက်တင်မီးဖြိုက်ရန် မောင်းလာခြင်းဖြစ်သည်။ ရွာသို့အရောက်တွင် 'သီရိတိုးဝေ' မော်တော်ယာဉ်မှာ ဆိပ်ကမ်းတွင် ငြိမ့်ကနဲထိုးရပ်လိုက်သည်။

"ဟော့ . . ဘုတ်ပိုင်ရှင် ဘယ်သူလဲ"

အသံကြား၍ လှည့်ကြည့်လိုက်သည်။ မျက်နှာစိမ်းကောင်လေးတစ်ဦး ခပ်ထန်ထန်ကြည့်နေသည်။ သားအရွယ်

လောက်ပဲဟု ဦးလွှမ်းဝေတွေးထင်လိုက်သည်။

"ခင်ဗျား ဘုတ်ပိုင်ရှင်လား"

"ဟုတ်တယ်"

"ဦးစီးခေါ်နေတယ် လိုက်ခဲ့"

"ဒီကောင်လေး စကားပြောတာ မာရေကျောရေပါလား။ ဘယ်ကဦးစီးပါလိမ့် ဦးစီးတွေကလည်း များပါဘိသနဲ့" ဦးလွှမ်းဝေမှာ မချင့်မရဲဖြင့် ကောင်လေးနောက်က လိုက်သွားသည်။ ရယကဥက္ကဋ္ဌအိမ်တွင် ဦးစီးဆိုသူ ထိုင်နေသည်။ ဦးလွှမ်းဝေကို တစ်ချက်မော့ကြည့်လိုက်၏။

"ခင်ဗျား ဘုတ်ပိုင်ရှင်လား"

ဦးလွှမ်းဝေ ခေါင်းညိတ်လိုက်သည်။

"ခင်ဗျား မော်တော်ကို ဘုတ်ဖုတ်ထင်းတင်ဖို့ငှားမယ် ဘယ်လောက်ပေးရမလဲ"

"ဪ. . . အားလည်းနာပါတယ် ဦးစီးရယ်။ ကျွန်တော့်မော်တော်က မအားဖြစ်နေလို့ဗျာ။ ဒီမှာ ကုန်သွယ်လယ်ယာစပါး သယ်နိုင်းတဲ့အော်ဒါတွေ ပါလာပါတယ်။ ဒီကို မော်တော် ဒေါက်တင် မီးမြှိုက်ဖို့ ခဏဝင်လာတာပါ။ ပြီးတာနဲ့ မင်းပြားမြို့နယ် သန်ရှင် ကုန်ဝယ်ဒိုင်က စပါးသွားသယ်ရမှာပါ"

ဦးလွှမ်းဝေက အေးအေးဆေးဆေး ပြောပြရင်း အော်ဒါစာရွက်ကို ကမ်းပေးလိုက်သည်။ ဦးစီးဆိုသူက ဦးလွှမ်းဝေ ကမ်းပေးသော အော်ဒါစာရွက်ကို လှမ်းယူကြည်လိုက်သည်။



"မရဘူး၊ မရဘူး ဒီမော်တော်ကို ယူသွားကြောင်း ရေးကွာ"

ပစ်လိုက်သည့် မိုးကြိုး ဦးလွှမ်းဝေ၏ နှလုံးသားဗဟိုချက်ကို ထိမှန်ခဲ့လေသလား မသိ။ ကိုင်ထားသည့် ဘောပင်ကလေး ချောက်ကနဲ လွှတ်ကျသွားသည်။ သတိရလို့ ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်သည့်အချိန်တွင်တော့ အိမ်ခေါင်းရင်းခန်းတွင် စာရေးဖိုးမောင်ကို တင်ပလ္လင်ခွေ ထိုင်လျက် အခန့်သား တွေ့လိုက်ရသည်။ ဆရာကြီး ဦးလွှမ်းဝေကို ခေါင်းမော်၍ပင် မကြည့်။ ဦးလွှမ်းဝေ မော်တော်ကို နှစ်ဦးနှစ်ဖက် သဘောတူငှားယူသွားကြောင်း စာချုပ်ရေးနေသည်။

ဆရာကြီးဦးလွှမ်းဝေသည် ဝေဒနာပြုံးကလေးဖြင့် တာရေး ဖိုးမောင်ကို လှမ်းကြည့်လိုက်သည်။

"မောင်ဖိုးမောင် မင်းတို့မှာ လုပ်တာတွေ နည်းနည်းလိုနေပြီ ထင်တယ်ကွဲ့။ အခုဟာက ဒီရွာမှာရှိတဲ့ မော်တော်တွေထဲက တစ်စီးစီးလိုချင်လို့ ဦးစီးဒီကိုရောက်လာတာ မဟုတ်ဘူးလား။ ဒီရွာမှာ မြင်းကောင်ရေ (၂၀) နဲ့အောက် မြို့နယ်လိုင်စင်ခံထားတဲ့ မော်တော်တွေစာရင်း မင်းတို့ဆီမှာ ရှိမှာပါ"

စာရေးဖိုးမောင် မျက်လုံးလှန်ပြီး ဆရာကြီးဦးလွှမ်းဝေကို တစ်ချက် ကြည့်လိုက်သည်။ ဘာမှတော့ မပြော။ စာကို ဆက်ရေးမြဲ ရေးနေသည်။

"အဲဒီ စာရင်းအတိုင်းကြည့်ပြီး မော်တော်တစ်စီးစီးကို ပေးလိုက်ရင် အဆင်ပြေလိမ့်မယ် ထင်ပါတယ်နော်။ ခု ဆရာ

ကြီး ဟော်တော်က ဒီမြို့နယ်မှာလည်း တရင်းရှိတာ မဟုတ်ဘူး ပေါ့နော်။ မြည်နယ်လိုင်စင်ခံပြီး စစ်တွေလိပ်တနဲ့ ထားတာလေ။ အလုပ်လုပ်တော့လည်း အဲဒီမှာ လုပ်နေတာ။ ခု ဒီကို ဒေါက်တင်ဖို့ ခဏဝင်လာတာလေ။ ရွာမှာ မော်တော်တွေလည်း အားလို့ရှိကြသားပဲကွယ်"

စာရေးဖိုးမောင်၏ အကြည့်မြားကို ဦးလွမ်းဝေဆီသို့ ဒုတိယအကြိမ် ပို့လွှတ်လိုက်ပြန်သည်။

"အစိုးရဌာနတိုင်း ဌာနတိုင်းဟာ နိုင်ငံအတွက်အလုပ်အကျွေးပြုနေကြတာပါ။ ခုလို ဌာနတစ်ခုက တာဝန်ပေးထားတာကို နောက်ဌာနတစ်ခုက ကြားဖြတ်ယူလို့ကော နေရာကျမတဲ့လားကွယ်။ နောက်တစ်ချက်က ခုအချိန်ဟာ ကုန်သွယ်လယ်ယာစပါးတွေ အမိုးအကာအောက် အချိန်မီ ရောက်ရှိရေးအတွက် စိုင်းပြင်းနေတဲ့ ကာလလေ"

စာရေး ဖိုးမောင်အဖို့ ချက်ကောင်းကို ထိမှန်ခဲ့လေသလား မသိ။ မျက်နှာပြင်တစ်ခုလုံး ချက်ချင်း နီရဲသွားသည်။

"ဆရာကြီးဦးလွမ်းဝေ ဒီရွာသား မဟုတ်ဘူးလား"

"ဆရာကြီးဦးလွမ်းဝေ ဒီရွာသား မဟုတ်ဘူးလား"

"ဆရာကြီးဦးလွမ်းဝေ ဒီရွာသား မဟုတ်ဘူးလား"

စာရေးဖိုးမောင်ဆီက ထွက်လာသော စကားသံ။ ရင့်သ[illegible] လိုက်သည့် အသုံးအနှုန်း။ ပဋ္ဌလက် ကျည်ဖူးများနှင့် အာ[illegible] မခြား။ ဦးလွမ်းဝေဆိုသည့် စကားကြီးကို အာမနာပ သုံး[illegible] သုံးကြိမ်တိတိ အော်လိုက်သည်။ ပါးစပ်ကသာ ပစ်လွှတ်လို[illegible]



သည်မဟုတ် ပစ်မှတ်လွဲသွားမှာ စိုးရွံ့ပဲထင်သည် လက်ညှိုး ကလေးကိုလည်း ဆရာကြီးဦးလွမ်းဝေဆီ ငေါက်တောက် ထိုးထားသည်။

ဦးလွမ်းဝေထံမှ မည်သည့်စကားမျှ ထွက်မလာတော့ချေ။ ရင်မှာ မွန်းကျပ်ဆို့နင့်နေသည်။

× × × × ×

ညတုန်းက ဦးလွမ်းဝေ တော်တော်နဲ့ အိပ်မပျော်။ အိမ်မက်ခါးက ခြောက်လှန့်နေသည်။ သန်းခေါင်ကျော်လောက်မှ မေးကာနဲ အိပ်ပျော်သွားသည်။ သည်မနက် အိပ်ရာနိုးတော့ မနက် (၇) နာရီ ရှိနေပေပြီ။ ညနေက မော်တော်ဘုတ်ကိစ္စ ဦးစီးချိန်းထားသေးသည်။ အချိန်နောက်ကျနေမှုအတွက် ပိုးရိမ်စိတ်ကလေး ဝင်သွား၏။ ချက်ချင်းအိပ်ရာမှ ထကာ ကိုယ်လက်သန့်စင်ပြီး အပြင်သို့ ခပ်သွက်သွက် ထွက်လိုက်သည်။

"စာရေး ဖိုးမောင်နှင့် ဆရာကြီးသားတို့ ရန်ဖြစ်ကြတယ်"

လမ်းတစ်ဝက်အရောက် ကြားလိုက်ရသည့် သတင်းစကား ဆရာကြီးဦးလွမ်းဝေ၏ နားထဲသို့ ခပ်စူးစူးဝင်သွားသည်။ အချိန်ကာလတိုင်းသည် ဦးလွမ်းဝေအတွက် ပြဿဒါးတွေချည်း ဖြစ်နေလေရော့သလား။ အခင်းဖြစ်ပွားရာနေရာသို့ ဦးလွမ်းဝေ လိုက်သွားသည်။ ဒေါ်စောသန်း မုန့်တီဆိုင်းတွင် ဖြစ်ကြသည်ဟု သိရသည်။ လက်သီးဖြင့် တစ်ယောက်

တစ်ချက်ထိုးပြီး ထွေးနေကြတုန်း အနီးကပ်နီးမတွေ ဝိုင်းဆွဲလိုက်ကြသဖြင့် ရန်ပွဲပြီးသွားခဲ့သည်။ မည်သူ့တွင်မျှ ဒဏ်ရာအနာတရ မရရှိကြ။

မည်သို့ပင်ဆိုစေ ကိုယ့်သားရော၊ စာရေးဖိုးမောင်ပါ ကိုယ့်တပည့်ချည်းပင် ဖြစ်သည်။ နှစ်ဦးနှစ်ဖက်ကျေနပ်ပြီး ရှေးကလို ခင်မင်မပျက်ရှိစေချင်သည်။ ဦးလွှမ်းဝေသည် သားကိုခေါ်ပြီး စာရေးဖိုးမောင်ထံ သွားလိုက်သည်။ သို့သော် ဖိုးမောင်ကတော့ ဆရာကြီးတို့သားအဖကို အတွေ့မခံခဲ့။

ဖိုးမောင်မှာ နှစ်ရက်လုံးလုံးရှာက ပျောက်နေသည်။ ဆရာကြီးဦးလွှမ်းဝေ ဘယ်လိုပဲရှာရှာ မတွေ့။ စာရေးလုပ်သက် (၇) နှစ်တာ ကာလအတွင်း ဆရာကြီးဦးလွှမ်းဝေအပေါ် ဖိုးမောင်၏ ဆက်ဆံမှုက အံ့ဩစရာဖြစ်နေခဲ့သည်။ စက္ကန့်နှင့်အမျှ ဇောက်လွဲဖောက်ပြန်ပြုနေတတ်သော လူ့စိတ်၏ သဘောသဘာဝဟုပဲဟု ဆရာကြီးနှလုံးသွင်းထားလိုက်သည်။

အခင်းဖြစ်ပြီး သုံးရက်မြောက်နေ့တွင်တော့ ဆရာကြီးဆီသို့ သတင်းဆိုးတစ်ခု ရောက်လာခဲ့သည်။ ဆရာကြီးမှာ ကိုယ့်နားတောင် ကိုယ်မယုံချင်။ ဆရာကြီးသားကို ဖိုးမောင် ရဲစခန်းတွင် အမှုဖွင့်လိုက်ပြီဆိုသော သတင်းပင်ဖြစ်သည်။

ဦးလွှမ်းဝေ ရဲစခန်းလိုက်သွားတော့ တရားလိုဖိုးမောင်ကို ရဲစခန်းမှာပဲ အဆင်သင့်တွေ့လိုက်ရသည်။ ဦးလွှမ်းဝေသည် အမှုပြေငြိမ်းရေးအတွက် ငြိမ်းချမ်းရေးစကားကမ်းလှမ်းလိုက်သည်။ ဖိုးမောင်ကတော့ ခပ်စူးစူးတစ်ချက် စိုက်ကြည့်



လိုက်သည်။

"ဒီအမှုကို ထိထိရောက်ရောက် ဖြစ်စေချင်လို့ အမှုဖွင့်ခဲ့တာ"

"ဒီအမှုကို ထိထိရောက်ရောက် ဖြစ်စေချင်လို့ အမှုဖွင့်ခဲ့တာ"

"ဒီအမှုကို ထိထိရောက်ရောက် ဖြစ်စေချင်လို့ အမှုဖွင့်ခဲ့တာ"

စာရေးဖိုးမောင်က ဒေါသတကြီး အော်လိုက်သည်။ ဆရာကြီးဦးလွှမ်းဝေ ဒိုးမောင်၏ အပြုအမူအတွက် အံ့ဩမဆုံး ဖြစ်သွားရပြန်သည်။

"မဟုတ်သေးဘူး မောင်ဖိုးမောင် စဉ်းစားဦးလေ။ မင်းကို တစ်သက်လုံး ထမင်းစားရအောင် ဆရာကြီးလုပ်ပေးထားတဲ့ကျေးဇူးတရားတွေလည်း ရှိတယ်လေ။ ကျေးဇူးပြုဖူးသူကို ကျေးဇူးတုန့်ပြန်ခြင်းဟာ မင်္ဂလာတရားကွဲ့။ ဘုရားဟောတရားတော်တွေလည်း ရှိတယ်နော် မောင်ဖိုးမောင်"

ကျေးဇူးပြုဖူးသူအနေဖြင့် မိမိကျေးဇူးပြုမှုအတွက် ကိုယ့်ဂုဏ်ကိုယ်ဖော်ပြီး မပြောအပ်ဆိုသည်ကို ဦးလွှမ်းဝေ သိသည်။ သို့သော် သားသမီးကြောင့်ဖြစ်တည်သော သောကမီးကြောင့် မပြောမဖြစ်မို့ ပြောခဲ့မိလေပြီ။

"မဟုတ်ဘူး မဟုတ်ဘူး၊ ဒါသက်သက် ဆရာကြီးဖြီးတာ။ အဲဒီတုန်းက ဗိုလ်ကြီးဆန်းရွှေဆိုတဲ့ ပုဂ္ဂိုလ်ဟာ တစ်ရွာဝင်တစ်ရွာထွက် ဆယ်တန်းအောင်တွေလိုက်ရှာပြီး အလုပ်ခန့်

ပေးခဲ့တာပဲ။ ဆရာကြီးပြောပေးလို့ခန့်တာ မဟုတ်ပါဘူး။ ဆရာကြီးက ကျွန်တော်တို့ မိသားစုအကြောင်းကို အမေ့ချေ ခါးပြောပြီး သက်သက်ညှိမ်တာပဲ ရှိတယ်။ ကျွန်ေ ာ့အပေါ် မှာ ဆရာကြီးကျေးဇူး ၂၅/- ဖိုးပဲ ရှိတယ်။

"အလို ဘုရား ဘုရား ဘုရား"

ဖိုးမောင်၏ တိုက်ကွက်များသည် ဆရာကြီး၏ သိက္ခာဝတ်ရုံကို တစ်စစီ တစ်စစီ ဆွဲဆုတ်နေပါပေါ့လား။ ဆရာကြီးသည် ရီဝေဝေမျက်ဝန်းညိုဖြင့် ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်ရင်း ခေါင်းငိုက်စိုက်ကျသွားပါတော့သည်။

"ဩော်. . . မင်းရဲ့အရွယ်မှာ သည်ခံယူချက်တွေ ကိန်းအောင်းနေတာကိုး။ ဟုတ်ပါတယ်လေ။ ဆရာကြီး ဦးလွှမ်းဝေမဝတ ဥက္ကဋ္ဌ ဆီမှာ ပြောပြခဲ့လို့ ဖိုးမောင်ကို စာရေးဝန်ထမ်းခန့်ဖြစ်ခဲ့တာလို့ ဒီနေ့ထိ ဖိုးမောင်ကို ဘယ်သူ ပြောပြဖူးလို့လဲ"

"ဗိုလ်ကြီးရယ် မြန်မာနိုင်ငံ ဘယ်နေရာ၊ ဘယ်အစိတ်အပိုင်းမှာ မျှားရောက်နေပါလိမ့်။ ခဏလောက်ရောက်လာပြီးတော့-

"ဟော့ကောင် လူမိုက်ကလေး မင်းကျေးဇူးရှင်ကို ဘာလို့ ပြစ်မှားနေတာလဲ ငင်းအလုပ်ရအောင် အဲဒီဆရာကြီးကိုယ်တိုင်တင်ပြလို့ ငါခန့်ပေးခဲ့တာဟေ့" လို့လာပြောလှည့်ပါ ဗိုလ်ကြီးရယ်။

ဆရာကြီးဦးလွှမ်းဝေ၏ အတွေးစိတ်ကူးများ ဗလောင်



ဆူလျက် ရှိသည်။

ဆရာကြီးသားအပေါ်စွဲထားသည့် ပုဒ်မက ၃၅၃ ဝတ္တရားနှောင့်ယှက်မှု ဖြစ်သည်။ တရားလိုပြ သက်သေက(၇) ယောက်ပြထားသည်။ ဆရာကြီးဦးလွှမ်းဝေ၏ သားကို အာမခံဖြင့် လွှတ်ထားသော်လည်း တစ်ပတ်တစ်ကြိမ် မြို့နယ် တရားရုံးသို့ ရုံးတက်နေရသည်။ ဦးလွှမ်းဝေမှာ သားကို ရုံးတင်တိုင်း အခေါက်ခေါက်အခါခါ လိုက်နေသည်။

ဦးလွှမ်းဝေတို့ရွာမှ မြို့သို့ တစ်ခေါက်သွားရေးမှာလည်း လွယ်ကူသည်တော့ မဟုတ်။ နှစ်နေ့နှင့် နှစ်ညကြာမှ ရွာသို့ ပြန်ရောက်သည်။ အသွားတစ်ည အပြန်တစ်ည မော်တော်ပေါ်တွင် ထိုင်လျက် အချိန်ကုန်လွန်ရသည်။ ခရီးသည်များမှာ ကုန်းပတ်ရော၊ ခေါင်းမိုးရော ပြည့်ကျပ်နေပေရာ ခြေဆန့်လက်ဆန့်ပင် မလွယ်။ လူအိုများနှင့် လူမမာများအတွက်ဆိုပိုဆိုးသည်။ ဆရာကြီး ဦးလွှမ်းဝေတို့မှာ ဗြို၊ မေတွင် ရုံးတက်နေရရာ တစ်ညလုံးချွေးစေးများကပ်ကာ စိုစိုဖတ်ဖတ်ဖြင့် နေမရ ထိုင်မရ ဖြစ်ကြရသည်။ အိပ်ရဖို့ဆိုသည်မှာ ဝေလာဝေး။

"ဆရာကြီး ရုံးသွားသွားနေရတာ တစ်နှေ့ကုန်ပြီနော် ရာသီဥတုက ဆိုးသနဲ့ ဒုက္ခပါလား ဆရာကြီးရယ်"

မော်တော်ပေါ်တွင် ဆရာကြီး၏အဖြစ်ကို ကြည့်ပြီး အချို့က ဖြဟွာစိုရိစိတ်လေးဖြင့် ပြောကြသောစကားများပင်။

ရမန် (၁၆) ပတ်ရုံးတက်ပြီးချိန်တွင်တော့ လိုပြသက်သေ

များ၏ ထွက်ချက်စကားများမှာ ဆရာကြီး ကိုယ့်နားတောင် ကိုယ်မယုံခဲ့။ တရားလိုမှ အားကိုး၍ခေါ်ခဲ့သူများ တရားလို ဘက်မှ တစ်ယောက်မှမထွက်ဆိုပါလား။

အခင်းဖြစ်ပွားချိန်က နံနက်(၇) နာရီ ဝန်းကျင်၊ စာရေးဖိုးမောင် မည်သည့်ရုံးကိစ္စမှ ဆောင်ရွက်ချိန်မဟုတ်။ ညတုန်းက အရက်သောက်မူးယစ်ပြီး အရက်ဆိုင်တွင် ကျန်ခဲ့သည့် ဖိနပ်ကို မနက်မိုးလင်းချိန်တွင် ပြန်သွားယူခြင်း ဖြစ်သည်။ ဖိနပ်ယူပြီးအပြန်တွင် မနေ့က ဆရာကြီးကို စာရေးဖိုးမောင် မထေမဲ့မြင်ပြောခဲ့သည့်ကိစ္စနှင့်ပတ်သက်၍ ဆရာကြီးသားက စကား တစ်ခွန်းစနှစ်ခွန်းစ ပြောရာကစပြီး လုံးထွေး သတ်ပုတ်ကြခြင်းဖြစ်ကြောင်း ထွက်ဆိုကြသည်။

"အသုံးမကျတဲ့ကောင်တွေ အလကားကောင်တွေ"

တရားလိုဖိုးမောင်မှာ ကိုယ့်လူများအပေါ် ဗျစ်တောက်ဗျစ်တောက်မြည်ပြီး မျက်နှာကြီးရှုပုတ်နေသည်။

ရိုးသားသော ကျေးလက်ပြည်သူတွေမို့ မဟုတ်လျှင် မဟုတ်ဟုပဲ ပြောတတ်ကြသည်။ တရားရုံးဆိုသည်ကလည်း ကျမ်းသစ္စာဆိုပြီး မှန်ကန်သောသစ္စာစကားကိုသာ ထွက်ဆိုရသည့် တရားခွင်။ သူများ၏ မဟုတ်မဟတ် လုပ်ဇာတ်ထဲမှာ ကျိန်စာသင့်ခံမတဲ့လား။

ခက်သည်က တရားလို၊ တရားခံများမှာ တစ်ရွာတည်းသားများဆိုတော့ တရားရုံးသို့သွားတိုင်း တစ်လှေတည်းစီးပြီး တစ်ခရီးတည်း သွားကြရသည်။ မည်သည့်အချိန်တွင်ပဲ ကြည့်



ကြည့် တရားလိုဖိုးမောင်၏ မျက်နှာမှာ ပြုံတော့မည်မိုးလို ညှိုမည်းနေ၏။ ဒေါသ၊ မာန၊ အာဃာတတရားတို့သည် သူ့အသွေးအသားထဲမှာ ဖွဲ့နှောင်ရစ်ပတ်နေကြပေပြီ။

ကူးတို့စက်လှေ၏ ဝမ်းထဲသို့တွဲလောင်းချပြီး တစ်ချောင်းပေါ် တစ်ချောင်း ချိတ်တင်ထားသည့် တရားလိုဖိုးမောင်၏ ခြေဖဝါးများဆီသို့ ဆရာကြီးဦးလွှမ်းဝေ၏ အမြင်အာရုံရောက်မှန်းမသိ ရောက်သွားခဲ့သည်။

"ဟင်"

ဆရာကြီးဦးလွှမ်းဝေ၏ အသိဝန်းကျင်တစ်ခုလုံး တော်လဲပုံတင် လျှော်မြေလွှပ်သည်ဘို့ လွှပ်ရှားသွားခဲ့ရချေလေပြီ။ "ဒီကောင်လေး လူစိတ်မှရှိသေးရဲ့လား၊ ဗိုက်ရှိင်းလိုက်တာ ဗုဒ္ဓယဉ်ကျေးမှု အငွေ့အသက်ဆိုတာ တစ်ဆံချည်မျှင်မျှ မရှိလေရှာသလား"

"ဒီလို အနန္တော၊ အနန္တ ငါးပါးမည်တဲ့ ဘုရား၊ တရား၊ သံဃာ၊ မိဘ ဆရာသမားတွေကို ခြေဖဝါးမှာ ရေးတာမျိုးဟာ အောက်မှော်အောက်လမ်းတွေရဲ့ ယုတ်ညံ့တဲ့ လုပ်ရပ်တွေပဲ။ ဒီကောင်လေး အောက်လမ်းဆရာဆိုတာများ ဖြစ်နေလေရော့သလား"

တရားလိုဖိုးမောင်၏ ခြေဖဝါးပြင်မှာရေးထားသည့်စာက "**လွှမ်းဝေအား နိုင်ရမည်**" တဲ့။ ကြည့်စမ်း မည်မျှထိ အောက်တန်းကျသည့် စိတ်ဓာတ်နှင့် လုပ်ရပ်များပေနည်း။ ဆရာကြီးဦးလွှမ်းဝေမှာ ဖိုးမောင်၏ကျေးဇူးကန်းမှု ဗိုက်မဲမှုများကို

တွေးရင်း ဝေဒနာအစိုင်အခဲသည် ပိုမိုကြီးထွားလာခဲ့သည်။

"ဘယ်အပြုံးအတေးတွေနဲ့များ သည်ကလေးဟာ ကိုယ့်ကျေးဇူးရှင် ဆရာသမားအပေါ်တွင် စော်ကားရဲတာပါလိမ့် အတိတ်ဘဝက ဝဋ်ကြွေးတွေများ ဖြစ်နေရောသလား"

"ဗုဒ္ဓဘုရားရှင် လက်ထက်တော်အခါက ဗုဒ္ဓရဲ့ လက်ဝဲရံ ရှင်မောဂ္ဂလန်ဆိုတာ သည်လိုပဲ အတိတ်ဝဋ်ကြွေးကြောင့် ခိုးသားတွေရဲ့ လက်ထဲမှာ လူးလိမ့်ခံခဲ့ရတာ"

ဆရာကြီးဦးလွှမ်းဝေမှာ သက်ပြင်းမောများကိုသာ အခါခါ မှုတ်ထုတ်နေမိတော့သည်။


---

(တရားလို တရားခံပြသက်သေများ၏ ထွက်ချက်အရ ဝတ္ထုရားနှောင့်ယှက်မှုမမည်ဘဲ သာမန်လက်ရောက်မှုသာဖြစ်သဖြင့် တရားရုံးမှ ဆရာကြီးသားအား ဒဏ်ငွေ ၅၀ဝိ/-ဖြင့် တရားသေလွှတ်လိုက်သည်။)

(၂၀၀၅-ခုနှစ်၊ နိုဝင်ဘာလထုတ် **မြစ်ရှစ်မှန်မဂ္ဂဇင်း**)

**လူလူချင်းမေတ္တာစိတ်ထားနိုင်ကြပါစေ၊**

**ကျွန်းစဉ်မြေစောခက်**



## နှလုံးသည်းပွတ်ကို ဆွဲနုတ်ခံရခြင်း

"ကိုလွမ်းဝေ"

"ပြောလေ"

ဆရာကြီး ဦးလွမ်းဝေ၏ ဘဝဖော်ရှန်းကန်ဘက် ဒေါ်နှင်းရီသည် ကုန်စုံဆိုင်ကလေးကို ပစ္စည်းအနေအထား သန့်နေရာမှ ခေါ်လိုက်သည်ကို ဆရာကြီးက အလိုက်သင့် ဆီးကြိုသံပြုလိုက်ခြင်း ဖြစ်သည်။ စာရေးခြင်းအလုပ်ကို ခေတ္တ ရပ်ပြီး စာကြည့်မျက်မှန်လေးပေါ်မှကျော်ကာ ဒေါ်နှင်းရီအား စူးစူးစိုက်စိုက်လည်း ကြည့်နေလိုက်၏။

"ကျောင်းလည်းပိတ်ပြီဆိုတော့ မြို့သွားပြီး ပစ္စည်းလေး ဘာလေး ဝယ်ပေးပါဦးလား"



"ဘယ်ကို သွားရမှာလဲ"

"ဪ စားဝတ်နေရေးဖြေရှင်းတဲ့ အလုပ်ဆို ဘာမှ လည်း မသိပါလားနော်။ ကျောင်းတက်ဖို့ရယ်၊ ဝတ္ထုကဗျာရေး ဖို့ရယ်ပဲ အာရုံစိုက်နေတာကိုး"

ဒေါ်နှင်းရီ၏စကားမှာ ပစ်မှတ်ကို ထိမှန်သွားသဖြင့် ဦးလွမ်းဝေသည် မျက်နှာကို အပေါ်သို့မော့လိုက်ပြီး ခေါင်မိုး လေးဆီသို့ ရည်ရွယ်ချက်မဲ့ ကြည့်နေမိသည်။

"အခုရွာက ထင်းစက်လှေ၊ မနိစက်လှေတွေ စစ်တွေကို ထွက်ကြလိမ့်မယ်။ အဲဒါလိုက်ပြီး ဝယ်ပေးစမ်းပါ။ စစ်တွေဆို တော့ ကျောက်ဖြူနဲ့စာရင် နည်းနည်းဈေးသက်သာတာပေါ့"

"ဪ. . . အင်း. . . အင်း လိုက်သွားမယ်။ ရပါ တယ်။ ဝယ်ဖို့ စာရင်းနဲ့ငွေသာ ပေးလိုက်ပါ။ မခက်ပါဘူး။ မနှင်းလည်း မြို့သို့အပြောင်းအပြန် သွားလိုက်လာလိုက် ဈေး ရောင်းလိုက်နဲ့။ အိမ်ဇာတ်ရကလည်း တစ်ဖက်ဆိုတော့ တော် တော်ပင်ပန်းနေပြီ"

ဒေါ်နှင်းရီမှာ ကျောင်းဆရာဇနီးပီပီ စိတ်ရှည်လှသည်။ ဦးလွမ်းဝေ၏ လစာတစ်ခုတည်းဖြင့် မလောက်မငှ သုံးနေရ သော အခြေအနေမို့ ဘဝကမလှပေ။ ဦးလွမ်းဝေကလည်း ကျောင်းဆရာဆိုသည့် ကျောင်းဆရာ၊ စာပြဖို့တစ်ခုကလွဲလို့ တစ်ခြားမည်သည့် စီးပွားရေးကိုမျှ စူးနစ်မှုမရှိ။ အားလျှင် ဝတ္ထုရေးသည်၊ ကဗျာရေးသည်။ နယ်ကလောင်သမားတို့ စီးမျောမှု သီဝရီအတိုင်းပဲ၊ စာမူခက တံဆိပ်ခေါင်းဖိုးတောင်

မမီချင်၊ ဝါသနာက အမြစ်တွယ်နေပြီမို့ လွှင့်မျောခြင်း ဝေဒနာအပေါ် အတွေးအာရုံကို နှစ်မြှုပ်လိုက်တိုင်း ထိထိရှရှ ခံစားရသည်။ ဒီတော့ ကျောင်းဆရာဇနီး ဘာလုပ်ရမလဲ၊ ထမင်းစားလို့ရအောင် ဈေးရောင်းရတာပေါ့။ စက်ချုပ်ရတာပေါ့။ လုပ်ကြည့်တော့လည်း ဟန်ပုံပေါ်တာနဲ့ ဆက်လုပ်ဖြစ်ခဲ့ သည်ပဲလေ။ ကျောက်ဖြူသို့ သွားသည့်အခါသွား၊ စစ်တွေသို့ သွားသည့်အခါသွား။ အခြေအနေပေးသလို ပစ္စည်းဝယ်ရသည်။ ကျောက်ဖြူဆိုင်တွေကဆို ဒေါ်နှင်းရီ၏ ကြိုးစား၊ ရိုးသားမှုကိုကြည့်ပြီး ခေါက်ပြန်ဆပ်စနစ်နဲ့တောင် ပေးနေကြပါပြီ။ ဒါကြောင့် သမီးထွေးလေးကို ပြည်ဂျီတီစီသို့ ပို့နိုင်သည့်အဆင့်သို့ ရောက်ခဲ့ရသည်ပေါ့။ ဒေါ်နှင်းရီမှာ လုပ်ငန်း အကျိုးပေးကြောင့် မောရပန်းရမှန်းတောင် မသိ။ ဤသည်ပင်လျှင် ဘဝ၏ရသဟု ဆိုရပေလိမ့်မည်ထင်သည်။

× × × × ×

ကျောင်းအုပ်ဆရာကြီး ဦးလွှမ်းဝေသည် သားရေအိတ်ကလေးကို လည်ပင်းတွင်စွပ်ပြီး ရှေ့ဘက်သို့ ချလိုက်သည်။ အဓိပ္ပာယ်ကတော့ ငွေအိတ်ကိုယ့်မျက်စေ့ရှေ့ ရောက်နေရန်ပင်တည်း။ တိုက်ပုံအင်္ကျီ ခပ်နွမ်းနွမ်းကလေးကိုလည်း ကောက်ဝတ်လိုက်သည်။ ဒီလိုဆိုတော့ ကျောင်းဆရာရုပ်က သိပ်မပျောက်ချင်။ ရှိစေတော့။ ဒီအင်္ကျီလေးကို အပေါ်မှလွှမ်းထားရမှ နေသာထိုင်သာ ရှိသွားသည်။ တစ်ဆက်တည်းမှာပင် ပိန်



အိတ်ခွံသုံးလုံးကို ခေါက်လိပ်ပြီး ညှပ်လိုက်သည်။ ညာဖက်တွင်တော့ ဒေါ်နှင်းရီပေးလိုက်သော ကြိမ်ဆွဲခြင်းကြီး။ စစ်တွေမြို့ဈေးကြီးဘက်သို့ ခပ်သွက်သွက် လှမ်းထွက်လာခဲ့မိတော့သည်။ ဒီလိုဆိုတော့လည်း ကုန်သည်ရုပ်က ပေါက်ချင်သား။

ဦးလွှမ်းဝေသည် ယနေ့ဆောင်ရွက်ရမည့်ကိစ္စများကို အစီအစဉ်ချကာ စဉ်းစားလာသည်။ ဈေးသို့ရောက်လျှင် မနေ့ကဝယ်ထားခဲ့သော ပစ္စည်းများကို ဇရီ(အထမ်းသမား)အား ခေါ်ပြီး ပစ္စည်းထိန်းသိမ်းရန်နှင့် ဖိနပ်ဝယ်ရန်တို့ ဖြစ်သည်။ ဖိနပ်ဝယ်ပြီးပါက ပစ္စည်းများမှာ စာရင်းအရစုံသလောက် ရှိနေပြီ။ ဖိနပ်တစ်ခုပဲ မဝယ်ရသေးဘဲ ကျန်နေသည်။ စည်ပင်ဈေးကြီးအောက် ရောက်လာပြီး အတွင်းပိုင်းသို့ ဝင်လိုက်သည်။ တွေ့ပါပြီ။ ဖိနပ်ဆိုင်ကြီး။ ဖိနပ်ချည်းသက်သက် ရောင်းသောဆိုင်။ တခြားမည်သည့်ပစ္စည်းမျှ မတွေ့ရ။ ဦးလွှမ်းဝေသည် ဆိုင်ရှေ့သို့ရပ်လိုက်၏။

"ဪ. . . ဦးလေး လာပါ လာပါ။ ဖိနပ်အစုံရှိပါတယ်။ ဘယ်ဖိနပ်မျိုး ယူပါ့မလဲရှင်။ လိုချင်တဲ့အမျိုးအစားကို ပြောပါ။ အဖိုးမှန် ဈေးနှုန်းမှန်နှင့်ရောင်းပေးပါတယ်။ နယ်က ဖောက်သည်တွေလည်း ဒီကပဲ အယူများကြပါတယ်။ ကျွန်မတို့လည်း ဒီကမဟုတ်ဘူး။ ×××မြို့ကပါ။ ကျွန်မတို့ကလည်း နယ်ကဆိုတော့ နယ်ကဖောက်သည်တွေကို ကိုယ်ချင်းစာပါတယ်။ အတတ်နိုင်ဆုံး လျှော့ပေးပါတယ်။ လာပါရှင်။ အထဲဝင်ထိုင်ပါ"

ဖိနပ်ဆိုင်ရှင် အမျိုးသမီးလေးမှာ အသက်နှစ်ဆယ်ဝန်းကျင်လောက်ပဲ ရှိလိမ့်မည် ထင်ပါသည်။ ရုပ်ကတော့ အသားညိုညို၊ ခပ်ပုပုပါပဲ။ တကယ့် ကြက်တူရွေး။ ဦးလွှမ်းဝေသည် အမျိုးသမီးလေး၏ အဆွယ်ကောင်းမှုကြောင့် ကျင်စက်မိသလို ရပ်နေမိသည်။ ဆိုင်အတွင်းပိုင်းသို့ လှမ်းပြီး မိမိလိုချင်သောဖိနပ် ရှိမရှိ စူးစမ်းနေမိသည်။

"ကျွန်မတို့က နယ်ကဆိုတော့ နယ်ကဖောက်သည်တွေကို ကိုယ်ချင်းစာပါတယ်။ အတတ်နိုင်ဆုံးလည်း လျှော့ပေးပါတယ်"

ဒီစကားက ဦလွှမ်းဝေကို ဖမ်းစားလိုက်ချေပြီ။ ဦးလွှမ်းဝေ ရှေ့သို့ ဆက်လျှောက်ကြည့်ရန် လုံးဝစိတ်မရှိတော့ချေ။ ရပ်မြဲရပ်နေသည်။

"ဝင်ပါရှင်၊ ဝင်ပါ.. အထဲကို ဝင်ထိုင်ပါ"

"ဩော် အေး...အေး"

ဦးလွှမ်းဝေသည် ဆိုင်ထဲသို့ဝင်ပြီး ဆိုင်ရှင်အမျိုးသမီးလေးချပေးသော ထိုင်ခုံပုလေးတွင် ဝင်ထိုင်လိုက်သည်။ ဆိုင်ရှင်အမျိုးသမီးလေးသည် အတတ်နိုင်ဆုံး ပြုံးပြထားသည်။

"ဘယ်အမျိုးအစားက ယူမှာလဲရှင်၊ ပြောပါ။ ဖိနပ်ကတော့အစုံရှိပါတယ်"

"ဟိုကွာ ဆင်ကြယ်နဲ့ မြင်းကြယ်ဖိနပ်တွေ ရှိပါတယ်နော်"

"ဟုတ်ကဲ့ရှင့် ရှိပါတယ်၊ ဘယ်နှဒါဇင်ယူမှာလဲ။ ဒီနေ့



ပဲ ရောက်တာ အများကြီးရှိပါတယ်"

ဦးလွှမ်းဝေ တွေဝေသွားပြန်သည်။ မိမိမှာက ကျေးလက်ဆိုင်ကလေး၊ ပစ္စည်းစုံရုံကလေး ရုပ်ပြတင်ထားရတာ။ အများဆုံးဝယ်လှ နှစ်ဒါဇင်ပေါ့။ ခုတော့ ပက်ကင်အိတ်တွေကို လက်ညှိုးထိုးပြရင်း မေးနေပါပေါ့လား။ မိမိဝယ်လိုသော အရေအတွက်ကို ထုတ်ဖော်၍ ပြောရမှာတောင် ခပ်ရှုံ့ရှုံ့ ဖြစ်နေမိသည်။

"ဈေးကော ဘယ်ဈေးလဲ"

ဦးလွှမ်းဝေသည် အစီအစဉ်ကျအောင် ကြိုးစားပြီး ပြောလိုက်မိသည်။

"ဈေးကတော့ရှင်။ ဆင်ကြယ်က ၄၃၀ဝိ/-၊ မြင်းကြယ်က ၃၀၀ဝိ/- ဈေးရောင်းရပါတယ်။ ဒါက ဈေးမှန်ပါ။ ဦးတို့အများကြီး မြတ်ပါတယ်။ နယ်မှာဆို ဆင်ကြယ်တစ်ရံကို ၅၀ဝိ/-၊ မြင်းကြယ်တစ်ရံကို ၄၅ဝိ/- ထိရောင်းရပါတယ်။ နပ်ရောင်းတာ တစ်ခြားပစ္စည်းနဲ့စာရင် အများကြီးတိုက်ပါယ်။ ဦးလေးတစ်မျိုးစီ တစ်ပက်ကင်လောက်ယူသွားလိုက်ါ"

ဦးလွှမ်းဝေသည် ဆိုင်ရှင်အမျိုးသမီးပြောသော စကားအတိုင်း စဉ်းစားကြည့်လိုက်သည်။ 'မဆိုးဘူး' ဟု မှတ်ချက်ချလိုက်၏။ သို့သော် 'ဈေးဝယ်တဲ့အခါ နည်းနည်းပါးပါး ဆစ်ယ်တန် ဝယ်ရသည်။ မဟုတ်ရင် ဆိုင်ရှင်တွေက နယ်ကလိုတွေဆို သိပ်ရိုက်စားလုပ်ချင်ကြတာ" လာခါနီး ဒေါ်နှင်းရီ

မှာလိုက်သော စကားကိုလည်း ကြားယောင်မိလိုက်ပြန်သည်။

"ဒီဈေးထက် မလျှော့နိုင်တော့ဘူးလား။ နည်းနည်းလျှော့ပါဦးလား"

"ဩော် ဦးလေးကလည်း ကျွန်မတို့က လက်ကားဆိုင်တွေပါ။ ဈေးပိုမပြောဘူး။ တစ်ခွန်းပဲပြောပါတယ်။ ကိုယ့်ဖောက်သည်တွေကို နစ်နာအောင် မလုပ်ပါဘူး။ ဈေးကို စိတ်ချပါ ဦးလေး၊ သူများဈေးထက်ပိုရင် ပြန်ယူလာခဲ့ပါ"

ဦးလွှမ်းဝေသည် မျက်မှန်ကို ချွတ်လိုက်ပြီး လက်ကိုင်ပဝါလေးဖြင့် ဖုန်များကို သုတ်နေမိ၏။

"ဦးလေး ယူမယ်နော်"

"အေး. . . အေး ယူမယ်ယူမယ်။ ဆင်ကြယ်အတွက် ၄၃၀၀ိ/-၊ မြင်းကြယ်အတွက် ၃၀၀ိ/- ပေးထားခဲ့မယ်။ ပစ္စည်းကတော့ မယူသေးဘူး။ ဒီမှာ ခဏထားခဲ့ဦးမယ်။ ညနေ (၄) နာရီလောက်မှပဲ လာယူမယ်"

"ဟုတ်ကဲ့ရှင်. ဟုတ်ကဲ့ရပါတယ်။ ထားခဲ့ပါ"

ဦးလွှမ်းဝေသည် ဗိနပ်ဖိုးငွေများကို လှမ်းပေးလိုက်သည်။

"ကျေးဇူးတင်ပါတယ်ရှင်"

ဦးလွှမ်းဝေသည် ဝန်စည်စလယ်များကို ပြန်ကောက်ပြီး ဖိနပ်ဆိုင်ထဲမှ ခပ်သုတ်သုတ် ထွက်ခွာခဲ့လေ၏။ ဆိုင်ရှင်အမျိုးသမီးကလေး၏ ပီယဝါစာ စကားများသည် ဦးလွှမ်းဝေ တည်းဟူသော ဖောက်သည်ကြီးအား ခြေဆုံးခေါင်းဆုံး ဝါးမျို



ခဲ့လေပြီ။ ဤသည်ပင်လျှင် ဈေးသည်တို့၏ အတတ်ပညာ တစ်ခုဆိုက မှားအံ့မထင်။

× × × × ×

ဒေါ်နှင်းရီသည် ဆရာကြီးဦးလွှမ်းဝေ ဝယ်ယူခဲ့သော ပစ္စည်းများကို ဘောက်ချာနဲ့တိုက်ပြီး စစ်ဆေးလျက်ရှိ၏။ ဦးလွှမ်းဝေကား မိမိတာဝန်ကို ကျေပွန်စွာထမ်းရွက်ပြီးပြီဟု သော သဘောဖြင့် ကိုယ့်ဒေသထွက် အမှတ်-၂၂ ရခိုင်မဂ္ဂဇင်းကို အာရုံစူးနစ်စွာ ဖတ်လျက်ရှိသည်။

"ကိုလွှမ်းဝေ"

"ဗျာ"

"ဒီမှာ ဘယ်လိုလုပ်လာတာလဲ။ ကျွန်မတော့ ရှုပ်ကုန်ပြီ တော်။ ဒီမှာဘောင်ချာထဲမှာ ၁-ဒါဇင် ဆင်ကြယ်၄၃၀ိ/-။ ၁၀ ရုံ မြင်းကြယ် ၃၀၀ိ/-ဆိုပြီး ပါလာတယ်"

"အေးလေ၊ ဒါက ဆိုင်ရှင်အမျိုးသမီးပြောတဲ့ဈေးပဲ။ သူ က ဈေးမှန်ပါတဲ့။ တစ်ခြားဖောက်သည်တွေလည်း ဒီဈေးဘဲ ရောင်းတယ်ပြောတာဘဲဟာ"

"ဟုတ်တယ်လေ ဈေးကတော့ ဈေးမှန်ပဲ။ ခု ဒီပစ္စည်း ဈေးနဲ့ဝယ်ရပါတယ်။ ဒါပေမယ့် ဆင်ကြယ်ဆိုတာ (၁၀) ရုံ ဝယ်ရတဲ့ဟာမျိုး။ မြင်းကြယ်က တစ်ဒါဇင်ကို ဈေးပြောတာ လေ။ ပါလာတာက ဆင်ကြယ်က (၁၀)ရုံဆိုတော့ မှန်ပါတယ်။ မြင်းကြယ်နှစ်ရုံအတွက်ကတော့ နာနေပြီလေ"

"ဟေ. . . ဟုတ်လား။ ငါက ဘယ်အမျိုးအစားက (၁၀) ရဲ့ ဘယ်ဟာက တစ်ဒါဇင်ဆိုတာ သိမှမသိဘဲ။ ပစ္စည်းကောက်တဲ့အခါလည်း အလျင်စလိုဆိုတော့ ဘာမှစစ်ကြည့်ချိန်မရဘူးလေ။ ဒါ သက်သက်အကြောင်းရိုက်တာပဲ"

ဦးလွှမ်းဝေ၏ တဒင်္ဂအရှက်တရားသည် ဒေါသအသွင်သို့ ရုပ်ခြည်ကူးပြောင်းသွားတော့သည်။

"မရဘူးကွာ။ ဒါသက်သက်စော်ကားတာ ငါ့ကို နယ်ကဆိုပြီး တမင်လုပ်တာ"

"ဦးလွှမ်းဝေ ဇာတိကျပြတ်သားပြီး လုပ်စရာရှိတာကို လုပ်လိုက်ရမှ ကျေနပ်တတ်သော လူသားမျိုးနွယ်တို့၏ ဥယျာဉ်မှူးတစ်ဦး ဖြစ်သည်။ မိမိ၏ ရှန်းကန်မှုလမ်းတစ်လျှောက်တွင် အမှန်ကိုလုပ်ရဲ၍ ဝန်မလေးတက်သလို အမှားကိုပြုမိခြင်းအတွက်လည်း ဝန်ခံခေါင်းညိတ်ပြီး တောင်းဆိုရန် တွန့်ဆုတ်တတ်သူကား မဟုတ်။

× × × ×.×

နွေလယ်နေဗို့ ခြစ်ခြစ်တောက် ပူပြင်းလွန်းဘိသည်။ ဦးလွှမ်းဝေသည် အရည်ပျော်နေသော စစ်တွေမြို့၏ ကတ္တရာစေးလမ်းမပေါ်၌ စိတ်ရထား၏။ ပြေးလွှားမှုများနှင့်အတူ ရုပ်ပိုင်းဆိုင်ရာကပါ အရှိန်ပြင်းစွာ လှမ်းထွက်လျက်ရှိသည်။ ဖိနပ်အရဲ (၂၀) ထည့်ထားသော ကြွတ်ကြွတ်အိတ်ကလေးကလည်း သခင်ခေါ်ဆိုရာသို့ ဖဝါးခြေထပ် လိုက်ပါလျက်ရှိချေသည်။



မြို့ဈေးထဲကို လှမ်းဝင်လိုက်သည်။ တွေ့ပြီ တွေ့ပြီ။ သူမကို အဆင်သင့် တွေ့လိုက်ရသည်။ ဆိုင်ရှင်အမျိုးသမီးက ဦးလွှမ်းဝေကို မြင်သည်နှင့် အထူးအားရဝမ်းသာ ရှိသွားပုံရသည်။ အချိုသာဆုံးအပြုံးများဖြင့် ဦးလွှမ်းဝေအား ဖိတ်ခေါ်လိုက်၏။

"ဩော်. . . ဦးလေးပါလား။ လာပါ လာပါ အထဲဝင်ထိုင်ပါဦး။ တော်တော်ရောင်းကောင်းတယ် ထင်တယ်။ တစ်ခေါက်နဲ့တစ်ခေါက် ဘာမှလည်းမကြာဘူး။ ဘာယူဦးမှာလဲဦး"

"ရောင်းကောင်းလို့ မဟုတ်ဘူးဟ။ ဒီက ငါ့တူမလုပ်ပေးလိုက်တာ နည်းနည်းမှားနေတာ တွေ့လို့ ပြန်ရှင်းရအောင်လိုက်လာတာပါ"

ဦးလွှမ်းဝေသည် မာန်ကိုဟန်လုပ်ကာ ခပ်မှန်မှန် ပြန်ပြောလိုက်သည်။

"ဒီမှာ ငါ့တူမ မြင်းကြယ်ဆိုတာ တစ်ဒါဇင်စီဝယ်ရတဲ့ ပစ္စည်းမဟုတ်လား။ အဲဒါ (၁၀) ရံလို့ ရေးထားပြီး ဘောက်ချာမှာ ပါလာတော့လည်း (၁၀)ရံပဲ ပါလာတာတော့ မှန်တယ်။ ဒါပေမယ့် ၃၀၀၀ိ/-ဆိုတာ ငါ့တူမတို့မှာ မြင်းကြယ်တစ်ဒါဇင်ဈေးကို ပြောတာပဲမဟုတ်လား။ အဲဒါ ဦးအနေနဲ့ မြင်းကြယ် (၂) ရံ လိုနေလို့ လာရှင်းတာပါ။ ဒီက ငါ့တူမတို့ဘာနေနဲ့လည်း သတိမထားမိလို့ပဲ ဖြစ်ပါလိမ့်မယ်နော်"

ဦးလွှမ်းဝေသည် အထစ်အငေါ့မရှိအောင် အတတ်နိုင်ဆုံး သတိထားကာ ပြန်ပြောလိုက်သည်။ ဦးလွှမ်းဝေ စကား

ဆုံးသည်ဆိုလျှင်ပင် ဆိုင်ရှင်အမျိုးသမီးလေးမှာ ရယ်မောခြင်း ပြုံးရွှင်ခြင်း၊ ချိုသာစွာပြောဆိုခြင်း လုပ်ငန်းတို့ကို တိကနဲ ရပ်ပစ်လိုက်သည်။

"ပေးစမ်း၊ ပေးစမ်း အဲဒီဘောက်ချာ ပေး . . ကျွန်မ ကြည့်မယ်"

လောဘ၊ ဒေါသ၊ မာနနဲ့ ဆက်နွယ်သော မသိစိတ်သည် ဆိုင်ရှင်မလေး၏ ပါးစပ်ဖျားမှ လွတ်ခနဲထွက်သွားသည်။ ချက်ချင်းပင် ဆရာကြီးဦးလွှမ်းဝေလက်မှ ဘောက်ချာကို ဖက်ကနဲ ဆွဲယူလိုက်၏။

"ဒီမှာ မြင်းကြယ် (၁၀) ရဲ့ လို့ရေးထားတာ ဘယ်လောက် ပါသလဲ"

ဆိုင်ရှင်မက ဦးလွှမ်းဝေအား မြားတစ်စင်း ပစ်လွှတ် လိုက်သည်။

"(၁၀) ရဲ့ပဲ ပါတယ်လေ"

"(၁၀) ရဲ့ပါတာ မှန်တယ်နော်"

ဦးလွှမ်းဝေ ခေါင်းညိတ်လိုက်သည်။

"(၁၀) ရဲ့ရေးထားတာ (၁၀) ရဲ့ပါတာမှန်တော့ (၁) ဒါဇင်လို့ရေးထားတဲ့ ဆင်ကြယ်ကလည်း (၁) ဒါဇင်ပါတာ မှန် ရမှာပေါ့။ ဒီလိုဆို ကျွန်မတောင် နာသွားပြီ"

ဦးလွှမ်းဝေမှာ ပြောရင်း ပြောရင်း တရေးခံဖြစ်ခဲ့ရ ပြီ။ ဘယ်က ဘယ်လိုဆက်ပြောရမှန်း မသိတော့။ အပူရှိန်က ပြင်းရသည့်အထဲ ပြဿနာရပ်ဝန်းက ပိုမိုကြီးထွားလာခဲ့



ကား ဦးနှောက်တစ်ခုလုံး မူးနှောက်ရိုဝေစွာ ခံစားလာရသည်။ မကျေချမ်းမှု၊ အဝင်မကျမှုတို့သည် ဦးလွှမ်းဝေ၏ ရင်အစုံကို လာဆောင့်နေကြသည်။ ဦးလွှမ်းဝေသည် တံတွေးကို ဂလုတ် ခနဲမြည်အောင် မျိုချလိုက်၏။

"ဦးလေး ကျွန်မပြောတာ သဘောပေါက်ပါတယ်နော်၊ ကျွန်မတောင် နာနေပြီ။ ဒါပေမယ့် ကျွန်မ မပြောတော့ဘူး"

"မဟုတ်ဘူးဟေ့ မဟုတ်ဘူး။ ဆင်ကြယ်လည်း (၁၀)ရဲ့ ထဲ ပါလို့ပြောတာပေါ့ဟ"

ဦးလွှမ်းဝေ၏ ထိရှအက်ကွဲကြောင်းက ပိုမိုကြီးထွား လာခဲ့မှုကြောင့် အသံမှာ သိသိသာသာ မြည်ဟီးသွားတော့ သည်။

"ဒါကတော့ ပြောသလိုဖြစ်တဲ့ဟာကိုး"

"ဟင် . . . မင်းတော်တော်စော်ကားနေပါလား။ ငါဟာ မြေပုံမြို့နယ်၊ တောင်ဘက်စွန်းမှာနေတဲ့ လူတစ်ယောက်။ ခုလို မင်း ဆီသိုလာဖို့အတွက် မြေပုံမြို့နယ်၊ ပေါက်တောမြို့နယ်၊ မင်းပြား မြို့နယ်တွေကိုကျော်ပြီး နှစ်နေ့နဲ့ နှစ်ညတိုင်တိုင် မနားမနေ လာခဲ့ရတာ။ ဒီဖိနပ်နှစ်ရံကို မင်းဆီမှာ လိမ် တောင်းဖို့အတွက် ငါ ဒီခရီးကို အပင်ပန်းခံပြီး လာတယ်များ ထင်သလား။ ငါဟာ ကျောင်းအုပ်ဆရာကြီးတစ်ယောက်၊ ငါ့ အသက်အရွယ်နဲ့ ဒီလို လုပ်မယ်လို့များ မင်းထင်သလား . . . ထင်သလား"

ဦးလွှမ်းဝေအဖို့ ပြောထွက်ခဲ့သောစကားများတော့


မပျောက်ခဲ့။ ရှက်ခြင်း၊ ဒေါသဖြစ်ခြင်းတို့ ရောယှက်ကာ လည်ချောင်းထဲတွင် တစ်ဆို့နေခဲ့ပေသည်။ သက်သေခံပစ္စည်းထုပ်ကလေးကိုဆွဲပြီး ထိုင်ရာမှ ဖြုန်းကနဲထကာ လေ၏ လျင်မြန်ခြင်းဖြင့် ပြေးထွက်လာခဲ့မိပေတော့သည်။

ဘွဲ့ရကျောင်းအုပ်ဆရာကြီး ဘာများတတ်နိုင်ပါသေးသနည်း။ ပေါက်ပင်ဘာကြောင့် ကိုင်းရတယ်။ ဈိုင်းနားလို့ကိုင်းရတယ်ဆိုတဲ့ ဒဏ္ဍာရီ ပဋိစ္စသမုပ္ပါဒ်ထဲကလိုများ မိမိညံ့လို့ အပိုင်ကိုင်လိုက်တာဟုသာ ထိထိရှရှ တွေးမိသည်။ လောကကိုပဲ နာကျည်းရမလား။ မိမိကိုယ်ကိုပဲ အပြစ်ဖွဲ့ရမလား။ မဝေခွဲတတ်တော့။

ဘာပဲဖြစ်ဖြစ် ဆိုင်ရှင်အမျိုးသမီးလေး၏၊ မသိစိတ်အမှားပဲ ဖြစ်ပါစေ၊ သိစိတ်အမှား မဖြစ်ပါစေနှင့်ဟုသာ အခါခါဆုတောင်းနေမိတော့သည်။ အကယ်၍ သိစိတ်အမှားသာဆိုပါက ပစ္စုပ္ပန်တွင် ဆရာကြီးက ခံရသူ။ သံသရာကျတော့. . .။

အမှတ် (၂၃)၊ ရနိုင်မဂ္ဂဇင်း၊ ၂၀၀၀-ခုနှစ်၊ ဇွန်လ။

# မျက်ရည်စက် နဲ့ တက်ခေါက်သံ



## မျက်ရည်စက်နဲ့တက်ခေါက်သံ

မိုးနှောင်းရာသီပေမို့လား မသိ၊ ဆည်းဆာ၏ မြင်ကွင်းက လှပလွန်းပါဘိ။ မိုးသားကောင်းကင်ထက်တွင် တိမ်မည်းညို တစ်စနှစ်စ တွဲခိုနေသည်မှအပ ကြည်လင်နေသည်။ ရခိုင်ပြည်နယ် မြောက်ပိုင်းတစ်ခွင်တွင် ပုဏ္ဏားကျွန်းမြို့ကလေးမှာ ပင်လယ်ပြင် ထွက်ပေါက်တစ်ခုလို ဖြစ်နေသည်။ မိုးတွင်းဆိုလျှင် ရိုးမတောင်ကျရေများဖြင့် ရေချိုအတိ၊ မိုးပွဲသည်နှင့် ပင်လယ်ရေငံများ မင်းမူနေကြပေပြီ။ သည်မြို့နယ်အတွင်းရှိ ယိုးချောင်းသည်ကား ကုလားတန်မြစ်၏ လက်တက်တစ်ခု ဖြစ်သည်။ ချောင်း၏ ဝဲယာတစ်လျှောက်တွင်ကာ ရခိုင်၊ ခမီ၊ ချောင်းသား၊ ဒိုင်းနက်စသော တိုင်းရင်းသားကျေးရွာများက အစီအရီ။



မွန်းတည့်ချိန်လောက်ကပင် သာအောင်တို့သားအဖ ကွန်ပစ်ဆင်းလာခဲ့ကြသည်။ ချောင်းဝဘက် ယိုးငူရွာနားအရောက်တွင်တော့ နေညိုခဲ့လေပြီ။

“ဖြူတ်တွေ မတရားကိုက်တာပဲ ပြန်ကြပါစို့ အဖေရယ်”

“နေဦးလေကွာ၊ သားကလည်း ခုမှရောက်ခါစရှိသေးတာ။ ရေတက်စနဲ့မှ ငါးတွေက ကမ်းကပ်တာကွ။ ခဏပဲ ခဏလေးနေ့ာ် သား။ ဒီနားတစ်ကွေ့လောက်ပဲ”

ထွန်းဖဲကလေးမှာ အသက် ၁၀-နှစ်ခန့်သာ ရှိပေသေးသည်။ သို့သော် ကျောင်းအားရက်များတွေဆို ပလိုင်းလေးတစ်ကိုင်ကိုင်နဲ့ အဖေသာအောင် ကွန်ပစ်ရာသို့ လိုက်ပါရပြေ။ ထွန်းဖဲကလေးမှာ ဖြူတ်ကောင်တွေရဲ့ နှိပ်စက်မှုကြောင့် ဘီးလူးက က,နေရသည်နှင့် ဘာမျှမခြား။ သူ့ကိုယ်လုံးကလေးက ရွံ့နှစ်၊ ရွံ့ညိုများ ပေကျံနေမှုကြောင့် ဖြူတ်ကောင်ကလေးများရဲ့ သည်းခြေကြိုက် ဖြစ်နေပေတော့သည်။ ဆာလောင်မွတ်သိပ်မှု ဝမ်းမီးကလည်း ပူဆာလာရာ ထွန်းဖဲကလေး လုံးဝစိတ်မရှည်ချင်တော့ပေ။

“ပြန်ကြပါစို့ အဖေရယ်၊ သားဗိုက်ဆာနေပြီ”

“အေး. . . အေး သားရယ်၊ ငါးကလည်း ခုမှ တွေ့လာတာ။ ပြန်မယ်. . . ပြန်မယ် ဒီတစ်ချက်ပဲ ကဲ. . .”

“ဝို. . . . ဖျန်း”

သာအောင်သည် နောက်ဆုံးကွန်ချက်ကို မောင်းအားသွင်းပြီး ကြပစ်ချလိုက်သည်။ သာအောင်ရဲ့ လက်သုံးတော်

ကွန်ကလေးမှာ သခင်ခိုင်းစေသည့်အတိုင်း ချောင်းရေထဲသို့ အစွမ်းကုန် ပြန့်ကားဝိုင်းစက်လျက် ကျသွားသည်။ ကွန်ချက် လှပမှုကိုကြည့်ပြီး သာအောင် ကျေနပ်သွားသည်။ ကွန်ဖူးချာ ကြိုးကလေးကို တစ်ချက် နှစ်ချက်လှုပ်ခါပြီး အသာအယာ ဆွဲယူလိုက်သည်။

"ဟာ... ကွန် ငြိနေပြီကွ သစ်ငုတ်ပဲ ထင်တယ်"

သာအောင်မှာ ကွန်ကိုဖြုတ်ယူရန် ရေထဲသို့ ပလွတ်ကနဲ ငုပ်ဝင်သွားသည်။

"အဖေ ဟိုမှာ ငါးကြီးတစ်ကောင် ငါးကြီးတစ်ကောင်"

ထွန်းဇံကလေး အော်ပြောသည်ကိုကား သာအောင် မကြားနိုင်တော့ပေ။ ရေအောက်သို့ ငုတ်သွားခဲ့ပေပြီ။ ထွန်းဇံ ကလေးမှာ ငါးကြီးကိုတစ်ချက်သာ မြင်လိုက်ရပြီး... ငါးကြီး မှာလည်း ရေအောက်သို့ ငုပ်ကာ ပျောက်ကွယ်သွားသည်။ သူ့အဖေ ရေထဲမှပေါ်လာလျှင် သည်မြင်ကွင်းကို အားရပါးရ ပြောရန် အားခဲထားလိုက်သည်။ အဖေမြန်မြန် ပြန်ပေါ်ပါစေ ဟုလည်း ဆုတောင်းနေမိသည်။

"အဖေကလည်း ကြာလိုက်တာ"

ထွန်းဇံကလေးမှာ တစ်ယောက်တည်း ရေရွှတ်နေမိ သည်။ စိတ်တွင်လည်း မချင့်မရဲ ဖြစ်လာ၏။ ဝမ်းနည်းအား ငယ်မှုက နှလုံးအိမ်တွင် လာဆောင့်နေပေပြီ။ သူ့အဖေကား ပေါ်မလာသေး။

"အဖေရေ... အဖေ"



ထွန်းဇံက သူ့အဖေကို ခေါ်ကြည့်လိုက်သည်။ အဖေ သာအောင်ထံမှ ထူးခြားမှု မပြ။ ငိုပြီး ဝမ်းနည်းလာသည်။ တောင်မြောက် ဝဲယာလှမ်းကြည့်လိုက်သည်။ အားကိုးစရာ လူသူလေးပါး တစ်ယောက်တစ်လေမျှ မမြင်။ ပတ်ဝန်းကျင် တစ်ခုလုံးသည် မှိုင်းမှိုင်းညို့ညို့ ဆိုင်းဆိုင်းဆို့ဆို့။ မြစ်ဝဘက် မှ ပြေးတက်လာသော တောင်လေတစ်အုပ်က ချောင်းရေပြင် ကို လှုပ်နှိုးလိုက်ရာ လှိုင်းခေါင်းဖြူများ ထခုန်ကြသည်။ တောင် မြန်လေနှင့်အတူ မိုးဖွဲကလေးများကပါ စစ်ကူလိုက်လာသည်။ မိုးလေမိုးစက်တို့ကြောင့် ထွန်းဇံကလေးမှာ ဖျားကနဲ ခံစား လိုက်ရသည်။ ဝမ်းနည်းအားငယ်မှုများကလည်း အထပ်ထပ် ရစ်ပတ်လာကြပေပြီ။ သူ့အဖေ ငုပ်ဆင်းသွားရာနေရာသို့ ကြည့်လိုက်၏။ အဖေ့အရိပ်အရောင်ကိုကား လုံးဝမမြင်။ မမြင်။

"အဖေ... အဖေရေ"

"အဖေ... အဖေ"

"အဖေ... အဖေရေ"

ထွန်းဇံကလေး၏ အသံမှာယိုးချောင်း ကမ်းစပ်တွင် ပဲ့ တင်ထပ်ခဲ့ချေပြီ။ အဖေသာအောင်ကား ပေါ်မလာချေ။ မျက် လုံးအိမ်မှ မျက်ရည်များ ကြွေဆင်းကြလာသည်။

"အဖေရေ အဖေရေ... ဟီး ဟီး ဟီး ဟီး"

ထွန်းဇံကလေးမှာ ချုံးပွဲချငိုနေခဲ့လေပြီ။ အမှောင်ထုက ကြီးစိုးလာ၏။

"အမေရေ ဟီး ဟီး ဟီး"

ထွန်းဇံကလေး၏ အမေခေါ်သံနှင့် ငိုကြွေးသံက ပိုမို မြည်ဟီးလာသည်။ ယိုးငွရွာဘက်သို့ လှမ်းကြည့်လိုက်သည်။ မီးရောင်များ မှိတ်တုတ်မှိတ်တုတ် လင်းလက်နေသည်ကို မြင် လိုက်ရသည်။ ယိုးငွရွာသွားလျှင် ရောက်သည်။ သို့သော် အမေ ကို သည်အတိုင်း မထားခဲ့ချင်။ အမေပေါ်လာလို့ သူ့ကိုမတွေ့ လျှင် စိတ်ဆိုးမည်။ မသွား ... အမေ့ကို စောင့်မည်။

ညဥ့်၏အမှောင်ထုက ပိုမိုအားကောင်းလာသည်။ ပတ်ဝန်းကျင်သည် မှောင်နှင့်မည်းမည်း။ ထွန်းဇံကလေးအဖို့ အရှုယ်နှင့်မမျှအောင် သောကဝေနေရသည်။

"ဟင်... ဟိုမှာ လက်နှိပ်ဓာတ်မီးဉာစ်ခုပါလား"

ထွန်းဇံကလေး၏ အသိရင်မြင်တွင် မျှော်လင့်မှုလေး တစ်ခု လာဆောင့်သည်။ အလင်းတန်းမှာ ထွန်းဇံကလေးတို့ သရက်ချိုရွာဘက်မှ ရွေ့လျားလာနေခြင်းဖြစ်သည်။

တဖြည်းဖြည်း ပိုမို နီးကပ်လာသည်။ စကားပြောသံများ ကိုပင် မသဲမကွဲ ကြားလာရပြီ။

"ကိုသာအောင်နယ်ဗျာ။ ဒီလောက် အချိန်အကြာကြီး သွားနေရတယ်လို့။ ဟိုကောင်လေး ဘယ်လောက်ထိ ဝမ်းဆာ နေပြီလဲ မသိဘူး"

"သူလည်း ဒီလောက်တော့ သိမှာပေါ့ကွာ။ တစ်ခုခု အခက်အခဲဖြစ်နေလို့ နေမှာပေါ့"

သည်အသံတွေကို ထွန်းဇံကလေး ကောင်းကောင်း



မှတ်မိသည်။ ဘဘကြီး ဦးသာဇံအောင်နှင့် အိမ်နီးချင်းအတူ နေကြတဲ့ ကိုကျော်နိုင်ကြီး အသံများပင်။ ထွန်းဇံကလေးမှာ ဝမ်းသာမှုဂယက် ထိပ်ပေါ်ရောက်သွားသည်။

"ဘဘကြီးရေ... ဘဘကြီး။ ကျွန်တော် ဒီမှာဗျ"

"ကိုကြီးကျော်နိုင်ရေ ကျွန်တော်ဒီမှာဗျ။ အမေရေထဲက မပေါ်တော့ဘူးဗျ ဟီး ဟီး ဟီး"

အလင်းတန်းမှာ ထွန်းဇံကလေးဆီသို့ တန်းကနဲ ကျ ရောက်လာသည်။

"ဟ... ဟိုမှာပေါ့၊ ဟိုမှာ... ဟိုမှာ ထွန်းဇံ ထွန်းဇံ"

ဦးသာဇံအောင်တို့မှာ ထွန်းဇံကလေးဆီသို့ ရောက်လာ ကြသည်။

"အမေမရှိတော့ဘူးဗျ။ အမေ ရေထဲငုပ်သွားတာ မပေါ် တော့ဘူး"

"အမေငုပ်သွားတဲ့နေရာက ငါးကြီးတစ်ကောင်လည်း ပေါ်သွားတယ်"

"တော်တော်ကြီးလား"

"အကြီးကြီးပဲဗျ။ လူကြီးနှစ်လံလောက်ရှိတာ"

"ဟင်"

ဦးသာဇံအောင်နှင့်ကျော်နိုင် မျက်လုံးချင်းဆုံသွားကြ သည်။ နှစ်យောက်စလုံး ခပ်မှိုင်မှိုင် ဖြစ်သွားကြသည်။

"သေချာတာပေါ့ကွာ။ ဒါ ပါးဖြူကြီးလက်ချက်ပဲ..."

သည်နယ်တစ်ဝိုက်တွင် ပါးဖြူမိကျောင်းမှာ နာမည်ကြီး။

တစ်ခါတစ်ခါပေါ်လာတတ်ပြီး လူတွေ၊ ကျွဲနွားတွေကို ဒုက္ခပေးတတ်သည်။ နောက်နှစ်နှံချိုပြီး ပျောက်သွားတတ်သည်။ ပါးဖြူကြီးပျောက်နေသည်မှာ အတော်ကြာပြီ။ ယခုပေါ်လာမည့် ပေါ်လာတော့ သရက်ချိုရွာသား ကွန်သမား သာအောင်ပါသွားခဲ့ချေပြီ။

× × × × ×

ထွန်းဇံမှာ အတိတ်ကို တွေးမိတိုင်း စိတ်မကောင်း။ မိမိမျက်စိအောက်မှာ အဖေ့ကိုဆွဲခေါ်သွားသော ပါးဖြူကြီးကို လုံးဝ မကျေနပ်။ တကွေ့တော့ တွေ့ကြမည်ဆိုသော နာကြည်းခံပြင်းစိတ်သည် နှလုံးသားဇာတိုချက်၌ နေရာယူထားသည်။ ပါးဖြူကြီးကို စုံစမ်းခဲ့သည်မှာ ထွန်းဇံအသက် ၃၀-ကျော်ခဲ့ပြီ။ မကျေပွဲ နွှဲကိုနွှဲဦးမည်။ ထွန်းဇံ၏ ဆုံးဖြတ်ချက်က တိကျဖြတ်သားလှသည်။

ထွန်းဇံမှာ အဖေ့လိုပဲ ငါးဖမ်းသည်။ ချောင်းရိုးတစ်လျှောက် စုန်ဆန်မျောကာ ပါးဖြူကြီးကို စုံစမ်းသည်။ တွေ့မည်ကို မဆိုထားဘိ၊ သတင်းအစအနတိုပင် မကြား။

"ဟာ. . . မိကျောင်းဟေ့. . . မိကျောင်း နွားကိုရိုက်ချသွားပြီ"

ကမ်းစပ်မှ နွားရှင်၏ အော်ဟစ်သံမှာ ထွန်းဇံ၏ စိတ်ရင်ပြင်တွင် ဂယက်လှိုင်း ရိုက်ခတ်သွားသည်။ ချက်ချင်းပင် လှေကို ကမ်းသို့ လှော်ကပ်လိုက်သည်။ နေရာမှာ ဝမ်းဒီရွာ



အထက် ကျားလောင်ပွန်းအိုင် ကမ်းစပ်ဖြစ်သည်။ နွားရှင်မှာ ကမ်းပေါ်တွင် ဗျာယာခတ်နေသည်။

"ဘယ်မှာလဲ မိကျောင်း"

"ခုပဲဗျာ ဒီကမ်းနားမှာ အစာစားနေတုန်း ရိုက်ချသွားတာပဲ"

ထွန်းဇံဟာ ချောင်းရိုးတစ်လျှောက် ဝေ့ဝိုက်ကြည့်လိုက်သည်။ ဟိုက် မြင်လိုက်ရပြီ။ မိကျောင်းကြီးမှ မိကျောင်းကြီးအစစ်။ နွားမတန်းမလေးကို ဘယ်ညာဝှေ့ပြီး အောင်ပွဲခံနေသည်။ နွားမလေးကတော့ ဘာမှမတတ်နိုင်ရှာ။ မိကျောင်းကြီးပြုသမျှ နုနေရသည်။ တစ်ချိတွင် နွားမလေးကို ချီမ,ပြီး မြှင့်တင်လိုက်ရာ မိကျောင်းကြီး၏ ဦးခေါင်းဝိုင်းတစ်ခုလုံးကို နေရောင်ဖြင့် အထင်းသားမြင်လိုက်ရသည်။

"ဟာ. . . ပါးဖြူကြီးပဲဟေ့. . ."

ထွန်းဇံ၏ နှုတ်များမှ ထွက်သွားသောအသံ၊ ချက်ချင်းပင် ထွန်းဇံ၏ မေးရိုးကြီးများ ထောင်ထသွားသည်။ အံကိုတင်းတင်းစေ့ပြီး မျက်လုံးများ မီးဟုန်းဟုန်းထတောက်လှုနီးပါး စိုက်ကြည့်လိုက်သည်။ အနှစ်နှစ်အလလ ရှာဖွေခဲ့သော ရန်သူ ပါးဖြူကြီး။ မိသားစုဘဝကို မိုးရွာနေပူမရှောင် ရှာဖွေကျွေးမွေးခဲ့သော ကျေးဇူးရှင်ဖခင်ကို ဇိဝိန်ခြွေခဲ့သော ပါးဖြူကြီး။ ခု မိမိရှေ့မှောက် တစ်ခေါက်ပြန်ရောက်ပြီး အောင်ပွဲခံနေပြန်ပြီ။ ထွန်းဇံ၏ ဒေါသလှိုင်းများ ရင်၌ လာဆောင့်နေသည်။

ပါးဖြူကြီးကတော့ လောကကြီးကို ထီမထင်ပုံ သူ့ အောင်ပွဲအတွက် ပျော်လိုက်သည့်ဖြစ်ခြင်း။ နွားမတန်းလေးကို ရေစုန်ဆွဲခါဆွဲ ရေဆန်ငင်ကာငင်နဲ့ ပျော်မြူးနေသည်။

"တောက်"

ထွန်းဖံ၏ ရင်တွင်းမှ ထွက်လာသော မာန်ဖီသံ။ စစ်မြေပြင်တွင် ရန်သူကို အနိုင်ရရေးအတွက် သတ္တိအားမာန်နဲ့ တိုက်နိုက်မှု စွမ်းရည်တို့ လိုအပ်ပေသည်။ ကြိုတင်ပြင်ဆင်မှုကတော့ မလုပ်မဖြစ် လုပ်ရပေတော့မည်။

× × × × ×

"ဟော့... ဟိုမှာ... ဟိုမှာ"

"ဟုတ်တယ်ဟေ့... နွားသေကောင်ကြီး ပေါ်နေပြီ"

"ကဲ... အဲဒါဆွဲတင်ကြမယ်"

နွားရှင်ရော ရွာသားတွေပါ နွားသေကောင်ကြီးကို ဝိုင်းဆွဲတင်ကြသည်။ သည်ချောင်းနိုးတစ်လျှောက်တွင် နိစ္စဓူဝ ကူးသန်းသွားလာကြသည်။ လူသူဖြတ်သည်ဟူ၍ မရှိ။ သည်တော့ မနှစ်မြို့ဖွယ်ရာသောအလောင်းကောင်တို့ ပေါ်လော၊ ပေါ်လောပျောနေ၍ မသင့်တော်။ ထို့ကြောင့် ခွေးသေကောင်ကအစ ချောင်းထဲသို့ မျှောချသည်ဟူ၍ မရှိကြ။ မြေမြှုပ်ကြရသည်။ သည်ချောင်းရေမြင် သန့်ရှင်းမှ သည်ချောင်းတွင် ကူးသန်းသွားလာနေကြသူတွေရော သားငါးရှာဖွေသူများပါ စိတ်သန့်ကြပေမည်။



နွားသေကောင်ကြီး ဆွဲတင်ရေးမှာတော့ ထွန်းဖံဟာ အစကာ ဦးဆောင်ပါဝင်သည်။ တက်ကြွနေသည်။ နှစ်ပေါင်း နှစ်ဆယ်ကျော် မျှော်လင့်ခဲ့သော အကြောင်းအရာတစ်ခု မိမိ ရှေ့မှောက် ရောက်ခဲ့ပေပြီမို့ လက်ပန်းပေါက်ခတ်ခဲ့ပေပြီ။ ပါးဖြူကြီးရဲ့ရိုက်ချက်ဟာ ထွန်းဖံအဖို့ တိုက်ပွဲခေါ်သံပင်။

"ကဲ... အသည်းနှလုံးအဆုတ်ကအစ ကလီစာတွေ ငါယူမယ်ဟေ့"

ထွန်းဖံသည် နွားကြီးကိုယ်ထဲမှ သူလိုချင်သော ပစ္စည်းများကို ဆွဲထုတ်ယူလိုက်သည်။ ထွန်းဖံအဖို့တော့ အရာရာသည် -အင်အားဖြစ်နေသည်။ သည်ကောင်ကြီး ဘာမျှ မရောက်နိုင်သေးဘူး။ ကျားလောင်ပွန်အိုင်ထဲမှာပဲ အငြိမ့်သား ရှိနေဦးမှာပဲဟု ကျိန်းသေတွက်ထားသည်။

ထွန်းဖံသည် လှေကို အိုင်လယ်တွင် ရပ်လိုက်၏။ နွားအသည်းနှလုံးကို တစ်သောင်ဘော်မျှားကြီးတွင် မြဲစွာချည်နှောင်ပြီး အိုင်ထဲသို့ ပစ်ချလိုက်သည်။ ပါးစပ်ကလည်း တွတ်တီးတွတ်တာ ရေရွတ်လိုက်၏။ နိုင်လွန်ကြိုးကို လှေတွင်မြဲမြဲချည်ကာ ရေတက်ရေကျ မျှောလိုက်နေပေသည်။

ဟော... ထွန်းဖံရဲ့ ခန္ဓာကိုယ်တစ်ခုလုံး ခပ်ပြင်းပြင်း ခါယမ်းသွားပေပြီ။ လှေမှာ ရေပန်းတွေ တဖွားဖွားနဲ့ ရေဆန်ပြေးလေပြီ။ ထွန်းဖံ ပျော်သွား၏။ သည်ကောင်ကြီး၏ အစာမျိုသွင်းရာ လမ်းကြောင်းတစ်နေရာရာကို ငါးမျှားချိတ်ကြီး မြဲမြဲစွာ ခြေကုတ်ယူထားသည်မှာ သေချာပေပြီ။ ထွန်းဖံဟာ

သတိကို မြဲမြဲထားပြီး လှေပြေးရာသို့ တက်မကို ဘယ်ညာလှည့်ပြီး လမ်းဖြောင့်ပေးထားသည်။ သည်ချောင်းကြီးထဲမှာကြီးခဲ့သည်ပဲ၊ သည်ပညာတော့ ရေတံငါ ထွန်းဇံ ကျွမ်းသည်ပေါ့။

ပါးဖြူကြီးက လူမိုက်ထိပ်ရိုက်ခွဲခံရသလို ခေါင်းယမ်းဖိုးပေါက်ကွဲပြီး အစွမ်းကုန်ကြဲနေပေပြီ။ ထွန်းဇံကလည်း တွေ့ကြပြီပေါ့ဆိုသည့်သဘော အံကို တင်းတင်းကိုက်ရင်း တက်မကို ကျင်လည်စွာ ကိုင်ပေးထားသည်။ ပါးဖြူကြီး အရှိန်လျော့လျှင် ထွန်းဇံက မျှားကြိုးကို အားကုန်ဆောင့်ဆွဲလိုက်သည်။ သည်အချိန်တွင်တော့ ပါးဖြူကြီး၏ နှလုံးသည်းပွတ်တွေ ပြုတ်ထွက်လုခမန်း နာကျင်လေသလားမသိ။ လှေကို ဆောင့်ဆွဲယူသွား ပြန်သည်။ လှေရပ်လျှင် ထွန်းဇံက မာန်အပြည့်သွင်းပြီး ဆောင့်ဆွဲလိုက်ပြန်သည်။ ဤသည်ပင်လျှင် ထွန်းဇံ၏ စစ်ရေးပရိယာယ် ဖြစ်သည်။ ထွန်းဇံမှာ ပါးဖြူကြီး ကြမ်းသမျှ ကျေနပ်နေသည်။ သူ့အလိုလိုက်မှ ကိုယ့်အလို ပြည့်မည် မဟုတ်ပါလား။

သည်တစ်ချီတွင်တော့ ပါးဖြူကြီး နည်းဗျူဟာ ပြောင်းလာသည်။ ကိုယ်ကြီးကို ရေပေါ်သို့ ဘွားကနဲ မြင့်တင်လိုက်သည်။ လှေမှာ နံတစ်ဘက်စောင်းကာ ရေတွေဝေါကနဲ ဝင်သွားသည်။ ထွန်းဇံ၏ခြေနှစ်ချောင်း ကားကနဲမြောက်တက်သွားသည်။ ထွန်းဇံမှာ လှေနံကို တင်းတင်းကိုင်ပြီး ပဲ့ထိုင်ရှေ့ခန်းသို့ ကမန်းကတန်း ပြေးဆင်းလိုက်သည်။ ရင်တစ်ခုလုံး



ဟာကနဲ ဖြစ်သွားသည်။ အသိနှင့်သတိကို တင်းတင်း ဖက်တွယ်ကာ လုံကို ဇက်ကနဲ ကောက်ဆွဲပြီး အားကုန်ညှစ်ကာ ထိုးချလိုက်သည်။ လုံသွားသည် ပါးဖြူကြီး၏ အသားစိုင်ထဲသို့ နစ်ဝင်သွားသည်။

စစ်မြေမြင် အခြေအနေမလွယ်ကြောင်း ပါးဖြူကြီးရိပ်မိသွားပြီ။ ချက်ချင်းပဲ ကိုယ်ကြီးကို ခါယမ်းကာ မာန်ဟုန်သွင်းပြီး ငုပ်ဆင်းသွားသည်။ ထွန်းဇံ၏ လှေမှာကား ချာလပတ်လည်ကာ ခပ်ကြမ်းကြမ်း ပါသွားခဲ့ပြန်သည်။ ထွန်းဇံအတွက်စက္ကန့်တိုင်း စက္ကန့်တိုင်းသည် အရေးကြီးနေပေပြီ။ တက်မကို ဘယ်ဘက်နံစောင်းတွင် ကျိတ်ပြီး လှေကိုထိန်းပေးထားသည်။ ညာဖက်လက်ဖြင့် လုံကိုမြောက်ကိုင်ကာ အသင့်ရွယ်လျက်ကျားရဲတစ်ကောင်၏ဟန်မျိုးဖြင့် စောင့်ကြည့်နေသည်။ တိုက်ပွဲအရှိန်ကား အတော်မြင့်နေခဲ့ပေပြီ။ တစ်ကွက်မျှ အလစ်ပေး၍ မရ။ ညှံ့သူခံစတမ်း အခြေအနေမျိုး။

ပါးဖြူကြီးသည် လှေကို နှစ်မိုင်ခန့်ထိ မနားမနေ ဆွဲယူသွားသည်။ ထွန်းဇံကလည်း ပါးဖြူကြီးယူစမ်းပါစေ၊ သတိကြီးစွာထားပြီး အသင့်အနေအထားဖြင့် လိုက်ပါနေသည်။ ပါးဖြူကြီး ဘာစိတ်ကူးပေါက်သည် မသိ။ လှေကို အထက်ဘက်သို့ တစ်ခေါက် ပြန်ဆွဲလာပြန်သည်။ ဆွဲစမ်းပလေ့စေ၊ ထွန်းဇံ ကြိတ်သည်။ သည်တစ်ချီတွင်တော့ ပါးဖြူကြီး လှေကို သုံးမိုင်ခန့်ထိ ဆွဲယူသွားသည်။ အထက်ဘက် ပါးတော်အိုင်သို့ ရောက်သွားခဲ့ပေပြီ။

ပါးတော်ဒိုင်သည် ပါးဖြူကြီးဝပ်ကျင်းချရာ နေရာများ ဖြစ်နေသလား မသိ။ တော်တော် ပွဲကြမ်းနေပြီ။ ရေပေါ်သို့ ပေါ်လာလိုက် ပြန်ငုပ်လိုက်ဖြင့် ရေလှိုင်းပောင်ဗင် ဆူနေခဲ့ပေပြီ။ ထွန်းဇံမှာ လှေနစ်မသွားရေးအတွက် အတော့်ကို ကြိုးစားထိန်းကိုင်နေရသည်။ သည်အတိုင်းဆိုလျှင် ပါးဖြူကြီး အသာစီးရနေသလိုမျိုး ဖြစ်နေသည်။ မကြာမီ လှေနစ်သွားနိုင်သည်။

ထွန်းဇံမှာ အသိကို တစ်ဆင့်မြှင့်လိုက်သည်။ ထွန်းဇံဟာ ရေထည့်လာတဲ့ ဂါလံပုံးကြီးကို မှောက်သွန်လိုက်သည်။ မျှားကြိုးကြီးဖြင့် ဂါလံပုံးကွင်းကို တင်းတင်းဆွဲချည်လိုက်၏။ ကျေနပ်လောက်မှ ရေထဲသို့ပစ်ချလိုက်သည်။ သည်အတိုင်းဆို လှေဟာ ပါးဖြူကြီးနဲ့လုံးဝ `အဆက်အသွယ်ပြတ်သွားခဲ့ပြီ။ ရေတံငါပဲလေ။ သည်ပွဲကြီး နွှဲနေမှတော့ ဒီလောက်တော့ သိရပေမည်ပေါ့။

ဖော့ပုံးကြီးကတော့ အေးအေးဆေးဆေး ရွေ့နေသည်။ တိုက်ပွဲအခြေအနေ ထွန်းဇံ သုံးသပ်မိပေပြီ။ ပါးဖြူကြီးက တကယ့်ပါးဖြူကြီး မိမိထင်တာထက် ပိုပြီး တိုက်အားကောင်းနေသည်။ ဤအတိုင်း နေ၍မဖြစ်။ ရှာသို့ ခပ်သွက်သွက်လှေလှော်ထွက်လိုက်သည်။

အပြန်လမ်းက နေခြည်နွမ်းလို့ အမှောင်သန်းခဲ့ပေပြီ။

ထွန်းဇံတစ်ညလုံး အိပ်မပျော်။ မိုးလင်းခါနီးမှ မှေးကနဲ တစ်ချက် အိပ်ပျော်သွားသည်။ အိပ်ရာက နိုးသည်ဆိုရင်ပဲ



လိုအပ်တဲ့ပြင်ဆင်မှုတွေလုပ်ကာ ပါးဖြူကြီး၏ ပိုင်နက်ထဲသို့ ချဉ်းနင်း ဝင်ရောက်ခဲ့ပြန်သည်။ သည်နေ့တွင်တော့ ရွာသား နှစ်ဦး အင်အားတိုးဖြည့်လာခဲ့သည်။ ကိရိယာတွေလည်း အပြည့်အစုံ။ ထွန်းဇံတို့အဖွဲ့သည် ပါးတော်ဒိုင်တစ်ဝိုက် လိုက်ကြည့်ကြသည်။ ထွန်းဇံ ရင်မောသွားသည်။ ထွန်းဇံ လွှတ်ပစ်ခဲ့သည့် ဖော့ပုံးမှာ အစအနပင် မတွေ့တော့ချေ။ သည်တစ်ချီလည်း ပါးဖြူကြီးအောင်ပွဲခံပြီလား မသိ။

ထွန်းဇံ လုံးဝမကျေနပ် ပါးတော်ဒိုင်အောက်ဘက်သို့ လှော်ဆင်း လိုက်ကြသည်။ မူလတိုက်ပွဲ စတင်ဖြစ်ပွားရာ ကျားလောင်ပွန်းဒိုင်တွင် ရှိလိုရှိငြား ရှာကြပြန်သည်။

"ဟိုမှာဟော့. . . ဟိုမှာ"

. ဝမ်းသာအားရသံများ ထွန်းဇံ နှုတ်ဖျားမှထွက်လာသည်။

ဖော့ပုံးဖြူဖြူကြီးမှာ ငြိမ်သက်နေသည်။ ပါးဖြူကြီး လွတ်များသွားပြီလား။ ရင်တထိတ်ထိတ် ဖြစ်နေသည်။ ထွန်းဇံသည် ဖော့ပုံးကို ကောက်ဆွဲလိုက်သည်။ ပါးဖြူကြီးအနာပေါ် တုတ်ကျခဲ့လေပြီထင့်။ ရေပြင်တစ်ခုလုံး ချောင်းဆန်သွားသည်။ လှေနှင့် မနီးမဝေးက ကိုယ်ကြီးကို ခပ်ကြမ်းကြမ်း လူ့ပ်ယမ်းကာ ပါးဖြူကြီး ပေါ်လာသည်။ မာန်စွယ်ဖွေးဖွေးဖြင့် လှေဆီသို့ ဦးတည်ဝင်လာခဲ့ချေပြီ။ မာန်ကုန်လွှင့်၍ စစ်မျက်နှာဖွင့်လာခဲ့ချေပြီ။ သည်ကောင်ကြီး အစွမ်းကုန်ကြဲတော့မည့်ပုံ။ ပါးဖြူကြီးအတွက် အပြီးသတ်ချေမှုန်းရေးပဲ ဖြစ်လိမ့်မည်။

လာပလေ့စေ၊ ဘာဖြစ်လဲ၊ စစ်မြေပြင်ရောက်နေပြီပဲ။ ရဲဂုဏ်ပြရတော့မပေါ့။ ထွန်းဇံတို့မှာ အသင့်အနေအထားဖြင့် ရှိနေကြသည်။ တစ်ကွက်လျှော့လျှင် ခံရမည်။ သမ္မဇဉ်တရားကို ထိပ်ပေါ်တင်ထားကြသည်။ ဟော. . . ပါးဖြူကြီး လေ့နားသို့ ရောက်လာခဲ့ချေပြီ။

"ရော့. . . လာလေ့. . . ရော့. . . ရော့"

ထွန်းဇံတို့သည် အရင်းကပင် ခုတ်ယူလာခဲ့ကြသော ဓနိရိုးများဖြင့် အစွမ်းကုန်ဟပြထားသော ပါးဖြူကြီး၏ ပါးစပ်ထဲသို့ တစ်ချောင်းပြီးတစ်ချောင်း လှမ်းထိုးလိုက်ကြတော့သည်။ ဓနိရိုး ချွန်ထက်ထက်များက လှံတံကြီးများသဖွယ် ပါးဖြူကြီး၏ အာခံတွင်းသို့ အမြုပ်လိုက်ဝင်သွားကြပေပြီ။ ထွန်းဇံတို့ လှုပ်ရှားမှုက မြန်ဆန်လွန်းလှသည်။ ပါးဖြူကြီးကလည်း ပါးဖြူကြီးပဲ ဘယ်ခံလိမ့်မတုန်း။ သမိုင်းတစ်ခေတ် ထွန်းတောက်နေတဲ့အကောင်ပေကိုး။ သူ့ကိုထိတော့ မချိအောင်နာခဲ့ပြီပေါ့။ မာန်စွယ်ဖွေးဖွေးဖြင့် အကုန်လုံးကိုက်ဝါးလိုက်သည်။

သည်ပွဲမှာတော့ ဘသားချောကောင်ကြီး တစ်ကွက်ခံသွားရချေပြီ။ ထွန်းဇံတို့က ရေတံငါပဲလေ။ သည်လောက်တော့ ပါးသည် လျှင်သည်ပေါ့။ ပါးဖြူကြီးက မာန်ကြီးပြီးကိုက်ဝါးလိုက်တိုင်း ပါးဖြူကြီးရဲ့ မာန်စွယ်ကြီးများဟာ ဓနိလျှော်မျှင်များဖြင့် လုံးထွေးရစ်ပတ် ချည်နှောင်ထားသလို ဖြစ်သွားခဲ့ချေပြီ။ မိစ္ဆာကောင်ကြီးရဲ့ မာန်စွယ်ကြီးတွေဟာ ထွန်းဇံတို့ကို မည်သို့မျှ အန္တရာယ်မပေးနိုင်တော့။ သတ်ကွင်းထဲမှာ ပါးဖြူကြီး လည်စင်းခံနေရချေပြီ။



ထွန်းဇံတို့က ဤအခွင့်အရေးကို လုံးဝ လက်လွှတ်မခံ။ ချက်ချင်းပဲ လှံတံများဖြင့် ဆက်ကာဆက်ကာ ကျုံးထိုးလိုက်ကြတော့သည်။ ပါးဖြူကြီး၏ လှုပ်ရှားမှုမှာ အင်အားလျော့နည်းခဲ့ပေပြီ။ ပါးဖြူကြီးကို ဆွဲယူပြီး လှေတွင်တွဲချည်လိုက်ကြသည်။ အနီးဆုံးဖြစ်သော ပဲစေ့နင်းရွာတွင် ကပ်လိုက်သည်။

ပါးဖြူကြီးမှာ ထွန်းဇံ အနှစ်နှစ်အလလ ရှာဖွေခဲ့သော ရန်သူကြီး။ ခုတော့ ထွန်းဇံရဲ့ ခြေဖဝါးအောက်မှာ လက်မြှောက် အရှုံးပေးခဲ့ရချေပြီ။ ထွန်းဇံ ပါးဖြူကြီး၏အလျားကို တိုင်းကြည့်လိုက်သည်။ ကိုးတောင်နှင့်တစ်ထွာတိတိ။ အံကို တင်းတင်းကြိတ်ပြီး ဝမ်းဗိုက်ကြီးကို ထက်ခြမ်းခွဲလိုက်၏။

"ဟင်း. . ."

သက်ပြင်းတစ်ချက်ချရင်း ရင်တွင်ဆို့နစ်သွားသည်။ အကျည်းတန်လှသော အတိတ်ကောက်ကြောင်း တစ်ခုသည် ထွန်းဇံ၏ နှလုံးသားအား အရှိန်ပြင်းစွာ ဆောင့်တွန်းခဲ့ချေပြီ။ မိစ္ဆာကောင်ကြီး၏အစာဖြစ်သွားခဲ့သည့် ထွန်းဇံ၏အဖေ၏ ပုံရိပ်တို့က ထွန်းဇံမျက်လုံးအစုံဝယ်တင်ဟပ်လာခဲ့သည်။

"တောက်. . ."

ထွန်းဇံထံမှ တောက်ခေါက်သံတစ်ချက်ပြင်းပြင်း ထွက်ပေါ်လာသည်။ မျက်လုံးအစုံကို မှိတ်လိုက်ရာ ပါးပြင်ပေါ်သို့ မျက်ရည်များ ပူနွေးစွာ စီးဆင်းလာကြသည်။

နိုင်ငံဂုဏ်ရည် မဂ္ဂဇင်း၊ ၂၀၀၃-ခုနှစ်၊ ဖေဖဝါရီလ။



## ဂျူသောအကျိုး

အင်းစိန် စော်ဘွားကြီးကုန်း အဝေးပြေးကားဂိတ်တွင် အဝေးပြေးကားများ ထွက်ခွာချိန်ရှိ ခရီးသည်များဖြင့် စည်ကားနေသည်။ ရန်ကုန်-တောင်ကုတ် ထွက်ခွာမည့် ခရီးသည်တင် အမြန်ယာဉ် ဂိတ်လာထိုးချေပြီ။ ကားဝင်လာသည်ကို မြင်လိုက်သည်နှင့် ကျွန်တော် ရင်တစ်ခုလုံး မြင့်တက်သွားသည်။ မကြာပါချေ။ ခရီးသည်တွေ ကားပေါ်ခေါ်တင်ပါတော့သည်။ ကျွန်တော့်မှာ ပိုမိုစိတ်လှုပ်ရှားလာသည်။

"ထိုင်ခုံအမှတ် (၂၂) မသက်နှင်းဝေ"

"ထိုင်ခုံအမှတ် (၂၃) ဦးလွှမ်းဝေ"

ကျွန်တော်ရဲ့ စိုးရိမ်မှုက ရင်နှင့်အမျှရှိနေပါပြီ။

"ဘယ်မှာလဲ မသက်နှင်းဝေနဲ့ ဦးလွှမ်းဝေ".

မသက်နှင်းဝေနဲ့ ကျွန်တော့်အမည်ဟာ စပယ်ယာရဲ့ ပါးစပ်ဖျားမှ ခပ်မာမာ ဆောင့်ထွက်လာသည်။ ခရီးသည်တွေလည်း စုံနေကြပေပြီ။ ကျွန်တော့်မှာ မနေသာတော့ချေ။

"ဒီလိုပါဗျာ၊ မသက်နှင်းဝေဆိုတာ ကျွန်တော့်သမီးလေးပါ၊ ဒီဂိတ်ဝရောက်မှ ပိုက်ဆံအိတ်မေ့ကျန်ခဲ့တာ သိလို့ဗျာ၊ အဲဒါ ပြန်သွားယူနေပါတယ်"

ကျွန်တော့်လေသံမှာ အားငယ်မှုတွေ ရောထွေးနေမှန်း သတိထားလိုက်မိသည်။

"ဟာ. . . ခင်ဗျားတို့ကလည်းဗျာ"

ဂိတ်မှူးရဲ့ နှုတ်ဖျားမှ ထွက်လာသည့် ဘဝင်မကျသည့် နှုတ်ပြောသံ။

"မိနစ်-၂၀ လောက်တော့ ကျေးဇူးပြုပြီး စောင့်ပေးပါဗျာ။ တက္ကစီနဲ့ သွား ပြန် ၄၅-မိနစ်ဆိုရင် ရောက်ပါတယ်။ ခု သမီးသွားတာ ၂၅-မိနစ် ရှိနေပါပြီ။ ရောက်တော့မှာပါ။ ခဏစောင့်ပေးပါဗျာ"

ကျွန်တော့်မှာ ရင်ခုန်မောလျှစွာ ပြောနေမိသည်။

"ဟာ. . . မရဘူး မရဘူး။ ခရီးသည်တွေကို အားနာရတယ်။ ကဲ. . . ခင်ဗျားလိုက်ရင်လိုက်၊ မလိုက်ရင် ကျန်ခဲ့ ဒါပဲ မောင်းတော့"

ဂိတ်မှူးလုပ်သူ၏စကားအဆုံးတွင် မုဒိတာ အမြန်ယာဉ်ဆီက ကားစက်နှိုးသံ ဆောင့်ထွက်သွားသည်။ ကျွန်တော်မှာ ကားထဲသို့ အူယားဖျားယား ပြေးတက်လိုက်၏။



မနက်ဖြန် ၁၉-၅-၂၀၀၁ နေ့မှာ တောင်ကုတ်ရောက်မည်။ တောင်ကုတ်မှ သင်္ဘောစီးပြီး မြေပုံမြို့သို့ သွားရမည်။ ၂၀-၅-၂၀၀၁ တနင်္လာနေ့ဟာ သားကြီး တရားရုံးချိန်းနေ့ဖြစ်သည်။ ၂၀-ရက်နေ့မှာ ကျွန်တော်မြေပုံသို့ မရောက်လျှင် သားကြီးရဲ့ဘဝဟာ အမိပ္ပာယ်တစ်မျိုး ပြောင်းသွားနိုင်သည်။ သားကြီးဘဝဟာ လုံသွားထက်မှာ တည်နေသော မုန်ညင်းဆီစက် အနေအထားမို့ မသွား၍မဖြစ်။ အလီလီ စဉ်းစားပြီးမှ ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

သည်ဘက်မှာက သမီးလေး၏ ပြဿနာ၊ ရန်ကုန်မြို့သို့ တစ်ခေါက်မှမရောက်ဖူးတဲ့ မိန်းမပျိုလေး။ ကားကိုမီမှမီပါ့မလားဆိုတဲ့ သောကအမောနဲ့ ကားဂိတ်ရောက်လာမည်။ ကားဂိတ်လည်းရောက်ရော ကားကြီးက မရှိတော့ဘူး။ အဖေလည်း မတွေ့လိုက်တော့ဘူး။ ငါ့သမီးလေး ယောင်လည်လည်နဲ့ ဘယ်လောက်များ ဒုက္ခများလိမ့်မလဲ။ အဖေ့ကို အားကိုးပြီး အလည်လိုက်လာတဲ့ သမီးလေး။ ဘယ်လောက်များ ဆောက်တည်ရမရ ဖြစ်လိမ့်လေမလဲ။ သားကိစ္စကလည်း သေရေးရှင်ရေး။ သမီးကိစ္စက သားကိစ္စနဲ့စာရင် လျှော့တွက်လို့ နည်းနည်းရသလိုလို တွေ့သည်။

ကျွန်တော်မှာ သတ္တိတွေ ကြိတ်မှိတ်မွေးပြီး သမီးကို ထားခဲ့ရသည်။ မျက်စိကို တင်းကျပ်စွာ မှိတ်ထားလိုက်၏။ ပျာလောင်ခတ်နေသော အရှုပ္ပသန္တာန်သည် သံယောဇဉ်တရားရဲ့စီးကြောင်းထဲမှာ ပင်ပန်းစွာ ကူးခပ်နေသည်။ ဒုက္ခ

သစ္စာရဲ့ ပင်မကျောမှီး အကြောင်းတရားဟာ မလွယ်ပါလား။

သမီးအတွက် ထိုင်ခုံတစ်ခုက လွတ်နေတော့ နေရာထိုင်ရ သက်သက်သာသာတော့ရှိသည်။ ခြေထောက်တွေကို စန့်စန့်ဆန်းပြီး နေလို့ရသည်။ ခွေခွေလေး လှဲအိပ်ရင်လည်း အဆင်ပြေသည်။ အဝေးပြေးကားစီး ခရီးစဉ်တွင် ကြုံတောင့်ကြုံခဲ အခွင့်အရေးတစ်ခုပင်။ သို့သော် ပစ္စကွခံစားနေရသောသောကရပ်ဝန်းက ကျယ်ဝန်းနက်ရှိုင်းလွန်းဘိသည်။ တစ်နယ်တစ်ကျေးမှာ မျက်စိသူငယ်၊ နားသူငယ်နှင့် နွမ်းလျလျ ဖြစ်နေရှာမည့် သမီးလေးရဲ့ဖြစ်အင်။ အဖေလာလမ်းကို တမ်းတရှာမည့် သားကြီးရဲ့ ညိုးငယ်မျက်ဝန်း။ တွေးရင်း ရင်တုန်ပန်းတုန် ဖြစ်လိုက်ပါဘိ။

သူတို့ သတ်မှတ်ထားတဲ့ ကားထွက်ချိန်အတိုင်း မထွက်ဘဲနောက်ကျနေတာကိုတော့ ခရီးသည်ဂွေက တစ်ခွန်းမပြောဘဲ စောင့်ခဲ့ကြသည်။ ခု ခရီးသည်ဘက်မှ မလွဲမရှောင်သာလို့ မိနစ် ၂၀-လောက် စောင့်ပေးပါလို့ မေတ္တာရပ်ခံတာကိုတော့ မစောင့်ဘူး။ ရင့်ရင့်သီးသီး ပြောရက်ကြသည်။

ကျွန်တော့်ရဲ့ နှလုံးသားရင်ပြင်တွင် အသံတိတ်စကားလုံးများ ပဲ့တင်ထပ်နေသည်။ မျက်စိကိုမှိတ်ထားရာမှ တစ်ချီတစ်ချီ ဖွင့်ကြည့်မိသည်။ မြို့ရွာအချို့ကို လျှပ်စစ်မီး ပြိုးပြိုးပြောင်ပြောင်ဖြင့် မြင်ရသည်။ ကားကြီးသည် လမ်းဘေးတစ်ခုသို့ ထိုးရပ်လိုက်သည်။

"ကျွန်းမာရေး... ကျွန်းမာရေး... ကျွန်းမာရေး"



စပယ်ယာက အသံခပ်စူးစူးဖြင့် အော်လိုက်သည်။ စော်ဘွားကြီးကုန်းတုန်းက တို့သားအဖအမည်တွေကို ဒေါနဲ့မောနဲ့ ခေါ်ခဲ့တဲ့ ငှက်ဆိုးထိုးသံ။ ကျွန်တော်မှာ ဘာကျန်းမာရေးမှ မလုပ်။ သည်အတိုင်း ကားပေါ်တွင် ငေါင်စင်းစင်း ထိုင်နေမိသည်။ ခရီးသည်တွေစုံတော့ ကားကြီး ဆက်မောင်းပြန်သည်။ ကျွန်တော့်ကမ္ဘာမှာတော့ သားနှင့်သမီးသာ နေရာယူနေကြပါတော့သည်။

ကျွန်တော့် ရုပ်ခန္ဓာတစ်ခုလုံးသည် ချွေးစေးများဖြင့် ရွှဲနစ်နေ၏။ မွန်းကျပ်ပူလောင်မှုက အသက်ရှူကျပ်စေသည်။ ကားအပြေးနှုန်းနဲ့ မိုးဦးကာလ မုတ်သုံလေသရမ်းတို့ရဲ့ နပန်းပွဲမှာ လေပေါက်တည့်ရာ ခရီးသည်တွေ ရှတ်ခြည်အေးခဲသွားကြလေသလား မသိ။

"တံခါးပိတ်ပေးစမ်းပျို့"

ကျွန်တော့်မှာ နည်းနည်းနေသာထိုင်သာရှိခိုက် ခရီးသည်တစ်ဦးတောင်းဆိုသံက နားဝထဲသို့ ခပ်ပြင်းပြင်းဝင်ဆောင့်လာသည်။ တံခါးကို အသာအယာ ဆွဲပိတ်ထားလိုက်သည်။ အများဆန္ဒဟာကိုး။ ကျွန်တော့်မှာ ဓိမိအသက်ရှူဝစေဖို့အတွက် သည်အလုပ်လေးကို ခဏခဏ လုပ်ဖြစ်သည်။ ပွဲဆူလာတော့သည် သူတို့အကြိုက် လိုက်လုပ်ရပြန်သည်။

ဟော... ကားထိုးရပ်လိုက်ပြန်ပြီ။ မျက်လုံးကို ဖွင့်ကြည့်လိုက်သည်။ မီးရောင်ကြီးတွေ တထိန်ထိန်နဲ့ပါလား။ မီးရောင်စူးစူးအောက်က စာတန်းကို လှမ်းကြည့်လိုက်သည်။

"ရေပြာစားသောက်ဆိုင်" တဲ့။

ဩော်. . . 'အင်းမ'တောင် ရောက်နေပါပေါ့လား။ ခရီးသည်တွေ ခပ်သွက်သွက် ဆင်းသူဆင်း။ မလှမ်းချင် လှမ်းချင် ဆင်းသူဆင်း။ တချို့က အသင့်ဖြစ်ထားသော ထမင်းဝိုင်းပြေးဝင်ကြ။ တချို့က ထမင်းခေါက်ထား၊ အောင်ကြီးတစ်လုံးချတဲ့။ အပေါ့ကြိုက်တွေကျတော့ မြန်မာတစ်၊ မန္တလေးတစ်တဲ့ စသည် စသည်ဖြင့်ပေါ့ဗျာ။ တချို့ကျတော့လည်း စားဖို့၊ သောက်ဖို့က သည်လောက်မဟုတ်၊ ကျန်းမာရေးက အရေးကြီးသည့်ပုံမျိုး ပုဆိုးကလေး မ,ကာ မ,ကာနဲ့ နောက်ဘက်ပြေးကြလေရဲ့။ ကျွန်တော့်အဖို့တော့ ဒီပြဿနာတွေနဲ့ ဘာမှမဆိုင်။ ကားပေါ်မှာပဲ ခပ်ခွေခွေပဲ လှဲနေလိုက်သည်။

"ကြက်ဥပြုတ်၊ ငုံးဥပြုတ် ပူပူနွေးနွေး ယူကြဦးမလား"

ဈေးသည်လေးတွေ အသံက နားထဲတွင် ပဲ့တင်ထပ်နေကြသည်။ ငုံးဥပြုတ်ချိုစိမ့်ကလေးတော့ ဝါးမြိုချင်စိတ်အရှိသား။ သို့သော် ဘာမျှ မလှုပ်ရှားပီ။ ခရီးသည်တွေရဲ့ ဆန္ဒဝမ်းမီးကို ဖြည့်ဆည်းပေးပြီး ကားကြီးဟာ သူ့လမ်းသူ ဆက်ပြေးနေပြန်သည်။

မည်မျှ ကြာသွားသည်မသိ။ ကားရပ်ဝစ်လိုက်သည်။ မျက်စိကိုဖွင့်ပြီး ပတ်ဝန်းကျင်ကို ဝေးဝေးဝါးဝါး ထကြည့်လိုက်သည်။

ဟာ. . .' နဝဒေးတံတားကြီးတောင် ရောက်လာခဲ့ပြီပဲ။ ဧရာဝတီမြစ်ရေကတော့ ညင်ညင်သာသာ စီးဆင်းနေသည်။ သည်မြစ်ကြီးဟာ အမိမြန်မာနိုင်ငံရဲ့ အူလမ်းမကြီး။ ပြည်သူတွေအတွက် ရိက္ခာလည်း ထုတ်ပေးသည်။ ကူးလူးဆက်သွယ်မှုကိုလည်း ပံ့ပိုးပေးသည်။ ကဗျာလည်း စပ်တတ်သည်။ ပုံပြင်လည်း ပြောတတ်သည်။ မြန်မာပြည်မှာ ဧရာဝတီမပါလျှင် သံစဉ်မလှ။ ကားပြတင်းကို ဖွင့်ပြီး လက်လှမ်းမီရာဝေ့ဝိုက်ကြည့်လိုက်သည်။ နဝဒေးတံတားကြီးကတော့ သည်းခံခြင်းအတိနှင့် ကျောစင်းခံပေးနေလေရဲ့။ လူသားတွေရဲ့ ဆုံးစမရှိတဲ့ ဆန္ဒတရားတွေကို ဖြည့်ဆည်းပေးနေပါပေါ့လား။



ခရီးသည်တစ်ဦး အူယားဖားယား တက်လာသည်။ အဆင်အယင်က ခပ်နွမ်းနွမ်း။ အိတ်တစ်လုံးကို ဖိုသီဖတ်သီလွယ်ထားသည်။ အသက်အရွယ်ကတော့ ခြောက်ဆယ်ကျော်ခုနစ်ဆယ်ဝန်းကျင်ခန့် ရှိပေရော့မည်။ စပယ်ယာအနီးမှာပဲ မတ်တပ်ရပ်နေသည်။ ကားအတွင်း ဝေ့ဝဲကြည့်လိုက်၏။ နေရာရမည့်ပုံ မပေါ်။ ဒရိုင်ဘာအနီး ကားစက်ဖုံးပေါ်မှာပဲ အဆင်မပြေစွာ ထိုင်နေသည်ကို တွေ့လိုက်ရသည်။

ကားဆက်ထွက်ပြန်သည်။ သိပ်မကြာ။ ဝင်းကလေးတစ်ခုထဲ ဝင်ပြီးရပ်ပြန်သည်။ ကားဆီဝယ်မလို့နဲ့ တူသည်။ စပယ်ယာက ပုံးကြီးကိုင်ပြီး ပြေးဆင်းသွားသည်။ ရှေ့ကားတစ်စီးက အလျှင်ဦးနေသည်။ တစ်နာရီနီးနီးခန့် ကြာသည်။ အဝိုင်းကိုကျော်ပြီး ကားပြန်ထွက်လာသည်။

စပယ်ယာ၏ အတတ်ပညာဖြင့် ပုတ်ထုတ်လိုက်ဟန် ရှိသည်။ နဝဒေးတံတားကြီးက တက်လာတဲ့ ခရီးသည်ကြီးပါပဲ။

ကျွန်တော့်ဆီ တူရှုလာနေသည်။

ဟင်... အဘိုးကြီးက ခြေထောက်တစ်ဖက်လည်း မသန်ပါလား။ လိမ်တွန့်လိမ်တွန့်ဖြင့် ရွေ့ရှားလာသည်။ သည် အသက်အရွယ်နဲ့ သည်ဒုက္ခသည်ကြီးက ဘာအရေး၊ ဘာကိစ္စတွေနဲ့များ ခရီးသွားနေပါလိမ့်။ အချိန်ကလဲ့ည်း ညကြီးသန်းခေါင်၊ နေရာကလည်း ကားဂိတ်မဟုတ်။ တံတားပေါ်ကားဝင်ထွက်ခွင့်အတွက် စောင့်ရပ်နားတဲ့နေရာ။ ကျွန်တော် နလုံးပေါ်မှာ ဝေဒနာသစ်ကလေးတစ်ခု ထပ်မံနေရာယူလာပြန်သည်။ တုန်ချည့်တုန်ချည့်နဲ့ ကျွန်တော်အနီး ရောက်လာခဲ့ချေပြီ။ ကျွန်တော် မသိမသာ လှမ်းကြည့်လိုက်သည်။ ခရီးသည်ကြီးက ပြုံးယောင်ပြု၏။ ကျွန်တော်က ခပ်ယဲ့ယဲ့ပြန် ပြုံးပြလိုက်သည်။

"ဒီမှာ ထိုင်မယ်နော်"

ခရီးသည်ကြီးက ကျွန်တော်သမီး မသက်နှင်းဝေရဲ့ထိုင်ခုံကို လက်ညှိုးထိုးပြရင်း ပြောလိုက်ခြင်းဖြစ်သည်။ ခရီးသည်ကြီး၏ လှုပ်ရှားမှုကိုမြင်ကတည်းကပင် ကျွန်တော်မှာ ညွတ်ချင်နေပြီး ဖြစ်သည်။ သူ့သူငါငါပဲ ခရီးသွားတယ်ဆိုတာ မဖြစ်သာလို့ မိမိအိမ်ကထွက်လာကြတာ။ ခရီးသွားဖော်ချင်းအတူတူ တစ်ဦးအခက်အခဲကို တစ်ဦးကူညီနိုင်သလောက် ဖေးမကူညီကြတာပဲ မဟုတ်လား။

"ဦး... ထိုင်ခုံမရဘူး ထင်တယ်၊ ထိုင်ပါ ဦး၊ ထိုင်ပါ၊ ရပါတယ်"



ခရီးသည်မှာ ဆန္ဒတစ်ခုပြည့်ဝမှုအတွက် စိတ်ရှင်ဝယ်ပြည့်သွားလေပြီထင့်။ ကျွန်တော်တို့ဘက်လှည့်ပြီး ပြုံးပြပြန်သည်။ သူ့အပြုံးကို ခေါင်းညိတ် အသိအမှတ်ပြုလိုက်သည်။

x x x x x

"ဒီမှာတစ်ယောက်ပါလား"

ကျွန်တော်အသံကြား၍ မျက်လုံးကို ဖွင့်ကြည့်လိုက်သည်။ ကားပေါ်တွင် ခရီးသည်တွေ မည်သူမျှမရှိတော့။ လ.ဝ. က ဝန်ထမ်းတစ်ဦး ကျွန်တော့်ကို စိုက်ကြည့်နေသည်။

"ဒါဘယ်နေရာလဲဗျ"

"ညောင်ကျိုး ရောက်နေပြီလေ၊ အောင်မလေး ဒီလိုခရီးသွားလို့ရမတဲ့လား၊ ဆင်း... ဆင်း မှတ်ပုံတင်စစ်မယ်"

ကျွန်တော်မှာ ရှက်သလို ဖြစ်သွားသည်။ ကမန်းကတန်းဆင်းလိုက်သည်။ သိပ်မကြာ ကားပေါ်တွင် ခရီးသည်များပြန်လည်ရောက်ရှိ လာကြပြန်သည်။

"ရော့၊ ဝါးပါ"

ခရီးသည်ကြီးက ကျွန်တော့်ကို ကွမ်းတစ်ယာ လာပေးသည်။ မြန်မာတွေ အချင်းချင်းတွေ့ဆုံကြရင် ဆေး၊ ကွမ်း၊ လက်ဖက်ဆိုတာ နှီးရာချည်ခံပစ္စည်းတွေကိုး။

"ဩော်... နေပါစေ ဦး။ ဦးပဲစားပါ ကျွန်တော် ကွမ်းတွေ၊ ဆေးတွေ မသုံးတတ်လို့ပါဗျာ"

ခရီးသည်ကြီးမှာ ကွမ်းယာကို ထည့်ငုံပြီး မြုံ့နေသည်။

ကျွန်တော်မှာ သည်လူကြီးဆေးလိပ်မသောက်တာကိုပဲ ကျေနပ်နေမိသည်။ ကားစီးရာမှာ ဆေးလိပ်မီးခိုးနံ့သာ ရှူရရင်တော့ ကျွန်တော့်မှာ ရူးမတတ်ခံစားရမှာ သေချာသည်။

"ဪ. . . ပြောရဦးမယ်၊ ဦးက ပြည်မြို့အနီး မော်ဇာကပဲ"

"ဟုတ်ကဲ့ ပြောပါဦး"

"ဦးမှာ သားတစ်ယောက်၊ သမီးတစ်ယောက် ရှိတယ်ကွဲ့၊ သားကတော့ စစ်သားပဲ၊ ရှမ်းပြည်ဘက်ရောက်နေတယ်။ သမီးလေးကတော့ ပညာရေးဌာနကပဲ၊ စေလိုရာစေခဲ့လျှောက်လိုက်တာ အခု ကျောက်ဖြူမြို့နယ် ရောက်နေတယ်လေ"

ခရီးသည်ကြီးမှာ ကားကို ခေတ္တရပ်ထားပြီး ကွမ်းမြုံ့နေပြန်သည်။

"ဟုတ်တယ် ဦးရဲ့၊ ပညာရေးဝန်ထမ်းဆရာ၊ ဆရာမတွေဟာ ဒီလိုဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်မှုလည်း မြို့ပြနဲ့ကျေးလက် ပညာရေးကွာဟချက် နည်းမယ်လေ"

ကျွန်တော်ရဲ့ စိတ်အစဉ်ဟာ မူလအရောင်သို့ ပြန်ရောက်ရှိလာသည်။

"အဲဒါ ဒီနေ့ပဲ ကြေးနန်းရောက်လာတယ်၊ သမီးလေး အဖျားကြီးလို့ ဆေးရုံတင်ထားရတယ်တဲ့"

ခရီးသည်ကြီးဟာ အမှောင်ကမ္ဘာထဲသို့ ရီဝေစွာကြည့်နေသည်။

"အဲဒါ သူ့အမေ အဘွားကြီးကလည်း သိပ်နေမကောင်း



တော့ ဦးပဲ သွားရတာပေါ့ကွယ်၊ သားသမီးကိစ္စဆိုတော့လည်း သံယောဇဉ်သားကောင်တွေကိုး၊ ခေါင်းမီးတောက်ရတာပေါ့ကွာ၊ မိဝေးဖဝေး ဆွေမျိုးဝေးနဲ့ ငါ့သမီးလေး ဘယ်လောက်များ အားငယ်ရှာမလဲ မသိဘူး"

ခရီးသည်ကြီး၏ မျက်နှာပြင်တွင် ဝေဒနာရိပ်များ ယှက်သန်းနေသည်။

ကျွန်တော် နှလုံးအိမ်တွင် လှိုင်းများလှုပ်ခတ်သွားပြန်သည်။

"ဒါကြောင့် ဒီတကားကြီးကို ညကြီးသန်းခေါင်လာပြီး ကြုံရာကားနဲ့ ဖြစ်သလိုလိုက်မယ်ဆိုပြီး စွန့်စားလာခဲ့တာပဲကွယ်"

ခရီးသည်ကြီးမှာ ကျွန်တော့်ကို ကြည့်နေပြန်သည်။

"နောက်လည်း မှတ်ထားပေါ့ကွာ၊ ဦးနာမည်က ရေချမ်းလို့ ခေါ်တယ်၊ မောင်ရင်ကော ဘယ်ကလဲ"

"ကျွန်တော်လည်း ပညာရေးဌာနက ကျောင်းဆရာပါပဲ ခင်ဗျာ၊ မြေပုံမြို့နယ်မှာ တာဝန်ကျနေပါတယ်၊ နာမည်ကတော့ လွမ်းဝေလို့ ခေါ်ပါတယ်"

"အေး. . . အေး ဆရာရယ်၊ ဦးက ရခိုင်ပြည်ဘက် တစ်ခါမှလည်း ရောက်ဖူးတာမဟုတ်ဘူး၊ ဥယျာဉ်ခြံမြေအလုပ်နဲ့ပဲ ဘဝကိုမြှုပ်နှံထားခဲ့တာ၊ ခု ကျောက်ဖြူဆိုတော့ ဘယ်လိုသွားရမယ်တောင် မသိဘူး"

"ရပါတယ် ဦး၊ ကျွန်တော်ပါသားပဲ ခင်ဗျာ၊ မနက်ဖြန်

တောင်ကုတ်က ရက်မှန်သင်္ဘောရှိမှာပါ၊ ကျောက်ဖြူဆိုတော့ ဦးက ကျွန်တော်ထက်စောရောက်မှာပါ"

"ဟုတ်ပါရဲ့ကွယ် ဆရာတို့လို အချင်းချင်း ကူညီတတ်တဲ့လူတွေနဲ့တွေ့ရတာ ဦး ကံကောင်းတာပဲ၊ ဟာလည်း ဘဝမှာ လိုအင်ဆန္ဒနဲ့ပြည့်ဝပါစေကွယ်၊ သွားရာခရီး ခလုတ်မထိ ဆူးမငြိပါစေနဲ့၊ သာဓုကွယ်. . . သာဓု သာဓု"

ဦးရေချမ်းပေးတဲ့ဆုအတိုင်းပြည့်ဝရင် ဘယ်လောက်များကောင်းလိမ့်မလဲ။ ဦးရေချမ်းနှင့် ကျွန်တော်မှာ အဖွဲ့တွချင်း အရောင်တူသွားကြပေပြီ။

× × × × ×

တောင်ကုတ်မြို့ဆိုတာ ရခိုင်ပြည်နှင့် ပြည်မဆက်သွယ်ရာမှာ အဓိကတံခါးပေါက်ကြီး ဖြစ်သည်။ သင်္ဘောရက်တွေဆိုလျှင် မြို့နှင့်အတော်အလှမ်းဝေးသော သင်္ဘောဆိပ်ကလေးတွင် ခရီးသည်များ၊ ကုန်တင်ကုန်ချကားများဖြင့် ပြွတ်သိပ်နေတတ်သည်။ ကျွန်တော့်မှာလည်း လူတောထဲက လူတစ်ယောက်။ အိတ်ကလေးတစ်လုံးဆွဲပြီး ဟိုဆိုင်ကြည့်၊ သည်ဆိုင်ကြည့်။ သင်္ဘောပေါ်လည်း မတက်သေးဆိုတော့ ထိုင်စရာလေးတစ်ခု ရလိုရငြား ရှာနေသည်။

"ဆရာ. . . ဆရာ၊ ဒီမှာ လာပါ. . . လာပါ"

လှည့်ကြည့်လိုက်သည်။ ကျွန်တော်နှင့်အတူ တစ်ခရီးတည်း အတူစီးလာသည့် ဦးရေချမ်း။ လက်ဖက်ရည်ဆိုင်မှ ကျွန်တော့်ကို လှမ်းခေါ်နေသည်။



"လာပါဆရာ၊ လက်ဖက်ရည်သောက်ရအောင်"

ဦးရေချမ်း၏ စိတ်သန္တာန်သည် ဖြူစင်သည်။ နှိုးသားပွင့်လင်းသည်။ ကျွန်တော်မှာ ဦးရေချမ်းအနီးတွင် ဝင်ထိုင်လိုက်၏။

"ညတုန်းက ကျွန်တော် ကံကောင်းတယ်ဗျာ၊ ကြုံကြုံဖန်ဖန် အဲဒီထိုင်ခုံလေးတစ်လုံးကလည်း ကျန်တတ်တယ်၊ မဟုတ်ရင် မလွယ်ဘူးဗျ"

ကျွန်တော်မှာ ဦးရေချမ်းစကားကို ပိုမိုစိတ်ဝင်စားလာသည်။

"လမ်းတစ်ဝက်က တက်ပေမယ့် အဲဒီထိုင်ခုံလေးအတွက် အပြည့်ပေးရမယ်ဆိုလို့ ၂၀၀၀-ကျပ်ပေးလိုက်ရသေးတယ်"

"ဗျာ"

ကျွန်တော့်နှုတ်မှ ထွက်သွားသော အံ့ဩသံ။

"ဘာဖြစ်လဲဗျ၊ ရပါတယ်၊ ငွေပေးရလည်း ဘာဖြစ်လဲ၊ ထိုင်ခုံရတာကိုပဲ ကျေနပ်လှပါပြီ"

"ဟာဗျာ. . . မဟုတ်တာ၊ အဲဒီထိုင်ခုံက ကျွန်တော့်သမီးလေး အချိန်မမီလို့ ကျန်ခဲ့ရတာ၊ ဦးက အိုကြီးအိုမနဲ့ ဒုက္ခရောက်နေတာတွေ့လို့ ကျွန်တော် ကိုယ်ချင်းစာစိတ်နဲ့ ကူညီခဲ့တာပဲ၊ ဦးလို ပုဂ္ဂိုလ်တစ်ဦးကို ကူညီလိုက်ရတာ ကျွန်တော် သိပ်ကျေနပ်နေခဲ့တာ"

"ဟင်. . . တော်တော်လည်တဲ့ အကောင်တွေပါလား"

ဦးရေချမ်းနှင့် ကျွန်တော်မှာ ဝေဒနာချင်းတူသွားကြပြန်ပြီ။ တူရှုရှိ ခနီပင်တန်းကလေးများကို ရီဝေစွာကြည့်နေမိကြသည်။

ကျွန်တော့်ရင်ထဲမှာ ဝေဒနာလှိုင်းသည် ပိုမိုကြွတက်လာခဲ့သည်။

× × × × ×

သရက်တောင်ရွာ၏ နံနက်ခင်းသည် အတော့်ကို သာယာနေသည်။ သို့သော် ကျွန်တော်မရှွင်ပျနိုင်။ ခါတိုင်းဆို ရွာထဲသို့ ဝင်သည်နှင့်လမ်းတစ်လျှောက် မာကြောင်း၊ သာကြောင်း တွေမေးပြီး အိမ်သို့ရောက်လာခဲ့သည်။ သည်တစ်ခါတော့ ကျွန်တော်မျက်လုံးအစုံဟာ မြေကသိုဏ်းရှုနေသလို။

"ဟေး. . . ဖေကြီးလာပြီ၊ ဖေကြီးလာပြီ"

"ဟင်. . . သမီး"

ကျွန်တော် မောသွားသည်။ ကျွန်တော့်မျက်လုံးကို တောင် မယုံချင်။

"သမီး မနေ့ကတည်းက ရောက်တာဖေကြီးရဲ့"

ကျွန်တော်မှာ သမီးကိုတွေတွေကြီး ရပ်ကြည့်နေမိသည်။ သမီးနောက်မှာ ကျွန်တော့်ဘဝဖော်ဒေါ်နှင်းရီက ရပ်နေသည်။ အရယ်အပြုံးချမ်းသာသူမို့ အပြုံးတွေ ဖိတ်စဉ်ကျနေသည်။

"ဟုတ်တယ်လေ၊ သမီးက အဖေ့ထက်တောင် စောရောက်လာတာ"



"ဟာ. . . ဘယ်လို၊ ဘယ်လို ရောက်လာတာလဲ၊ ပြောပါဦးဟာ၊ ဝမ်းသာလိုက်တာကွာ"

အဖြစ်အပျက်က မယုံနိုင်စရာမို့ ကျွန်တော်မှာ သိချင်စိတ်က အတင်းစေ့ဆော်နေသည်။

"ဒီလိုအဖေရာ၊ စော်ဘွားကြီးကုန်းရောက်တော့ အဖေတို့ 'မုဒိတာ'ကားက ထွက်သွားပြီ၊ သမီးမရောက်နိုင်တော့ပါဘူး၊ ကြုံကြုံပါအောင် ငိုချလိုက်တာပေါ့ အဖေရာ"

သမီး စိတ်ပါလက်ပါပြောနေသည်။

"အဲဒီလိုဖြစ်တုန်း 'မေတ္တာမွန်' ကားဂိတ်က စပယ်ယာရောက်လာပြီး အကျိုးအကြောင်း မေးတယ်၊ သမီးကလည်း အဖြစ်အပျက် ပြောပြလိုက်တယ်"

"ဒီလိုဆိုရင် ညီမလေးစစ်တွေကားနဲ့ လိုက်ခဲ့ပါ။ 'မေတ္တာမွန်' ကားပဲ၊ ခုထွက်တော့မှာ၊ ကျွန်တော့်အမေလည်း ပါတယ်၊ အမေနဲ့ နှစ်ယောက်ထိုင်ခုံ ပူးပေးမယ်၊ အမျိုးသမီးချင်းဆိုတော့ ပိုအဆင်ပြေတာပေါ့၊ အမေက ရခိုင်ဘုရားတွေဖူးဖို့ မြောက်ဦး-ကျောက်တော် လိုက်တာလေ"

"စပယ်ယာစကားကြောင့် အရမ်းဝမ်းသာသွားတာပေါ့ ဖေကြီးရာ"

"ညီမလေး၊ မင်းပြားလက်မှတ်တော့ ယူရလိမ့်မယ်"

"ဆင်းတော့ ဘယ်ကဆင်းရမှာလဲ"

"ဒါးလက်ချောင်းတံတားက ဆင်းပေါ့၊ ရန်ကုန်-စစ်တွေကားလမ်းမကြီးက ရိုးမတောင်ခြေတစ်လျှောက် တန်းဖောက်

ထားကာလေ၊ အဲဒီမှာ ညီမတို့ကျွန်းစဉ်ဘက်ဆင်းတဲ့ စက်လှေတွေလည်း ရှိတယ်၊ ညီမလေးတို့ရွာကို တိုက်ရိုက်ရောက်သွားမှာ"

"ဒီလိုနဲ့ သမီး ရွာကိုတိုက်ရိုက်ရောက်လာခဲ့တာပေါ့ ဖေကြီးရာ၊ အဲဒီစပယ်ယာသာ မကူညီရင် သမီး ရှုံးတောင်သွားမလားပဲ"

"သမီးက ရှုံးရုံလောက်သာ၊ ဖေကြီးက သေသွားမှာ သိလား၊ သေဖို့မအားသေးလို့ မသေသေးတာပေါ့ သမီးရာ"

ကျွန်တော်မှာ ခရီးလမ်းတစ်လျှောက် အတွေ့အကြုံကို ပြောပြလိုက်သည်။

"ဟုတ်ပါ့၊ ကားသမားချင်တူပေမယ့် စိတ်ထားချင်းကွာပါ့နော်"

ကျွန်တော့်ဇနီးသည်မှာ တဒင်္ဂစိတ်အမောဖြင့် မှတ်ချက်ချလိုက်သည်။

"လူ့ဘဝ သင်ခန်းစာတွေပေါ့ကွာ"

"ဪ. . . ဒါနဲ့ သားကြီးကိစ္စကကောဟင်၊ သားကြီးကိစ္စ ဘယ်လိုလဲ၊ သားကြီးလည်း ပါမလာဘူး၊ သားကြီး ဘယ်မှာလဲ"

ဒေါ်နှင်းရီ၏ သောကတံခါးပွင့်ထွက်သွားသည်။

"ပြောရဦးမယ်၊ သားကြီးကိစ္စ အခြေအနေပြောင်းသွားပြီ"

"ဟင်. . . ဘယ်လိုလဲ၊ ငါ့သားကြီးတော့ ဒုက္ခပါပဲ၊ မြန်မြန်ပြောစမ်းပါရှင်"

"အေးပါ၊ ပြောပြမှာပါ၊ ဒီလိုကွ နှစ်ဖက်သက်သေတွေ ထွက်ဆိုချက်အရ သားကြီးကို အဲဒီကောင်က စထိုးတာတဲ့၊ ဒါကိုပဲ သူက ဝတ္တုရားနှောင့်ယှက်မှုနဲ့စွဲပြီး ထောင် ၂-နှစ်ကျသွားစေရမယ်ဆိုပြီး ပုဂ္ဂိုလ်ရေးအာဃာတနဲ့ လုပ်ခဲ့တာပေါ့ကွာ၊ ခုတော့ အခြေအနေမတန်တော့တာနဲ့ ဒီကောင်လည်း ငြိမ်သွားပါပြီ၊ လူကောင်းကို တရားစောင့်ပါတယ်ကွာ၊ မင်းမုံ့တိုင်းပြည်မှ မဟုတ်တာ"

ကျွန်တော့်မှာ ရင်တွင်းလေများကို မှုတ်ထုတ်လိုက်သည်။

"ဝမ်းသာလိုက်တာရှင်၊ ဒါဖြင့် သားကြီး ဘာလို့မပါလာတာလဲ"

"သားကြီးမပါလာတာက ဒီလိုကွ၊ ခု အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာရေးနေရာတွေ လစ်လပ်နေလို့ သားကြီးကို စာရေးနေရာ ဝင်လျှောက်ဖို့ မြို့မှာထားခဲ့တယ်လေ"

"တို့မိသားစုအတွက် ရွှေအိုးထမ်းလာတဲ့ကိန်းပါလားရှင်"

ကျွန်တော်တို့ သားအဖသုံးယောက်မှာ ဖြိုင်တူရယ်မောလိုက်သည်။

"ကိုယ်စဉ်းစားမိတယ်ကွာ၊ ဗုဒ္ဓဘုရားရှင်က ဟောခဲ့တယ် ကောင်းမှုလုပ်သူ ကောင်းကျိုးရ၏တဲ့၊ ကိုယ်တို့လည်း လောကမျက်နှာစာမှာ ဘယ်သူ့ကိုမျှဒုက္ခရောက်အောင် လုပ်ခဲ့ဖူးလို့လဲ။ စိတ်ကောင်းလေးထားပြီး ရပ်ရေးရွာရေးတွေ လုပ် တယ်၊ သူတစ်ပါးဒုက္ခရောက်နေရင်လည်း တတ်နိုင်

သလောက် ကူညီခဲ့တာပဲ မဟုတ်လား၊ အဲဒီအကျိုးဆက်ကြောင့် လောကမှ ဒိဋ္ဌအကျိုးပေးတယ်လို့ပဲ နှလုံးပိုက်မိပါတယ်ကွာ"

ကျွန်တော်တို့ မိသားစုရဲ့ မျက်ဝန်းလေးတွေမှာတော့ ပီတိလေးတွေဝေလို့ ။

ငွေတာရီမဂ္ဂဇင်း၊ ၂၀၀၃-ခုနှစ်၊ မေလ၊

# မိုးသက်လေပြင်း



# မိုးသက်လေပြင်း

မှတ်သုန်မိုးဦးသည် အပြီးတကြီး ရွာချနေသည်။ လျှပ်စီးတန့်များက တဖျတ်ဖျတ်လင်းလက်နေသလို မိုးခြိမ်းသံကြီးများကလည်း ကောင်ကင်တစ်ပြင်လုံး ထိန့်ထိန့် ကြိုးနေပေသည်။ မိုးသက်လေပြင်းက တစ်ချီတစ်ချီ ခပ်ကြမ်းကြမ်း ဝင်တိုးလိုက်ရာ ယာခင်းစောင့်တဲလေးမှာ သိမ့်ကနဲ သိမ့်ကနဲ လှုပ်ခါသွားသည်။ ရွာနှင့်အလှမ်းဝေးသည့် ကွင်းပြင်ကလေးမှာ တဲကလေးက တစ်ပုတည်းဖြစ်နေသလို တဲစောင့်ကောင်မလေးကလည်း တစ်ယောက်တည်း။ သူမနာမည်က မြဖြူ။

ရာသီသဘာဝ၏ အကြမ်းအရမ်းကြောင့် မြဖြူမှာ ကြောက်စိတ်များဝင်လာခဲ့သည်။ အဖေမှာ ဝေလီဝေလင်းက



တည်းကပင် မြူးတာန်ချ ထွက်သွားခဲ့သည်။ မြစ်ပြင်ကျယ်ထဲမှာ လှိုင်းလေဒဏ်ခံရမည့် အဖေကိုတွေးပြီး ပူပန်လိုက်သည်။ မိုးဦးကာလဆိုသည် ပြော၍ရသည် မဟုတ်။ လှိုင်းကြီးလေထန် ဝဲကတော့ဆန်လာလျှင် တစ်ခါတစ်ရံ တံငါလှေများကို စုံးစုံးဆွဲမြုပ်သွားတတ်သည်။ သို့သော် အဖေက ဘဝတစ်လျှောက်လုံး မြစ်ပြင်ကျယ်ပေါ် လှော်ခတ်ရင်း ကျင်လည်ခဲ့သူမို့ ရင်အမောကို ဖြေသိမ့်ရပြန်သည်။

အမေကလည်း မနက်ကတည်းကပင် ဟင်းရွက်ခူးပြီး ရွာထဲဝင်သွားခဲ့သည်မှာ နေ့လယ်တိုင်ခဲ့ပေပြီ။ ယခုတိုင် မရောက်နိုင်သေး။ အိမ်တစ်အိမ်ဝင်ပြီး မိုးခိုနေသည်ပဲ ဖြစ်တန်ရာသည်။ မြဖြူမှာ ဒုတိယတန်းလောက်သာ ကျောင်းနေခဲ့ရသည်။ မိဘတို့၏ တာဟီရများတွင် ဝင်ရောက်လုပ်ကိုင်ခဲ့ရသည်မှာ ယခု မြဖြူအသက် ဆယ့်ခြောက်နှစ်ထဲ ရောက်ခဲ့ပေပြီ။ မြဖြူအဖို့ ယာခင်းစောင့်သည့်အလုပ်မှာ မဆန်းတော့။ ယနေ့လို မိုးကြီးလေထန်သည့်အဖြစ်မျိုး ယခင်က မကြုံဖူး။ မြဖြူမှာ အဖေနဲ့အမေကို မျှော်ပြီး တဲပြင်သို့ ခဏခဏ လှမ်းကြည့်မိသည်။ သို့သော် တစ်စုံတစ်ယောက်မျှ လှုပ်လှုပ်ပုတ်ပုတ် မတွေ့ရ။ ရပ်ရှစ်ခွင်လုံး အုံ့မှိုင်းပြီး ဖွေရွာနေသော မိုးကသာ မြဖြူ၏ ကြောက်စိတ်အားငယ်စိတ်တို့ကို ပိုပြီးလှုပ်နှိုးနေပေသည်။

အဖေရောက်လာလျှင် အဆင်သင့် သောက်ရအောင် ရေနွေးထည့်ပြီး ဓာတ်ဘူးထဲတွင် ထည့်ထားလိုက်၏။ အမေ

မှာခဲ့သည့်အတိုင်း ငါးခူသား ဆားနယ်ပါးပါးလေးကို ကင်ပြစ်ထဲ ထည့်ညှပ်ကာ မီးကင်ထားလိုက်သည်။ အချိန်တွေက ကုန်နိုင်ခဲလွန်းသည်။ မြဖြူသည် သူ့မအဖေ ပုဆိုးပြကြီးကိုယူပြီး ချုပ်ရှိုးသီနေလိုက်၏။

"ဂလွမ်း. . . ဂလွမ်. . . ဂလွမ်း"

လျှပ်စီးတစ်ချက် ခပ်စူးစူးလက်ပြီး မိုးခြိမ်းသံတစ်ချက် ခပ်ကြမ်းကြမ်း ဟိန်းထွက်လာသည်။

"ကြွတ္တိပိတော"

မြဖြူ၏နှုတ်မှ လွတ်ကနဲထွက်သွားသည်။ တဲပြင်သို့ မျှော်ကြည့်လိုက်ပြန်သည်။ မြဖြူ ဝမ်းသာသွားသည်။ တဲဆီသို့ ဦးတည်လာနေသောသူတစ်ယောက်ကို မိုးစက်ငွေဖြားတံများကြားမှ မပီမသ မြင်လိုက်ရသည်။ လူကြီးမှာ စလွယ်ခမောက်ကို ဆောင်းပြီး ခေါင်းငုံ့လျှောက်လာသည်။ တဖြည်းဖြည်း တဲရှေ့သို့ ရောက်လာခဲ့ပေပြီ။ မြဖြူအားယူကြည့်လိုက်၏။ သို့သော် မြဖြူ့အဖေကား မဟုတ်။ အသက်ခြောက်ဆယ်ကျော်ခန့် အဘိုးကြီး တစ်ဦး။ တစ်ကိုယ်လုံး မိုးရေတွေရွှဲနေသည်။ ချမ်းလွန်း၍ ခိုက်ခိုက်တုန်နေ၏။

"ဘယ်ကမျှားပါလိမ့် သနားစရာ"

မြဖြူ စိုက်ကြည့်လိုက်သည်။ အဘိုးကြီးသည် တဲအတွင်းသို့ မော့ကြည့်နေသည်။ မြဖြူနှင့် အမြင်အာရုံချင်း ဆုံတွေ့သွားကြသည်။ မြဖြူမြင်ဖူးသည်ကား မဟုတ်။

"ဪ. . . သမီးလေးရယ် အဘ တဲတွင်းသို့ ခဏဝင်



ပါရစေကွယ်။ အဘ သိပ်ချမ်းလွန်းလို့ပါကွယ်"

အဘိုးကြီးထံမှ တုန်တုန်ယင်ယင် အသံထွက်လာသည်။

"တက်ပါ အဘရယ်၊ တက်ပါ"

အဘိုးကြီးသည် တုန်တုန်ချည့်ချည့် လှမ်းတက်လိုက်သည်။ အအေးဒဏ်လွန်ကဲနေရာ အဘိုးကြီးမှာ လှေကားမှ လိမ့်ကျမလို ဖြစ်သွားရာ မြဖြူလှမ်းဆွဲထားလိုက်ရသည်။ အဘိုးကြီးအား တွဲခေါ်ပြီး တဲခန်းအလယ်မှာ မွှေးထားသော မြေအိုးမီးဖိုဘေးနားတွင် ထိုင်ခိုင်းလိုက်သည်။ ထင်းချောင်းများ ထပ်ထည့်ပေးပြီး မီးပြောင်းဖြင့် တဖူးဖူး မီးမှုတ်ပေးလိုက်၏။

"ကဲ. . . အဘနွေးသွားအောင် မီးလှုံလိုက်ပါနော်"

အဘိုးကြီး၏ ပုဆိုး၊ အင်္ကျီများမှ ရေတွေတစ်စက်စက်ကျနေ၏။ မြဖြူသည် သူ့အဖေ၏ ပုဆိုးတစ်ထည်နှင့် အင်္ကျီတစ်ထည်ကို ယူပေးပြီး လဲခိုင်းလိုက်၏။ မြဖြူမှာ ကုသိုလ်လုပ်ငန်းဟု သဘောပိုက်ပြီး ကျေနပ်သွားသည်။ မီးဖိုလေးကို အလယ်တွင်ထားပြီး အဘိုးကြီးရှေ့တွင် မြဖြူထိုင်လိုက်သည်။

"ဘဘကြီးက ဘယ်ကလာလို့ ဘယ်ကိုသွားတာလဲ ဟင်"

လက်ဝါးလေးနှစ်ဖက်ကို မြန့်ကားကင်ရင်း အဘိုးကြီးကို မေးလိုက်သည်။

"ဪ. . . ဘဘကြီးက ရိုးမချောင်းဖျားကပဲကွဲ။ မိုးဦးလေဦး အသီးအရွက်လေးတွေ ခူးပြီး မြစ်ဝဘက်ရွာတွေ သွားရောင်းမလို့ ဆင်းလာတာပဲကွယ်။ လမ်းမှာ လေရောမိုးရောပြင်းလာတာနဲ့ နီးရာကမ်းလှမ်းတက်လာတာ ခုလို သမီး

လေးတို့တဲ ရောက်ခဲ့တာပါပဲ သမီးလေးရယ်။ လေ့ကိုတော့ ဒီကချောင်းဖျားလေးမှာ ချည်ထားခဲ့တယ် ရပါတယ်နော်"

"ရပါတယ် ဘဘကြီးရဲ့၊ ဒီနားတဝိုက်မှာတော့ သမီးတို့တဲပဲရှိတာ။ လူသူ အသွားအလာ နည်းပါတယ်။ အေးအေးဆေးဆေးပါပဲ။ သမီးလည်း အဘရယ် ဒီနေ့မိုးတွေလေတွေကြီးတာနဲ့ အဖေ့ကိုမျှော်နေတာ"

"သမီးလေးတို့အဖေက ဘယ်အရွယ်လောက် ရှိပြီလဲ"

"အဖေကလည်း အသက်အရွယ်ကြီးပါပြီရှင့်။ ခြောက်ဆယ်ကျော်နေပါပြီ။ ခုမြစ်ဝဘက် မျှားတန်းချထွက်သွားပါတယ်။ အဖေလည်း ဒီအလုပ်ကိုပဲ ဝါသနာပါတယ်။ မသွားနဲ့ဆိုလည်း မရဘူး။ ခု လေကြီးမိုးကြီးကျနေပြီ ဒုက္ခပဲ ဘဘကြီးရယ်"

"အြော်. . . သမီးလေးရယ် ဒီလောက်လည်း တွေးပူမနေစမ်းပါနဲ့ သမီးအဖေကြီးက ရေတံငါဆိုတော့ လှိုင်းတွေလေတွေနဲ့ နပန်းလုံးပြီး ကြီးပြင်းလာတာပဲ။ ဘဘကြီး ပြောသံတော့ ကြားဖူးတယ်၊ မိုးကြီးရင် လှိုင်းပိတယ်တဲ့။ လှိုင်းငြိမ်တယ်ဆိုပဲ"

"ဟုတ်တယ် ဘဘကြီးရဲ့ အဖေတို့အရွယ်က ကျောင်းနားကန်နားကပ် ဘာသာရေးတွေ လုပ်ရမယ့်အရွယ်ပဲ"

"ဘဝဆိုတာ ဒီလိုပဲပေါ့ သမီးရယ်။ အခြေအနေပေးသလို လုပ်စားရတာပဲ။ ဘဘကြီးမလဲ ကိုယ်မှ ထမသွားရင်သွားမယ့်လူက မရှိ။ ဒီလိုပဲ သွားသွားစားစားနဲ့ ရှန်းကန်ရင်း



နေညိုချိန်ရောက်လာပြီပဲကွယ်"

အဘိုးအိုမှာ ပြောရင်း ကြေကွဲရိပ်သန်းသွားသည်။

"ဘဘကြီး ထမင်းဟင်းကော စားခဲ့ပြီလားရှင်"

"ဘယ်ကနေ စားရမလဲ သမီးရယ် မြစ်ဝရွာတွေဘက်ရောက်မှပဲ တည်းခိုပြီး စားမယ်ဆိုပြီး ညသုန်းခေါင်လောက်ကတည်းက လှေ့ဆင်းလာခဲ့တာ လမ်းတစ်ဝက်ပဲ ရောက်သေးတာကိုးကွဲ့"

"အြော်. . . ဒီလိုဆို ဘဘကြီး တော်တော်ဗိုက်ဆာနေရောပေါ့နော်။ သမီး ထမင်းပြင်လိုက်မယ်လေ အဖေဝင်လာရင် အဆင်သင့်ဖြစ်အောင်လို့ ထမင်းချက်ထားတာ ရှိပါတယ်"

မြဖြူ အဘိုးအိုကို ခပ်သွက်သွက်ပဲ ထမင်းခူးခပ်ကျွေးလိုက်သည်။ အဘိုးအိုမှာ မည်မျှဆာလောင်နေလဲ မသိ။ ခေါင်းမဖော်ဘဲ စားနေသည်။ ထမင်းစားရင်း ခဏခဏ နင် နင်နေရာ မြဖြူက ရေတစ်ခွက်ချပေးလိုက်သည်။ မြဖြူမှာ ကိုယ့်အဖေကြီးကို ကျွေးမွေးနေရသည့်သို့ ပြုမိသည့်ကောင်းမှုအတွက် ပီတိရင်ဝယ်ပြည့်နေသည်။

"စားပါ ဘဘကြီးရဲ့၊ သမီးလည်း ကုသိုလ်ရတာပေါ့နော်။ ဘာမှဝယ်ရခြမ်းရတာ မပါပါဘူး ဘဘကြီးရယ်။ ငါးကလည်း အဖေရှာတယ်။ ဟင်းတွေကလည်း ခြံထွက်တွေချည်းပဲ။ ဒီရာသီဆို ဟင်းတွေပေါတယ်လေ"

"ဗိုက်ဆာနေလို့ပဲ ထင်တယ်၊ မြိန်လိုက်တာ သမီးလေးရယ်။ အိမ်မှာတောင် ဒီလိုခံတွင်းမတွေ့မိဘူး"

အဘိုးအိုမှာ ထမင်းစားပြီးသည်နှင့် မီးဖိုနားတွင် လာထိုင်နေပြန်သည်။ ထမင်းစားလွန်သွားလို့ပေလားမသိ မီးလှုံရင်း အိပ်ငိုက်လာသည်။

"ဘဘကြီး တော်တော်ပင်ပန်းလာပုံရတယ် အိပ်ချင်အိပ်လိုက်လေ"

အဘိုးအိုသည် ဘုရားစင်အောက်နားသို့ သွားပြီး ကြသောင်းဝါးခြမ်းခေါင်းအုံးလေးပေါ်တွင် ခေါင်းချရင် ခွေခွေလေး အိပ်နေလိုက်သည်။ မြဖြူတစ်ချက် ကြည့်လိုက်သည်။ အဘိုးအိုမှာ ပါးစပ်ကြီးဟောင်းလောင်းဖြင့် ဟောက်နေခဲ့ပေပြီ။ မြဖြူသည် အဘိုးအို အချမ်းလွန်ပြီး အအေးမိနေမှာစိုး၍ အညာစောင်ပါးလေးတစ်ထည် ခြုံပေးလိုက်သည်။ အဘိုးအိုမှာ ဘဝအမောတွေကို ဖြေနေခြင်းပဲ ဖြစ်တန်ရာသည်။ ဘဝနေဝင်ချိန်ထိ လောကဓံကို အရှုံးမပေးဘဲ စီးချင်းထိုးနေတုန်းပါလား။

လေကတော့ ငြိမ်သွားခဲ့လေပြီ။ သို့သော် မိုးကမစဲ ရွာနေဆဲ။ မြဖြူသည် အဖေနှင့် အမေကိုစောင့်ရင်း မိုးရေထွက်ချိုးလိုက်သည်။ မိုးအေးသည်မို့ သိပ်ကြာကြာမိုးရေ မချိုး။ တဲပေါ်သို့ ပြန်တက်ပြီး သနပ်ခါးကို ခြေဆုံးခေါင်းဆုံး လိမ်းလိုက်သည်။ ညသည်အဘိုးအို နိုးလာလျှင် ရေနွေး အဆင်သင့်ဖြစ်အောင် ရေနွေးတစ်အိုး ထပ်တည်လိုက်၏။

မြဖြူမှာ ကိစ္စဝိစ္စဆောင်ရွက်ပြီးပြီမို့ မှန်ကလေးကို ဆွဲယူပြီး သနပ်ခါးအထူအပါးကို ကြည့်လိုက်၏။ သဘောကျသွားမှ မှန်ကလေးကို အသာချလိုက်သည်။ အဘိုးအိုအား တစ်ချက်လှမ်းကြည့်လိုက်သည်။ အဘိုးအို နိုးလာပေပြီ။ ထမိရင်လျားလေးဖြင့် လွတ်လွတ်လပ်လပ် ခြယ်မှုန်းနေသည်ကို အဘိုးအိုများ မြင်သွားလေသလားမသိ။ မြဖြူ ရှက်သလိုလို ဖြစ်သွားသည်။ အဘိုးအိုကို တစ်ချက်ပြန်ကြည့်လိုက်ပြန်သည်။ အဘိုး၏ မျက်လုံးကြီးနှစ်လုံးက ပြူးပြီး မြဖြူကို ကြည့်နေသည်။ မြဖြူမှာ မိမိကိုယ်ကိုမလုံမလဲ ငုံ့ကြည့်ရင်း အကျီမျှားကို အနေအထား ချလိုက်သည်။ အဘိုးအိုအား မဝံ့မရဲ တစ်ချက်ကြည့်ရင်း မီးဖိုခန်းဘက်လှည့်ဝင်လိုက်၏။

"သမီးလေး ဘဘကြီးကို ရေနွေးတစ်ခွက်လောက် ကမ်းပေးပါဦးဟေ့၊ သိပ်အချမ်းမပြေချင်သေးဘူး"

"ဪ. . . ဟုတ်ကဲ့ ဟုတ်ကဲ့"

မြဖြူသည် ရေနွေးအိုးမှ ရေနွေးငှဲ့ထည့်ပြီး သွားပေးလိုက်သည်။ အဘိုးအိုက ထထိုင်ပြီး ရေနွေးခွက်ကို လှမ်းယူပြီး ခေါင်းရင်းဘက်ထရံနားတွင် ချတည်ထားလိုက်သည်။ တစ်ဆက်တည်းပဲ အဘိုးအိုသည် မြဖြူ၏ လက်ကလေးကို ဖတ်ကနဲ လှမ်းဆွဲလိုက်ရာ မြဖြူမှာ အဘိုးအို၏ ရင်ခွင်ထဲသို့ ရောက်သွားခဲ့ပေသည်။ မြဖြူ အတင်းရုန်းထသည်၊ မရ။ အဘိုးအို၏ လက်ဖျံရိုးကြီးများက သန်မာလွန်းနေသည်။ မြဖြူကို မြွေတူကြီးဖြင့် ညှပ်ထားသလို ပွေ့ဖက်ထားသည်။ မြဖြူ၏ စိတ်အစဉ်သည် အံ့သြခြင်း၊ မယုံကြည်နိုင်ခြင်းတို့ဖြင့် ရောထွေးနေသည်။ မြဖြူ ဆောက်တည်ရာမရ။ အဘိုးအို၏ ရင်ခွင်

ထဲမှာပဲ ရှိနေသည်။

ရှုံ့တွလျော့ရဲနေသော အဘိုးဘိုး၏ ရှပ်ခနွာ၌ ရာဂသည် တဒင်္ဂအတွင်း ပြန်လည်နုပျိုလာသည်။ အဘိုးဘိုးအဖို့ အရာရာသည် မှောင်မည်းခဲ့ချေပြီ။ မြဖြူ၏ ဖျိုမျစ်မှု လ...ဆတ်မှုတို့မှာ အိုမင်းနေသော ရှပ်ခနွာကြီးကို မကျော်လွှားနိုင်။ မထင်မှတ်သော အင်အားများ အဘိုးဘိုးတွင် ပြည့်ဖြိုးနေသည်။

မိုးကလည်း စဲမလိုလိုနှင့် သဲသဲမဲမဲ ရွာလာပြန်သည်။ မြဖြူမှာ ရှုန်းရင်းကန်ရင်း အဘိုးဘိုး၏ ကိုယ်လုံးကြီးအောက်သို့ ရောက်သွားခဲ့ရတော့သည်။ မိုးခြိမ်းသံကြီးတစ်ချက် ပြင်းထန်စွာ မြည်ဟီးပေါက်ကွဲသွားရာ မြေပြင်တစ်ခုလုံး သိမ့်သိမ့်ခါသွားသည်။

မိုးက အငြိုးတကြီးရွာနေဆဲ။

မြဖြူ အတင်းရုန်းကန်ဆောင့်တွန်းလိုက်သည်။ ကမ္ဘာလောကကြီး၌ နှိုရှာစက်ဆုတ်စရာအကောင်းဆုံးသော ရှပ်ဝတ္ထုတစ်ခုသည် မြဖြူ၏ ရှေ့မှောက်တွင်ပုံပျက်ပန်းပျက် ရှိနေသည်။ မြဖြူ စဉ်းစားမနေတော့။ ချက်ချင်းပြေးထပြီး အဘိုးကြီး၏လက်ဖျံရိုးကြီးအား ကိုင်ဆွဲလိုက်၏။ အဘိုးဘိုးမှာ အရေခွံလဲထားသော ဖားန်းကောင်လို ပျော့ခွေပြီးပါလာသည်။

"ကိုယ့်လမ်းကိုယ်သွားတော့ မသာကြီး"

မြဖြူသည် အဘိုးအိုကို တဲပေါ်မှ တွန်းချလိုက်သည်။



အဘိုးအို တဲအောက်သို့ ပုံလျက်ကျသွား၏။

"သွား . . . သွား မြန်မြန်သွား မကြည့်ချင်ဘူး"

မြဖြူ ကြုံးအော်လိုက်သည်။ အဘိုးအိုသည် ငိုမဲ့မဲ့မျက်နှာဖြင့် တစ်ချက်မော့ကြည့်လိုက်ရင်း မိုးရေထဲသို့ တယိုင်ယိုင်ကပါး လျှောက်သွားနေပေသည်။ မြဖြူမှာ အိပ်ရာထဲသို့ ပြေးဝင်ပြီး ရှုံ့ပွဲချ ငိုကြွေးလိုက်တော့သည်။ မြဖြူ၏ ကြေကွဲမျက်ရည်များ တသောသော ကြွေခါင်းနေကြလေပြီ။

လျှပ်စီးတစ်ချက် လင်းလက်လိုက်ပြန်ရာ သတ္တလောကကြီးတစ်ခုလုံး လင်းကိန်သွားသည်။

"ဂလွမ်း ဂလွမ်း ဂလွမ်း ဂျိမ်း"

မိုးကြိုးပစ်သံကြီးတစ်ချက် ပေါက်ကွဲမြည်ဟီးသွားသည်။ မြဖြူသည် ကြောက်လန့်တုန်လှုပ်စွာ နားနှစ်ဖက်ကို ပိတ်ထားလိုက်မိ၏။

လေပြင်းတစ်အုပ် လှုပ်လိုက်ရာသစ်ရွက်များ သောသောလှုပ် ဖြစ်သွားကြသည်။ မိုးလည်း ရွာရလွန်း၍ အားအင်ကုန်ခမ်းသွားပြီထင့်။ တဖြည်းဖြည်း အားလျော့လာသည်။ မိုးဖွဲကလေးများသာ ဖွဲဖွဲရိုရွာကြွေဆင်းနေကြသည်။

"မြဖြူရေ မြဖြူ ဒီကောင်မလေး ဘယ်သွားနေတာလဲ၊ မိုးကလည်း ရွာလိုက်တာ ထွက်ပေါက်ကို မရဘူး ဟူး . . ."

မြဖြူ့အမေ ဒေါ်မြအေးသည် ပါးစပ်မှ တဗြစ်ဗြစ်ပြောရင်း ဈေးပန်းကို ခေါင်းပေါ်မှ ချလိုက်၏။ ခေါင်းခု ပုဆိုးလေးကို ခေါင်းပေါ်မှဆွဲချပြီး မျက်နှာကို ပွတ်သုတ်လိုက်သည်။

ဒေါ်မြအေးသည် ကွင်းပြင်ကိုကျော်ပြီး လှေဆိပ်ဘက်သို့ လှည့်ကြည့်လိုက်သည်။ အမေကြီးထွန်းခိုင် တာရိုးကို လျှောက်ပြီး လှမ်းလာနေသည်။ ဦးထွန်းခိုင် တဖြည်းဖြည်း တဲရှေ့သို့ရောက်လာခဲ့သည်။ ဦးထွန်းခိုင်၏ပလိုင်းကို ဒေါ်မြအေး ၄ မ်းယူလိုက်၏။

"မိုးက ကြီးသနဲ့ရှင် အမေကြီးအတွက် ကျွန်မစိတ်ပူလိုက်ရတာ"

"သာမန်မိုးရွာတာ၊ လေတိုက်တာလောက်တော့ မမှုလောက်ပါဘူးကွာ။ မိုးရိပ်မိုးခြေမြင်ကတည်းက မျှားတန်းကို ဖော့နဲ့လွှတ်ပြီး ကမ်းဘက်ပြေးလှော်ခဲ့တာပါပဲ။ မျှားချက်ကနည်းတော့ ငါးက ရသင့်သလောက်တောင် မရခဲ့ဘူးပေါ့ကွာ"

"တစ်ခါတစ်လေ ရာသီဥတု အခြေအနေမပေးတော့လည်း ဒီလိုပဲပေါ့ရှင်။ ဘေးမသီရန်မခဘဲ ပြန်ရောက်လာတာကိုပဲ ကျေနပ်လှပါပြီ"

"ဒီနေ့ မိုးကတော့ ရက်စက်တယ်ကွာ။ တစ်ခါမှ ဒီလိုရွာတာမတွေ့ခဲ့ဘူး"

ဦးထွန်းခိုင် ဘေးပတ်ဝန်းကျင်ကို ဝေ့ယမ်းကြည့်လိုက်၏။

"ကလေးအမေကို တစ်ခုပြောရဦးမယ်၊ တို့လှေဆိပ်မှာလေ ဟင်းလှေတစ်စီးမြုပ်နေတယ်၊ ဟင်းသီးဟင်းရွက်ဇတွလည်း ကမ်းနားတစ်လျှောက်လုံး မျောတာမျော တင်တာတင်နဲ့ကွာ"



ဦးထွန်းခိုင် ဇနီးသည်ကို တစ်ချက်စိုက်ကြည့်လိုက်ပြန်သည်။

"အဲဒီလှေရှင်များလား မသိဘူး။ တို့အရွယ်အဘိုးကြီးတစ်ဦး မိုးကြိုးစက်ကွင်းဝင်ပါသွားလို့ထင်တယ် သေနေတယ်သိလား"

"ဘယ်သူလဲ ဟင်"

"ငါလည်း မသိပါဘူးဟာ။ တို့အရပ်ကတော့ မဟုတ်ဘူး။ အဲဒါရွာထဲသွားပြီး ကျေးရွာလူကြီးတွေကို အကြောင်းကြားရဦးမယ်။ ခုပဲ သွားလိုက်မယ်ကွာ"

ဦးထွန်းခိုင်၏ စကားသံကြောင့် အိမ်မက်ခါးထဲက မြဖြူလန့်နိုးသွားသည်။

"အလို. . . ဘုရား ဘုရား ဘုရား"

ရင်ကလေးကို လက်ဖြင့်ဖိပြီး တိုးတိုးလေး ဘုရားတလိုက်သည်။ လှမိစ္ဆာကောင် သက်ကြားအိုကြီး တဲမှထွက်ခွာချိန် ရောက်ရှိရာနေရာနှင့် မိုးကြိုးပစ်သံတို့မှာ ချိန်ကိုက်ဖြစ်နေပေပြီ"

ယခုတော့ ဖသာကိုသုခ ထင်ပြီး အဝိဇ္ဇာဇာတ်လမ်းကို ကသွားခဲ့သော မိစ္ဆာကောင် သက်ကြားအိုကြီးမှာ ဥပစ္ဆေဒကကံ သင့်ခဲ့ချေလေပြီ။ မြဖြူသည် မျက်လုံးအစုံကို မှိတ်လိုက်ရာ မျက်ဝန်းအစုံတွင် မျက်ရည်ပူများအိုင်ထွန်းပြီး မျက်ဝန်းထောင့်စွန်းများမှ စီးဖြာဆင်းသွားကြသည်။

× × × × ×

ခါတိုင်းနှစ်တွေဆိုလျှင် မိုးဦးကျပြီလားဆို မြဖြူ ပျော်သည်။ မိုးရေဖွေးဖွေးကြားမှာ ခုန်ပေါက်ပြေးလွှားဆော့ကစားရင်း ယာခင်းထဲမှာ ပေါင်းသင်မြက်နုတ် အမေနဲ့အတူ လုပ်သည်။ ယခု မိုးလယ်တိုင်ခဲ့ပြီ။ မြဖြူ မပျော်ရွှင်ခဲ့။ မြဖြူ၏ အနာဂတ်သည် အရောင်ကြီးစွာ ပြောင်းလဲခဲ့လေပြီ။ မြဖြူမှာ ဖြစ်ပျက်မှုအကြောင်းတရားများကို တွေးရင်းရှူမတတ် ခံစားရသည်။ ယခုနှစ် မိုးရက်များသည် မြဖြူ၏ ငိုကြွေးရက်များဖြစ်နေခဲ့သည်။

မြဖြူတွေးရင်း မျက်ရည်များ စီးဆင်းလာသည်။ အမေ ဒေါ်မြအေးကို မသိမသာ လှမ်းကြည့်ရင်း ထမီအထက်ဆင်ကလေးဖြင့် မျက်ရည်များကို ပွတ်သုတ်လိုက်သည်။ ငှက်ပျောပင်များအား တွန့်လိမ်တစ်ဆစ်နေကြသော နွယ်ပင်များကို ဓားကလေးတစ်ချောင်းဖြင့် ခုတ်ဖြတ်ရင်းသစ်ပင်ခြေရင်း၌ စုပုံချလိုက်သည်။

မြဖြူ မိုက်ကနဲ ဖြစ်သွား၏။ ချက်ချင်း ငှက်ပျောပင်ကြီးတစ်ပင်ကို ပြေးဖက်ထားလိုက်ရသည်။ တရိပ်ရိပ် တက်လာပြီး အန်ချင်သလိုလို ဖြစ်လာသည်။ ပျို့တက်လာခြင်းကြောင့် ခေါင်းကိုငုံ့ပြီး ထိုးအန်ချလိုက်သည်။ အချိန်တော်တော်ကြာအောင် အန်သော်လည်း မည်သည့်အရာမျှ ထွက်ကျမလာ။ လေချည်းသက်သက် ဖြစ်နေသည်။

"ဟဲ့...ဟဲ့ မြဖြူ မြဖြူ သမီး နေမကောင်းဘူးလား"

ဒေါ်မြအေးမှာ အပြေးကလေးရောက်လာပြီး ဟင်းရွက်



တောင်းကို ဘေးသို့ ပစ်ချလိုက်သည်။ မြဖြူ၏ နဖူးပြင်လေးကို လက်ဖြင့်မ,တင်ပြီး ကားထားလိုက်သည်။ မြဖြူမှာ တခေါ့ခေါ့ ဆက်အန်နေပြန်သည်။ ချွေးများ ပြန်ကာမျက်ရည်များ ထွက်ကျလာပြန်၏။ မြဖြူမှာ အားကုန်ညစ်ပြီး အန်ထုတ်လိုက်ရခြင်းကြောင့် အတော်နွမ်းနယ်သွားပုံရသည်။

"ရော့... ရေသောက်ချလိုက်သမီး"

မှုလင်းဖြင့် ထည့်ယူလာသော သောက်ရေကို တိုက်လိုက်၏။

"မူးလိုက်တာ အမေရယ်"

ဒေါ်မြအေးသည် မြဖြူကိုတွဲခေါ်ပြီး တဲသို့ဝင်လိုက်သည်။ ဘုရားစင်တွင်တင်ထားသော ပရုတ်ဆီဗူးလေးကို ယူကာ နားခေါင်းဝ ဂုတ်စ နထင်စတို့ကို ပွတ်နယ်ပေးလိုက်၏။ ရှူလည်း ရှူခိုင်းလိုက်သည်။ ခေါင်းခုဝလေးကို ဖြုတ်ပြီး သမီးလေး၏ မျက်နှာတွင် ဒီတွဲဆင်းနေကြသော မျက်ရည်များကို သုတ်ပေးလိုက်၏။ ဒေါ်မြအေးသည် သမီးလေးကို အာရုံစိုက်ပြီး တစ်ချက်ကြည့်လိုက်၏။ မြဖြူ၏ နားသယ်၊ နားထင်စလေးများ ခြောက်နေ၏။ လည်တိုင်ရှည်မျောမျောနှင့် ဝိန်သွားသလိုမျိုး။ သမီးလေး တမှိုင်မှိုင် ဖြစ်နေသည်များကိုလည်း မြင်ယောင်လာသည်။

"မဟုတ်မှလွဲရော"

ဒေါ်မြအေး ဆက်မတွေးဝံ့တော့ပေ။

"ဘယ်လိုဖြစ်တာလဲ သမီးလေးရယ် အမေရင်တုန်လိုက်

တာ"

"ဟီး ဟီး ဟီး ဟီး ဟီး"

မြဖြူထံမှ ရှိုက်ငိုသံများ ဆက်တိုက်ထွက်လာရာ ဒေါ်မြအေး မျက်နှာပျက်သွားသည်။

"ပြောပါ သမီးလေးရယ်။ ဒီကိစ္စက မပြောလို့မဖြစ်ဘူးလေ။ သမီးမှာ ချစ်သူများရှိနေပြီလား၊ ဟင်. . . သမီးလေး"

"ဟီး ဟီး ဟီး ဟီး"

မြဖြူအိပ်ရာထဲတွင် လူးလိမ့်ငိုရင်း ငိုမြဲငိုနေသည်။

"ဘယ်သူနဲ့လဲ၊ မေမေ့ကိုပြောမှပေါ့ သမီလေးရယ်"

"သမီးအဖြစ်က ဆိုးလွန်းလှပါတယ် အမေရယ်"

"ပြောစမ်းပါ သမီးရယ်၊ အမေ ရင်တုန်လိုက်တာကွယ်"

မြဖြူမှာ တရှိုက်ရှိုက်ငိုရင်း အချိန်အတော်ကြာမှ တုန်တုန်ရီရီ ပြောလိုက်မိသည်။

"ဒီလိုအမေရယ်၊ မိုးဦးက လှေဆိပ်မှာ အဘိုးအိုတစ်ယောက် မိုးကြိုးပစ်လို့သေပါရောလား"

"အင်း"

"အဲဒီ မသာကောင်ကြီးပေါ့ အမေရယ်"

"ဟင်"

မြဖြူမှာ မထူးတော့ပြီမို့ မိုးသက်လေပြင်းကျရောက်ခဲ့သော မိုးနေ့တစ်နေ့၏ အိမ်မက်ဆိုးကို ပြန်လည်နိုးထ ပြောပြမိတော့သည်။

"ဖြစ်မှဖြစ်ရလေ သမီးလေးရယ်၊ လူမဆန်လိုက်တဲ့



မိစ္ဆာကောင်ကြီး သေတွင်းထဲ ကိုယ်တစ်ခြမ်းဝင်တာတော
ဒီစိတ်က ရှိသေးတယ်နော်။ ခုတော့ ငါ့သမီး ရေတိမ်နစ်
ပေါ့လား"

သမီးတွင် ဖြစ်တည်ခဲ့သော ပရိဒေဝသောကမီးသည
ဒေါ်မြအေးအား တုတ်နှောင်ထားလိုက်ကြပေပြီ။ ဒေါ်မြအေ
သည် သမီးအားဖက်ပြီး ကြုံကြုံပါအောင် ငိုလိုက်ပေတော့
သည်။

"သမီးအပေကြီးသာ သိသွားရင် ဘယ်လိုလုပ်ကြမလဲ
ကွယ်"

လောကဓံ ဖြစ်ပျက်မှု ဒုက္ခသစ္စာအကြောင်းတရားများ
ထဲတွင် မြဖြူခံစားနေရသော ဒုက္ခမှာ မည်သည့်ဖြစ်ပျက်မှု
မျိုးနှင့်မျှ မတူသည့် ဖြစ်တည်မှုမျိုးမို့ ပိုကြီးကြတွဲ့ရသည်။

× × × × ×

"အောက် အီး အီး အွတ်"

မြဖြူမွေးထားသော ကြက်ဖလေးသည် တဲခေါင်းရင်း
ရင်ကွဲသရက်ပင်ကလေးပေါ်မှ သံကုန်ဟစ်ပြီး တွန်ကျူးလိုက်
၏။ ကြက်ဖကလေးသည် မြဖြူတို့မိသားစုကို ပုံမှန်တစ်လှ
နှိုးနေကျ။ လင်းအရုဏ်တွင် ကြက်ဖကလေးသည် တွန်သံပေ
လိုက်သည်နှင့် မြဖြူတို့မိသားစု လက်တွေလှုပ်ကြရတော့သည်
ဒေါ်မြအေးသည် မီးခွက်ကလေးကို ထွန်းပြီး ထမင်
ချက်ရန် မီးဖိုဘက်သို့ ကူးလိုက်၏။ ဦးထွန်းခိုင်လည်း အိပ်ရာ

ဟာ"

"ဟီး ဟီး ဟီး ဟီး ဟီး"

မြဖြူထံမှ ရှိုက်ငိုသံများ ဆက်တိုက်ထွက်လာရာ ဒေါ်မြအေး မျက်နှာပျက်သွားသည်။

"ပြောပါ သမီးလေးရယ်။ ဒီကိစ္စက မပြောလို့မဖြစ်ဘူးလေ။ သမီးမှာ ချစ်သူများရှိနေပြီလား၊ ဟင်. . . သမီးလေး"

"ဟီး ဟီး ဟီး ဟီး"

မြဖြူအိပ်ရာထဲတွင် လူးလိမ့်ငိုရင်း ငိုမြဲငိုနေသည်။

"ဘယ်သူနဲ့လဲ၊ မေမေ့ကိုပြောမှပေါ့ သမီလေးရယ်"

"သမီးအဖြစ်က ဆိုးလွန်းလှပါတယ် အမေရယ်"

"ပြောစမ်းပါ သမီးရယ်၊ အမေ ရင်တုန်လိုက်တာကွယ်"

မြဖြူမှာ တရှိုက်ရှိုက်ငိုရင်း အချိန်အတော်ကြာမှ တုန်တုန်ရီရီ ပြောလိုက်မိသည်။

"ဒီလိုအမေရယ်၊ မိုးဦးက လှေဆိပ်မှာ အဘိုးအိုတစ်ယောက် မိုးကြိုးပစ်လို့သေပါရောလား"

"အင်း"

"အဲဒီ မသာကောင်ကြီးပေါ့ အမေရယ်"

"ဟင်"

မြဖြူမှာ မထူးတော့ပြီမို့ မိုးသက်လေပြင်းကျရောက်ခဲ့သော မိုးနေ့တစ်နေ့၏ အိမ်မက်ဆိုးကို ပြန်လည်နိုးထ ပြောပြမိတော့သည်။

"ဖြစ်မှဖြစ်ရလေ သမီးလေးရယ်။ လူမဆန်လိုက်တဲ့



မိစ္ဆာကောင်ကြီး သေတွင်းထဲ ကိုယ်တစ်ခြမ်းဝင်တာတောင် ဒီစိတ်က ရှိသေးတယ်နော်။ ခုတော့ ငါ့သမီး ရေတိမ်နစ်ပါပေါ့လား"

သမီးတွင် ဖြစ်တည်ခဲ့သော ပရိဒေဝသောကမီးသည် ဒေါ်မြအေးအား တုတ်နှောင်ထားလိုက်ကြပေပြီ။ ဒေါ်မြအေးသည် သမီးအားဖက်ပြီး ကြုံကြုံပါအောင် ငိုလိုက်ပေတော့သည်။

"သမီးအပေကြီးသာ သိသွားရင် ဘယ်လိုလုပ်ကြမလဲကွယ်"

လောကာ[illegible]ဖြစ်ပျက်မှု ဒုက္ခသစ္စာအကြောင်းတရားများထဲတွင် မြဖြူခံစားနေရ[illegible] ဒုက္ခမှာ မည်သည့်ဖြစ်ပျက်မှုမျိုးနှင့်မျှ မတူသည့် ဖြစ်တည်မှုမျိုးပို့ ပိုပြီး[illegible]ကြုံတွဲရသည်။

× × × × ×

"အောက် အီး အီး အွတ်"

မြဖြူမွေးထားသော ကြက်ဖလေးသည် တဲခေါင်းရင်းရင်ကွဲသရက်ပင်ကလေးပေါ်မှ သံကုန်ဟစ်ပြီး တွန်ကျူးလိုက်၏။ ကြက်ဖကလေးသည် မြဖြူတို့မိသားစုကို ပုံမှန်တပ်လှန်နှိုးနေကျ။ လင်းအရုဏ်တွင် ကြက်ဖကလေးသည် တွန်သံပေးလိုက်သည်နှင့် မြဖြူတို့မိသားစု လက်တွေ့လှုပ်ကြရတော့သည်။

ဒေါ်မြအေးသည် မီးခွက်ကလေးကို ထွန်းပြီး ထမင်းချက်ရန် မီးဖိုဘက်သို့ ကူးလိုက်၏။ ဦးထွန်းခိုင်လည်း အိပ်ရာမှ

ထလိုက်၏။ မျက်နှာကို တမြန်းမြန်း သစ်ချကာ ပါးစပ်ထဲ ရေတစ်ငုံထည့်ပြီး ပလုတ်ကျင်းကာ ထရံပေါက်မှ ပွက်ကနဲ ထွေးထုတ်ပစ်လိုက်သည်။ တစ်ဆက်တည်းပင် လက်သုံးတော် ဓားမလေးကိုဆွဲပြီး ဓားသွေးကျောက်တွင် စိမ်ပြေနပြေ တင်သွေးနေလိုက်သည်။

"သမီးရေ မြဖြူ ထပါတော့လား"

ဒေါ်မြအေး လှမ်းအော်လိုက်သည်။ မြဖြူမှာ မိဘအိမ်ရာမှထလျှင် သူမလည်းထမြဲ။ သူ့အမေနှင့်အတူ ထမင်းဝင်ချက်သည်။ ဟင်းသီးဟင်းရွက်များကို နီးကြိုးကလေးဖြင့် အထုပ်စည်းရသည်။ မနက်လင်းသည်နှင့် ဒေါ်မြအေးက ရွာထဲသို့ သွားရောင်းသည်။ ဒေါ်မြအေး မအားလျှင် မြဖြူလိုက်ရောင်းရသည်။ ယခုနှစ် မိုးရာသီမှာတော့ မြဖြူမှာ ဈေးရောင်းမည်ကို မဆိုထားနှင့် ရွာတွင်းသို့ပင် မဝင်ဖြစ်။ ဘဝ ဝဋ်ထုပ်ကြီးက မြဖြူကို အမြဲတမ်း ခြောက်လှန့်နေသည်။ တစ်ရက်မှ စိတ်မအေး။ ညညများဆို သောကပင်လယ်ထဲတွင် လက်ပစ်ကူးရင်း မိုးလင်းခဲ့ရသော ညများလည်း မနည်းတော့။

"မြဖြူရော ဘာဖြစ်လို့ မထတာလဲ နေမကောင်းဘူးလား"

မြဖြူထံမှ မည်သည့် အသံမျှထွက်မလာ။ ဒေါ်မြအေး၏ အဇ္ဈတ္တတွင် စိုးရိမ်မှုများ တွယ်ကပ်သွားသည်။

"မြဖြူရေ မြဖြူ သမီး"

တိတ်ဆိတ်မြဲ တိတ်ဆိတ်နေသည်။ ဒေါ်မြအေး မနေ



သာတော့ မြဖြူအိပ်ခန်းတွင်းသို့ ခပ်သွက်သွက် လှမ်းဝင်လိုက်သည်။

"ဟင်"

ဒေါ်မြအေး ရင်ထိတ်သွားသည်။ မြဖြူမရှိတော့။ ဒေါ်မြအေး၏ စိတ်ဝန်းကျင်အား သောကချော်ရည်ပူများ စီးဝင်ခဲ့လေပြီ။ ချက်ချင်းပြန်ထွက်လိုက်၏။

"ဖေကြီးရေ. . . သမီးလေး မရှိတော့ဘူး"

"ဟေ. . . ဘယ်ရောက်သွားပါလိမ့်၊ ဒုက္ခပါပဲ"

ဦးထွန်းနိုင်နှင့် ဒေါ်မြအေးတို့မှာ အဇ္ဈတ္တအရောင်ချင်း ထပ်တူဖြစ်သွားကြ၏။

"ဒီလိုနေလို့ ဖြစ်မလားရှင်။ ရွာထဲဝင်ပြီး မေးရမြန်းရ လိမ့်မယ် ထင်တယ်"

ဦးထွန်းနိုင် တွေဝေသွားသည်။

"မဟုတ်သေးဘူးကွယ် တို့ခြံတွင်း လျှောက်ကြည့်ရအောင်"

ဦးထွန်းနိုင်နှင့် ဒေါ် မြအေးတို့ခြံထဲသို့ ဆင်းလိုက်ကြသည်။ နံနက်ခင်း အရှေ့လေနှင့်အတူ သစ်ပင်လေးများ ယိမ်းကနေကြသည်။ ဦးထွန်းနိုင်နှင့် ဒေါ်မြအေးတို့ခြံအရှေ့ခြမ်းတွင် နေရာအနှံ့လိုက်ရှာကြသည်။ ဘာအနပင် မတွေ့။ ခြံအနောက်ဘက်ခြမ်းသို့ လှည့်ကြည့်လိုက်ကြပြန်သည်။ သပရာချုံ ဝိုင်းဝိုင်းအုပ်ကို လွန်သော် ခြံထောင့်ရှိ မန်းကျည်းပင်သို့ ဒေါ်မြအေး၏ အမြင်အာရုံများ ရောက်သွား၏။ ဒေါ်မြ

ဈေး ရင်တစ်ခုလုံးပြင်းစွာ လှုပ်ခတ်သွား၏။ ဦးထွန်းနိုင်၏ လက်ကို ဖမ်းဆွဲလိုက်သည်။

"ဖေကြီးရယ်... ဟိုမှာ ကြည့်လိုက်ပါဦး၊ အဲဒါ သမီး လေး... သမီးလေးမြဖြူ ဟီး ဟီး ဟီး ဟီး ငါ့သမီးလေး ဆုံးပါပြီ ဟီး ဟီး ဟီး"

ဒေါ်မြဈေးမှာ မြေပြင်တွင် လူးလိမ့်ငိုကြွေးနေသည်။ ဦးထွန်းနိုင် မန်ကျည်းပင်ပေါ်သို့ မော့ကြည့်လိုက်သည်။

ဤ

မန်ကျည်းပင်သည် မြဖြူပေါ်ကတည်းကပင် တက်ကစားနေကျနေရာ။ မန်ကျည်းနု ခူးလျှင်လည်း သူပဲခူးသည် မန်ကျည်းသီး ဆွတ်လျှင်လည်း သူပဲ ဆွတ်သည်။ ခု သူ့ဘဝကို ဤမန်ကျည်းပင်မှာပဲ အဆုံးသတ်သွားလေပြီကော။

ဩော်... ငါ့သမီးလေးဘဝကို လက်မြှောက်အရှုံး ပေးသွားပါပေါ့လား။

ဦးထွန်းနိုင်သည် ဒေါ်မြဈေးအနီးတွင် ထိုင်ချလိုက်၏။ မျက်လုံးအိမ်တွင် မျက်ရည်များ ပြည့်လျှံလာ၏။

× × × × ×

ကံကြမ္မာမုန်တိုင်းသည် ဦးထွန်းနိုင်နှင့် ဒေါ်မြဈေးတို့ ကမ္ဘာအား အပိတ်စိတ် ဖြိုကွဲအောင် တိုက်ဖျက်ခဲ့ချေပြီ။ လောကဒီရေ တိုက်စားဖန်များလာသောအခါ ဒေါ်မြဈေး၏ ခန္ဓာဗေဒဆိုင်ရာများ လုံးပါးပါးလာခဲ့သည်။ ဥပါဒ်ထိဘင်ဖြစ်



တည်ဖျက်ခြင်းသဘောဖြင့် ပြောင်းလဲနေသော (၃၂) ကောဋ္ဌာသသည်လည်း သင်္ခါရစက်ကွင်းထဲ ဝင်လာခဲ့ရသည်။ မြဖြူ ဆုံးပြီးသုံးလအကြာတွင် ဒေါ်မြဈေး တိမ်းပါးခဲ့ရပြန်သည်။

ဥပစ္ဆေဒကကံဖြင့် ဘဝကျောနိုင်းသွားသော သမီးလေး မြဖြူအတွက် ရရှိခဲ့သောဝေဒနာ၊ ဘဝဖော် ရှုန်းကန်ဘက် ဒေါ်မြဈေးတိမ်းပါးသွားမှုအတွက် လောင်မြိုက်ခဲ့ရသော အပူမီးတို့သည် ဦးထွန်းနိုင်အား အလဲထိုးနေကြချေပြီ။ အိမ်ထောင်တစ်ခု၏ လောက ဒုက္ခလက်တက်ငယ်များသည် ဦးထွန်းနိုင်ထံ၌ လာရောက်ပေါင်းဆုံကြကုန်၏။ ဦးထွန်းနိုင်မှာ ဘဝလှောင်အိမ်ထောင့်စွန်းတွင် မှုန်းကျပ်စွာ လှောင်ပိတ်ခံ နေရသည်။

လောကပရိဒေဝဖြင့် ဖြစ်တည်လာသော ရင်တွင်းမီးကို လက်သီးဖြင့် ထိုး၍လည်းမရ။ ခြေဖြင့် ကန်ကျောက်၍လည်း အရာမထင်။ ဦးခေါင်းဖြင့် ပြေးဆောင့်၍လည်း မဖြို။ သွားဖြင့် ကိုက်ဆွဲ၍လည်း မစုတ်လှုပ်။ တငွေ့ငွေ့လောင်ကျွမ်းပြီး ဦးထွန်းနိုင်အား ဒုက္ခပေးနေလေပြီ။

ဘဝဒုက္ခတွင်းက ထွက်မြောက်နိုင်ရေးအတွက် ဦးထွန်းနိုင် အလီလီ စဉ်းစားသည်။ အိပ်ရာထဲတွင် ဘယ်လူးညာလှိမ့် တွေးတောသည်။ ငုတ်တုတ်ထိုင်ရင်း တွက်ကြည့်သည်။ လမ်းသလားရင်း ချိန်ဆကြည့်သည်။ နောက်ဆုံးတော့ အသင့်တော်ဆုံးနှင့် အကောင်းဆုံးတစ်ခုကို အဖြေထုတ်မိသွားသည်။

ဦးထွန်းနိုင်အိပ်ရာမှ လူးလိမ့်ထလိုက်သည်။ မသုတ်သင်

ဲ ကြာနေပြီဖြစ်သော မုတ်ဆိတ်ကျင်စွယ်တို့ကို သုတ်သင်လိုက်၏၊ ကိုယ်လက်သန့်စင် ရေမိုးချိုးလိုက်၏၊ သေတ္တာအဖုံးကလေးကို အသာအယာဖွင့်ပြီး ပုဆိုး၊ အင်္ကျီများကို လဲဝတ်လိုက်၏၊ ထို့နောက် ယာခင်းစောင့်တဲကလေးပေါ်မှ အသာအယာ ဆင်းလိုက်သည်။

ဦးထွန်းနိုင် ဦးတည်လျှောက်လှမ်းနေသည်က ဟိုဝေးဝေးမှ ပျပျမြင်နေရသည့် ဆရာတော် ဘဒ္ဒန္တသုမင်္ဂလ၏ "ဇေယျမင်္ဂလာကျောင်းတော်" ဆီသို့။

ခုတော့ ဦးထွန်းနိုင်တစ်ယောက်ဘဝ၏ တုတ်နှောင်အကျဉ်းချထားခြင်းမှ လွတ်မြောက်ခဲ့ချေပြီ၊ ဇုဋ္ဌမမွှ၏ အေးမြသော ဆွဲငင်အားသည် ဦးထွန်းနိုင်အားတွဲခေါ်သွားခဲ့လေပြီ၊ ဖန်ဝါရည်သက်န်းဖြင့် မဂ်လမ်းကို ကြံနိုင်ခဲ့လေပြီ၊ စိတ်ဆင်းရဲမှုအလုံးစုံ၏ ထွက်ပေါက်အဖြစ် သတိပဋ္ဌာန်လမ်းကို ရွေးချယ်နိုင်ခဲ့ပေပြီ၊

ဗုဒ္ဓမြတ်စွာဘုရားပရိနိဗ္ဗာန်မပြုခင်က နောက်ဆုံးမိန့်မှာခဲ့သော "ဝယဓမ္မာသင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ" ဆိုသောတရားသည် ဘဒ္ဒန္တတေဇနိယ တစ်ဖြစ်လဲ ဦးထွန်းနိုင်၏ အသိ အာရုံထဲတွင် စွဲမြဲခဲ့ချေလေပြီတကား။ ။